# သိပ္ပံနည်းကျမောင်နှင့်မယ်ပေါင်းကြဲရာဝယ်



ဒေါက်တာမောင်မောင်ညို

M.B.B.S.(Yangon), Ph.D.(London)
M.A.(Michigan), M.D., FOMERAD (USA)

# သိပ္ပံနည်းကျ မောင်နှင့်မယ်
# ပေါင်းကြရာဝယ်


ဒေါက်တာမောင်မောင်ညို

အမ်ဘီဘီအက်စ် (ရန်ကုန်)၊ ပီအိပ်ချ်ဒီ (လန်ဒန်)

အမ်အေ (မီရှီဂန်)၊ ဆေးပညာပါရဂူ (အမေရိကန်)


# Scientific Husband and Wife
## (A Guide To Happy Marriage)

By


**Dr. Maung Maung Nyo**

M.B.,B.S. (Yangon); Ph.D. (London)

M.A. (Med.Sc., Michigan); M.D. (USA)

Professor and Formerly

Phase I Coordinator M.D. Programme

Faculty of Medicine and Health Sciences

University Malaysia Sarawak



ပြည်လုံးကျွတ်ဖြန့်ချိရေး

**ဂုဏ်ထူးစာပေ**

အမှတ် (၁၉၂)၊ ၃၃ လမ်း (အထက်လမ်း)၊

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၃၈၆၅၉၀၊ ၃၈၆၅၉၅

## ပုံနှိပ်ထုတ်ဝေမှု မှတ်တမ်း

ပထမအကြိမ် ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၅၀၀ ကျပ်

ထုတ်ဝေသူ ဒေါ်ဘာရတီ (၀၃၉၄၃)၊ ဂုဏ်ထူးစာပေ
အမှတ် (၁၇၀)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်သူ ဦးအောင်ကြီး (ခ) မိနစ် (၀၇၆၂၆)
တောက်တောက်ဝင်းအော့ဖ်ဆက်
အမှတ် (၁၆၉)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

မျက်နှာဖုံး ပုံနှိပ်သူ ဦးကျော်စိန် (၀၂၉၀၉)
ကျောက်စိမ်းအော့ဖ်ဆက်
အမှတ် (၁၇၀)၊ ၃၃-လမ်း၊ ရန်ကုန်မြို့။

ကွန်ပျူတာစာစီ - ပုံရိပ်
B-2၊ ဝဇီရာဆိုင်ခန်း၊ ၃၃-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးဒီဇိုင်း - ဖိုးစပယ်ညို (M.Comp.Sc) (AUSTRALIA)

၆၁၃
မောင်မောင်ညို၊ ဒေါက်တာ
သိပ္ပံနည်းကျမောင်နှင့်မယ် ပေါင်းကြရာဝယ်/
ဒေါက်တာမောင်မောင်ညို ။ -ရန်ကုန်၊
ဂုဏ်ထူးစာပေ၊ ၂၀၁၁။
၂၁၀ - စာ၊ ၁၃ × ၂၁ စင်တီ။
(၁) သိပ္ပံနည်းကျမောင်နှင့်မယ် ပေါင်းကြရာဝယ်

# မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | |
| အခန်း (၁) | လင်နှင့်မယား လျှာနှင့်သွား ကွာရှင်းမှုကများ | ၁ |
| အခန်း (၂) | ဦးနှောက်အတွင်းရှိ ဖိုမသဘာဝ အချက်ပြနေရာများ | ၁၃ |
| အခန်း (၃) | အချစ်စစ် အချစ်မှန် ကာမဆန္ဒနှင့် ဖိုမသဘာဝ | ၂၉ |
| အခန်း (၄) | အိမ်ထောင်ရှင်တို့၏ တာဝန်ဝတ္တရားနှင့် အကျိုးကျေးဇူးများ | ၄၀ |
| အခန်း (၅) | အိမ်ထောင်မှုမှာ မိန်းမက ဘာလိုသလဲ | ၅၉ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| အခန်း (၆) | အိမ်ထောင်မှုမှာ ယောကျ်ားက ဘာလိုသလဲ | ၇၁ |
| အခန်း (၇) | လက်လီနှင့် ခရီးသွားဟန်လွှဲ လိင်ဆက်ဆံခြင်း | ၉၁ |
| အခန်း (၈) | အိမ်ထောင်ပြင်ပ ဖိုမဆက်ဆံမှု | ၁၀၅ |
| အခန်း (၉) | ဖူးစာရှင်စစ်စစ်ဖြစ်ချင်လျှင် | ၁၂၃ |
| အခန်း (၁၀) | မိန်းမတို့နားမလည်သော ယောကျ်ားတို့ အကြောင်း | ၁၃၅ |
| အခန်း (၁၁) | ယောကျ်ားတို့နားမလည်သော မိန်းမတို့အကြောင်း | ၁၄၇ |
| အခန်း (၁၂) | လင်နှင့်မယား အချစ်ပွားကာ တစ်သက်တာ ခိုင်မြဲရေး | ၁၆၃ |
| နောက်ဆက်တွဲ | မြန်မာအင်္ဂလိပ် ဝေါဟာရများ | ၁၇၂ |
| | ကျမ်းကိုးစာရင်း (References) | ၁၈၅ |

## စာရေးသူ၏အမှာ

### ဆေးပညာပေးစာအုပ်ရေးခြင်းအကြောင်းရင်း

၁၉၇၀ ပြည့်နှစ်က "သိပ္ပံနည်းကျ အိမ်ထောင်သည်ဘဝ" ဟူသော ဆေးပညာပေး အိမ်ထောင်ရေးလမ်းညွှန်စာအုပ် တစ်အုပ်ကို စာရေးသူ ရေးသားထုတ်ဝေခဲ့ပါသည်။ ဗိုမသဘာဝ လိင်ပညာပေး စာအုပ်ဖြစ်သဖြင့် စာအုပ်မှာ ဟိုလေးတကျော် ဖြစ်သွားခဲ့သည်။ ချီးကျူးသူက ချီးကျူး၍ ချီးမွမ်းကန်ကျောက်သူက ကန်ကျောက်ပါသည်။ ဆေးပညာဖခင်ကြီး ဒေါက်တာဘသန်းနှင့် သားဖွားနှင့်မီးယပ်ပညာ ပါမောက္ခ ဒေါက်တာရွှေတင်တို့က ချီးကျူးအမှာစကား ရေးသားပေးပါသည်။ စာရေးဆရာကြီး ရန်ကုန်ဘဆွေကလည်း ချီးမွမ်းပါ၏။ မလိုတမာရှိသူများကမူ စာရေးသူအား "ဘော်ချက်သည်" ဟု ပြောကြားကြပါသည်။ ယခုတိုင် အပြာစာပေနှင့် လိင်ပညာပေးစာပေကို မခွဲခြားတတ်သူတို့က စာရေးသူအား ထိုသို့ပင် စွပ်စွဲကြပါသည်။

တကယ်တော့ စာရေးသူသည် ထိုစာအုပ်ကို ဘလကားနေရင်း ပိုက်ဆံရချင်၍ ရေးသည်လည်းမဟုတ်။ ပေါ်ပြူလာဖြစ် နာမည်ကျော်ကြားလို၍ ရေးသည်လည်း မဟုတ်ပါ။ မြန်မာနိုင်ငံတွင် လိုအပ်နေသော ဆေးပညာပေး စာအုပ်တစ်အုပ်ကို မိမိတတ်ကျွမ်းသော ဆေးပညာ၊ ဓမ္မာဗေဒနှင့် လူမှုရေးသိပ္ပံတို့ကို အခြေခံ၍ ရေးသား

ခဲ့ခြင်းသာ ဖြစ်ပါသည်။ စရေးရန် အချက်အလက်ရှာသည့်မှ ရေးပြီးသည်အထိ အချိန် (၄-၅)နှစ်ကြာပါသည်။ ရေးပြီးစာအုပ် ထုတ်ဝေရန် ကြိုးပမ်းရသည်ကိုက တစ်နှစ်ခန့်ကြာပါ၏။ စာပေစိစစ်ရေးမှ ခွင့်ပြုချက်ရရန် မြန်မာနိုင်ငံဆေးကောင်စီ၏ ထောက်ခံချက်၊ ထိုစဉ်က ပညာရေးနှင့် ကျန်းမာရေးဝန်ကြီး၏ သဘောတူညီမှု၊ တပ်မတော်မှ ခွင့်ပြုချက် စသည်တို့ကို အဆင့်ဆင့်ယူ၍ တင်ပြခဲ့ရပါသည်။

## ကံကောင်းသော စာရေးသူ

စာရေးသူ ကံကောင်းသည်မှာ ထိုစဉ်က တပ်မတော် (ရေး)တွင် ယင်းကိစ္စနှင့် ပတ်သက်၍ တာဝန်ခံနေသူမှာ စာရေးဆရာမကြီး ဒေါ်ခင်နှင်းယု၏ခင်ပွန်း စာရေးသူ၏မိတ်ဆွေ ဗိုလ်မှူးကြီးကျော်သောင်း ဖြစ်နေခြင်းပင်။ ထို့အတူ ပညာရေးနှင့် ကျန်းမာရေးဝန်ကြီးမှာ စာရေးသူ၏ ဆရာ ဗိုလ်မှူးကြီးလှဟန်။ သူက "မင်းစာအုပ်သိပ်ကောင်းတယ်။ Original (ပင်ရင်း ပင်ကိုယ်ရေး)ပဲ။ ပုံတွေပါ ထည့်ရိုက်ပါ" ဟု ပြောပါသည်။ မြန်မာနိုင်ငံဆေးကောင်စီအတွင်းရေးမှူးမှာ ထိုစဉ်က ဦးအုံ့ကျော် အလွန်သဘောကောင်းသူ။ စာပေစိစစ်ရေးမှူးက ဘီစီအက်စ် အကြီးတန်း ဦးကျော်မြိုင်။ အားလုံးပင် အဆင်ပြေခဲ့ပါ၏။ သို့ဖြစ်၍လည်း စာအုပ်မှာ ထင်သည်ထက် ပိုမိုအောင်မြင်ခဲ့ပါသည်။ ထွက်ပြီး နှစ်လသုံးလအတွင်း အုပ်ရေ နှစ်သောင်းကျော် ရောင်းကုန်ခဲ့၏။ စာအုပ်ထုတ်ပေးသော ပုဂ္ဂလိကစာအုပ်တိုက်မှာ စီးပွားရေးအရ ကျနေရာမှ ပြန်ထောင်လာခဲ့ပါသည်။ စာရေးသူမှာ စာမူခ ဘာမျှ မရပါ။ ထမင်းအပျော်စားတစ်ဝိုင်းစာသာ ရခဲ့ပါသည်။

## ရေးပြီးခဲ့သော ဆေးပညာပေး စာအုပ်များ

ယင်း "သိပ္ပံနည်းကျ အိမ်ထောင်သည်ဘဝ" စာအုပ်ထွက်ပြီးသည်နောက် စာရေးသူသည် ဆေးပညာရှုထောင့်၊ စိတ်ပညာရှုထောင့်များမှ ယောကျ်ား၊ မိန်းမ၊ ကလေး၊ အပျိုပေါက်၊ လူပျိုပေါက် စသောလူတို့၏ အရွယ်ကိုလိုက်၍ စာအုပ်များ ရေးသားထုတ်ဝေခဲ့ပါသည်။ "ပျိုပျိုအိုအို" ဟူသော ဇရာ၏ ကျန်းမာရေးဆိုင်ရာ အကြောင်းအရာ

များပင် ပါဝင်ခဲ့သည်။ သို့သော် သိပ္ပံနည်းကျ ယောဂျာ့တို့၏ အတွင်းရေး၊ မိန်းမတို့၏ သဘာဝ၊ ဇနီးမောင်နှံ ရှာကြံမှုတို့ကို အသေးစိတ် ရေးမပေးနိုင်ခဲ့ပါ။ ထိုစဉ်က စာရေးသူမှာ အသက်ကငယ်၊ ရာထူးက ပါမောက္ခ ဌာနမှူး၊ အလုပ်တွေကများ၊ တာဝန်တွေက ကြီးနေသဖြင့် စိတ်သွားတိုင်း ကိုယ်မပါခဲ့ပါ။ ယခုမူ အစိုးရအလုပ်မှ အငြိမ်းစားယူပြီး၊ ကန်ထရိုက် ပါမောက္ခဘဝမှလည်း အနားယူပြီး ဖြစ်နေရာ စာကို ဖတ်ချင်ရာဖတ်၊ ရေးချင်ရာရေး၊ စိတ်သွားတိုင်း ကိုယ်ပါလာပါသည်။ သို့ဖြင့် ယင်းဟာကွက်ကို ဆက်၍ ရေးမိပါသည်။

## အသက်နှင့် အတွေ့အကြုံ၏ကျေးဇူး

ယခုအချိန်မှ ရေးဖြစ်သည်မှာလည်း ပိုကောင်းပါသည်။ စာရေးသူမှာ အသက်ရော၊ အတွေးအခေါ်ပါ ပိုရင့်လာပါသည်။ အတွေ့အကြုံလည်း ပိုရင့်လာပါသည်။ ၁၉၇၀ ပြည့်တုန်းက အသက် (၃၀)ကျော်၊ ယခု ၂၀၁၀ ပြည့်နှစ်၌ အသက်က (၇၀)ကျော်။ ယခင်က ဗြိတိန်နိုင်ငံမှ ပါရဂူဘွဲ့ရပြီးစ။ ယခုမူ အမေရိကန်မှ ဆေးပညာ သင်ကြားရေး ပါရဂူဘွဲ့ ထပ်ရလာပြီ။ ပါမောက္ခလုပ်သက် (၄၀)ရှိပြီ။ စာအုပ်ပေါင်း (၁၀၀)ခန့် ရေးပြီးပြီ။ သို့ဖြင့် ဖတ်သမျှကို မိမိအတွေ့အကြုံနှင့် စပ်ဟပ်ကာ ရေးချနိုင်ပါပြီ။ မူရင်း။

## ဤစာအုပ်ပါ အကြောင်းများ

ဤစာအုပ်၌ လိင်အကြောင်း၊ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒမပါ။ အချစ်မေတ္တာ၊ တဏှာ၊ ရာဂနှင့် ကာမစပ်ယှက်မှုတို့ကို လူ့သဘာဝ ရှုထောင့်၊ စိတ်ပညာအမြင်ဖြင့်သာ တင်ပြထားသည်။ နောက်ဆုံးပေါ် ဆေးပညာသုတေသနနှင့် အင်တာနက်မှ တင်ဆက်သမျှ အချက်အလက် အားလုံး ပါဝင်သည်။ ၁၉၇၀ က Internet မရှိသေးပါ။

## အင်တာနက်၏ အကျိုးကျေးဇူး

၁၉၉၀ နောက်ပိုင်း၌ မြန်မာနိုင်ငံမှ လူအများသည် နိုင်ငံတကာအတွေ့အကြုံရလာကြသည်။ နိုင်ငံပြင်ပထွက် အလုပ်လုပ်ကြသည်။ Internet ဖြင့် ဆက်သွယ်ကြသည်။ စင်္ကာပူ၊ မလေးရှားနှင့်

ယိုးဒယားနိုင်ငံတို့မှာ ဆေးကုခံကြသည်။ သို့ဖြင့် ပြင်ပဗဟုသုတ ပိုရရှိလာကြသည်။ ယခုစာအုပ်၌ပါသော နောက်ဆုံးပေါ် တွေ့ရှိချက်များကို မိမိတို့အိမ်ထောင် ပျော်ရွှင်ရေး၊ ဖူးစာရှင်အစစ်အမှန် ရရှိရေး၊ သားကောင်း သမီးကောင်းများ မွေးဖွားရေးတို့အတွက် အထောက်အကူများပင် ဖြစ်တော့သည်။

## စာရေးသူ၏စေတနာ

စာရေးသူအနေဖြင့် ဤစာအုပ်ကို ရေးခြင်းမှာ မြန်မာပြည်သူပြည်သားများ အထူးသဖြင့် လူငယ်များကို သိသင့်သိထိုက်သည့် လူ့သဘာဝ အကြောင်းအရာ၊ ဖိုမစိတ်ပညာ၊ လိင်မှုကိစ္စ အဆင်ပြေရေး HIV/AIDS နှင့် ကာလသားရောဂါ ကင်းဝေးရေးအတွက် ရည်သန်ရေးခြင်းဖြစ်ပါသည်။ ငွေအတွက်၊ ထင်ပေါ်မှုအတွက် ရေးခြင်းမဟုတ်ပါ။ စာရေးသူ၏ဘဝမှာ နေဝင်ချိန် (Twilight Of Life) ဖြစ်နေပါပြီ။ သို့သော် "ကလောင်ကို ကိုင်နိုင်သေးသရွေ့ တိုင်းပြည်နှင့် လူမျိုးကို အကျိုးပြုမပေ့" ဟူသော မာန်၊ စေတနာ၊ မေတ္တာအမှန်ဖြင့် ရေးသားခြင်း ဖြစ်ပါသည်။ ခြေတစ်ဖက်က သင်္ချိုင်း၊ လက်တစ်ဖက်က ကလောင်ကိုင်တုန်း။


သို့ဖြင့် မြန်မာပြည်သူပြည်သားအပေါင်း သိသင့်သော ဆေးပညာအကြောင်း၊ လောကမွေ့ သဘာဝအကြောင်း၊ ခန္ဓာဗေဒ၊ စိတ္တဗေဒ၊ ဇီဝသဘာဝတို့ကို အလွယ်တကူ သိကြပါစေသတည်း။

*ဒေါက်တာမောင်မောင်ညို*
*M.B.,B.S. (Ygn); Ph.D. (London)*
*M.A. (Michigan), M.D., FOMERAD*
*ပါမောက္ခနှင့်ဌာနမှူး [ငြိမ်း (ဆေး-၁/ဆေး-၂)]*
*ပါမောက္ခနှင့် ညွှန်ကြားရေးမှူး (ငြိမ်း UNIMAS)*

ကျူရှင်းမြို့
၁၉-၆-၂၀၁၀၊


# The Brain Functional Areas


## လူ့ဦးနှောက်လုပ်ငန်းနေရာများ





လူ့ဦးနှောက်နှင့်ခန္ဓာကိုယ်ထိန်းနေရာများ

## The Limbic System of th Brain
## လူ့ဦးနှောက်၏ လင်းဘစ်အဖွဲ့အစည်း








လူ၏လှုပ်ရှားတက်ကြွမှုကို
ဖြစ်စေသော ဆီရိုတော်နင်
(SEROTONIN)
ဓါတုပစ္စည်းဖြင့်
အလုပ်လုပ်နေသည့်
ဦးနှောက်တွင်းလမ်းကြောင်းကို
အနုမြူသံလိုက်ဓါတ်မှန် (MRI)
ဖြင့် မြင်ရပုံ
(ဦးခေါင်းခေါင်လိုက်ဖြတ်)





အနုမြူသံလိုက်ဓါတ်မှန် (ဝါ) MRI ဖြင့်တွေ့ရသော
ပျော်ရွှင်ကြည်နူးနေစဉ် လူ၏ဦးနှောက်ပုံ
ဝဲဘက် - ပုံမှန်   ယာဘက် - ဆေးသုံးပြီးပုံ




အနုမြူသံလိုက်ဓါတ်မှန်ဖြင့် မြင်တွေ့ရသော ကြည်နူးနေစဉ်ဦးနှောက်
ဝဲဘက် = ပုံမှန် ၊ ယာဘက် = ကုတ်ကိန်းရှူပြီး





ယောကျ်ား၏ ဖိုဟော်မုန်းထုတ်လုပ်မှုထိန်း ဦးနှောက်နှင့်အင်္ဂါများ





မိန်းမများတွင် ဦးနှောက်မှထိန်းချုပ်လှုံ့ဆော်သော
ဟော်မုန်းလမ်းကြောင်းများ


# Nervous System Control of Erection





ယောကျ်ား၏လိင်တံတောင့်တင်းမှုကို ဖြစ်စေသော
ဦးနှောက်မှလမ်းကြောင်းနှင့်အပြန်




ယောကျ်ား (ဖို) နှင့် မိန်းမ (မ) တို့ ကာမဆက်ဆံမှု
ပြုလုပ်ချိန်တွင် ဖြစ်ပေါ်သောအဆင့်များ





လိင်ဆက်ဆံမှု (ဝါ) ကာမဆက်ဆံမှုတွင် ဖြစ်ပေါ်သောအဆင့်များ





ကာမဆက်ဆံမှုတွင် အရေးကြီးသော
ယောကျ်ားနှင့်မိန်းမတို့၏အင်္ဂါများ

# Frequency of Intercourse
# Married Couples





တစ်ပတ်လျှင်လက်ထပ်ပြီးအိမ်ထောင်ရှင်များလိင်ဆက်ဆံနှုန်း၊


## မိန်းမ၏ မျိုးဆက်ပြန့်အင်္ဂါများ





မိန်းမ၏တင်ဆုံကွင်းကို ဒေါင်လိုက်ဖြတ်ကြည့်ကမြင်ရပုံ




မွေးရာပါနတ်ကွပ်အုန်းသီး (ဝါ) မဆင်းသောဝှေးစေ့အမျိုးအစားများ





ယောကျ်ား၏လိင်တံနှင့်ကျင်ချောင်းအောက်ရှိအပေါက်များ
(မွေးရာပါအမျိုးအစားများ)



မွေးရာပါမိန်းမလိင်အင်္ဂါချွတ်ယွင်းမှုများ

# ဓါးမခြှပ်ရိုး



မွေးရာပါသားအိမ်နှစ်ခုပါသော မိန်းမကို အထူးဓါတ်မှန်ရိုက်ကြည့်ရာ၌ တွေ့ရပုံ (UTERUS DIDELPHUS)

## အခန်း (၁)

# လင်နှင့်မယား လျှာနှင့်သွား ကွာရှင်းမှုကများ

### ပြိုကွဲလာသော အိမ်ထောင်များ

ရှေးယခင်ကမူ လူတို့၏ အချစ်မေတ္တာ၊ ကာမဆက်ဆံမှု၊ အိမ်ထောင်ရေးတို့နှင့်ပတ်သက်၍ လူတို့၏စိတ်တွင် ဖြစ်ပေါ်လာသမျှ စာရေးဆရာ၊ ကဗျာဆရာတို့၏ ရေးသားဖွဲ့ဆိုမှုတို့ပေါ်တွင်သာ အခြေခံခဲ့ကြသည်။ မြန်မာလူမျိုးတို့အဖို့ . . . "ချစ်သမျှကို မြင့်မိုရ် ရွှေတောင်လုံးသာပလေး" ဟု တင်စားပြောကြသလို "မေယုကိုတဲ့ စုတ်တံချီ၊ သမုဒ်ကို မင်ရည်ဖျော်၍ ကောင်းကင်ကို ပေပြု ရေးလျှင်တောင် မကုန်နိုင်" ဟု ဆိုကြပါသည်။ "သေတပန် သက်တစ်ဆုံးသာမက" "ဘဝဆက်တိုင်း သံသရာခရီးကို တူပြိုင် ကူးမယ်" ဟု ပြောဆိုကြပါသည်။ ဗုဒ္ဓဘာသာဝင်တို့အဖို့ နိဗ္ဗာန် မရောက်မချင်း "သံသာလေကမ်းတိုင် တူပြိုင်ကူးမည်" ဟု ပြောကြ ပါသည်။

တကယ်တော့ လင်နှင့်မယားဖြစ်လာလျှင် သမီးရည်းစား ဘဝက စိတ်ကူးယဉ်ခဲ့သလို၊ ထင်မြင်မျှော်မှန်းခဲ့သလို အားလုံး အဆင်ချောနေသည် မဟုတ်ပါ။ အဖုအထစ်၊ အပြစ်တွေကိုယ်စီနှင့်

ဖြစ်သည်။ အိမ်ထောင်ရေး၏ ပြဿနာတွေက အထွေထွေပင်။ သို့ဖြင့် "စလယ်ခင် ဖင်မမည်းခင်က ကွဲကြသူတွေ" ရှိသလို သားကြီး၊ သမီးကြီး၊ မြေး မြစ်များရပြီးမှလည်း ကွဲကြသူများရှိသည်။ ယခု ၂၀၁၀ ပြည့်နှစ်၊ ဇွန်လအတွင်း ယခင် အမေရိကန် ဒုတိယသမ္မတဟောင်း၊ ၂၀၀၀ ပြည့်နှစ် ရွေးကောက်ပွဲ၌ ဂျော့ဘွတ်ရှ်အား ပွတ်ကာသီကာ မဲရှုံးခဲ့သော နိုဗယ်ငြိမ်းချမ်းရေးဆုရ မစ္စတာအယ်လ်ဂိုး (Al Gore) နှင့် သူ၏ဇနီး တစ်ပ် (Tipp) တို့သည် နှစ်ပေါင်း (၄၀)ကျော် အတူပေါင်းသင်းလာရာမှ နှစ်ဦးသဘောတူ ကွာရှင်းနေထိုင်ရန် သဘောတူကြသည့်သတင်းကို ဖတ်ရ ကြားရသည်။ ဘယ်မှာ အိမ်ထောင်ရေး ထာဝရ တစ်သက်တာဟု ဆိုလို့ရမည်နည်း။

တကယ်တော့ ယခုအခါ အမေရိကန်ပြည်ထောင်စုတွင် သာမက ကမ္ဘာ့နိုင်ငံများစွာတွင်ပါ လင်မယားကွာရှင်းမှုများမှာ များလာနေသည်။ ပျမ်းမျှ အိမ်ထောင်ပေါင်း၏ ၅၀ ရာခိုင်နှုန်းပင် ရှိသည်ဟု သိရသည်။ နောက်ဆုံးရရှိသော စာရင်းဇယားအရ ကမ္ဘာ့ နိုင်ငံအသီးသီး၏ အိမ်ထောင်ကွဲမှုမှာ အောက်ပါအတိုင်းဖြစ်သည်။ လူတစ်ထောင်တွင် ကွဲကြနှုန်းဖြစ်၏။

## အိမ်ထောင်ပြိုကွဲနှုန်း

| | | |
|---|---|---|
| (၁) | အမေရိကန်ပြည်ထောင်စု | ၄. ၉၅ |
| (၂) | ပေါ်တာရီကို | ၄. ၄၇ |
| (၃) | ရုရှား | ၃. ၃၆ |
| (၄) | ဗြိတိန် (ယူကေ) နိုင်ငံ | ၃. ၀၈ |
| (၅) | ဒိန်းမတ် | ၂. ၈၁ |
| (၆) | နယူးဇီလန် | ၂. ၆၃ |
| (၇) | ဩစတြေးလျ | ၂. ၅၂ |
| (၈) | ကနေဒါ | ၂. ၄၈ |
| (၉) | ဖင်လန် | ၁. ၈၅ |
| (၁၀) | ဘာဘေဒို့စ် | ၁. ၂၁ |

ဂုဏ်ထူးဆာမပေ

## မြန်မာနိုင်ငံ အိမ်ထောင်ပြိုကွဲမှု

ဤ၌ မြန်မာနိုင်ငံ၏ အိမ်ထောင်ပြိုကွဲနှုန်းကို မသိရသော်လည်း ရှေးယခင်ကထက် ပိုများသည်မှာကား သေချာပါသည်။ နေ့စဉ် သတင်းစာများ၌ပါသော အိမ်ထောင်ပြိုကွဲမှုသတင်းနှင့် ကြော်ငြာများ အရသာမက သတင်းစာထဲမပါဘဲ အရပ်ထဲ၊ ရွာထဲမှာပင် ပြီးပြတ် သွားသော အိမ်ထောင်ပြိုကွဲမှုများမှာ အများပင်။ လင်က စွန့်ပစ် သွားသော အိမ်ထောင်၊ မယားက အိမ်မှဆင်းသွားသော အိမ်ထောင် များလည်း အပုံပင်။ နှစ်ဦးသဘောတူ ပြဿနာမရှာဘဲ ကွဲသွားသော အိမ်ထောင်များလည်း ရှိပါ၏။

အိမ်ထောင်ပြိုကွဲမှုများသော အထက်ပါ (၁၀)နိုင်ငံကို ကြည့်ပါက စီးပွားရေး၊ စက်မှုထွန်းကားမှုအရ တိုးတက်သောနိုင်ငံများ ဖြစ်ပါသည်။ ခေတ်ရှေ့ကပြေးနေသော ပညာတတ်များအများစုရှိသည့် နိုင်ငံများ၊ ရိုးရာယဉ်ကျေးမှု ဘာသာတရားနှင့် ထုံးတမ်းစဉ်လာတို့ကို လျစ်လျူရှုသော လူများစုရှိသည့် နိုင်ငံများလည်း ဖြစ်ပါသည်။ သို့ဖြစ်၍ လူနေမှုအဆင့်အတန်း တိုးတက်လာခြင်း၊ ရှုပ်ထွေးလာခြင်းသည် အိမ်ထောင်များကို ပိုမိုပြိုကွဲစေသလားဟု ထင်စရာဖြစ်ပါသည်။

## အိမ်ထောင်ပြိုကွဲခြင်း အကြောင်းရင်း

လူမှုရေးသိပ္ပံပညာရှင်တို့၏အဆိုအရ အိမ်ထောင်ပြိုကွဲခြင်းကို ဖြစ်စေသော လူမှုရေးအကြောင်းများမှာ အောက်ပါတို့ ဖြစ်ပါသည်။

(၁) အိမ်ထောင်သက်တိုခြင်း (၄နှစ်အောက်)
(၂) ကလေးမရှိခြင်း (ဝါ) မရခြင်း
(၃) စီးပွားရေး မဖူလုံခြင်း
(၄) နှစ်ဦးပိုင်ပစ္စည်း လုံးဝမရှိခြင်း
(၅) လင်နှင့်မယား တစ်ဦးကိုတစ်ဦး မထောက်ပံ့နိုင်ခြင်း

တကယ် လင်မယားကွဲစေသောအကြောင်းများမှာ လူပုဂ္ဂိုလ် (ဝါ) လင်နှင့်မယားတို့၏ ပုဂ္ဂိုလ်ရေးနှင့် ပိုဆိုင်ပါသည်။ ယင်းတို့မှာ-

(၁) လင်နှင့်မယား တစ်ဦးဦးက သစ္စာဖောက်ခြင်း

(၂) လင်နှင့်မယား မတည့်ခြင်း၊ အဆင်မပြေခြင်း
(၃) တစ်ဦးနှင့်တစ်ဦး ခိုက်ရန်ဖြစ်ပွားခြင်း၊ ညှဉ်းဆဲခြင်း
(၄) လိင်ဆက်ဆံမှု အဆင်မပြေခြင်း
(၅) ဆေး (သို့မဟုတ်) အရက် (သို့မဟုတ်) လောင်းကစားစွဲခြင်း
(၆) အိမ်ကိုပစ်၍ အလုပ်ကိုသာ လုပ်နေခြင်း
(၇) အခြားအကြောင်းများ

## ယောက်ျားမိန်းမ ဆက်ဆံမှု အဆင်မပြေခြင်းက အဓိက

ဤ၌ လင်နှင့်မယား တစ်ဦးပေါ်တစ်ဦး သစ္စာမစောင့်ထိန်းဘဲ အခြားသူတစ်ဦးနှင့် ဖောက်ပြန်ခြင်းသည် အိမ်ထောင်ပြိုကွဲမှုကို ဖြစ်စေသော အကြောင်းကြီးဖြစ်၏။ အိမ်ထောင်ပြိုကွဲမှုအားလုံး၏ (၂၇)ရာခိုင်နှုန်းမှာ ဤအကြောင်းကြောင့်ဖြစ်၏။ အလုပ်အလွန်လုပ်ခြင်းကြောင့် ကွဲသည်မှာ (၆)ရာခိုင်နှုန်းသာရှိ၏။ လင်နှင့်မယား မတည့်ခြင်းက (၁၈)ရာခိုင်နှုန်း၊ ခိုက်ရန်ဖြစ်ပွားခြင်းက (၁၇)ရာခိုင်နှုန်း၊ လိင်ဆက်ဆံမှု အဆင်မပြေခြင်းက (၁၃)ရာခိုင်နှုန်း အားလုံးကို ပေါင်းသော် (၄၈)ရာခိုင်နှုန်းရှိ၏။ သစ္စာပျက်မှုနှင့် ထပ်ပေါင်းက (၇၅)ရာခိုင်နှုန်းရှိသည်။ ဆိုလိုသည်မှာ လင်နှင့်မယား အပေးအယူမမျှ မချစ်ကြင်၊ သားမယား ပျော်ပျော်ရွှင်ရွှင် ကြင်ကြင်နာနာမရှိကြခြင်းသည် လင်မယားပြိုကွဲခြင်း၏ အကြောင်းရင်းဖြစ်သည်ဟူလို။

## အဘယ့်ကြောင့်ပြိုကွဲရသနည်း

ဤသို့ ဘာကြောင့် ဖြစ်ရသနည်း။

အဖြေမှာ ရှင်း၏။ လင်နှင့်မယား တစ်ဦးအကြောင်းကို တစ်ဦး ကောင်းစွာမသိ။ တစ်ဦးအလိုကို တစ်ဦးက မလိုက်တတ်။ လိင်ဆက်ဆံမှုမရှိ (သို့မဟုတ်) မပြေလည် မကျေနပ်။ သို့ဖြင့် လင်မယား ကွဲကြရသည်ဟူလို။

တကယ်တော့ သူတို့ကသာ မသိသည်။ ပညာရှင်တွေ သူတို့အကြောင်းကို အမြဲလေ့လာနေကြသည်။ ပညာရှင်တို့က ပြောသည်မှာကား အိမ်ထောင်အသစ် (၁၀၀)ထူထောင်လျှင် (၅၀)မှာ ပျက်ကိန်းရှိသည်ဟု သိရသည်။ ဤသို့ အိမ်ထောင်ပြိုကွဲရခြင်းမှာ မယားဖြစ်သူက မကျေနပ်ရာမှ စတင်သည်။ (၈၅)ရာခိုင်နှုန်းသည် သူမ၏ စေ့ဆော်မှုကြောင့် ဖြစ်ရသည်ဟု တွက်ပြကြသည်။ ဥရောပနိုင်ငံများ၌ ယခုအခါ အိမ်ထောင်အသစ်တစ်ခုလျှင် အိမ်ထောင်ပြိုကွဲမှုတစ်ခုဖြစ်နေပြီ။ ဆိုလိုသည်မှာ လူအများသည် အိမ်ထောင်ပြုရန် ကြောက်နေကြသည်။ အိမ်ထောင်မပြု၊ လက်မထပ်ဘဲ အတူနေသူက များနေ၏။ တည့်အတူနေ၊ မတည့် မပြုစုနှင့် ဆင်းသွားရုံပဲ။

## ပြိုကွဲမည့်လက္ခဏာများ

မည်သည့်အိမ်ထောင်မျိုးသည် ပြိုကွဲတတ်သလဲ။ ဂျွန်ဂေါ့တ်မင်း (John Gottman) ဆိုသူက (၁၆)နှစ်ကြာ လေ့လာရာမှ ဤသို့ တွေ့ရှိလာသည်။

## အိမ်ထောင်ပြိုကွဲမည့်ပထမလက္ခဏာ

လင်နှင့်မယား တစ်ဦးဦးက ဤအကြောင်းစလာလျှင် ပြိုကွဲရန် နည်းလမ်းစပြီဟု သိရမည်။ သုံးသည့်စကားလုံးကကြမ်း၊ စွပ်စွဲမှုက ပြင်းထန်၍ "နင်ပဲဆော" ပြောလာလျှင် မကြာမီ ကွဲတော့မည်ဟု သိရမည်။ သူ (ဝါ) သူမ၏ ခံစားမှုမှာ ပြင်းထန်နေပြီး ရင်ဖွင့်နေပြီ။ သတိသာထားပေရော့။

## ဒုတိယဆင့်မြင်းသည်တော်လေးယောက်

လင်နှင့်မယား တစ်ဦးကိုတစ်ဦး မကျေနပ်၍ အပြစ်တင်၊ အပြစ်တင်ရာမှ ငြင်းခုန်၊ ခိုက်ရန်ဖြစ်ပွား၊ ညှိနှိုင်းမရအောင် သဘောထားကွဲလွဲ၊ နောက် အတူစကားပြောလို့မရ၊ နေလို့မရ ကြာတော့ သူလမ်းသူသွား၊ ကိုယ့်လမ်းကိုယ်သွား ခွဲကြရတော့မည်။

တစ်ဦးနှင့်တစ်ဦး ကျောခိုင်း၍ထွက်စေသော အကြောင်းလေးရပ်မှာ-
(၁) အပြစ်တင်ခြင်း
(၂) ဝေဖန်ရှုတ်ချခြင်း
(၃) သူများအပေါ် အပြစ်ပုံ လွှဲချခြင်း
(၄) မိမိမှာ အပြစ်ရှိသည်ကို ဝန်မခံ၊ လျစ်လျူရှုခြင်း

## တတိယအဆင့်တစ်ဖက်သားကိုလုံးလုံး အပြစ်ပုံချခြင်း

အထူးပြောနေဖို့မလို။ ကွဲလိုသူက အကြောင်းရှိရှိ မရှိရှိ အခြားတစ်ယောက်အား အချိန်မရွေး အပြစ်ပြောနေခြင်း၊ အပြစ်မရှိ အပြစ်ရှာကြံ အပြစ်ပုံချခြင်းဖြစ်သည်။ သို့ဖြင့် တစ်ဖက်သားမှာ နာလိုခံခက် အမျက်ထွက်၊ ပြန်၍လည်း မပြောနိုင်၊ ရင်ထဲမှသာ နာကြည်းမှု ပုံထပ်နေလေ၏။

## စတုတ္ထအဆင့်မှာမခံနိုင်မှုကိုခန္ဓာကိုယ်က တုံ့ပြန်မှု

ဤသို့ အပြစ်ပုံချ ခံလာရဖန်များ၍ မခံရပ်နိုင်သောအခါ ခန္ဓာကိုယ်က တုံ့ပြန်မှုပြုတော့၏။ ထိုအခါ ခန္ဓာကိုယ်က ဘာပြောပြော မတုန်လှုပ်၊ အရေးမထား။ သူပြောသမျှ၊ လုပ်သမျှကို ပေလယက္ကံပြုလာလေ၏။ တစ်ဦးနှင့်တစ်ဦး မျက်နှာချင်း မဆိုင်လို။ အတူထိုင်မစားလို၊ အိပ်ဖို့ဆို ဝေလာဝေး။ အိမ်ထောင်ရေးနှင့် ပတ်သက်၍ ဆွေးနွေး၍ မရတော့ပြီ။

## ပဉ္စမဆင့်မှာကွဲရန်တာရှူခြင်း

နှစ်ဖက်လူကြီးများကို တိုင်တည်မည်။ ရုံးရောက်၊ ဂါတ်ရောက်ကြမည်။ ရှေ့နေတွေ ငှားကြ၊ တိုင်ပင်ကြမည်။ မပြန်လမ်းသို့ မြန်းကြတော့မည်။

**ဆ၁၅မအဆင့်မှာ အတိတ်မှ မကောင်းသည့်ပုံရိပ် အဖြစ်အပျက်များကို ပြန်ဖော်ခြင်းဖြစ်၏။**

နောက်ဆုံးရလဒ်မှာ အိမ်ထောင်ပြိုကွဲခြင်းပင်ဖြစ်သည်။

## လက်ထပ်ပြီးစမှာ ပြဿနာ

ဤသည်မှာ အိမ်ထောင်သက်ကြာသည့်သူများအတွက်သာမက လက်ထပ်ပြီးစ ဇနီးမောင်နှံများကိုပင် လေ့လာ၍ ကြိုတင်ဟောကိန်းထုတ်နိုင်၏။ လက်ထပ်ပြီးစ ဇနီးမောင်နှံသည် ဝါသနာမတူ၊ စိတ်ဝင်စားမှုမတူ၊ တစ်ဦးကိုတစ်ဦး မချစ်ခင် မနှစ်သက်ဘဲ ငွေစကား၊ ရွှေစကား၊ ခံစားရမည့်အခွင့်အရေး၊ စီးပွားရေးအချက်အလက်များကို မိမိက အသာရရန်သာ စဉ်းစားနေ၊ ပြောနေက ထိုအိမ်ထောင်မှာ မမြဲနိုင်၊ မသာယာနိုင်ဟု ကောက်ချက်ချ ဟောပြောနိုင်ပါသည်တဲ့။

ဤသည်ကို အမေရိကန်ပြည်ထောင်စု၊ ဥရောပနိုင်ငံများလို နေရာများတွင်သာ ဖြစ်နေသည်ဟု မထင်သင့်ပါ။ ဟိန္ဒူယဉ်ကျေးမှုထွန်းကားသော အိန္ဒိယနိုင်ငံ၌လည်း ဖြစ်ပွားနေပါသည်။ မိဘများက သတို့သမီးရှာ၊ သတို့သမီးမိဘက "တင်တောင်းကြေး" (Dowry) မပေးနိုင်၍ဆိုကာ သတို့သားဘက်က ငြင်းဆန်မှုရှိသလို၊ ထိုသို့လက်ထပ်ပြီးမှ သတို့သမီးက ပုလိပ်တိုင်၊ ကွာရှင်းမှုများလည်း သတင်းစာထဲမှာ ဟိုလေးတကျော်ပါလာတတ်သည်။ စာရေးသူ၏ တပည့် ဆရာဝန်တစ်ဦးမှာ မန္တလေး၌ မန္တလေးသူ ဆရာဝန်က တင်တောင်းကြေးတောင်း၍ ကွဲသွားကြပါသည်။

## သင်ခန်းစာယူရန် တာကာယ့်ဖြစ်ရပ်များ

ဆိုလိုသည်မှာ အိမ်ထောင်မှုတစ်ခုသည် တည်ထောင်ရန်လွယ်သလို၊ ကွဲရန်လည်း လွယ်နေသည်။ လင်နှင့်မယား ယောကျ်ားနှင့်

မိန်းမပေါ်သာမက ပတ်ဝန်းကျင်၊ မိဘဆွေမျိုး၊ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးတို့က အကျိုးသက်ရောက်မှုရှိ၊ ဩဇာပေးနေသည်ဟူလို။

မြန်မာနိုင်ငံ၌ ဗုဒ္ဓဘာသာဝင်များက အခြားဘာသာဝင်များကို ယူကြသည်။ တစ်ဘက်သားဘာသာကို လွယ်လွယ်ပင် ကူးပြောင်း လက်ထပ်ကြသည်။ အခြားဘာသာဝင်များက မိမိဗုဒ္ဓဘာသာသို့ ပြောင်းဝင်ရန်မူ မဆွဲဆောင်နိုင်ကြချေ။ ဆွဲဆောင်နိုင်သူ ရှားလှ၏။ ဟော . . . နောက်ဆုံး အိမ်ထောင်ကျသည်မှာ ကြာမှ နောင်တရ၊ တရားထိုင်၊ ထွက်ပြေးကြ၊ ကွဲကြ အမျိုးမျိုးဖြစ်တတ်ကြသည်။

စာရေးသူ၏သူငယ်ချင်း ဆရာဝန်တစ်ယောက်မှာ သူက ဗုဒ္ဓဘာသာ၊ သူ့ဇနီးက အခြားဘာသာဝင်။ ကျောင်းသူကျောင်းသားဘဝကတည်းက ချစ်လာရာ ဘာသာရေးကို မေ့ထားကြ၏။ ဆရာဝန်ဖြစ်၊ လက်ထပ်။ ကလေးတွေရတော့မှ သူ့ဘုန်းကြီးကျောင်း သူမက မလိုက်။ သူမ၏ ဘုရားရှိခိုးကျောင်း သူက မသွား။ ကလေးတွေက ဟိုကူး ဒီကူး။ သူ့မှာ ဘုရားစင်တွင် တစ်ယောက်တည်း ပုတီးစိပ်နေရလေ၏။ သူ၏ ယောကျ်ားအားမာန်၊ ပုရိသစိတ်အဟုန် မရှိတော့ပြီ။ ကလေးတွေကလည်း သူ့ကို အထင်မကြီးတော့ပြီ။

စာရေးသူ၏ အခြားသူငယ်ချင်းမှာမူ သူက ဟိန္ဒူ၊ သူ့ အမျိုးသမီးက ကက်သလစ်၊ ဘာသာရေးကိုပြောရာမှ သဘောမတူ၍ မယူဖြစ်ကြ။ နောက် သူက ရှမ်းဗုဒ္ဓဘာသာမကလေးနှင့်ယူ၊ အင်္ဂလန်သွား၊ ကလေးတွေရ။ ယခု ဆုံးပြီ။ သူမက အပျိုကြီး တစ်ကိုယ်တည်း။ ဘာသာရေးလည်း သိပ်ကိုင်းရှိုင်းသည်မဟုတ်။ စိတ်မာနကြောင့် ဝေးကြရသည်။

မန္တလေးဆေးတက္ကသိုလ်မှ ပန်းသေးဆရာဝန်နှင့် တရုတ်ဗုဒ္ဓဘာသာဝင် ဆရာဝန်မတို့ကမူ ရှင်း၏။ တစ်ဦးဘာသာကို တစ်ဦး မဝင်နိုင်၍ နှစ်ဦးသဘောတူ ကွဲကွာကြ၏။ မိမိနှင့် ဘာသာတူသူများနှင့် အိမ်ထောင်ပြုကြ၏။ သမီးရည်းစားဖြစ်ခဲ့သည်များကို မေ့နိုင်ကြသည်။ နှစ်ဦးလုံး အိမ်ထောင်ဘက်များနှင့်ပါ အခင်မင်မပျက်ကြပါ။

## စဉ်းစားသင့်သောအချက်များ

ဆိုလိုသည်မှာ အိမ်ထောင်ပြုရန်အတွက် အချက်အလက်များစွာ စဉ်းစားစရာရှိသလို အိမ်ထောင်ကွဲတော့မည်ဆိုလျှင်လည်း စဉ်းစားစရာ အများကြီးရှိသည်။ ခန္ဓာကိုယ် လှသဘော၊ စိတ်ခံစားမှုနှင့် မိမိ၏အချစ် အကြင်နာ သစ္စာမေတ္တာတို့ကိုသာ စဉ်းစား၍ မရပေ။ အိမ်ထောင်ပြုမည့် မောင်မယ်တို့ အောက်ပါအချက်အလက်များကို စဉ်းစားကြရမည်။ ညှိနှိုင်းရမည်။

(၁) တစ်ဦးနှင့်တစ်ဦး တကယ်ချစ်, မချစ်

(၂) နှစ်ဦးစလုံး အရွယ်ရောက်, မရောက်

(၃) နှစ်ဦးစလုံး ကျန်းမာ, မကျန်းမာ

(၄) တစ်ဦးစီမှာ မျိုးရိုးလိုက်ရောဂါကြီး ရှိ, မရှိ

(၅) တစ်ဦးနှင့်တစ်ဦး စိတ်ခံစားမှု၊ ဝါသနာတူ, မတူ

(၆) နှစ်ဦးလုံး၏လောကအမြင်၊ နိုင်ငံရေးသဘော ညှိနှိုင်းရ, မရ

(၇) နှစ်ဦးလုံး အိမ်ထောင်ပြုရန် ဆုံးဖြတ်ထား, မထား

(၈) နှစ်ဦးလုံး "ဒိုးတူပေါင်ဖက်" တစ်သက်တာ အတူနေ, မနေ ယုံကြည်ချက် ရှိ, မရှိ

(၉) အောင်မြင်သော အိမ်ထောင်ဖြစ်ရန် ဘာမဆို လုပ်မည်ဟု စိတ်ပိုင်းဖြတ်ထား, မထား

(၁၀) မိဘမောင်ဖွား ဆွေမျိုးတွေ၏ ဩဇာနှင့်ကင်း၍ နေနိုင်, မနေနိုင် . . . စသည်။

## သိပ္ပံနည်းကျမောင်နှင့်မယ်

တကယ်တော့ အထက်ပါအချက်များကို မောင်မယ်တို့က ရှာကြံမစဉ်းစားလည်း သိပ္ပံပညာရှင်တွေက လေ့လာထားကြသည်။ ယခုခေတ်၌ လူတိုင်းသည် သိပ္ပံလက်တွေ့ခန်းထဲက ပုးကလေး၊ ယုန်ကလေးတွေလို ဖြစ်နေသည်။ သိပ္ပံပညာရှင်တွေက စောင့်ကြည့်နေကြသည်။ လေ့လာနေကြသည်။ သူတို့၏ တွေ့ရှိချက်များသည်

ဒက်ထိ မမှန်တောင်မှ ယေဘုယျ မှန်သည်။ မောင်တို့ မောင်တို့သည် သိပ္ပံနည်းကျ လေ့လာရေးနယ်ပယ်ထဲမှာ ရှိနေသည်။ ယနေ့ ကမ္ဘာ့ လူဦးရေ သန်း (၆၅၀၀)ကျော် (၇၀၀၀)ထဲမှာ တစ်ယောက်အပါအဝင်။

သည်တော့ မောင်တို့ မယ်တို့ ဘယ်မှ ပြေးမလွတ်။ ခေါင်းမြီးခြုံ အိပ်နေ၍ မရ။ စိတ်ကူးနေ၍ မရ။ အိပ်မက်လေး မက်နေ၍ မပြီး။ ကမ္ဘာကြီး ဘာဖြစ်နေသည်။ သူများတွေ ဘာဖြစ်နေသည်ကို သိရမည်။ သင်တို့လည်း သူတို့လိုပင်ဖြစ်သည်။ အို . . . သိပ္ပံနည်းကျ မောင်နှင့် မယ်တို့ . . .။

## တိရစ္ဆာန်နှင့်လူ ကွာခြားချက်

ကမ္ဘာပေါ်တွင်ရှိသော သတ္တဝါများစွာအနက် လူမှာသာလျှင် အဖိုနှင့် အမ တွဲနေသော အိမ်ထောင်ရှိသည်။ လူမှုရေးသတ်မှတ်ချက် (ဥပဒေအရ) ယင်းနှစ်ဦးက လွတ်လပ်စွာ လိင်ဆက်ဆံခွင့်ရှိသည်။ ယင်းတို့သည် အခြားသူများနှင့် ဆက်ဆံ၍ မရ။ ခွေး၊ နွား၊ မြင်း စသည်တို့မှာမူ အရွယ်ရောက်ပါက သဘာဝအရ မည်သည့်အကောင်နှင့်မဆို လိင်ဆက်ဆံ၍ရ၏။ သားနှင့်အမိ၊ မောင်နှင့်နှမ၊ ဖအေနှင့် သမီး၊ မြေးအဖွား စသည်ဖြင့် သတ်မှတ်ချက်မရှိ၊ ရှောင်ရန်မလို။ တိရစ္ဆာန်ပေကိုး။ လူတို့၌ ယင်းသို့ဆက်ဆံပါက အများက ကြဉ်ကြမည်။ တရားဥပဒေက အရေးယူမည်။ မကြာသေးသောကာလက မြန်မာနိုင်ငံ၌ လူတစ်ယောက်သည် မိမိ၏နှမနှင့် အမေကို သားမယား ပြုကျင့်၍ သတ်ပစ်ခဲ့သည်။ ဥပဒေကြောင်းအရ သက်သေမခိုင်လုံ၍ လွတ်ပေးခဲ့သော်လည်း လူ့အသိုင်းအဝိုင်းက ရှုတ်ချခဲ့သည်။ ဩစတြီးယား (Austria) ၌ ယင်းအမှုမျိုး ဖြစ်ခဲ့ရာ သမီးနှင့်ညား၍ ကလေးရခဲ့သော ဖခင်မှာ ထောင်ဒဏ်တစ်သက် ချမှတ်ခံရသည်။

သတ္တဝါအများ၌ လူမှာသာ အချစ်မေတ္တာ၊ ကြင်နာမှု၊ သစ္စာတရား၊ သားမယားကို စောင့်ရှောက်ရန် တာဝန်ရှိသည်။ အခြားသတ္တဝါများ၌ တိကျစွာ မရှိ။ တစ်သက်တာမရှိ။ ရှေးဝတ္ထု၊ ပုံပြင်များ၌ လူ့ဝံ၊ ဝက်ဝံများတွင် ထိုသို့သဘောရှိသော်လည်း တကယ့်လက်တွေ့တွင်

မရှိချေ။ ဆဒ္ဒန်ဆင်မင်းဝတ္ထု၊ ငုံးမင်းဝတ္ထု စသည်များသည် လူ အကြောင်းကို ပုံပမာဆင်၍ပြောခြင်းသာ ဖြစ်ပေသည်။ လင်နှင့်မယား တစ်ဦးနှင့်တစ်ဦး ချစ်ခင်မှု၊ သစ္စာရှိမှု၊ အထင်မှားမှု၊ လက်စားချေမှု စသည်တို့မှာ လူတို့တွင်သာ ရှိသည်။

ယင်း အချစ်၊ မေတ္တာ၊ ကြင်နာမှု၊ ခံစားမှု စသည်တို့သည် စိတ်ကူးယဉ် တင်စားပြောဆိုချက်ချည်းသာမဟုတ်၊ သိပ္ပံနည်းကျ လက်ဆုပ်လက်ကိုင်ပြ၍ရသော အကြောင်းအရာများဖြစ်၏။ "မင်းကို အူထဲ အသည်းထဲက ချစ်တယ်" "ငါ့အသည်းနှလုံးထဲမှာ မင်းကိုပဲ သတိရနေတယ်၊ ချစ်နေတယ်" ဆိုသည်မှာ အမှန်ပင်ဖြစ်သည်။ နှလုံး အစားထိုးခံရသောသူများ၌ပင် နှလုံးပိုင်ရှင်၏ အတိတ်ဘဝ၊ ခံစားချက် များသည် လာ၍ ထင်ဟပ်ပြနေသည်။ သူတို့ချစ်ခဲ့သူများကို ချစ်နေဆဲ၊ မုန်းသူများကို မုန်းနေဆဲ။ နှလုံးသားပိုင်ရှင်ဟောင်း၏ ခံစားမှုနှင့် ဘဝက ယခုပိုင်ရှင်သစ်တွင် ပြန်လည်ရှင်သန်ပြဆဲ။

## ဦးနှောက်က အခရာ

သို့သော် ယင်းခံစားမှု၊ မှတ်မိမှု၊ ပြန်လည်တင်ပြမှုများကို လူ၏ဦးနှောက် (Brain) က ချုပ်ကိုင်ထားသည်။ ဦးနှောက်ထဲမှာ ချစ်သည့်နေရာ၊ မုန်းသည့်နေရာ၊ သစ္စာစောင့်သည့်နေရာ၊ သစ္စာ ဖောက်သည့်နေရာ အစုံရှိသည်။ ဘယ်နေရာကချစ်၍ ဘယ်ဓာတု ပစ္စည်းက ပြုလုပ်ပေးနေသည် ဆိုသည်ကို သိပ္ပံပညာရှင်၊ ဆေးပညာရှင် တို့က သိကြပြီ။ တိတိပပ ပြောပြ၍ရပြီ။ ခန္ဓာဗေဒအရ တိကျနိုင်လှစွာ ပုံဖော်၍ ရပြီ။

မှန်သည်။ လူမှန်သမျှသည် သိပ္ပံပညာ၏ သားကောင်များ ဖြစ်သည်။ သိပ္ပံပညာက လေ့လာသမျှ ခံရမည်။ သိပ္ပံပညာပြုသမျှ နကြရမည်။ သိပ္ပံပညာကို အာခံ၍မရ။ မူးယစ်ဆေးဝါးကသာ ဦးနှောက်၏ လုပ်ငန်းကို ပြောင်းလဲစေသည်။ ဓာတုဆေးများကြောင့် လူများသည် ပျော်ပါးကြသည်။ ကခုန်ကြသည်။ ဖဲ့မခန်း မမောမပန်း အလုပ်လုပ်နိုင်ကြသည်။ ထိုဆေးများ မစားသုံးက လုပ်၍မရ။ သို့ဖြစ်၍

ဆေးစွဲကြသည်။ ခန္ဓာကိုယ် ယိုယွင်းကြရသည်။ ဘဝပျက်ကြရသည်။ ယင်းသို့သိထားက ထိုဆေးများကို ရှောင်နိုင်ရမည်။ ရှောင်နိုင်အောင် ကျင့်ကြံရပေမည်။

ထို့အတူ လူ၏ ချစ်မှု ခင်မှု၊ တွယ်တာမှု၊ အနစ်နာခံမှု၊ အိမ်ထောင်ပြုမှု၊ အိမ်ထောင်သာယာအောင် ပြုလုပ်မှု၊ ကာမဆက်ဆံမှု၊ ကလေးမွေးမှု စသည့် လူ့လုပ်ငန်း၊ လူသားတာဝန်များသည် လူ့ခန္ဓာကိုယ်ပေါ်၊ လူ့ဦးနှောက်၊ ထိုဦးနှောက်မှ ထုတ်လုပ်သော ဓာတုပစ္စည်း (ဝါ) ဟော်မုန်း (Hormone) များပေါ်မှာ မူတည်နေသည်။ လူသည် အရိပ်မဟုတ်၊ မိုးပေါ်မှကျလာသောပုံမဟုတ်။ လူသည် သတ္တဝါတစ်မျိုး။ ကမ္ဘာ၏ အဆင့်မြင့်ဆုံးသတ္တဝါ။ အသိဉာဏ်အရှိဆုံး သတ္တဝါ။

သို့သော် လူသည် သဘာဝသားကောင်၊ သိပ္ပံပညာ၏ အောက်မှာရှိသော သတ္တဝါ။ သွေးနှင့်ကိုယ် သားနှင့်ကိုယ်။ ဓာတုပစ္စည်းများနှင့် ဖွဲ့ထားသော ကိုယ်ပိုင်ရှင်။ သိပ္ပံပညာအရ ဖွဲ့စည်းထားသော ဖိုနှင့်မ။ သိပ္ပံနည်းကျ မောင်နှင့်မယ်။

အခန်း (၂)

# ဦးနှောက်တွင်းရှိ ဖိုမအချက်ပြနေရာများ

## အချစ်က ဦးနှောက်ထဲမှာ

ရိုးရိုးလူများအနေဖြင့် အချစ်မေတ္တာဟူသည် နှလုံးသားသို့မဟုတ် အသည်းထဲမှလာသည်ဟု ထင်ကြ၊ ပြောကြသည်။ သို့ဖြစ်၍ နှလုံးပုံအရိပ်ကို အချစ်၏ သင်္ကေတအဖြစ် အလွယ်တကူ ပြောဆိုသုံးနှုန်းကြသည်။ လိင်ဆက်ဆံမှု၊ ကာမအမှုကိုလည်း လိင်အင်္ဂါများကသာ ပြုလုပ်ကြသည်ဟု ထင်ကြသည်။ မှန်ပါသည်။ ကာယကံမြောက်လိင်ဆက်ဆံမှုပြုသည့် အင်္ဂါအစိတ်အပိုင်းများမှာ ယောကျ်ား၏ ဖိုအင်္ဂါလိင်တံနှင့် မိန်းမ၏လိင်အင်္ဂါ ယောနိခေါ် မွေးလမ်းကြောင်းဖြစ်ပါသည်။ အင်္ဂလိပ်လို လိင်တံကို Penis၊ ယောနိကို Vagina ဟုခေါ်သည်။ အဓိပ္ပာယ်မှာ ညစ်ပတ်ခြင်းမရှိ။ အဖိုအင်္ဂါအတံမှာ အမြီး၊ မိန်းမအင်္ဂါ ယောနိက "ဓားအိမ်" (ဝါ) "ဓားစွပ်" ဟု အဓိပ္ပာယ်ရသည်။ တကယ်က ယင်းအင်္ဂါများသည် လက်တွေ့ ကာမအမှုကို လုပ်ဆောင်ရသောအင်္ဂါဖြစ်၍ ယင်းတို့ ထိုသို့လုပ်ဆောင်ရအောင် လုပ်ပေး၊ ထိန်းပေးနေသောအင်္ဂါမှာမူ အသည်းလည်းမဟုတ်၊ နှလုံးလည်းမဟုတ်ပါ။ ဦးခေါင်းထဲရှိ ဦးနှောက်သာ ဖြစ်ပါသည်။

ဦးနှောက်သည် လူ၏ အသိဉာဏ်နှင့်သာ ဆိုင်ရုံမက စဉ်းစားတွေးခေါ်ခြင်း၊ မှတ်မိခြင်း၊ တီထွင်ခြင်း၊ စကားပြောခြင်း၊ ခြေလက်ခန္ဓာကိုယ် လှုပ်ရှားမှုများနှင့် သက်ဆိုင်သည်။ ခန္ဓာကိုယ်နေရာတိုင်းရှိ

အရေပြား၊ အင်္ဂါ၊ အရိုးအဆစ်များမှ ခံစားမှုနှင့် သက်ဆိုင်သည်။ တကယ်က နှလုံးခုန်ခြင်း၊ သွေးလှည့်ခြင်း၊ အသက်ရှူခြင်း၊ ဆီးသွားခြင်း၊ မစင်စွန့်ခြင်းနှင့် မိန်းမများတွင် ကလေးမွေးခြင်း စသည်တို့ကိုလည်း ထိန်းချုပ်ပါသည်။

ဤသို့ ဦးနှောက်က ခန္ဓာကိုယ်တစ်ခုလုံး၏ လုပ်ငန်းဆောင်တာများကို ထိန်းချုပ်ရာ၊ သြဇာပေးရာ၌ အာရုံကြောများမှတစ်ဆင့်လည်းကောင်း၊ ဟိုမုန်း (ဝါ) ဟော်မုန်းခေါ် ဓာတုပစ္စည်းများထုတ်၍လည်းကောင်း ဆောင်ရွက်ပါသည်။ စကားပြောခြင်း၊ မျက်နှာအမူအရာလုပ်ခြင်း၊ ခြေလက်လှုပ်ရှားခြင်းတို့ကို အာရုံကြောများဖြင့် ဆောင်ရွက်၍ နှလုံးခုန် အနှေးအမြန်၊ ဆီးစွန့်ခြင်း၊ ကလေးမွေးခြင်း စသည်တို့ကို ဟော်မုန်းဓာတုပစ္စည်းများဖြင့် ဆောင်ရွက်ပါ၏။

## ဦးနှောက် ဒဏ်ရာရလျှင်

သို့ဖြစ်၍ ဦးနှောက်ကို ဒဏ်ရာရလျှင်၊ ဦးနှောက်တစ်ခြမ်း (သို့မဟုတ်) တစ်နေရာရာကို သွေးမရောက်လျှင် ယင်းနေရာက ထိန်းသိမ်းပေးသောလုပ်ငန်းများ ပျက်စီးရ၏။ လေသင်တုန်းဖြတ်ခံရသောသူများမှာ ထိုဦးနှောက်ခြမ်း၏ ဆန့်ကျင်ဘက် ခြေလက်များ သေသွားရခြင်း၊ တောင့်တင်းသွားရခြင်းဖြစ်သည်။ ဝဲဘက်ဦးနှောက်ခြမ်း လေသင်တုန်းဖြတ်လျှင် စကားမပြောနိုင်ဖြစ်ရ၏။ ပြောသောစကားကို နားမလည်နိုင်ခြင်းပင် ဖြစ်နိုင်သည်။ နှလုံးကိုထိန်းချုပ်သော ဦးနှောက်နေရာထိပါက နှလုံးရပ်ကာ ရုတ်တရက် သေဆုံးရသည်။ ကြိုးဆွဲချသူများ ချက်ချင်း သေသည်မှာ နှလုံးထိန်းနေရာကို ဖျက်ဆီးလိုက်သောကြောင့်ဖြစ်သည်။ ယင်းနေရာသည် ချဉ်ဆီဦးနှောက် (Medulla Oblongata) မှာ ရှိလေသည်။

## အချစ်အမျိုးမျိုး

ထို့အတူပင် အချစ်မေတ္တာ၊ ကာမဂုဏ်ခံစားမှုနှင့်ဆိုင်သော ပြဿနာများလည်း ဦးနှောက်မှာ ရှိပေသည်။ နားလည်ဖို့ လွယ်ကူရန်

နှင့် လေ့လာသုတေသနပြုရာတွင် လွယ်ကူရန် သိပ္ပံပညာရှင်တို့က အချစ်မေတ္တာ တဏှာကို သုံးပိုင်း ပိုင်းခြားလိုက်သည်။

(၁) မြင်မြင်ချင်း (ဝါ) တဒင်္ဂအချစ်၊ စိတ်ကူးယဉ်အချစ်
(၂) ရေရှည်အချစ် (ဝါ) ထာဝရအချစ်
(၃) တဏှာပေမအချစ်၊ ကာမဆက်ဆံမှု

ယင်းသုံးမျိုးတွင် မြင်မြင်ချင်းချစ်သည်ဆိုသော စိတ်ကူးယဉ်အချစ် (Love At First Sight OR Romantic Love) မှာ အရွယ်ရောက်သူတိုင်း၊ အရွယ်ရောက်ပြီး အိမ်ထောင်သည်တိုင်း ခံစားဖူးကြသည်။ စာရေးသူဆိုလျှင် အရွယ်မရောက်မီကပင်လျှင် အလှအပကို မြတ်နိုးသည်။ ရှုမျှော်ခင်းလှလှ၊ ပန်းလှလှ၊ ဆရာမလှလှလေးများကို သဘောကျသည်။ ယင်းတို့ကိုမြင်လျှင် ရင်ထဲမှာ ပျော်၍ နေလို့ကောင်းသွားသည်။ တခြားဘာမျှမတော့မဖြစ်။ အရွယ်ရောက်လာတော့ မိန်းကလေးလှလှကလေးများကိုမြင်လျှင် ရင်ခုန်သည်။ သဘောကျသည်။ နောက် လိုချင်တပ်မက်လာသည်။ ပထမဆုံး သဘောကျသော မိန်းမလှလှများမှာ ရုပ်ရှင်မင်းသမီးများ၊ ပြဇာတ်က ဇာတ်မင်းသမီးများဖြစ်သည်။ စာရေးသူသည် ၁၉၅၀ ကျော် တစ်ဝိုက်က ခေတ်စားခဲ့သော မေရီမြင့်၊ မေမြ၊ ကြည်ကြည်ဌေး စသော ရုပ်ရှင်မင်းသမီးများကို ကြည့်၍ သဘောကျခဲ့၊ သာယာခဲ့ပါသည်။ နောက် မုံရွာမြို့သို့ လာကပြသော ဇာတ်မင်းသမီး ညိုညို စသည်တို့ကို သဘောကျမိ၏။ ၁၉၅၃ ခုမှ ၁၉၅၉ ထိ မန္တလေးတွင် နေရစဉ် ရွှေမန်းရီရီ၊ နွဲ့နွဲ့စန်း၊ အမာစိန် စသော ဇာပြီမင်းသမီးများကို သဘောကျခဲ့လေသည်။ နောက် အင်္ဂလိပ်ရုပ်ရှင်ကားများမှ မင်းသမီးများ၊ မာရီလင်မွန်ရိုး၊ အယ်လီဇဘက်တေလာ၊ ဂျိန်းမင်းစဖီးလ်စ် စသည်များ။ တကယ်က မကြိုက်သေး။ အဲ . . . ကြိုက်ရသည်က မြင်မြင်ချင်း ချစ်ရသူများ။

## ငယ်ငယ်က ကိုယ်တွေ့အချစ်

မှန်ပါသည်။ စာရေးသူ မန္တလေး အ. ထ. က (၁) ဆေးအကြိုသင်တန်းတွင်နေစဉ် ၁၉၅၃ ခုနှစ်၌ ကျုံးထောင့်မှာ ပညာရေး ကပွဲပြပွဲ

ပြုလုပ်သည်။ စာရေးသူတို့က သိပ္ပံပညာကို လူတိုင်းနားလည်အောင် ပြောပြနေချိန်၌ အခြား အ. ထ. က၊ အ. လ. ကများက အဆို အကများဖြင့် ဖျော်ဖြေကြသည်။ စာရေးသူ မှတ်မိနေသည်မှာ အောင်နန်းရိပ်သာ အလယ်တန်းကျောင်းမှ တစ်ပင်တိုင်ကပြသော မိန်းကလေးမှာ အလွန်လှ၍၊ အလွန်အကကောင်းသည်။ "မြင့်မြင့်" ဟု အမည်ကြေညာသည်။ ယင်းမိန်းကလေးကို တော်တော်ပင် ကြိုက်လိုက်မိ၏။ လူချင်းလည်း မတွေ့ဖူး။ တစ်ခါမှလည်း မတွေ့ရ။ ရင်းကိုမြင်ရုံနှင့် ရင်ခုန်ရသည်။ ကြည်နူးရသည်။ သူငယ်ချင်း တင်ဦးနှင့် ကျော်ဝင်း၊ တင်လှိုင်တို့က "မင်းကြိုက်ရင် လိုက်ပါလား" ဟု မြှောက်ပေးကြသည်။ "အို . . . ဘယ်ဖြစ်မလဲ၊ ငါ စာမေးပွဲအောင်အောင် လုပ်ရဦးမှာ၊ စာက သိပ်များတာ" ဟု ပြန်ပြောခဲ့သည်။ သို့ဖြင့် ယင်းမိန်းကလေးကို မြင့်မြင့်ချင်း ချစ်လျက် သာယာခဲ့သည်။ ယခုတိုင် ယင်းမိန်းကလေးကို အပြင်မှာ မတွေ့ဖူး၊ မမြင်ဖူးပါ။ ဤသည်မှာ တဒင်္ဂအချစ်၊ မြင်မြင်ချင်းအချစ် ဖြစ်ပါ၏။ အဘယ်ကြောင့် သာယာရ သနည်းဆိုသော် ဦးနှောက်မှ ဟော်မုန်း ဓာတုပစ္စည်း ဒိုပါမင်း (Dopamine) ထွက်ပေးသောကြောင့်ပင်။ အဘယ်ကြောင့် ရင်ခုန်ရ နှလုံးတုန်ရသနည်းဆိုသော် ဒိုပါမင်းမှရသည့် နော်အပီနဖင်း (Norepinephine) (ဝါ) နော်အက်ဒီနာလင် (Adrenaline) ထွက်လာ သောကြောင့်ပင်။ ဦးနှောက်၏အခြေခံ နယူကလိယ (Basal Ganglia) များမှ ထွက်လာခြင်းဖြစ်ပါသည်။

လူတိုင်းပင် မြင်မြင်ချင်းချစ်သည်ဆိုသော အတွေ့အကြုံရှိကြ မည်မှာ သေချာပါသည်။ ဝတ္ထု၊ ဆောင်းပါး၊ နိပါတ်များ၌ ကြိမ်ဖန် များစွာ ဖော်ပြထားကြပါသည်။

## အချစ်ကိုဖြစ်စေသော ဟော်မုန်းများ

မဟောသဓာဇာတ်တော်၌ မဟောသဓာက အမရာဒေဝီကို တွေ့တွေ့ချင်း ချစ်ခင်နှစ်သက်ခြင်းဖြစ်ရာ ဇနီးမယားအဖြစ် ရယူလို သဖြင့် ပိုင်ရှင်ရှိမရှိ လက်သီးဆုပ်မေးပါသည်။ ပညာဉာဏ်ရှိသော

အမရာဒေဝီက ဆိုလိုရင်းကိုသိ၍ ပိုင်ရှင်မရှိသေးကြောင်း လက်ဝါး ဖြန့်ပြပါ၏။ သို့ဖြင့် နှစ်ဦးသဘောတူ ရည်ငံကာ လင်မယားဖြစ်သွား ကြပါသည်။ တဒင်္ဂအချစ်မှ ထာဝရအချစ်၊ အိမ်ထောင်သည်အချစ်ကို ကူးပြောင်းသွားပါသည်။ ဒိုပါမင်းဟော်မုန်းမှ အောက်စီတိုဆင် (Oxytocin) ဟော်မုန်းထွက်လာ၍ ဖြစ်ပါသည်။ ဤဟော်မုန်းသည် ပုံမှန်အားဖြင့် မိန်းမများမှာ ကလေးမွေးလျှင် သားအိမ်ရှုံ့ရန် ထုတ်ပေး၏။ အိမ်ထောင်ရှင်များ၌ ယောကျ်ား မိန်းမ ချစ်ကြရာတွင် ရေရှည် အတူနေရန် ထွက်နေပေသည်။ ယင်းသို့ ထွက်ကာ နှစ်ဦးလုံးမှာ နေ၍ကောင်း၊ အဖော်ကောင်းဖြစ်ကြပေ၏။

ယင်းယောကျ်ား၊ မိန်းမတို့၌ တက်စတိုစတီရုန်း (Testosterone) ထွက်လာသောအခါ လိင်အင်္ဂါများ သန်စွမ်းထောင်ထလာ၍ သာယာမှု လိုချင်ကြသည်။ သို့ဖြင့် လိင်ဆက်ဆံမှုပြုကြ၏။ မိန်းမတွင် မဟော်မုန်း အီစထရိုဂျင် (Oestrogne) ထုတ်သဖြင့်လည်း မိန်းမအင်္ဂါ များကို လိင်ဆက်ဆံမှု အဆင်ပြေစေရန် စီမံပေးလေသည်။ ဤဟော်မုန်းများထွက်ခြင်းကို ဦးနှောက်ရှိ ဟိုင်ပိုသားလမတ်စ်က ပြုလုပ်လေသည် (ဝါ) ထိန်းထားပေးလေသည်။

## ဟိုင်ပိုသားလမတ်စ်

သို့ဖြစ်၍ အချို့လူများတွင် ဟိုင်ပိုသားလမတ် (Hypothalamus) အပိုင်းမှာ ကြီးနေရာ လိင်စိတ်လွန်ကဲ၍ အမြဲလိင်ဆက်ဆံလို သူများ ဖြစ်နေတတ်သည်။ အချို့မှာမူ အခြားအပိုင်းတစ်ခုက ကြီးနေ၍ အရွယ်ရောက်လည်း ဆန့်ကျင်ဘက်လိင်ကို စိတ်မဝင်စား၊ လိင်တူချင်းကိုသာ စုံမက်နေကြ၏။ ယောကျ်ားလျှာ၊ မိန်းမလျှာ ဖြစ်ရခြင်းမှာ ဤဟိုင်ပိုသားလမတ်အပိုင်း ပုံမမှန်သောကြောင့်ဟု သိပ္ပံပညာရှင်များက ဆိုကြပါသည်။ တကယ်တော့ ဤအပိုင်းသည် အစားစားခြင်း၊ အိပ်ခြင်း၊ ရေသောက်ခြင်း၊ ရေငတ်ခြင်းတို့လည်း ဆိုင်ပါ၏။ ဝလွန်း၊ ပိန်လွန်းသူများ၌ ဤဟိုင်ပိုသားလမတ်ရောဂါ ရနေတတ်သည်။

ယောကျ်ားနှင့် မိန်းမ မြင်မြင်ချင်း ချစ်ကြိုက်ကြသည်။ ဖူးစာကံပါ၍ အဆင်ပြေလျှင် အတူနေကြသည်။ အိမ်ထောင်ပြုနိုင်ကြသည်။ နောက် ကလေးတွေရ သေတပန် သက်တစ်ဆုံး ပေါင်းသင်းကြရ၏။ မဟောသဓာဇာတ်တော်၌ မဟာသဓာနှင့် အမရာဒေဝီတို့သည် တစ်သက်လုံး ပေါင်းသင်းသွားကြသည်။ အဘယ်ကြောင့်နည်း။ ဆေးပညာအရ ဘယ်စိတ်ကြောင့်နည်း။

ယခုထိ လေ့လာသိရှိရသမျှမှ မြင်မြင်ချင်းချစ်လျှင် ဒိုပါမင်း ထွက်သည်။ ယင်းကြောင့် လူမှာ လန်းဆန်းတက်ကြွ၏။ နော်အပီနဖင်းနှင့် အပီနဖင်းထွက်လာ၍ နှလုံးတုန် ရင်ခုန်သည်။ အတူနေရလျှင် အောက်ဆီတိုဆင်ထွက်၏။ လင်မယား ချစ်တင်းနှောကြလျှင် တက်စ်တိုစီတိုရုန်းကြောင့် လိင်အင်္ဂါများ အလုပ်လုပ်လာကြသည်။ လိင်ဆက်ဆံကြသည်။ ဤတွင် ကျေနပ်မှုအထွတ်အထိပ် (Orgasm) ရကာ ဦးနှောက်မှ ဟော်မုန်းတစ်မျိုး ထွက်ပြန်သည်။ အင်ဒိုဖင် (Endophin) ဤဟော်မုန်းက လူကို သက်သာစေသည်။ မှိန်းစေသည်။ အနာအကျင် အကိုက်အခဲများ ပျောက်စေသည်။ သောကကင်းဝေးစေသည်။ အိပ်ပျော်စေသည်။ သို့ဖြင့် လင်နှင့်မယား အချစ်ပွားကာ သာယာမှု ရကြသည်။ လိင်ဆက်ဆံပြီး အိပ်ပျော်သွားကြသည်။ အဆစ်အမြစ် ရောဂါများ သက်သာကြသည်။ ခါးနာပျောက်သည်။ ခေါင်းကိုက် ပျောက်သည်။ နာလန်ထမြန်စေသည်။ လိင်ဆက်ဆံမှုကြောင့် ကလေး ရကြလျှင် သံယောဇဉ်ပါ ထပ်တိုးသည်။ သို့ဖြင့် အိမ်ထောင်မှာ တည်မြဲ လာကြ၏။ လင်နှင့်မယား သေတပန် သက်တစ်ဆုံး ပေါင်းဖြစ်သွားကြသည်။

ကြည့်ပါ။ စာရေးသူတို့ ဆေးလောကမှ ဆရာဝန်ကလေး တစ်ဦးသည် ဆေးရုံ ခရစ္စမတ်ပွဲမှာ ကြွကြွရွရွ လှလှပပ ဆရာဝန်မ ကလေးတစ်ယောက်ကို တွေ့ဆုံသည်။ မြင်မြင်ချင်း ချစ်သွားသည်။ မရရင် မနေဘူးဆိုကာ အတင်းမိတ်ဖွဲ့လိုက်သည်။ အပူကပ်သည်။ နူးနပ်သည်။ "အို . . . ဆရာ၊ ရှင်နှင့် ကျွန်မက ဘာသာမတူ၊ မဖြစ်နိုင်ပါဘူး" ဆိုသော်လည်း မရ။ နောက်ဆုံး နှစ်ဦးနှစ်ဖက် မေတ္တာ

သက်ဝင်၍ အိမ်ထောင်ပြုကြသည်။ ဆရာဝန်ယောကျ်ားက သူ့ဘာသာကို စွန့်လွှတ်သည်။ ဘာသာစုံကို လေ့လာကိုးကွယ်သည်။ ယခု နှစ်ပေါင်း (၃၀-၄၀) ကြာသော်လည်း ပေါင်းဆဲ။ ကလေး (၃)ယောက် လူဖြစ်ပြီ။

## ဟော်မုန်းများက အဓိက

ဤသည်မှာ အချစ်စစ် အချစ်မှန်ကြောင့်ဟု ရိုးရိုးလူများ ပြောသလို "ဖူးစာ" ကြောင့်ဟု ဗုဒ္ဓဘာသာဝင်များက ဆိုကြမည်။ "ဘုရားသခင်အလိုကျ" ဟု ခရစ်ယာန်များက ပြောမည်။ သိပ္ပံပညာ အရမူ သူတို့နှစ်ယောက်၏ ဦးနှောက်မှထွက်သော ဟော်မုန်းခေါ် ဓာတုပစ္စည်းများကြောင့်ဟု ဆိုရပါမည်။

မြင်မြင်ချင်းချစ်၍ ဒိုပါမင်း (Dopamine) ထွက်သည်။ ယင်းဟော်မုန်းထွက်ပြီး အပီနဖင်း (Epinehine) နှင့် နော်အပီနဖင်း (Norepinephine) ထွက်၍ နှလုံးတုန် ရင်ခုန်ရသည်။ သွေးဖိအား တက်ရသည်။ လူမှာ တက်ကြွလန်းဆန်းရသည်။ အတူမနေနေရအောင် ကြံဆောင်၍ အတူနေရသောအခါ အောက်စီတော်ဆင် ဟော်မုန်း ထွက်ရသည်။ နော်တက်စတိုစတီရုန်းထွက်၍ လိင်ဆက်ဆံမှုပြု ဖြစ်သည်။ လိင်ဆက်ဆံမှုပြုပြီး ကျေနပ်မှုရတိုင်း အင်ဒိုဖင် (Endophin) ထွက်ကာ သာယာမှုရသည်။ သောက၊ ဒုက္ခ အဝဝကို မေ့ပစ်သည်။ ဤသည်ကို ထပ်တလဲလဲ တောင့်တ၍ ထပ်တလဲလဲ လိင်ဆက်ဆံ ဖြစ်သည်။ ကလေးများရသည်။ မိဘဖြစ်လာသည်။ မိဘတာဝန် ထမ်းဆောင်ကြသည်။ သို့ဖြင့် အိမ်ထောင်သက်မှာ ရှည်တော့သည်။

## ခေတ်မီလေ့လာရေး နည်းကိရိယာများ

ဤသို့ အချစ်မေတ္တာ၊ တဏှာပေမ၊ ကာမဆက်ဆံမှုများတွင် ဟော်မုန်းများထွက်သည်။ ဦးနှောက်က ထုတ်ပေးသည်ဆိုသည်ကို မည်သို့ အတိအကျ သိရသနည်း။

ရှေးကမူ ယင်းသို့ဆက်ဆံရင်း သေသွားသူရှိပါက ဦးနှောက်များကို ခွဲစိတ်လေ့လာ ဆေးထိုးကြည့်မှ သိရ၏။ သို့မဟုတ် ထိုသို့ ဆက်ဆံနေစဉ် ဦးခေါင်းပေါ်မှာ ဓာတ်ကြိုးတွေတပ်၍ ဓာတ်ဖြင့် မှတ်တမ်းတင်မှ သိရ၏။ ဤသို့ပင် ၁၉၆၀ ကျော်က မာစတာစ်နှင့် ဂျွန်ဆင် (Masters and Johnson) တို့က လေ့လာခဲ့၏။ ယခုမူ ပို၍ တိကျ လွယ်ကူစွာ စမ်းသပ်လေ့လာခြင်းကို အဏုမြူသံလိုက်ဓာတ်မှန် (MRI) သုံး၍ သိလာကြသည်။ လူအရှင်ကို ယင်းကိရိယာထဲထည့်၊ ယင်းလူ၏ ဦးနှောက်အလုပ်လုပ်ပုံကို ကြည့်၍ တိကျစွာ ပြောနိုင်ခြင်း ဖြစ်သည်။ အံ့သြစရာပင်ဖြစ်ပါ၏။

သိပ္ပံပညာရှင်တို့သည် လေ့လာလိုသောသူအား အဏုမြူ သံလိုက်ဓာတ်မှန် (MRI) ခန်းထဲသို့ သွင်းပြီးနောက် မိမိတို့သိချင်သော အကြောင်းအရာအတွက် ယင်းတို့ကိုမေးရင်း ဓာတ်မှန်ကို ကြည့်ကြ၊ မှတ်တမ်းပြုကြသည်။ ဥပမာ မြင်မြင်ချင်းချစ်သည့်အခါ မည်သည့် ဦးနှောက်အပိုင်းက အလုပ်လုပ်နေသည်ကိုသိရန် အမေးခံရမည့်သူ ချစ်သောသူ၏ ဓာတ်ပုံနှင့်အတူ အခြားသူများ၏ ဓာတ်ပုံများကို တစ်ပုံချင်း ပြကြည့်သည်။ မချစ်သော (ဝါ) ဘာမျှမခံစားရသောသူ၏ ပုံများကို ပြလျှင် ဦးနှောက်က မြင်သည်ဟုသာ အသိအမှတ်ပြု၍ ထိုသူကချစ်သော ဓာတ်ပုံရှင်ပုံကို မြင်လျှင်မူ ဦးနှောက်အပိုင်းတွေက အလုပ်လုပ်ကြောင်း ပြလာသည်။ ယင်းနေရာမှ ဓာတုပစ္စည်းများ ထွက်သည်ကိုလည်း ပြသည်။ သို့ဖြင့် တဒင်္ဂ မြင်မြင်ချင်းဖြစ်စဉ်၌ အခြေခံဦးနှောက် နယူကလိယျ (Basal Ganglia) က အလုပ်လုပ်၍ ဒိုပါမင်း (Dopamine) ထွက်သည်ကို သိကြရသည်။

## တက်စ်တိုစတီရုန်း

လိင်ဆက်ဆံမှုပြုစဉ် တက်စ်တိုစတီရုန်း ထွက်သည်ဆို သည်ကိုလည်း လိင်ဆက်ဆံစဉ်အခါ၌ ထိုဓာတ်များကို ထိုသူ၏သွေးကို ယူ၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ စစ်ဆေးခြင်းဖြင့် သိကြရ၏။ ထို့အပြင် တက်စ်တိုစတီရုန်းမထွက်သော ယောကျ်ားများမှာ လိင်

ဆက်ဆံမှုမပြုနိုင် ပန်းသေကြ၏။ အသက်ကြီးလွန်းသော အဘိုးအိုများမှာလည်း ယင်းဟိုမုန်းနည်း၍ လိင်ဆက်ဆံမှု မပြုနိုင်ကြချေ။ ထိုအခါ ထိုဟိုမုန်းကို ထိုးပေးခြင်းဖြင့် လိင်စွမ်းအင်ကို ပြန်ရှိစေ၏။ စာရေးသူ၏ အတွေ့အကြုံ၌ တက်စ်တိုစတီရုန်းမရှိ၍ အမွေးတွေကျွတ်၊ ပန်းသေနေသောသူတစ်ဦးအား ထိုဟော်မုန်း ထိုးပေးခြင်းဖြင့် အမွေးများပြန်ပေါက်လာ၊ ပန်းပြန်ရှင်လာသည်ကို ဒိဋ္ဌသိရသည်။

တက်စ်တိုစတီရုန်းကို ဖိုဟော်မုန်းဟု ပြောကြသော်လည်း အမျိုးသမီးများမှာလည်း ကျောက်ကပ်အထက်အင်္ဂါ (Suprarenal Gland) မှ ထုတ်လုပ်၏။ ယင်းရှိမှ လိင်ဆက်ဆံလို၏။ သို့ဖြစ်၍ လိင်ဆက်ဆံလိုစိတ်နည်းသော မိန်းမများကို ယင်းဟော်မုန်းအနည်းငယ်ပေးခြင်းဖြင့် လိင်စိတ် ပုံမှန်ပြန်ဖြစ်လာစေပါသည်။ လင်သားနှင့် အတူအိပ်ရန် အသင့်ဖြစ်လာစေပါသည်။

## အီစထရိုဂျင်ဟော်မုန်း

ဤအီစထရိုဂျင်ဟော်မုန်းကမူ မိန်းမလိင်အင်္ဂါများကို အရွယ်ရောက်စေ၏။ ရာသီလာခြင်း၊ မမွှတာမှန်ခြင်းနှင့် ဥကြွေခြင်း (Ovulation) ကို ဖြစ်စေ၏။ ဥကြွေပြီးနောက် ပရော်ဂျက်စတီရုန်း (Progesterone) ထွက်ရာ ယင်းက သန္ဓေတည်ရန် သားအိမ်မြှေးကို ထူစေသည်။ ကိုယ်ဝန်ရှိက နောက်ထပ်မကြွေတော့ပေ။ သားအိမ်မရှိက နှစ်ပတ်ကြာလျှင် သားအိမ်မြှေးကြွေ ပြုတ်ကျကာ ရာသီလာရ (ဝါ) သွေးဆင်းရလေ၏။

ဤတက်စတိုစတီရုန်း၊ အီစထရိုဂျင်နှင့် ပရိုဂျက်စတီရုန်း ဟော်မုန်းထွက်မှုမှာ ဟိုင်ပိုသားလမတ်၏ ထိန်းကွပ်မှုအောက်မှာ ရှိလေသည်။ ဟိုင်ပိုသားလမတ် ဦးနှောက်ပိုင်းသည် ယရာဝါသ ကိစ္စများမြောင် အိမ်ထောင်ရေးနှင့်ဆိုင်သည်ဟုပြောသော် မှားအံ့မထင်ပေ။

## အာရုံငါးပါးနှင့် ဦးနှောက်

ဤ၌ အနံ့၊ အမြင်၊ အကြားနှင့် အရသာတည်းဟူသော အာရုံ (၄)ပါးကိုလည်း မေ့ထား၍ မရပေ။ အနံ့ကို နှာခေါင်းမှ ရှူသော်လည်း

သိသည်မှာ ဦးနှောက်မှဖြစ်၏။ ယင်းအနံ့နေရာသည် အင်ဆူလာ (Insula) နှင့် အမိဒလွိုက် နယူကလိယျ (Amygdaloid Nucleus) မှာ ရှိသည်။ သားလမတ် (Thalamus) ကို မဖြတ်ဘဲ ဦးနှောက်သို့ တိုက်ရိုက်လာသော အထူးအာရုံဖြစ်သည်။ အနံ့ကြောင့် တိရစ္ဆာန်များ ဖိုမသဘာဝကိစ္စသိကာ မိတ်လိုက်ကြသည်။ ရေမွှေး၊ နံ့သာ၊ သနပ်ခါး နံ့ကြောင့် လူတို့လည်း ချစ်ခြင်းအမှု ပြုကြလေသည်။

အမြင်အာရုံသည် ချစ်ခြင်းအမှုကို ဖြစ်စေသည်။ "မြင်မြင်ချင်း ချစ်သည်" ဆိုသည်မှာ မျက်စိကြောင့်ဖြစ်သည်။ မြင်သည့်နေရာသည် ဦးနှောက်ကြီး နောက်စေ့ပိုင်းမှာရှိသည်။ ဦးနှောက်ဒဏ်ရာရ၍ ကန်းသွားသူများ၊ နောက်စေ့အရိုက်ခံရ၍ ကန်းကြ၊ မချစ်ကြသူများမှာ ဤဦးနှောက်ပိုင်း (Occipital Lobe) ပျက်စီး၍ ဖြစ်ပေသည်။

"အသံကြား သနားပါစေ" ဆိုသည့်အတိုင်း သူ့အသံလေးကို သာယာ၍ အမြဲကြားချင်နေသည့် နားနှစ်ဖက်ကြောင့်ဖြစ်သည်။ ဦးနှောက်၌ ကြားသည့်နေရာမှာ နားထင်ပိုင်း (Temporal Lobe) မှာ ရှိသည်။ ဤအပိုင်း ဒဏ်ရာရလျှင် နားကန်းနိုင်သလို အသံမရှိဘဲ ကြားတတ်၏။ စိတ်ရောဂါရသူများ၌ အသံများကို ကြားနေတတ်သည်။

တယ်လီဖုန်းဖြင့် ချစ်နေကြသူများမှာ အသံကြောင့်ဖြစ်၏။ ယခုအခါ တယ်လီဖုန်းဖြင့် ပြည့်တန်ဆာများပင်ရှိသည်။ စာရေးသူ ငယ်ငယ်က "လေထဲကချစ်သူ" ဟူသော ရုပ်ရှင်ကြည့်ဖူးရာ အသံရှင်ကို လိုက်ချစ်နေသူအကြောင်းပင်ဖြစ်၏။ "မြဟေဝန်" ဟူသော ရုပ်ရှင် ကား၌ တောကြီးဂနိုင်ထဲတွင် မေမြအသံကို ကြားရာမှ မင်းသား မြင့်အောင်က ချစ်လာပုံကို ရိုက်ပြထားသည်။ အိန္ဒိယရုပ်ရှင်ကား တစ်ကားလည်း အလားတူရှိပေသည်။ လင်မယား ချစ်ကြရာ၌ အသံသည်လည်း အရေးကြီးပေသည်။

အရသာ (ဝါ) ရသအာရုံသည် လင်မယား ချစ်တင်းနှောရာ၌ အစာစားခြင်း သို့မဟုတ် လျှာဖြင့် နမ်းစုပ်ခြင်းတို့နှင့်အတူ ပါဝင်၏။ မိမိချစ်သူ၏ ပါးစပ်အရသာ၊ တံတွေး၊ ချွေး၊ ကိုယ်အရသာတို့ကို အချို့က နှစ်သက်ကြသည်။ တိရစ္ဆာန်များ၌ အမက "လိင်ကြူးချိန်

(Heat)" ဖြစ်စဉ် ဓာတုပစ္စည်းထုတ်ပေးရာ ယင်းကြောင့် ဖိုကို လက်ခံရန် အသင့်ဖြစ်နေသည်။ လူယောကျ်ားမိန်းမများ၌ ချွေးထဲတွင် ဖီရော်မုန်း (Pheromone) ဓာတုပစ္စည်းပါရာ အလားတူ ဆန့်ကျင်ဘက် လိင်အား လှုံ့ဆော်ပါသည်။ တစ်ခါက သိပ္ပံပညာရှင်များက ယောကျ်ား များစွာ၏ အဝတ်မလဲဘဲ တစ်ပတ်ခန့်ဝတ်ထားသော စွပ်ကျယ် (ဝါ) တီရှပ်ကို မိန်းမများအား နမ်းစေရာ အနံ့ဆုံး တီရှပ်ရှင်ကို မိန်းမတွေက အကြိုက်ဆုံးပါတဲ့။ အနံ့ပြင်းသော ငံပြာရည်နှင့် ဒူးရင်းသီးကို ကြိုက်သလိုမျိုးပင်။

## အတွေ့

အနံ့၊ အရသာ၊ အမြင်၊ အကြားနှင့်အတူ အတွေ့အရသာ သည်လည်း လိင်ဆွဲဆောင်မှု လင်မယားချစ်ခင်မှုနှင့် ကာမဆက်ဆံမှုတွင် အရေးကြီးသည်။ ဖောဌဗ္ဗာရုံကိုကြိုက်၍ အရုပ်ဆိုးသောသူကို မိဖုရား မြှောက်သော ဘုရင်ကြီး၏သာဓကမှာ ထင်ရှားလှသည်။ အတွေ့မခံနိုင် ဟူသော စကားရှိသည်။ အတွေ့ကြောင့် ရာဇဝတ်မှုပင် ပြုကြကြောင်း "အတွေ့" ရုပ်ရှင်က ရိုက်ပြဖူးသည်။ အတွေ့အာရုံသည် လိင်အင်္ဂါများ မှသာမက ခြေလက်နှင့် တစ်ကိုယ်လုံးရှိ အရေပြား၊ အကြော၊ အဆစ်၊ လျှာ၊ နှုတ်ခမ်း၊ မျက်နှာ၊ ရင်သားတို့မှ ရရှိသည်။ ဤအတွေ့အာရုံကို အာရုံကြော (Nerves) များက သယ်သွားရာ ဦးနှောက်ရှိ သားလမတ်ကို ရောက်သွားသည်။ သားလမတ်ကမှ ခွဲခြား၍ ဦးနှောက်ကြီး (Cerebrum) ရှိ ဗဟိုနောက်ချိုင့်ကြား ကုန်းတန်း (Post Central Gyrus) သို့ ပို့ပေးသည်။ ယင်းနေရာသည် ဦးနှောက်ရှိ အပူအအေး၊ အတွေ့၊ နာကျင်မှု ခံစားရာ နေရာပေတည်း။ သားလမတ်ရောဂါရလျှင် ဒဏ်ရာမရှိဘဲ နာနေတတ်သည်။ သားလမတ်ကို ဖြတ်လိုက်က မနာကျင်ရုံမက လှုပ်ရှားမှုအားလုံးပင် ပျောက်သွားသည်။

တကယ်တော့ ဦးနှောက်သည် လူ့ဘဝအတွက် အရေး အကြီးဆုံးအပိုင်းပင် ဖြစ်သည်။ ယင်းက ချစ်ခင်တပ်မက်မှုကို ဖြစ်စေသည်။ ယင်းမှ နှစ်ကိုယ်တွဲနိုင်အောင် လှုံ့ဆော်ပေးသည်။

လင်နှင့်မယားဖြစ်သောအခါ နှစ်ဦးတွယ်တာ၍ ကာမဆက်ဆံမှု ပြုစေသည်။ သန္ဓေတည်၍ ကလေးရစေသည်။ သို့ဖြင့် ဦးနှောက်သည် အိမ်ထောင်မှုကို ဖြစ်စေ၏။ မျိုးဆက်ပြန့်စေ၏။ သတ္တဝါတို့အတွက် မျိုးဆက်ပြန့်ခြင်းသည် အရေးအကြီးဆုံး သက်ရှိတာဝန်ဖြစ်သည်။ မိမိသာ သေသွားစေ၊ မိမိ၏မျိုးရိုး မပျောက်စေနှင့်။ သတ္တဗေဒအရ မျိုးစိတ်ပြန့်ပွားရေးသည် အရေးအကြီးဆုံး သတ္တဝါ (ဝါ) သက်ရှိ တာဝန်ပင်။ လူသည်လည်း သတ္တဝါတစ်မျိုးသာပင်။

## မျိုးဆက်ပြန့်အင်္ဂါများ

ဤမျိုးဆက်ပြန့်ပွားရေးတာဝန်ကို လက်တွေ့ဆောင်ရွက်ရ သည်မှာ မျိုးဆက်ပြန့်အင်္ဂါများဖြစ်သည်။ ယောကျ်ားတွင် ဝှေးစေ့၊ မိန်းမတွင် မျိုးဥအိမ် (Ovary)။ လက်တွေ့ မျိုးစပ်ရသည်မှာ ယောကျ်ား၏လိင်တံ (Penis) နှင့် မိန်းမ၏ ယောနိ (Vagina) နှင့် သားအိမ် (Uterus) ယင်းအင်္ဂါများ ပုံမှန်အလုပ်လုပ်နိုင်အောင် ထိန်းကွပ်ပေးနေသည်မှာ လူ၏ဦးနှောက် (Brain) ပင်။ သို့ဖြစ်၍ ဦးနှောက်၌ လိင်အင်္ဂါလုပ်ငန်းထိန်းနေရာများ၊ ကလာပ်စည်းများ၊ နယူကလိယျများ ရှိနေသည်ဆိုသည်ကို မအံ့ဩသင့်ပေ။ လူ၏ အချစ် မေတ္တာ၊ ကြင်နာမှု၊ သံယောဇဉ်၊ တွယ်တာမှု၊ လိင်ဆက်ဆံမှုတို့သည် ဦးနှောက်က လုပ်ပေးနေသည်ဟု သိကြရမည်။

## အလှတစ်ခုတည်းကြောင့်မဟုတ်ပါ

ဤ၌ ယောကျ်ားနှင့် မိန်းမ မြင်မြင်ချင်း ချစ်ကြရာဝယ် တစ်ဦး တစ်ယောက်ကမျှ မြင်သူတကာငေးလောက်အောင် အလှပဂေး ဖြစ်စရာမလိုပေ။ မယ်ဗမာ၊ မယ်ကမ္ဘာများကို တပ်မက်ချစ်ခင်သူ များမှာ အပုံ။ သို့သော် ယင်းတို့နှင့် ညားသူများကား ရှားလှ၏။ ၎င်းတို့ကလည်း မြင်မြင်ချင်းချစ်သူကို ပြန်ကြိုက်သည်မဟုတ်။ စီးပွား ဥစ္စာ ရွှေငွေပေးနိုင်သူများကိုသာ ပြန်ကြိုက်ကြသည်။ မယ်ကမ္ဘာဘွဲ့ရ အိန္ဒိယ ရုပ်ရှင်မင်းသမီး အက်ရှာဝရီရိုင်း (Ashwarya Rai) သည်

အိန္ဒိယ ရုပ်ရှင်မင်းသား သူဌေးကြီး အမိတာဘာချန်း (Amitabh Bachchan) ၏သား အဘိရှက်ဘချန်း (Abishek Bachan) ကို လက်ထပ် ယူသည်ပင်ကြည့်တော့။ သူသည် အရင်က တွဲလာသူ ပေါင်းမှာ မြောက်များစွာ။ သို့သော် သူ့လောက် မချမ်းသာကြ။

စာရေးသူ မှတ်မိနေသည်မှာ မယ်ဗမာတစ်ဦးသည် သူမကို အရှူးအမူးချစ်သော စစ်ဗိုလ်တစ်ယောက်အား ပြန်ချစ်သည်။ သူနှင့် လိုက်ပြေးသည်။ သို့သော် လင်မယားလိုနေရာ၌ သူမ၏ခန္ဓာကိုယ်ကို အထိမခံ။ အဖျစ်အညှစ်မခံ။ သို့ဖြင့် စလယ်ဝင် ဖင်မမည်းခင်က ကွဲကြသည်။

## ထူးခြားသောအရည်အချင်းနှင့်မိန်းမများ

တကယ်က မြင်မြင်ချင်း ချစ်၍ ယူကြသည်မှာ ရှားလှသည်။ မြင်မြင်ချင်း ချစ်ပြီးနောက် အမြဲတွေ့မှ၊ ယင်းသို့တွေ့သည်ကို သာယာမှ၊ တစ်ဦးနှင့်တစ်ဦး ထိုသို့ အမြဲတွေ့လို၊ တွဲလိုမှ၊ ထိုမှ အတူတကွ လင်မယားလို ဆက်ဆံရခြင်းကို သာယာမှ အိမ်ထောင်ပြုဖြစ်ကြသည်။ အိမ်ထောင်သာယာသည်။ မြဲသည်။ အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန် (Bill Clinton) နှင့် သူ့ဇနီး ဟီလာရီကလင်တန် (Hillary Clinton) ကိုပင် ကြည့်ပါ။ ယေးလ်တက္ကသိုလ်မှာ ဥပဒေ သင်တန်းတက်စဉ် ဘီလ်ကလင်တန်သည် အများသူငါထက် ထင်ပေါ်သည်။ တော်သည်။ ဟီလာရီကလင်တန်ကလည်း မိန်းမတွေ ထဲမှာ အစွာ။ ဤတွင် တစ်ဦးနှင့်တစ်ဦး အထင်ကြီး၊ အတူတွဲနေရာမှ ရသွားကြခြင်းဖြစ်သည်။ ဘီလ်ကလင်တန် သမ္မတဖြစ်၍ အခြားမိန်းမ နှင့် ဖောက်ပြားသည့်တိုင် ဟီလာရီကလင်တန်က သည်းခံပေါင်းသင်း ရှာသည့် အာဂမိန်းမပေ။

စာရေးသူကိုယ်တွေ့ ပြောရလျှင် စာရေးသူမှာ ထူးခြားမိန်းမ များကို မြင်မြင်ချင်း မြင်တတ်သည်။ သဘောကျတတ်သည်။ စာရေးသူ မုံရွာမှ မန္တလေး အ. ထ. က (၁) ဆေးအကြိုသင်တန်းသို့ လာတက်ရာ နွဲ့နွဲ့သန်းဟူသော ကသာမှလာသည့် အတန်းဖော်တစ်ယောက်မှာ

သွက်လက်ချက်ချာသည်။ လှပသည်။ မြင်သူတိုင်းက သဘောကျကြသည်။ သူမအား ဝိုင်းချစ်ကြသော ကျောင်းသားတွေ တစ်ပုံကြီးရှိခဲ့သည်။ စာရေးသူမှာမူ သူမအား ထူးခြားသည်ဟု အမှတ်ထင်ထင် (Impress) ဖြစ်ရသည်မှအပ မချစ်ကြိုက်၊ မစွဲလမ်းခဲ့ပါ။ တလောက သူငယ်ချင်း **သောင်းဝင်းဖေက** သူက သူမကို ကြိုက်ခဲ့ကြောင်း **ဝန်ခံဖူးသည်။ သို့သော် သူနှင့်သာမက** မည်သည့်အတန်းဖော်နှင့်မျှ **မရခဲ့ပါ။** ထို့အတူ စာရေးသူတို့ထက် တစ်တန်းကြီးသော ကျောင်းသူတစ်ဦးမှာလည်း မြင်လိုက်လျှင် သူမမှာ တည်ငြိမ်အေးချမ်းသော၊ မေတ္တာအပြည့်ရှိသော မျက်နှာနှင့် မျက်လုံးများရှိကြောင်း သိကြသည်။ လူပျိုဆရာများနှင့် ကျောင်းသားများက ဝိုင်းချစ်ကြသည်။ "အလှဘုရင်ခင်မြရင်" ဟု မကြားတကြားပြောကြသည်။ သို့သော် သူမသည် မည်သူနှင့်မျှ မရ။ သူမ ဆရာဝန်ဖြစ်ပြီး ကြာမှ လုပ်ဖော်ကိုင်ဖက် မော်လမြိုင်မှ တရုတ်ဆရာဝန်တစ်ဦးနှင့် ရသွားသည်။ ဖူးစာကံဟု ဆိုပါစို့။

## ဖူးစာကံလည်း အရေးပါ

စာရေးသူနှင့် ဆုံစည်းရသော မိန်းမများမှာ တွေ့တွေ့ချင်းပင် ထူးခြားသောရုပ်ရည် (သို့မဟုတ်) အမူအရာ (သို့မဟုတ်) အရည်အချင်း တစ်ခုခုရှိကြောင်း စာရေးသူမှာ အလိုလိုသိသည်။ ဤတွင် ကြိုက်နှစ်သက်သွားသည်။ သူတို့နှင့် မိတ်ဆွေ အနည်းဆုံးဖြစ်သည်။ ရမရကတော့ ဖူးစာကံဟု ဆိုရမည်။ ယခု စာရေးသူ၏ဇနီးဆိုလျှင် စတွေ့တွေ့ချင်း စာပေဟောပြောပွဲတစ်ခုမှာ အကျီအဝါ၊ လုံချည်အဝါကိုဝတ်၍ အသားဝါဝါနှင့် စာရေးသူ၏ ရှေ့တည့်တည့်ကထိုင်၊ နားထောင်၊ လက်ခုပ်တီး၊ ပြုံးရယ်နေသည်ကို ယနေ့တိုင် မှတ်မိနေသည်။ ရှမ်းလူမျိုးဖြစ်၍ အသားဝါသည်။ ရိုးသားသည်။ ဆရာကိုရိုသေသည်။ "လင်ကို ဘုရား၊ သားကို သခင်" အစဉ်ရှိကျိုးသည်။ ဤအချက်များသည် အိမ်ထောင်မှုကို သာယာတင့်တယ်စေသော အကြောင်းများဖြစ်သည်။

# အခန်း (၃)

# အချစ်စစ် အချစ်မှန် ကာမဆန္ဒနှင့် ဇိမသဘာဝ

## ချစ်ခြင်း၏အကြောင်းရင်း

အချစ်ဟူသည်မှာ လူတစ်ယောက်က အခြားသူတစ်ယောက် အပေါ်မှာ နှစ်လိုသောသဘောဖြင့် တွယ်တာမှု၊ မြတ်နိုးမှုပင်ဖြစ်သည်။ ထိုအချစ်ခံရသူ ပျော်ရွှင်ကျေနပ်မှုအတွက် ဘာမဆို လုပ်ပေးချင်သည့် စေတနာလည်းပါသည်။ ယောကျ်ားနှင့် မိန်းမဆိုပါက နှစ်ဦး နီးစပ်လို၊ ရင်းနှီးလိုသည်။ တတ်နိုင်လျှင် လင်မယားအဖြစ် ဆက်ဆံလိုသည်။

အဘယ့်ကြောင့်နည်း။

အကြောင်းမှာ မိမိကိုယ်ကို ချစ်သောကြောင့်၊ မိမိ၏ မျိုးရိုး (ဝါ) မျိုးစိတ် (Species) ကို ဤကမ္ဘာပေါ်တွင် ဆက်လက်တည်တံ့ စေလိုသောကြောင့်ဖြစ်သည်။ မျိုးဆက်ပြန့်ပွားလိုသောကြောင့် ဖြစ်သည်။

လူတိုင်း မိမိကိုယ်ကို အချစ်ဆုံးဆိုသည်ကို သိကြသည်။ အပေါ်ယံအားဖြင့် "နင့်ကို ငါ အချစ်ဆုံး" ဟု သမီးရည်းစား၊ ချစ်သူ ခင်သူ၊ အိမ်သူသက်ထား၊ သားမယားကို ပြောကြားကြသော်လည်း တကယ်က ကိုယ့်ကိုယ်ကို (ငါ့ကို) အချစ်ဆုံးဖြစ်သည်။ "ငါ့နောက်"မှ

ယင်းတို့ကိုချစ်သည်။ မြတ်စွာဘုရားကိုယ်တော်တိုင်က သတ္တဝါတို့သည် မိမိကိုယ်ကိုအချစ်ဆုံးဟု ဟောကြားခဲ့သည် မဟုတ်ပါလော။ သတ္တဗေဒအားဖြင့်လည်း သတ္တဝါများသည် မိမိကိုယ်တိုင် အသက်ရှင်နေနိုင်ဖို့ အမြဲလုပ်ဆောင်နေကြရသည်။ အသက်ရှင်ရန် အသင့်တော်ဆုံးဖြစ်အောင် (Survival Of The Fittest) လုပ်နေကြရသည်။

## မိမိမျိုးရိုးမျိုးစိတ် အသက်ရှင်သန်ရေး

သတ္တဗေဒဆရာကြီး ချားလ်စ်ဒါဝင် (Charles Darwin) က သတ္တဝါတို့ အသက်ရှင်ရေး၊ ယင်းသတ္တဝါတစ်ခုစီ၏ မျိုးဆက်ရှင်သန်ရေး (ဝါ) မျိုးစိတ်ပြန့်ပွားရေးအတွက် ဤသို့ ပြောကြားခဲ့သည်။

ကမ္ဘာကြီးသည် စတင်ဖြစ်ပေါ်စမှ ယနေ့ထိ ပြောင်းလဲနေသည်။ ထိုပြောင်းလဲမှုကိုလိုက်၍ သတ္တဝါတို့သည် မျိုးစိတ်တည်တံ့ရန် ပြောင်းလဲနေသည်။ ဤပြောင်းလဲမှု၌ အဓိကမှာ ပတ်ဝန်းကျင်ပြောင်းလဲမှုတိုင်းတွင် သတ္တဝါက အသက်ရှင်နေနိုင်အောင် မိမိကိုယ်ကိုလိုက်၍ ပြောင်းလဲခြင်းဖြစ်သည်။ ဤသို့ ပြောင်းလဲရာ၌ သတ္တဝါ၏ ပုံသဏ္ဌာန်၊ ခန္ဓာဗေဒ၊ ခန္ဓာကိုယ်အစိတ်အပိုင်းများ၏လုပ်ငန်း သင့်တော်အောင် ပြောင်းလဲရသည်။ ဤသို့ ပတ်ဝန်းကျင်နှင့် အသင့်တော်ဆုံး ပြောင်းလဲနိုင်သော သတ္တဝါမှ မျိုးရိုး (ဝါ) မျိုးစိတ်ဆက်တည်တံ့နိုင်သည်။ ဤသည်ကို သတ္တဝါ၏မျိုးရိုးဗီဇ (Genes) များက ပြုလုပ်ပေးသည်ဟူလို။

စင်စစ် "အတော်ဆုံးသာ ရှင်သန်နိုင်သည် (Survival Of The Fittest)" ဆိုသော စကားကို ဒါဝင်က သုံးခဲ့သည်မဟုတ်ပါ။ ဒါဝင်၏ "တရွေ့ရွေ့ဖြစ်ပေါ်မှုသီအိုရီ သဘောတရား (Evolution-ary Theory)" ကို ဖတ်ပြီး သဘောကျသဖြင့် အဓိပ္ပာယ်ပေါက်ကာ ဟားဘတ်စပင်ဆာ (Herbert Spencer) က ပြောခဲ့ခြင်းဖြစ်သည်။ ဟားဘတ်စပင်ဆာမှာ စီးပွားရေးပညာရှင်ဖြစ်၍ သူ၏ စီးပွားရေးသီအိုရီမှ ထိုစကားလုံးကို ဒါဝင်၏ သတ္တဗေဒသီအိုရီအတွက် သုံးခဲ့ခြင်းဖြစ်သည်။

## အသင့်တော်ဆုံး အသက်ရှင်

ဤသို့ ပြောင်းလဲနေသော ကမ္ဘာကြီးနဲ့ ယင်းပြောင်းလဲမှုနှင့် လိုက်ကာ သတ္တဝါတို့သည် အသက်ရှင်အောင် ကြံဆောင်ပြုပြင်နေကြရ၏။ ထိုပြောင်းလဲမှုနှင့် အသင့်တော်ဆုံး ပြောင်းလဲနိုင်သည့် သတ္တဝါမှ ရှင်၏။ မျိုးဆက်ပြန့်နိုင်၏။ ကျန်သတ္တဝါများသည် သေသွား၊ မြုပ်သွား၊ ပျက်ပြုန်းသွားကြသည်။ သို့ဖြင့် ယခုအခါ ဤကမ္ဘာပေါ်၌ အသင့်တော်ဆုံးသတ္တဝါ (Most Suitable) သာ ကျန်တော့သည်။ (အကောင်းဆုံးသတ္တဝါဟု မဆိုလိုပါ။) ဤသည်ကို သဘာဝက ရွေးချယ်မှု (Natural Selection) ဟု ခေါ်သည်။ ဤသို့ဖြစ်အောင် မည်သည့်အရာက ပြုလုပ်ပေးသနည်း။ ဆက်အသက်ရှင်နေသော သတ္တဝါ၏ ဗီဇမျိုးစေ့ (Hereditary Genes) များက ပြုလုပ်ပေးသည်။ မည်သို့ ပြုလုပ်ပေးပါသနည်း။ ဗီဇမျိုးစေ့ ပြောင်းပြန်လှန်ပြောင်းလဲခြင်း (ဝါ) ရုတ်တရက် အပြင်းအထန်ပြောင်းလဲခြင်း (Mutation) ကြောင့် ဖြစ်သည်။ ဤသည်ကို ယခုအခါ ဒီအင်အေ (DNA) ဤအကြောင်းကို အသေးစိတ်သိခြင်းဖြင့် ရှင်းပြနိုင်သည်။

ယောက်ျားနှင့်မိန်းမ ချစ်ကြ၊ အိမ်ထောင်ပြုကြ၊ လိင်ဆက်ဆံကြ၊ ကလေးရကြသည်မှာ ဤဒီအင်အေ (DNA) ကြောင့်ဖြစ်၏။ ယင်း ဒီအင်အေ ဆက်လက်ရှင်သန်ရန်ဖြစ်၏။ မျိုးစိတ်ပြန့်ရန် ဖြစ်သည်။

## သူရဲကောင်းများ

တကယ်တော့ လူတစ်ယောက်သည် အခြားသူတစ်ယောက်ကို သာမက သူ၏ တိုင်း၊ သူ၏ လူမျိုး၊ သူ၏ ယုံကြည်ကိုးကွယ်ရာ ဘာသာ အယူဝါဒကိုလည်း ချစ်မြတ်နိုးနိုင်သည်။ လူမျိုးနှင့် တိုင်းပြည်အတွက် အသက်ပေးသွားသောသူများမှာ ကမ္ဘာ့သမိုင်းတွင် အပုံ။ ဥပမာ - ကာသေ့တိုင်းပြည်မှ ရောမတို့ကို တွန်းလှန်ခဲ့သည့် စစ်သူကြီး ဟန်ရီဘောလ်၊ ပြင်သစ်နိုင်ငံမှ ဂျုန်း၊ ဖိလစ်ပိုင်နိုင်ငံမှ ဂျိုဆေရီဇော်လ်၊ မြန်မာနိုင်ငံမှ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ဗထူး။

သို့ဖြစ်၍ အချစ်ဆိုတိုင်း ယောကျ်ားက မိန်းမကို ချစ်သည့် ကာမဂုဏ်အချစ်ကိုသာ ပြော၍ မရပေ။ စိတ်ပညာရှင်၊ ဆေးပညာရှင်တို့၏ အဆိုအရ အချစ်မှာ (၇)မျိုးရှိသည်။ အားလုံး တကယ်ဟုတ်ပါက အချစ်စစ် အချစ်မှန်။ အတုအယောင်၊ ဟန်ဆောင်အမူပြုက အချစ်တု အချစ်ယောင်သာ။ နိုင်ငံကို ချစ်ဟန်ပြသော နိုင်ငံရေးသမား အတု အယောင်မျိုး။

## အချစ်စစ်(၇)မျိုး

အချစ်စစ် အချစ်မှန် (၇)မျိုးမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) စိတ်ကူးယဉ် ဖိုမသဘာဝအချစ် (Romantic Love)
(၂) လက်တွေ့သဘာဝအချစ် (Praematic Love)
(၃) မြင့်မြတ်သောအချစ် (AltruisticLove)
(၄) စွဲလမ်းမှုအချစ် (Obsessive Love)
(၅) ညီအစ်ကို ညီအစ်မအချစ် (Brotherly Love)
(၆) လူလူချင်းအချစ် (Common Love) (Humanistic)
(၇) မိသားစုအချစ် (Familial Love)

(၁) ဤ၌ **စိတ်ကူးယဉ် ဖိုမအချစ်**ဆိုသည်မှာ ဆန့်ကျင်ဘက်လိင်ကို ချစ်ခင်တပ်မက်ခြင်းဖြစ်သည်။ လိင်ဘက်ဆိုင်ရာအချစ် (Sexual Love) ဟု ခေါ်နိုင်သည်။ မြန်မာတို့က ၁၅၀၀ အချစ်ဟုခေါ်သည်။ အရွယ်ရောက်သူ ယောကျ်ား၊ မိန်းမတိုင်း ခံစားနိုင်သည်။ နားလည်သည်။

(၂) **လက်တွေ့သဘာဝအချစ်**ဆိုသည်မှာ မိမိ၏တိုင်းပြည်၊ လူမျိုး၊ လုပ်ငန်း၊ ဝါသနာ၊ အကြိုက်တို့ကို ချစ်ခြင်းဖြစ်သည်။ လိင်နှင့် မဆိုင်သော ချစ်ခင်တွယ်တာမှုပင်ဖြစ်၏။ ဝါသနာကိုယ်စီ လူတိုင်းမှာ ရှိကြသည်။ ဝါသနာဘာဂီ ဆက်တိုင်းမီ။

(၃) **မြင့်မြတ်သောအချစ်**သည် မိမိ၏အသက်၊ ဘဝကိုကျော်၍ ဘာသာကိုချစ်သော အချစ်၊ အကြောင်းတရားတစ်ခုကို ချစ်သော အချစ်ဖြစ်သည်။ ကရုဆိတ်စစ်ပွဲ ဆင်နွှဲသူများ၊

နိုင်ငံရေး ယုံကြည်ချက်တစ်ခုအတွက် အသက်ကို စွန့်လွှတ်တိုက်ပွဲဝင်သည့်သူများ၏ အချစ်မျိုးဖြစ်သည်။ မျိုးချစ်ပုဂ္ဂိုလ်အားလုံး၊ ဆိုရှယ်လစ်၊ ကွန်မြူနစ်အားလုံး ပါဝင်သည်။

(၄) **စွဲလမ်းသောအချစ်**ဆိုသည်မှာ တစ်ခုခု၊ တစ်ဦးဦးကို စိတ်က အမြဲစွဲလမ်းနေ၍ ရယူလိုသောစိတ်ဖြစ်သည်။ မရ၊ ဆန္ဒမပြည့်ဝ၍ အမြဲဖြစ်နေခြင်းဖြစ်သည်။ ကွဲသွားသောရည်းစား မရလိုက်သော ချစ်သူကို စွဲလမ်းမှု၊ မနာလိုမှုပင်ဖြစ်သည်။ သက်မဲ့ပစ္စည်းတစ်ခုခု၊ ဘွဲ့ပညာတစ်ခုခုကို စွဲလမ်းနေမှုလည်း ပါဝင်သည်။ စာရေးသူ၏ လူနာတစ်ဦးမှာ ဆယ်တန်းတုန်းက ဘာသာ (၆)ခုတွင် (၅)ဘာသာ ဂုဏ်ထူးထွက်လျက် နိုင်ငံခြားသား ဖြစ်နေ၍ ဆေးကျောင်းဝင်ခွင့်မရ။ ရိုးရိုးသိပ္ပံတွဲသာရ၍ အသက် (၃၀)တွင် ချမ်းသာသူတစ်ဦးဖြစ်နေသည်။ သို့သော် ယခုတိုင် ဆရာဝန်ဖြစ်လိုတုန်း၊ ဆေးကျောင်းနှင့်ပတ်သက်၍ အခဲမကြေ၊ စွဲလမ်းတုန်း။ ဤသည်ကို စွဲလမ်းသောအချစ်ဟုခေါ်သည်။

(၅) **ညီအစ်ကို ညီအစ်မအချစ်**သည် ဘဝတူများအချစ်ဖြစ်၏။ ကျောင်းသားချင်း ချစ်ကြသည်။ ကျောင်းသူချင်း ချစ်ကြသည်။ ရဲဘော်ရဲဘက် ချစ်ကြသည်။ နိုင်ငံတကာမှာလည်း ဘက်မလိုက်နိုင်ငံချင်း ချစ်သည်။ အရင်းရှင်နိုင်ငံချင်း ချစ်သည်။ ဆိုရှယ်လစ်နိုင်ငံချင်း ချစ်သည်။ **ညီအစ်ကိုချင်း**ချစ်မေတ္တာ (Fraternal Love) ဟု ခေါ်ကြသည်။

(၆) **လူလူချင်းအချစ်**ကို ယခုအခါ လူသားချင်း စာနာမှု၊ လူသားဝါ (Humanism) ဟု ခေါ်သည်။ လူတိုင်းမှာ ရှိသင့်သည်။ ရှိကြပါသည်။ သို့ဖြင့် ဒုက္ခရာရသူကို ကူညီကြ၊ ဆင်းရဲသူကို ထောက်ပံ့ကြ၊ မတရားခံနေရသူဘက်မှ ရပ်တည်ကြ။ လူသားဝါဒ၊ လူ့အခွင့်အရေး စသည်တို့သည် လူလူချင်း ချစ်ရာမှ အခြေခံသည်။ ဘာသာရေးခေါင်းဆောင်တိုင်းပင် လူသားချင်း ချစ်သူများ ဖြစ်သည်။ ဂေါတမဗုဒ္ဓ၊ သခင်ယေရှုနှင့်

တမန်တော်မိုဟာမက်တို့သည် လူသားတို့ ချမ်းသာရေး၊ ဒုက္ခမှ လွတ်မြောက်ရေးအတွက် လုပ်ဆောင်ခဲ့ကြသည်။

(၇) **မိသားစုအချစ်**မှာ အထူးပြောစရာမလို။ မိမိ၏ ဘိုးဘွား ဘီဘင်တို့ ချစ်ကြသည်။ မိမိ၏ သား မြေး မြစ်တို့ကို ချစ်ကြသည်။ သို့ဖြင့် မျိုးရိုးတွေရှည်၊ မျိုးဆက်တွေ ဖြစ်လာကြသည်။

## ဝမ်းနည်းဖွယ်ရာဥပမာ

ဤ၌ လူတစ်ယောက်သည် အထက်ပါ အချစ် (၇)မျိုးကို အားလုံး ခံစားနိုင်သလို တစ်မျိုး၊ နှစ်မျိုးကိုသာ ခံစားနိုင်သောသူများ ရှိသည်။ တိုင်းပြည်ကိုမချစ်သော၊ လူသားချင်း မစာနာသော ပုဂ္ဂိုလ်များစွာရှိသည်။ မိမိ၏ကောင်းကျိုးအတွက် (ဝါ) မိမိနှင့် မိမိသားမယား ငွေကြေးချမ်းသာရန်အတွက် တိုင်းပြည်အပေါ် သစ္စာဖောက်သော၊ တိုင်းပြည်ကို ဖျက်ဆီးသော၊ ရန်သူနှင့်သွားပေါင်းသောသူများ အပုံ။ ဗိုလ်ချုပ်အောင်ဆန်းကိုသတ်သော ဦးစောလို ပုဂ္ဂိုလ်မျိုးကို မည်သို့ ပြောမည်နည်း။ လူသားအားလုံး မူးယစ်ဆေးစွဲ၍ ကိုယ်ခံစွမ်းအားလျော့ ရောဂါ (AIDS) ရအောင် ဘိန်းချက်၊ ဟဲရိုးယင်း (Heroin) ရောင်းသောသူများကို မည်သို့ ပြောရပါမည်နည်း။

## အရေးကြီးသောကာမဂုဏ်အချစ်

ဤတွင် လူတိုင်းလို မရှောင်ကွင်းနိုင်သည့် အချစ်မှာ စိတ်ကူးယဉ် ကာမဂုဏ်အချစ် (Romantic OR Sexual Love) ဖြစ်သည်။ ဤသည်မှာ အရွယ်ရောက်သူတိုင်း ခံစားနိုင်ကြသည်။ ဖြစ်ကြသည်။ ချားလ်စ်ဒါဝင်၏ "အတော်ဆုံးသတ္တဝါသာ ဆက်လက် ရှင်သန်သည်" ဟူသည့် အဆိုအမိန့်၏ အရင်းခံဖြစ်သည်။ သဘာဝ ကြောင့် ဖြစ်ရသည်။ သတ္တဝါ၏ ခန္ဓာဗေဒ၊ ဦးနှောက်နှင့် လိင်အင်္ဂါ များကြောင့် ဖြစ်ရသည်။ မည်သူမျှ မလွန်ဆန်နိုင်။ တဏှာပေမ ကာမ ဆန္ဒကြောင့် ဖြစ်ရသည်။ ဂေါတမမြတ်စွာဘုရားက ဘုရားဖြစ်သော အခါ "ဟယ် . . . တဏှာလက်သမား၊ သင်၏လက်ချက်ကို ငါသိပြီ။

သင့်ကြောင့် သတ္တဝါတို့ သံသရာက မလွတ်နိုင်ကြ။ ငါကား လွတ်ပြီ" ဟု ကျူးရင့်ခဲ့သည်။ အခါတစ်ပါး ညီတော် အာနန္ဒာအား "အာနန္ဒာ ကာမဆက်ဆံမှုလောက် အရသာရှိသည့် အခြားဆွဲဆောင်မှု တစ်ခုခု ရှိခဲ့သေးသော် ငါပင်လျှင် ဘုရားမဖြစ်နိုင်" ဟု ပြောခဲ့သည်။ ဆိုလိုသည်မှာ ကာမဆက်ဆံမှုသည် လူ့ဘဝတွင် အဆွဲဆောင်နိုင်ဆုံး၊ လူတွေ အတပ်မက်ဆုံးကိစ္စ၊ မရှောင်လွှဲနိုင်သော လူ့မှုကိစ္စဖြစ်သည်ဟူလို။

ယင်းသို့ ဘာ့ကြောင့် ဖြစ်ရပါသနည်း။

## အရေးကြီးသောလိင်စိတ်

အဖြေမှာ သတ္တဝါကို မျိုးပြန့်ရေး ဆောင်ရွက်ရန် သဘာဝက ပြုလုပ်ပေးသည်ဟူလို။ ဆိုလိုသည်မှာ ဖိုမကွဲပြားသော သတ္တဝါများ၌ မွေးကတည်းက တံဆိပ်ခပ်နှိပ်ပေးလိုက်သော စက်ခလုတ်ဖြစ်သည်။ အရွယ်ရောက်သောအခါကျမှ စက်ခလုတ်က အလုပ်လုပ်၍ အသက်ဝင်သည်။ အသက်ဝင်သည်နှင့် ထိုဖိုမစက်ခလုတ် (ဝါ) လိင်လှုံ့ဆော်မှုခလုတ် (Libido) သည် အစွမ်းပြတော့သည်။ ဆန့်ကျင်ဘက် အရွယ်ရောက်ပြီးသူတစ်ဦးကို မြင်လျှင် စိတ်ထဲက မရိုးမရွ ဖြစ်လာသည်။ ရင်ထဲက တုန်လာသည်။ မျက်လုံးက ကျယ်လာသည်။ ယင်းဆန့်ကျင်ဘက်လိင်နှင့် သိကျွမ်းလိုသည်။ ရင်းနှီးလိုသည်။ ဤလိင်စိတ် (Libido) သည် သဘာဝအရ ဖြစ်ပေါ်လာခြင်း ဖြစ်သည်။

ဤလိင်စိတ် (ဝါ) ဆန့်ကျင်ဘက်လိင်ကို တပ်မက်စိတ်သည် သတ္တဝါဖြစ်ကတည်းက ပါလာခြင်းဖြစ်၍ မျိုးရိုးဗီဇအရ သူ့အသက် အရွယ်အလိုက် ပေါ်လာသည်။ သို့သော် ပတ်ဝန်းကျင်၊ ယဉ်ကျေးမှုအရ၊ ဘာသာတရားအရ ပေါ်သည့်အချိန်မှာ ကွဲပြားနိုင်သည်။ ခေတ်သစ် အနောက်နိုင်ငံများ၌ လူပျို၊ အပျိုဖြစ်စ (၁၃)နှစ်၊ (၁၄)နှစ်ကပင် ပေါ်လာ၊ အစွမ်းပြလာသည်။ ရှေးဟောင်းရိုးရာလိုက်စားသော၊ ဘာသာတရားလေးစားသော နိုင်ငံများ၌ နောက်ကျမှ (၁၅)နှစ်၊ (၁၆)နှစ်မှ ပေါ်လာ၏။ တောရွာများ၌ ပိုနောက်ကျသည်။

## ဗိုမသဘာဝပြောင်းလဲမှုများ

ဤလိင်စိတ်ပေါ်လာပြီးမှ အခြားလိင်ဟိုမုန်း (ဝါ) ဟော်မုန်း (Sex Hormones) များ ထွက်ကြသည်။ ယောက်ျားကလေးတွေမှာ တက်စတိုစတီရုန်း (Testosterone)၊ မိန်းကလေးတွေမှာ အီစထရိုဂျင် (Oestrogen) ထွက်သည်။ သို့ဖြင့် ယောက်ျားကလေးက အမွေးအမင် ထူလာသည်။ ရင်ဘတ်ကျယ်လာသည်။ လိင်တံကြီးလာ၍ တောင့်တင်းလာနိုင်သည်။ လိင်ဆက်ဆံရန် အသင့်ဖြစ်လာသည်။ အိပ်မက်မက်ပြီး သုက်လွှတ်သည်။ မိန်းကလေးက တင်ကားလာသည်။ ရင်ထွားလာသည်။ ယောနိက ကြီးလာ၊ ထူလာ၍ လိင်တံကို လက်ခံရန် အသင့်ဖြစ်လာသည်။ သားအိမ်က ကြီးလာ၊ အမြှေးထူလာ၍ ရာသီစဆင်းသည်။ နောက် မမျိုးဥကြွေသည် (Ovulation)။ လိင်ဆက်ဆံမှုပြုလျှင် သန္ဓေတည်နိုင်သည်။ ကလေးရနိုင်သည်။ လိင်ဆက်ဆံမှု (ဝါ) ကာမစပ်ယှက်မှု (Sexual Intercourse) သည် လိင်စိတ် (Libido)၏ အလုပ်၊ တာဝန် မဟုတ်။ သီးခြားဖြစ်သည်။

ဤသည်မှာ လိင်စိတ်ကို ဆစ်ဂမန်ဖရွိုက် (Sigmund Freud) ၏ သဘောအရ ရှင်းပြခြင်းဖြစ်သည်။

ကားလ်ဂျွန် (Carl June) ကမူ လိင်စိတ်သည် လိင်ဆက်ဆံမှုကို ဖြစ်အောင် စေ့ဆော်ခြင်းအပြင် သတ္တဝါ၏ ကြီးပွားတိုးတက်ရေး၊ အင်အားရှိရေး ဆောင်ရွက်ချက်အားလုံး (Developmental Energies) နှင့် သက်ဆိုင်သည်ဟု ပြောသည်။ လူတစ်လုံးသူတစ်လုံးဖြစ်အောင် ဆောင်ရွက်ပေးသော မူလဆန္ဒ၊ အာရုံ (Individuation Instinct) ဟု အမည်တပ်ဖွင့်ဆိုပါသည်။

## လိင်စိတ်ကိုထိန်းသော ဦးနှောက်နေရာများ

ကျန်းမာသော ပုံမှန်လူတိုင်းမှာ ဤလိင်စိတ်ရှိသည်။ ယောက်ျားမှာ မိန်းမထက်ပိုသိသာ၏။ ဤလိင်စိတ်၏ တည်နေရာသည် ဦးနှောက်ရှိ လူ့သဘာဝထိန်း ဦးနှောက် (Limbic Cortex) မှာ

တည်ရှိသည်။ ယင်းကမှ ဟိုင်ပိုသားလမတ်စ် (Hypothalamus) ကို လှုံ့ဆော်ခြင်းဖြင့် ဖိုမဟော်မုန်းများ ထွက်စေကာ ယောကျ်ား မိန်းမ သဘာဝကို ဖြစ်ပေါ်စေသည်။ ဤစိတ်ရှိမှ လိင်ဆက်ဆံ၍ရသည်။ ဤစိတ်မရှိလျှင် လိင်ဆက်ဆံမှု မရှိနိုင်။ ယောကျ်ားများမှာဆိုက ပန်းသေစေသည်။ မိန်းမများမှာဆိုက လိင် အေးစက်စက်မိန်းမများ (Frigid Women) ဖြစ်ကုန်တော့သည်။

## ကာမဆန္ဒနည်းစေသော အကြောင်းများ

လိင်စိတ်လျော့ပါးစေသော အကြောင်းများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) လူစည်ကားသောနေရာ
(၂) လင်းလွန်းသောနေရာ
(၃) ဆူညံသောနေရာ
(၄) မောပန်းနွမ်းနယ်ချိန်
(၅) အလုပ်များချိန်
(၆) စိတ်ဓာတ်ကျသည့်အခါ
(၇) စိတ်ညစ်သည့်အခါ
(၈) ခန္ဓာကိုယ် ချို့ယွင်းသည့်အခါ
(၉) လိင်အင်္ဂါများ ရောဂါရလျှင်
(၁၀) အခြားအကြောင်းများ ဥပမာ ယောကျ်ားများ သေရေးရှင်ရေး တိုက်ပွဲဝင်နေရလျှင်၊ မိန်းမများ ကလေးမွေး နို့တိုက်ချိန်။

အထက်ပါအချက်များကင်းက လူတိုင်းမှာ ပုံမှန်လိင်စိတ်ရှိနိုင်၏။ လိင်စိတ်လွန်ကဲက ရောဂါဖြစ်သည်။ Satyriasis ဟုခေါ်၏။

## လိင်ဆက်ဆံမှုအဆင့်များ

လိင်ဆက်ဆံမှုပြုခြင်းမှာ မြန်မာလို ကာမစပ်ယှက်မှု (ဝါ) သံဝါသပြုခြင်းဖြစ်သည်။ ရှေးကမူ သိပ္ပံနည်းကျ စူးစမ်းမှုမပါဘဲ ယောကျ်ားနှင့်မိန်းမ အတူတကွ စပ်ယှက်ပုံကိုကြည့်၍ မျက်မြင်

ကဲ့စွတွေသာ ရေးကြသည်။ သို့ဖြင့် ကာလိဒါသဖြတ်ထုံး၊ ကာလိဒါသ ဖိုမဆက်ဆံပုံ (၆၄)မျိုး (64 Kalidasa's Postures) စသည်ဖြင့် ပေါ်လာခြင်းဖြစ်သည်။ ဒုတိယကမ္ဘာစစ်အပြီး ကင်းဆေး၏ အစီရင်ခံစာ (Kinsey's Reports) မှ စကာ လူတွေ၏ ဖိုမသဘာဝကို အတိအကျ သိလာရသည်။ နောက်ပိုင်း မာစတာစ်နှင့် ဂျွန်ဆင် (Masters and Johnson) တို့၏ ဓာတ်ခွဲခန်းထဲ လေ့လာမှုအရ ပို၍ တိကျစွာ သိလာရသည်။ ရမ်း၍ရေးခြင်း၊ မှန်း၍ဖော်ပြခြင်း မဟုတ်တော့ပေ။ လူ့သဘာဝကို ပူးများ၊ ယုန်များ စမ်းသပ်၍ တွေ့သလို သိလာကြရပေသည်။

သိပ္ပံနည်းကျ လေ့လာသိရှိရသော လူတို့၏ ကာမစပ်ယှက်မှု (ဝါ) သံဝါသလုပ်ငန်း (ဝါ) လိင်ဆက်ဆံမှုအဆင့် အောက်ပါအတိုင်း ဖြစ်သည်။

(၁) **ဆန္ဒကျင်ဘက်လိင်နှင့် ဆက်ဆံလိုစိတ် ဖြစ်ပေါ်ခြင်း (Libido Phase)**

ဤအဆင့်၌ မိမိကြိုက်နှစ်သက်သော (ဝါ) ဆက်ဆံလိုသော ဆန္ဒကျင်ဘက်လိင် အများအားဖြင့် ယောကျ်ားက မိန်းမကို နှုးသည်။ ပိုးပန်းသည့်အဆင့်ဖြစ်သည်။ ဤအဆင့်မှ ဦးနှောက်တွင်းက ဖြစ်ပေါ်လာ၍ ယောကျ်ား မိန်းမ နှစ်ဦးလုံးတွင်ပင် တက်စတိုစတီရုန်း (Testosterone) ဟော်မုန်းကြောင့် ဖြစ်ရသည်။

(၂) **လိင်စိတ်ကြွလာသည့်အဆင့် (Excitement Phase)**

ဤအဆင့်တွင် ယောကျ်ား၏ လိင်တံမှာ တင်းလာ၊ တောင့်လာသည်။ ကျင်ချောင်းထိပ်မှာ အရည်စို့လာသည်။ မပွါယ်အိတ်မှာ တင်းလာ၏။ ပေါင်ခြံနှစ်ခုမှာ တပ်းလာ၍ တစ်ခုခုနှင့် ဖိကပ်လိုလာသည်။ ခါးကြွက်သားများလည်း တောင့်လာသည်။ မျက်စိ၊ နား၊ နှာခေါင်းနှင့် အထိအတွေ့ များသည် ဤအဆင့်ကို ပိုမြင့်စေသည်။ နှစ်ကိုယ်တူ ပျော်မွေ့၍ အတွေ့မှ သာယာကြသည်။

(၃) **လိင်ဆက်ဆံမှု မြင့်တက်အဆင့် (Plateau Phase)**

ဤအဆင့်၌ ယောကျ်ား၏ လိင်တံမှာ မိန်းမ၏ ယောနိထဲ ရောက်နေ၍ လိင်အင်္ဂါများ တောင့်တင်းသာယာနေချိန်ဖြစ်သည်။ ယောကျ်ားမှာ ကျင်ချောင်းဘေးရှိ ကောင်းပါးအကျိတ် (Cowper's Glands) များ အရည်ကြည်ထွက်ပေး၍ ကျင်ချောင်းဝမှာ စိုရွှဲနေသည်။ စိတ်ထိန်း၍ လိင်တံကို ယောနိမှ ထုတ်လျှင်ပင် အရည်ထဲမှာ သုက်ကောင် (Sperm) ပါနိုင်သဖြင့် ကိုယ်ဝန်ရနိုင်၏။ ယောကျ်ား၏ သုက်မလွှတ်မီအချိန်ဖြစ်သည်။

(၄) **ကာမဆန္ဒကျေနပ်မှုအထွတ်အထိပ်အဆင့် (Orgasmic Phase)**

ဤအဆင့်၌ ယောကျ်ားက သုက်လွှတ်၍ မိန်းမ၏ ယောနိနှင့် သားအိမ်တို့ကို ကျုံ့ခြင်းဖြင့် တုံ့ပြန်သည်။ သွေးခုန်နှုန်းမြန်၊ ကြွက်သားတုန်မှုများ ဖြစ်ပေါ်၍ ကာမအရသာအရှိဆုံးအချိန် ဖြစ်သည်။ လိင်ဆက်ဆံတိုင်း ယောကျ်ားမှာ သုက်လွှတ်ခြင်းဖြင့် ကျေနပ်မှုအထွတ်အထိပ် (Orgasm) ရ၏။ မိန်းမတိုင်း ရချင်မှရသည်။

(၅) **လိင်စိတ်ပြေလျော့ချိန် (Resolution Phase) အဆင့်**

နှလုံးခုန်နှုန်း၊ အသက်ရှူနှုန်း ပုံမှန်ပြန်ဖြစ်၊ တင်းကျပ်နေသော လိင်အင်္ဂါများ လျော့ပါးလာချိန်ဖြစ်သည်။ တစ်ဆက်တည်း အိပ်နိုင်သည်။

ဤသို့ သဘာဝအရ လိင်ဆက်ဆံမှုပြုရာတွင် အဆင့် (၅)ဆင့်ရှိသော်လည်း အခြေအနေအရ အဆင့်များမှ နည်းသွားနိုင်သည်။ နှစ်ဦးသဘောတူမဟုတ်ဘဲ အဓမ္မပြုကျင့်ပါက အဆင့် (၁)နှင့် (၂)သည်လည်းကောင်း၊ အဆင့် (၄)သည်လည်းကောင်း အထူးသဖြင့် မိန်းမမှာ မရှိနိုင်ပေ။ ပုံမှန်လင်မယားပင်လျှင် ဤအဆင့်အားလုံး နှစ်ဦးလုံးမှာ ရှိချင်မှ ရှိပေမည်။ များသောအားဖြင့် အရှေ့တိုင်းမှ မိန်းမများမှာ အဆင့် (၁) မှ အဆင့် (၃) အထိသာ သိကြ၊ ခံစားကြရပေသည်။

## သဘာဝနှင့် ပတ်ဝန်းကျင်

## (Nature and Nurture)

ဤလိင်စိတ်၊ လိင်ဆက်ဆံမှု၊ အချစ်မေတ္တာ စသည်တို့သည် သဘာဝက ချမှတ်ပေးလိုက်သော အချစ်လက္ခဏာများဖြစ်သည်။ လူတိုင်းမှာ ဤသို့ ဖြစ်နေသည်ကား မဟုတ်။ နိုင်ငံကိုလိုက်၍၊ တိုင်းပြည်ကိုလိုက်၍ ကွာခြားသည်။ ခေတ်ကိုလိုက်၍ ကွာခြားသည်။ (၁၉)ရာစုက လူများနှင့် ယခု (၂၁)ရာစုကလူများ ကွာခြားသည်။ ကြည့်ပါ။

ကုန်းဘောင် မန္တလေးခေတ်က မြန်မာလူမျိုးများသည် အိမ်ထောင်ရေးကို အချစ်အတွက်ထက် မျိုးဆက်ပြန့်ပွားရေးနှင့် နိုင်ငံစည်ပင်တည်တံ့ရေးအတွက်သာ ပြုလုပ်ခဲ့ကြသည်။ မိဘများက ရှာပေးစား၍ ယူကြရခြင်းဖြစ်ပြီး ယောကျ်ားလွှမ်းမိုးသောခေတ်ဖြစ်သည်။ ယောကျ်ားတစ်ယောက်မှာ မိန်းမ (မယား) များစွာယူနိုင်သည်။ လင်ရှိမယားမှာ အခြားယောကျ်ားနှင့် ဖောက်ပြားခွင့်မရှိ။ "ယောကျ်ားကောင်း မောင်းမတစ်ထောင်" ဟူ၍ပင် ဆိုရိုးရှိသည်။ မင်းတုန်းမင်းကြီး၌ မိဖုရား (၁၀၀)ကျော်ရှိသည်ဟုပင် ပြောကြသည်။ သီပေါမင်းကြွမှ စုဖုရားလတ်က ထက်၍ နှစ်ပါးနှင့် ကျေနပ်ရသည်။ တကယ်က စုဖုရားလတ်သည် ပွဲတက်မယား။

## ရှေးရိုးဗိတိုရိယခေတ်

အနောက်နိုင်ငံများ၌မူ ၁၈၀၀ ကျော်မှ ၁၉၁၀ ကျော်အထိ ကာလကို ဗိတိုရိယခေတ် (Victorian Age) ဟု ခေါ်သည်။ လိင်နှင့်ပတ်သက်၍ အရှက်ရှိသည်။ အထိန်းအကွပ်များသည်။ လိင်စကား၊ လိင်အင်္ဂါစကားကို လူထဲမှာ မပြောရ။ မိန်းမဆို ရင်သား၊ ခါး၊ ပေါင်တံတို့ကို ဖော်မပြရ။ ခြေကျင်းဝတ်အထိ အဝတ်ဖုံး၍ စကတ် ဂါဝန်ဝတ်ကြသည်။ ချစ်ကြောင်း၊ ကြိုက်ကြောင်း လူထဲမှာ မပြောရဲကြ။ လိင်ဆက်ဆံမှုကို ချောင်းကြည့်ရုံကလွဲ၍ မကြည့်ရ။ လူမြင်ကွင်းမှာ

ဖက်ရမ်းနမ်းရှုပ်မှု မပြုရ။ ယခု (၂၀)ရာစုအလွန် (၂၁)ရာစုနှင့်မူ ကွာဘိသည်။ ယခု မိန်းမများ တစ်ကိုယ်လုံးဖော်၍ ဝတ်နိုင်သည်။ ယောကျ်ားများနှင့်တန်းတူ ကလပ်သွား၊ က၊ အရက်သောက်နိုင်သည်။ အချစ်အကြောင်း၊ လိင်အကြောင်း လူထဲမှာ ပြောရုံမက၊ စာရေးနိုင်သည်။ ရုပ်ရှင်ကြည့်နိုင်သည်။ (၂၀)ရာစုနှစ်မှာ လိင်တော်လှန်ရေး (Sexual Revolution) ဖြစ်ခဲ့သည်ဟု ပြောကြသည်။ သို့ဖြစ်၍ လိင်ပညာ ပြန့်ပွားသည်။ လိင်ကြောင့်ဖြစ်သောရောဂါများလည်း အဖြစ်များသည်။ ဆစ်ဖလစ်၊ ဂနို၊ ရှန်ကရွိုက်၊ အိတ်ချ်အိုင်ဗွီ၊ အိတ်ဒ်စ် (HIV, AIDS) အစုံ။

လူတစ်ယောက်၏အသက်ရှင်မှုတွင် မျိုးရိုးဗီဇနှင့် ပတ်ဝန်းကျင်ဆတူ ဩဇာရှိရာမှ ယခု မျိုးရိုးဗီဇ (၄၀)ရာခိုင်နှုန်း၊ ပတ်ဝန်းကျင်က (၆၀)ရာခိုင်နှုန်း ဩဇာရှိလာပြီ။

## ပတ်ဝန်းကျင်၏ဩဇာ

စာရေးသူ ငယ်ငယ်တုန်းက ရုပ်ရှင်ပိုစတာများတွင် မင်းသားနှင့် မင်းသမီး တင်းတင်းကျပ်ကျပ်ဖက်၍ နှုတ်ခမ်းချင်းစုပ်နမ်းသည်ကို မြင်ရလျှင် ကြည့်ရသည်မှာ ရှက်သည်။ သို့သော် ကြည့်ချင်သည်။ မိမိကိုယ်တိုင် ချစ်သူကို နမ်းရမှာ ရွံ့နေသည်။ နောက် ဟောလီးဝုဒ်ရုပ်ရှင်များ ကြည့်ဖန်များလာသောအခါ ရိုးသွားသည်။ ရန်ကုန်ပတ်ဝန်းကျင်မှာ တက္ကသိုလ်အသိုင်းအဝိုင်း၊ ရုပ်ရှင်ရုံ၊ တိရစ္ဆာန်ရုံ၊ ပန်းခြံများ၌ ယောကျ်ား၊ မိန်းမ ပွေ့ဖက်ကြ၊ နမ်းကြသည်ကို မြင်ရသောအခါ နှလုံးမခုန်တော့။ မရှက်တတ်တော့။ မိမိကိုယ်တိုင်လည်း မိမိချစ်သူကို လူဆိတ်ကွယ်ရာမှာ နမ်းရဲလာသည်။ ၁၉၆၆ ခု အင်္ဂလန်ရောက်တော့ ယင်းမြင်ကွင်းများမှာ ရိုးသွားပါသည်။ လုံးဝ မရှက်၊ ရင်မခုန်တော့ပါ။

ဤတွင် လက်မထပ် လိင်ဆက်ဆံခြင်း၊ လိင်ဆက်ဆံက ကလေးရနိုင်ခြင်း၊ လက်မထပ်ပါက အဖေမပေါ်ဘဲ ကလေးရနိုင်ခြင်းတို့၏ အန္တရာယ်ကို သိဖို့လိုလာသည်။ ဤအတွက် ဆေးပညာ၊ လိင်ပညာပေးရမည်ကို သိလာပါသည်။ ပတ်ဝန်းကျင်ပြောင်းလာ၍ လူတွေ၏

အမူအကျင့် ပြောင်းလာသည်။ ထိုသို့ ပြောင်းလဲလာသည်ကိုလိုက်၍ မဖြစ်သင့်တာ မဖြစ်ရန် ကာကွယ်ကြရ၊ ပညာပေးရပါမည်။

## မိမသဘာဝ ဆေးပညာရေးသူများနှင့် ကျေးဇူး

၁၉၇၉ ခုက "ဇနီးမောင်နှံ ရာသက်ပန်" လိင်ပညာပေး စာအုပ်ကို ဒေါက်တာလှရွှေက ရေးထုတ်ခဲ့သည်။ ၁၉၇၀ ပြည့်မှာ စာရေးသူက "သိပ္ပံနည်းကျ အိမ်ထောင်သည်ဘဝ" ကို ရေးထုတ်ပေး ခဲ့သည်။ ယခုမူ ယင်းစာအုပ်များ မြန်မာနိုင်ငံ၌ ထွက်သင့်သလောက် ထွက်လာပါပြီ။ စာရေးသူအပြင် ဒေါက်တာနေဝင်း၊ ဒေါက်တာ အုံးကျော်၊ ဒေါက်တာအုံးမောင်၊ ဒေါက်တာအောင်ခင်ဆင့်၊ ဒေါက်တာ မြင့်မောင်မောင်၊ ဆရာဝန်တင်ရွှေတို့ကို ကျေးဇူးတင်ရပါမည်။

စာရေးသူ၏ တူမများ၊ သမီးများသည် ယင်းစာအုပ်များကို အပျိုဖော်ဝင်စ (၇)တန်းလောက်က စဖတ်ကြသည်။ သူတို့၏မိခင် ရေးသော မိန်းမသဘာဝစာအုပ်များကိုလည်း ဖတ်ကြသည်။ စာရေးသူ၏ တူတော်မောင် အသက် (၂၅)နှစ်၌ မင်္ဂလာဆောင်မည် ပြုသောအခါ ယင်းစာအုပ်များကို ပေးဖတ်ရသည်။ တူမောင်၏ဇနီး အင်ဂျင်နီယာမ စာအုပ်တွေ ကောင်းကြောင်း၊ ယခုမှ ယောကျ်ား မိန်းမ သဘာဝကို သိ၍ အိမ်ထောင်ရေးကို သဘောပေါက်ကြောင်း ဝန်ခံသည်။ ယခု သူတို့လက်ထပ်ပြီး အနှစ် (၂၀)ခန့်ရှိပြီ။ သမီးတစ်ဦး နှင့် အိမ်ထောင် တည်တံ့သာယာလျက်ပါ။ အမျိုးမတော်သော မိတ်ဆွေ မင်္ဂလာဆောင် မောင်မယ်များကိုလည်း လိင်ပညာပေးစာအုပ်များ လက်ဖွဲ့ပါသည်။ လက်ဆောင်ပေးပါသည်။ သူတို့တစ်တွေက ကျေးဇူး တင်ကြပါသည်။ ဆေးပညာနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှာ တစ်ခေတ် ဆန်းလေပြီ။

❀ ❀ ❀

## အခန်း (၄)

# အိမ်ထောင်ရှင်တို့၏ တာဝန်ဝတ္တရားများနှင့် အကျိုးကျေးဇူးများ

### လူ့ဘောင်အစုအဝေး၏အခြေခံမိသားစု

ကမ္ဘာပေါ်တွင် လူ့ယဉ်ကျေးမှုပေါ်သည်မှ ယနေ့ထိ တည်တံ့နေသော လူမှုအဆောက်အအုံတစ်ခုမှာ ယောကျာ်းနှင့်မိန်းမ၊ လင်နှင့်မယား အတူတည်ဆောက်ထားသော အိမ်ထောင်ပင်ဖြစ်သည်။ ယင်းအိမ်ထောင် (Family) သည် လူအစုအဝေး၊ ကျေးရွာ၊ မြို့၊ တိုင်း၊ ပြည်နယ်၊ နိုင်ငံနှင့် ပြည်ထောင်စုများ၏ အခြေခံပင်ဖြစ်သည်။ မူလအစက ယောကျာ်းနှင့်မိန်းမ ဖိုမသဘာဝအရ လိင်ဆက်ဆံမှုပြုရန် မိဘများက၊ ပတ်ဝန်းကျင်က၊ မိမိတို့နှင့် သဘောတူ တည်ဆောက်ပေးခဲ့ခြင်းဖြစ်သော်လည်း လူ့ယဉ်ကျေးမှု တိုးတက်လာသောအခါ လူမှုကိစ္စများကိုဆောင်ရွက်ရန် အခြေခံအုပ်စုကလေး (ဝါ) ယူနစ်ကလေး၊ အမြုတေကလေး ဖြစ်လာခဲ့တော့သည်။ သို့ဖြင့် ယင်းအိမ်ထောင်ကို တရားဝင်ဖြစ်ရန် လက်ထပ်ပေးကြရသည်။ တင့်တယ်အောင် နှစ်ဖက်မိဘနှင့်ဆွေမျိုးသားချင်းများက ရှိုင်းပင်းလုပ်ဆောင်ပေးကြသည်။ နိုင်ငံတော်အစိုးရနှင့် အုပ်ချုပ်သူများက တရားဝင် ဆောင်ရွက်ပေးကြ၊ ဥပဒေပြဋ္ဌာန်းပေးကြသည်။ ယင်းအိမ်ထောင် မပြိုကွဲရန်၊ ထိုအိမ်ထောင်မှ

ထွက်ပေါ်လာသော စီးပွားဥစ္စာ၊ ပိုင်ဆိုင်မှုနှင့် တိုးပွားလာသော ကလေးများကို ကြီးထွားလာအောင် ဆောင်ရွက်ပေးကြလေသည်။

ယင်းအိမ်ထောင်ပြိုကွဲပါကလည်း နှစ်ဦးနှစ်ဖက် ယောကျ်ားနှင့် မိန်းမ မနစ်နာရအောင်၊ တရားသဖြင့် ဖြစ်အောင် ဥပဒေစည်းကမ်းများ ထုတ်ပြန်ပေးထား၏။ သားသမီးများ မပျက်စီးရလေအောင် ပိုင်းဝန်းကြရ၏။ အရွယ်မရောက်သေးသောကလေးအတွက် ဘဝအာမခံချက်ရအောင် လုပ်ဆောင်ကြသည်။ ကွဲသွားသော လင်နှင့်မယားကိုမူ လွတ်လပ်စွာ မိမိတို့၏ဘဝကို ဆောင်ရွက်ခွင့်ပြုလေသည်။ အမိကမှာ ကွဲကွာပြီးဖြစ်သည့် လင်နှင့်မယားသည် တရားဝင် လင်နှင့်မယား မဟုတ်တော့ခြင်း၊ လိင်ဆက်ဆံမှု မပြုနိုင်တော့ခြင်းပင်ဖြစ်သည်။ သူတို့သည် လွတ်လပ်သွားကြပြီး တစ်ဦးက တစ်ဦးကို တာဝန်အရ ထိုသို့ဆက်ဆံရန် ခွင့်ပြုဖို့ မလိုအပ်တော့ချေ။ အတင်းအဓမ္မပြုပါက တရားဥပဒေက ကြည့်မနေ၊ အရေးယူ အပြစ်ပေးနိုင်ပေ၏။

## အိမ်ထောင်ကွဲခြင်း၏ဆိုးကျိုးများ

အိမ်ထောင်ရှင်ဘဝမှ ကွဲကွာသွားသော လင်နှင့် မယားမှာ အပျို လူပျိုဘဝတုန်းကလို လွတ်လပ်ပေါ့ရွှင်သွားခြင်းကား မရှိချေ။ သူတို့မှာ ဒဏ်ရာရှိသည်။ ခံစားမှုရှိသည်။ "တစ်ခါသေဖူး ပျဉ်ဖိုးနားလည်" ကြသည်။ နောက်ထပ် အိမ်ထောင်ပြုရန်မှာ ကြောက်ကြသည်။ ပြုလျှင်လည်း မဝံ့မရဲ။ ပြန်လည်ကွဲချင်လည်း ကွဲနိုင်သည်။ မြသည့် ဒုတိယအိမ်ထောင်ကတော့ များပါသည်။

အိမ်ထောင်ကွဲသူများမှာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ကြသည်။ ဗိုက်နာရောဂါ၊ ရင်ဘတ်နာရောဂါနှင့် စိတ်ရောဂါများ ရကြသည်။ အသက်တိုကြသည်။ လင်မယား ရှင်ကွဲမကွဲဘဲ တစ်ဦးဦးက အရင်သေလျှင်ပင် ကျန်ရစ်သူမှာ အခြားပုံမှန်အိမ်ထောင်ရှင်ထက် အသက်ချင်းတူလျက် ပို၍ မြန်မြန်သေတတ်သည်။ စာရေးသူ၏ဖခင်မှာ မိခင်သေပြီး နှစ်နှစ်အကြာမှာ သေဆုံးသွားပါသည်။

## အိမ်ထောင်ရှိက အသက်ရှည်

အိမ်ထောင်ပြုသူနှင့် မပြုသူတို့ကို ယှဉ်လိုက်သောအခါ၌လည်း အိမ်ထောင်ပြုသူက မပြုသူထက် ပိုပျော်ရွှင်ကြ၊ အသက်ရှည်ကြသည်။ အလုပ်ကို ပို၍လုပ်နိုင်သည်။ အနောက်နိုင်ငံများတွင် လေ့လာရာ၌ အိမ်ထောင်ရှင်ယောက်ျားတို့သည် လူပျိုကြီးများထက် သက်တမ်း ဆယ်နှစ် ပိုရှည်သည်။ အိမ်ထောင်ရှင်မိန်းမတို့သည် အပျိုကြီးများထက် လေးနှစ် ပိုသက်တမ်းရှည်သည်။

လုပ်ရည်ကိုင်ရည်၌လည်း အိမ်ထောင်ရှင်တို့က ပိုသာကြ၏။ ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်ဆန့်ကျင်ရေးလုပ်စတွင် ဗမာ့တပ်မတော်သားများအား လွတ်လပ်ရေးမရမီ အိမ်ထောင်မပြုရန် တားမြစ်ခဲ့သည်။ သို့သော် ဂျပန်ခေတ် ဆေးရုံကြီးဝယ် ဆေးရုံတက်ရင်း ဒေါ်ခင်ကြည်၏ အပြုအစုကို ခံရရာမှ သူသည် ဒေါ်ခင်ကြည်နှင့် ရည်ငံကာ လက်ထပ်ခဲ့သည်။ သို့သော် လူ၏လုပ်ရည်ကိုင်ရည်မှာ ကျမသွားခဲ့။ ထိုအခါမှ သူက သူ့ရဲဘော်များကို အိမ်ထောင်ပြုခွင့်ပေးတော့သည်။ သို့ဖြင့် သူနှင့် သူ့ရဲဘော်များ၏ လုပ်ဆောင်ချက်ကြောင့် မြန်မာ လွတ်လပ်ရေးရရှိသည် အထိ ဆောင်ရွက်နိုင်ခဲ့သည်။ သူသာလျှင် လွတ်လပ်ရေးမရမီ ၁၉၄၇ ခု၊ ဇူလိုင်လ (၁၉)ရက် သူများလုပ်ကြံ၍ ရေတိမ်နစ်ခဲ့ရသည်။

မြန်မာများအတွက်မူ "ဗောဓိကုက္ကို၊ ညောင်ထိုထို၊ လူပျိုဘုရား၊ မရှိငြား" ဟုပင် ဆိုရိုးရှိသည်။

## အိမ်ထောင်ပြုခြင်း၏ အကျိုးကျေးဇူးများ

အိမ်ထောင်ပြုလိုက်သဖြင့် ဘာအကျိုးများ ရပါသနည်း။

အိမ်ထောင်ရှင်ဖြစ်၍ ရသော အကျိုးကျေးဇူးများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) မိမိပိုင် သီးသန့် အိမ်ထောင်တည်ထောင်ဖြစ်သည်။

(၂) မိမိသည် ယင်းအိမ်ထောင်သစ်၏ ဦးဆောင် သို့မဟုတ် မယားဖြစ်ရသည်။

(၃) တရားဝင် အချိန်မရွေး လိင်ဆက်ဆံခွင့်ရသည်။
(၄) တရားဝင် မိမိသွေးသားများကို မွေးနိုင်သည်။
(၅) တရားဝင် ပစ္စည်းဥစ္စာ နာမည် ပိုင်ဆိုင်ခွင့်ရှိသည်။
(၆) အိမ်ထောင်သည်အဖြစ် လူမှုရေးတွင် ပါဝင်နိုင်သည်။
(၇) နိုင်ငံသားတိုင်းကိုပေးသော အခွင့်အရေးမှန်သမျှ ရရှိသည်။
(၈) တည်တံ့သော အလုပ်အကိုင် လုပ်ကိုင်ရသည်။
(၉) အစားအသောက် အအိပ်အနေ မှန်ကန်သည်။
(၁၀) လူ့အလယ်မှာ တင့်တယ်သောဂုဏ် ပိုင်သည်။

## သိင်္ဂါလောဝါဒသုတ်

သို့ဖြစ်၍ ဂေါတမဗုဒ္ဓက အိမ်ထောင်ရှင်တို့၏ တာဝန်ဝတ္တရား၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်များကို ဟောကြားခဲ့သည်။ သိင်္ဂါလောဝါဒသုတ်ဟု ခေါ်သည်။ ယင်းသုတ်သည် ဗုဒ္ဓဘာသာဝင်တို့အတွက်သာမက လူတိုင်း အတွက် လိုက်နာရန် လူမှုစည်းကမ်း၊ လူ့ကျင့်ဝတ်များပင် ဖြစ်တော့ သည်။ ယင်းအကြောင်းကို အောက်ပါအတိုင်း တင်ပြလိုပါသည်။

## မြတ်စွာဘုရားက ဟောကြားသည်မှာ

**အခါတစ်ပါး** မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်အနီး **ဝေဠုဝန်တော၌ သီတင်းသုံးနေတိုင်သောအခါ ယင်းရာဇဂြိုဟ်ပြည်၏ သူဌေးသားတစ်ဦးသည်** ဖခင်မှာကြားခဲ့သည့်အတိုင်း **ဆံပင်စိုရွှဲ၊ ကိုယ်စိုရွှဲနှင့် အရပ် (၆)မျက်နှာကို ရှိခိုးနေလေ၏။ သူဌေးသား၏ အမည်မှာ သိင်္ဂါလောဟု မည်၏။ ၎င်းသည် ဖခင်မသေမီက ဘာသာရေးကို မလိုက်စား၊** ဗုဒ္ဓတရားတော်ကို ဥပေက္ခာပြုခဲ့၏။ ဖခင် သေသောအခါမှ ဖခင်၏စကားကို အမှတ်ရကာ အရပ် (၆)မျက်နှာကို ရာဇဂြိုဟ်မြို့တော် (ပြည်)မှထွက် ရှိခိုးနေလေ၏။

ဤသည်ကို ဗုဒ္ဓမြတ်စွာက ထိုနေ့ အိပ်ရာကထ၍ ဖလသမာပတ် ဝင်စားစဉ်ကပင် မြင်ခဲ့၍ ၎င်းအား ချွတ်ရန်၊ ပညာပေးရန်

အတွက် ငှင်းရှိုးနေရာသို့ ဆွမ်းခံသွားစဉ် ဖြတ်သွားကာ ရပ်တန့်၍ ဤသို့ မေးလေ၏။

"ချစ်သား သိင်္ဂါလ၊ အဘယ်ကြောင့် အရပ် (၆)မျက်နှာကို စိုရွှဲသောဆံပင်၊ စိုရွှဲသောကိုယ်တို့ဖြင့် ရှိခိုးနေသနည်း။"

"မှန်ပါ့ဘုရား၊ ဖခင်ကြီး မသေမီက မိမိဘဝ တိုးတက်မြင့်မြတ်လိုလျှင် အရပ် (၆)မျက်နှာကို မိမိကိုယ်ကို နှိမ့်ချ၍ အရိုအသေပြုရမည် ဆိုသဖြင့် ယခု ထိုသို့ ရှိခိုးနေခြင်းဖြစ်ပါသည်ဘုရား" ဟု သိင်္ဂါလောသတို့သားသည် ပြောကြားလေ၏။ ထိုအခါ မြတ်စွာဘုရားက . . .

"ချစ်သား သိင်္ဂါလ၊ မြင့်မြတ်သောပုဂ္ဂိုလ် (အရိယာ)တို့၏ အရပ် (၆)မျက်နှာရှိခိုးခြင်းဆိုသည်မှာ ဤသို့မဟုတ်တုံ။ မည်သူမဆို ကြီးပွားတိုးတက်လိုက အောက်ပါအချက်များကို လိုက်နာ၍ ရှိခိုးကြရမည်။ ထိုအခါ ထိုသူကို လူတို့က လိုလား၍ ယခုဘဝတွင်လည်း အောင်မြင်သည်။ နောင်ဘဝတွင်လည်း သည့်ထက်ကောင်းသောဘုံ၌ နေရ၍ မြင့်မြတ်သည်။ ယင်းသို့ မြင့်မြတ်သောပုဂ္ဂိုလ်ဖြစ်ကြောင်းကို ငါဟောကြားမည်။ အသင် နားထောင်လိုက်နာမည်လော။"

"မှန်လှပါ၊ နားထောင်၍ လိုက်နာပါမည်ဘုရား။"

## မိမိကိုယ်ကို သန့်စင်စေခြင်း (ဝါ) သီလ ဆောက်တည်ခြင်း

ချစ်သား သိင်္ဂါလ၊ အရပ် (၆)မျက်နှာကို ရှိမခိုးမီ မိမိကိုယ်ကို သန့်စင်အောင် ပြုရာ၏။ ထိုသန့်စင်သောကိုယ်ဖြစ်ရန်အတွက် . . .

(၁) မကောင်းမှုအကျင့် (၄)ခုကို ရှောင်ရမည်။ ယင်း (၄)ခုမှာ (က) သူတစ်ပါးအသက်ကို သတ်ခြင်း၊ (ခ) သူများဥစ္စာကို ခိုးယူခြင်း၊ (ဂ) သူများသားမယားကို ဖျက်ဆီးခြင်း၊ (ဃ) လိမ်ပြောခြင်း။

(၂) မကောင်းသောအမှုကို မပြုမိရန်အတွက် ဤလမ်းနည်းသွယ် (၄)ရပ်ကို ရှောင်ရမည်။

(က) ဆန္ဒဖြင့် မကောင်းမှုကို ပြုလိုခြင်း
(ခ) ဒေါသဖြင့် မကောင်းမှုကို ပြုလိုခြင်း
(ဂ) မသိ၍ မကောင်းမှုကို ပြုလိုခြင်း
(ဃ) ကြောက်၍ မကောင်းမှုကို ပြုလိုခြင်း

(၃) မိမိ၏ စီးပွားဥစ္စာကို ယုတ်လျော့ ပျောက်ဆုံးစေသော အောက်ပါ အကြောင်း (၆)ခုကို ရှောင်ရမည်။
(က) မူးယစ်သေစာ သောက်စားခြင်း
(ခ) အချိန်မတော်တွင် လမ်းသလားခြင်း
(ဂ) ပွဲလမ်းသဘင်တွင် အချိန်ကုန်ခြင်း
(ဃ) လောင်းကစားခြင်း
(င) လူဆိုး။ လူမိုက်များနှင့် အဆွေခင်ပွန်းဖွဲ့ခြင်း
(စ) ပျင်းရိခြင်း။

## အရပ်(၆)မျက်နှာဟူသည်...

အထက်ပါ (၁၄)ချက်ကို ရှောင်ကြဉ်က သင့်၌ မကောင်းမှု ဒုစရိုက်တို့သည် မကပ်ငြိ။ သင်၏ကိုယ်သည် သန့်ရှင်းစင်ကြယ်၏။ ထိုအခါ၌ အရပ် (၆)မျက်နှာကို ရှိခိုးရာသည်။ အရပ် (၆)မျက်နှာ ဟူသည်မှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) အရှေ့မျက်နှာသည် မိဘနှစ်ပါး
(၂) တောင်မျက်နှာသည် ဆရာသမားများ
(၃) အနောက်မျက်နှာသည် သားသမီးများ
(၄) မြောက်မျက်နှာသည် မိတ်ဆွေခင်ပွန်းများ
(၅) အောက်မျက်နှာသည် အလုပ်သမား ကျေးကျွန်များ
(၆) အထက်မျက်နှာသည် ဘုန်းကြီးရဟန်းများ

(၀) မိဘကို ရှိခိုးပူဇော်ခြင်းဟူသည်မှာ အောက်ပါအတိုင်းဖြစ်၏။
(က) ထောက်ပံ့ခြင်း
(ခ) သူတို့၏လုပ်ငန်းများကို ဆက်လုပ်ခြင်း

(ဂ) မျိုးရိုးစဉ်လာကို ထိန်းသိမ်းခြင်း
(ဃ) အမွေခံ သားကောင်းပီသစေခြင်း
(င) ကွယ်လွန်ပြီးသူ ဆွေမျိုးမိဘများအတွက် အလှူပေးခြင်း

(၂) မိဘက သားသမီးများကို မည်သို့ ပြုစုရမည်နည်း။
(က) မကောင်းမှုကို မြစ်တား
(ခ) ကောင်းမှုကိုလုပ်စေ
(ဂ) သက်မွေးဝမ်းကျောင်းပညာသင်ပေး
(ဃ) အရွယ်ရောက်လျှင် အိမ်ထောင်ချ
(င) သင့်လျော်သောအချိန်၌ အမွေခွဲပေး

(၃) တပည့်က တောင်မျက်နှာ ဆရာကို မည်သို့ ရှိခိုးပူဇော်ရမည်နည်း။
(က) ဆရာလာလျှင် ထိုင်ရာမှထ ဆီးကြိုနှုတ်ဆက်
(ခ) ဆရာလိုအပ်သည်များကို ဖြည့်ဆည်း
(ဂ) ဆရာသင်ကြားသမျှကို စိတ်ပါစွာ သင်ယူ
(ဃ) ဆရာကို အလုပ်အကျွေးပြု
(င) ဆရာကို အမြဲရိုသေ

(၄) ဆရာက တပည့်ကို မည်သို့ ပြန်လည်ကြည့်ရှုအပ်သနည်း။
(က) ပညာကို ကောင်းစွာ သင်ပေး
(ခ) တပည့်ကို တတ်မြောက်အောင် အနီးကပ် ကြီးကြပ်
(ဂ) သိပ္ပံနှင့် ဝိဇ္ဇာအတတ် မျှအောင်သင်
(ဃ) မိမိ၏မိတ်ဆွေ ဆရာများနှင့် မိတ်ဆက်ပေး
(င) တပည့်တို့အား ဘေးရန်မှ ဆီးတားကာကွယ်

(၅) လင်က မယားကို မည်သို့ ပြုစုအပ်သနည်း။ ဤသည်မှာ အနောက်မျက်နှာဖြစ်၏။
(က) ယဉ်ကျေးစွာ ဆက်ဆံ
(ခ) အမျက်မုန်းထား မရှိစေရ

(ဂ) သူမပေါ် သစ္စာစောင့်သိ
(ဃ) မိမိ၏ ဩဇာအာဏာကို မျှဝေပေး
(င) လှုပအောင် ဆင်ယဉ်

(၆) မယားက လင်ကို မည်သို့ ပြုစုအပ်သနည်း။
(က) မယားဝတ္တရား ပြည့်ဝစွာနှင့် ပြုစု
(ခ) လင်၏ ဆွေမျိုး၊ မိတ်ဆွေများကို ပျူငှာစွာ ဆက်ဆံ
(ဂ) လင့်အပေါ်မှာ သစ္စာစောင့်သိရှိသေ
(ဃ) လင်ရှာသမျှ သိမ်းထုပ်သိုလှောင်
(င) အိမ်ထောင်ထိန်းသိမ်းမှု၌ ကျွမ်းကျင်စေ

(၇) မြောက်မျက်နှာ မိတ်ဆွေသင်္ဂဟများကို မည်သို့ အရိုအသေပေးသင့်၊ ပြုစုသင့်သနည်း။
(က) ရင်းနှီးစွာဆက်ဆံ
(ခ) ယဉ်ကျေးသောစကား သုံးနှုန်း
(ဂ) ဘက်လိုက်မှု၊ မျက်နှာလိုက်မှုကင်း
(ဃ) ရိုးသားဖြောင့်မတ်စွာ ဆက်ဆံ
(င) လိုသောအကူအညီပေး

(၈) မိတ်ဆွေများက ယင်းသို့ ပြုစုသူကို မည်သို့ ပြန်လှန်ဆက်ဆံအပ်သနည်း။
(က) သူ့မှာ ရန်သူပေါ်လာလျှင် ကာကွယ်ပါ
(ခ) သူ့စီးပွားရေးကို ကူညီပါ
(ဂ) သူ့မှာ သွားစရာနေရာမရှိလျှင် ခိုနှုံခွင့်ပေးပါ
(ဃ) ဒုက္ခရောက်နေသည့်အခါ ပစ်မသွားပါနှင့်
(င) သူ့မိသားစုကို စောင့်ရှောက်ပါ

(၉) အောက်အရပ် (ဝါ) အောက်မျက်နှာ အလုပ်သမား ကျေးကျွန်များကို မည်သို့ အလေးပေးအပ်သနည်း။
(က) တတ်ကျွမ်းမှုအလိုက် အလုပ်ခိုင်းပါ
(ခ) အဝတ်အစားနှင့် လုပ်ခပေးပါ

(ဂ) နေမကောင်းလျှင် ကုသပေးပါ
(ဃ) စားကောင်းသောက်ဖွယ်ကို ဝေမျှစားပါ
(င) အချိန်အခါအလိုက် ခွင့်ပေးပါ

(၁၀) အလုပ်သမား ကျေးကျွန်များက မိမိတို့၏အလုပ်ရှင်၊ သခင်ကို မည်သို့ လေးစား ဆက်ဆံအပ်သနည်း။
(က) သခင့်အရင် အိပ်ရာမှ ထပါ
(ခ) သခင့်နောက်မှ အိပ်ပါ
(ဂ) သခင်ကပေးသည်ကိုသာ ယူပါ
(ဃ) မိမိ၏အလုပ်တာဝန်ကို ကျေပွန်အောင် ဆောင်ရွက်ပါ
(င) အလုပ်ရှင် သခင်၏ဂုဏ်ကို ထိန်းသိမ်းပါ

(၁၁) ရိုးရိုး လူဝတ်ကြောင်များ၊ မိမိတို့၏ ဆရာဘုန်းကြီးများကို မည်သို့ အရိုအသေပေးအပ်သနည်း။ ယင်းတို့သည် အပေါ် မျက်နှာ၊ ကောင်းကင်ယံကဖြစ်သည်။
(က) ချစ်ကြည်ညှိုစွာဖြင့် ပြုစုပါ
(ခ) ချစ်ကြည်ညှိုစွာ နှုတ်ခွန်းစကားဆိုပါ
(ဂ) ချစ်ကြည်ညှိုစွာ စိတ်မှာထားပါ
(ဃ) အချိန်မရွေး ဝင်ထွက်ခွင့်ပြုပါ
(င) ဆရာဘုန်းကြီးတို့၏ ပစ္စည်းလိုအပ်ချက်ကို အစဉ် ပေးပါ

(၁၂) ဆရာသမား ဘုန်းကြီးများက တပည့်နောက်လိုက်များကို မည်သို့ ဆက်ဆံသင့်သနည်း။
(က) မကောင်းမှုမှ တားဆီး ကာကွယ်ပါ
(ခ) ကောင်းမှုကို ပြုလုပ်ခိုင်းပါ
(ဂ) ကြင်နာစွာ ကြည့်ရှုစောင့်မပါ
(ဃ) သူမသိသည်ကို ပြောပြပါ
(င) သိပြီး နားမလည်လျှင် ရှင်းပြပါ
(စ) သုဂတိဘုံရောက်ကြောင်း လမ်းပြပါ

## အရပ်(၆)မျက်နှာနှင့် သဟာဇာတဖြစ်ခြင်း အကျိုးကျေးဇူး

ဤသို့ လိုက်နာပြုလုပ်ပါက သင်၏ အရပ် (၆)မျက်နှာသည် ကျေနပ်နှစ်သိမ့်သည်ဖြစ်၍ မကောင်းမှုသည် မဖြစ်။ သင့်ထံသို့ ဘေးရန် မရောက်။ ထိုအခါ သင်၏ဘဝသည် သန့်ရှင်း လှပ တိုးတက်၏။ ကြီးပွား၏။ ဤကား မြင့်မြတ်သောပုဂ္ဂိုလ် (အရိယာ)တို့၏ အရပ် (၆)မျက်နှာ ရှိခိုးခြင်းပေတည်း။ မှတ်လော့ ချစ်သား သိင်္ဂါလ။"

## လူတိုင်းအတွက် လူ့ကျင့်ဝတ်များ

ဤ "သိင်္ဂါလောဝါဒသုတ်" သည် ဗုဒ္ဓဘာသာဝင်တို့အတွက် သာမက အခြားဘာသာဝင်များ၊ ဘာသာမရှိသူများပင် လိုက်နာ ဆောင်ရွက်အပ်သော ကျင့်စဉ်ဖြစ်သည်ဟု ဗုဒ္ဓဘာသာဘုန်းကြီးများနှင့် လူမှုရေးပညာရှင်တို့က ပြောကြသည်။ ရှင်မဟာဗုဒ္ဓဃောသက ဤကျမ်းကို လူတို့၏ ကျင့်စဉ်လမ်းညွှန် (လူ့ဝိနည်း)ဟု ခေါ်သည်။ ဗုဒ္ဓပိဋကတ်သုံးပုံတွင် သုတ္တန်အပုံ၌ ပါဝင်၍ ဒီဃနိကာယ အမှတ် (၃၁)ဖြစ်သည်။ လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ကျော်က ဟောပြောချက်များဖြစ်၍ ယခုတွင် အသုံးကျ ခေတ်မီနေသည်ကို ဖတ်ကြည့်က သိသာပါသည်။ အိမ်ထောင်ရှင်ကောင်းဖြစ်လိုသူတိုင်း၊ အိမ်ထောင်မြဲလိုသူတိုင်း၊ လောကတွင် အောင်မြင်လိုသူတိုင်း လိုက်နာ သင့်ပေသည်။

## အိမ်ထောင်ရှင်ကျင့်ဝတ် လိုက်နာခြင်း၏ အကျိုးကျေးဇူးများ

သိင်္ဂါလောဝါဒသုတ်ပါ ဆုံးမချက်များအတိုင်း လိုက်နာ ကျင့်သုံးသည့် အိမ်ထောင်ရှင်တစ်ဦး သို့မဟုတ် လင်နှင့်မယားသည် လောက၌ ရနိုင်သော အကျိုးစီးပွားအားလုံးကို ရမည်။ ရောက်လာ

နိုင်သည့် ဘေးအန္တရာယ်အပေါင်းမှလည်း အရပ် (၆)မျက်နှာ (၀ါ) လူခြောက်မျိုးက ကာကွယ်ပေးထားလေသည်။

ပုံစံအားဖြင့် အိမ်ထောင်ရှင်တစ်ဦးသည် လောကအလယ်၌ ရပ်နေသည်ရှိသော် သူ့အား အောက်ခြေမှလာနိုင်သော အလုပ်သမား၊ အစေခံ၊ ကျွန်တို့၏ရန်မှ ယင်းတို့က အဆင်ပြေနေ၊ ကြည်နေ၍ ကာကွယ်ပြီးသားဖြစ်သွားသည်။ သမိုင်း၌ဖြစ်ပေါ်သော တော်လှန်ပုန်ကန်မှုများသည် ဆင်းရဲသား နင်းပြားများနှင့် အထက်က အုပ်စိုးသူရှင်ဘုရင်၊ မြို့စား၊ နယ်စားတို့ အဆင်မပြေ၍ ဖြစ်ကြရသည်။ အမေရိကန် လွတ်လပ်ရေးတိုက်ပွဲသည် အင်္ဂလိပ်ဘုရင်နှင့် အလုပ်သမား အမေရိကန်များ မပြေလည်၍ ဖြစ်ရ၏။ ရုရှားနိုင်ငံတော် ဘော်ရှီဗစ်တော်လှန်ရေးသည် ဆင်းရဲသား နင်းပြားများနှင့် ဇာဘုရင်တို့ အဆင်မပြေ၍ဖြစ်၏။ ဖိနှိပ်သူနှင့် ဖိနှိပ်ခံရသူတို့၏ တိုက်ပွဲများပင် ဖြစ်သည်။ မြန်မာနိုင်ငံ၌ ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံမှာ ငတ်နေသော လယ်သမားများနှင့် အင်္ဂလိပ်အစိုးရ၏ တိုက်ပွဲပင် ဖြစ်လေသည်။

အနောက်မျက်နှာက သားသမီးများနှင့် မကြည်မသာ ဖြစ်ပါက မိဘနှင့် ခိုက်ရန်ဖြစ်ပွားကြသည်။ မြတ်စွာဘုရားသခင် လက်ထက် ဗိမ္ဗိသာရမင်းနှင့် အဇာတသတ်တို့ နန်းလုကြသည်မှာ သား အဇာတသတ်က အဘ ဗိမ္ဗိသာရမင်းအပေါ် အမြင်မကြည်၊ ကိုယ်သာလျှင် ဘုရင်ဖြစ်လို၍ ဖြစ်သည်။ မြန်မာ့သမိုင်း၌ အလောင်းစည်သူမင်းကြီးကို သား နရသူက လုပ်ကြံခြင်းမှာ ထိုနည်းလည်းကောင်းပင် ဖြစ်သည်။

မြောက်မျက်နှာ မိတ်ဆွေခင်ပွန်းများနှင့် အဆင်ပြေဖို့ လိုသည်မှာ မိမိ၏ဘ၀၊ သူတို့၏ဘ၀ အဆင်ပြေသာယာရန်ဖြစ်သည်။ ဗုဒ္ဓဘာသာ ဒါယကာကြီး အသောကမင်းသည် သူ၏ညီအစ်ကိုများကို သတ်၍ နန်းတက်ရသည်။ ကုန်းဘောင်ခေတ်၌ ညီအစ်ကိုချင်း နန်းလုကြသည်မှာ ဘိုးတော်ဘုရားက ညီတော် အမြင့်မင်းသားကို သတ်သည်။ သာယာဝတီမင်းဘုရင်က စစ်ကိုင်းမင်း ဘကြီးတော်ကို နန်းချသည်။

ညီတော် မင်းတုန်းမင်းက အစ်ကို ပုဂံမင်းကို နန်းချသည်။ သီပေါဘုရင် နန်းတက်စဉ် ဆွေတော်မျိုးတော် (၄၀)ကျော် လုပ်ကြံခံရလေသည်။

ပုဂံမှ ထီးလိုမင်းလို ရှင်ဘုရင်မှာမူ နောင်တော်များနှင့် ပြေလည်၍ အေးချမ်းစွာ နန်းရသည်။ အုပ်စိုးရသည်။ ယခုခေတ်၌ သမ္မတ ဂွန်အက်ဖ်ကနေဒီသည် ညီအစ်ကိုများ၏ ထောက်ခံမှု၊ ဆွေမျိုး မိတ်သင်္ဂဟများ၏ ပံ့ပိုးကူညီမှုကြောင့် သမ္မတ အရွေးခံရသည်။ ခေါင်းပေါ်က ခေါင်မိုးမလုံ၍ လုပ်ကြံခံရသည်။

## ဆရာသမားကျေးဇူး

တောင်မျက်နှာသည် ဆရာသမားများ၏ မျက်နှာဖြစ်သည်။ သူတို့၏ အကာအကွယ်ကြောင့် ပညာနှင့်ယှဉ်သော တိုက်ခိုက်မှုများမှ ဘေးကင်းကြရသည်။ မြတ်စွာဘုရားသည် ဘဝတိုင်း၌ ဆရာသမားကို လေးစား၍ ဆရာသမားအကူအညီ အမြဲရခဲ့သည်။ မြန်မာရာဇဝင်၌ အမတ်ကြီး ဘိုးရာဇာ၏ အကြံပေးချက်များကို လက်ခံသဖြင့် မင်းကြီးစွာစော်ကဲ၊ ဘုရင်မင်းခေါင်တို့သည် နန်းသက်ကြာကြသည်။ မင်းတုန်းမင်းသားသည် ရှင်ဘုရင်ဖြစ်သောအခါ သူ့ဆရာ ဘုန်းကြီးကို လူထွက်စေ၍ မင်းတိုင်ပင်အမတ် ဦးရန်ဝေး လုပ်စေသည်။ စာရေးသူမှာ ဆရာဝန်ဘဝ၌ စေတနာလွန်၍ အလုပ်ကျွံတတ်ရာ ဆရာသမားများဖြစ်သော ဒေါက်တာဘသန်း၊ ဗိုလ်မှူးကိုကိုကြီး၊ ဗိုလ်မှူး တင်အုန်းတို့ကြောင့် ဒုက္ခမရောက်ခဲ့ပေ။ ၁၉၇၆ ခု၊ အမေရိကန်မှ ပြန်လာပြီးနောက် "အင်္ဂလန်၊ အမေရိကန်နှင့် မြန်မာပြည်သား" စာအုပ်ကို မဆလ ဗဟိုကော်မတီက အရေးယူရန် စည်းဝေးရာ ဆရာ ဖြစ်သော ဗိုလ်မှူးကြီးလှဟန်ကယ်၍ အပြစ်မှ လွတ်ခဲ့ရသည်။

ဘုန်းကြီးရဟန်းတို့၏ အကူအညီ အကာအကွယ်သည်လည်း လိုအပ်သည်။ မြန်မာ့သမိုင်း၌ သာလွန်မင်းကြီးကို သားတော် မင်းရဲဒိဗ္ဗ ပုန်ကန်ရာ ဘုန်းကြီးများက ဝါးရင်းတုတ်ထမ်း ကာကွယ်၍ အသက် ဘေးမှ လွတ်မြောက်ခဲ့သည်။ နန်းမှလည်း မကျခဲ့ပေ။ ဆရာရဟန်း ဟူသည် တပည့်တို့၏ ဘေးရန်ကို ကြိုတင်ဆီးကာပေးကြပါသည်။

## အဆွေခင်ပွန်းကျေးဇူး

မိတ်ဆွေခင်ပွန်းတို့၏ အကူအညီ အကာအကွယ်မှာမူ ဘာမဆို ဖြစ်စေသည်။ မုဆိုးဖို ဦးအောင်ဇေယျ မင်းဖြစ်သည်မှာ မြင်းရည်တက်သူရဲကောင်း (၆၄)ယောက်ကြောင့်ဖြစ်သည်။ ပတ်ဝန်းကျင်ရွာတွေ ညီ၍ ကူ၍ဖြစ်သည်။ စာရေးသူမှာ နောက်ဆုံးနှစ်အပိုင်း (ခ) စာမေးပွဲဖြေဆိုရာ၌ မအိပ်ဆေး အစားလွန်၍ တစ်ရက်ပျက်ခဲ့ရာ သူငယ်ချင်း ဝင်းလှိုင်က ပါမောက္ခတွေထံ သွားပြောပေး၍ ဆက်ဖြေနိုင်ခဲ့၊ အောင်ခဲ့သည်။ နို့မဟုတ်က ခြောက်လ ထပ်စောင့်ရပေမည်။ အိမ်ထောင်မှု၌ "မမလေးကို မောင်က ခိုးမယ်လို့ သူငယ်ချင်းတွေနှင့် တိုင်ပင်ပြန်၊ အားလုံးက ဝန်းရံ" ဟူသော အဆိုရှိသည်။ နိဗ္ဗာန်တရားကို ရှာရာ၌ပင် သူငယ်ချင်းကောင်း လိုအပ်သည်။ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်အလောင်းတော် သူငယ်ချင်းနှစ်ဦးသည် ဗုဒ္ဓကို တွေ့သောအခါ တွေ့သောသူက ကျန်သူကို ပြောပြရသည်။ သို့ဖြင့် နှစ်ဦးလုံး ရဟန္တာဖြစ်ကြ၊ ကျွတ်တမ်းဝင်ကြရသည်။

မိဘ၏ အကျိုးကျေးဇူးကား ဆိုဖွယ်ရာမရှိပြီ။ သန္ဓေတည်သည်မှ မွေးသည်ထိ၊ မွေးရာမှ လူဖြစ်သည်အထိ ကျွေးမွေး၊ ပညာသင်၊ ပခုံးလက်နှစ်သစ် လူဖြစ်ရအောင် ကျွေးမွေးကြရသည်။ ရေကြည်ချမ်းမြ တစ်ပေါက်ကျက ကျေနပ်ဝမ်းမြောက်ရသည်။ လူတိုင်းသည် မိဘမှ မွေးဖွားလာ၏။ မိဘရှိမှ ကြီးပွားလာ၏။ မိဘက သင်ပေးမှ ပညာရ၏။ လူဖြစ်၏။ မိဘကျေးဇူးကား ကြီးလှသည်။ ဗုဒ္ဓမှ မိဘကို အနန္တောအနန္တ ငါးပါးထဲမှာ ထည့်ထားသည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာ အတူတူပင် ကျေးဇူးကြီးကြသည်။ ဘုရားကား အကြီးဆုံး။

ဤသို့ အရပ် (၆)မျက်နှာလုံးပါက မိမိမှာ ရန်သူမရှိ၊ ဘေးရန်ကင်းကွာ။ လိုအပ်သည်မှာ မိမိဘာသာ မပျက်အောင် နေထိုင်ခြင်းဖြစ်သည်။ ဤသို့ဖြစ်ရန် အရက်မသောက်ပါနှင့်။ မူးယစ်ဆေးစာ မမှီဝဲပါနှင့်။

## အရက်သောက်ခြင်း၏ဘေးဒဏ်

အရက် မူးယစ်သေစာ မှီဝဲလျှင် ဖြစ်နိုင်သော အန္တရာယ်များမှာ . . .

(၁) စီးပွားပျက်ခြင်း
(၂) ခိုက်ရန်များခြင်း
(၃) ရောဂါဖြစ်၍ ကျန်းမာရေးချို့တဲ့ခြင်း
(၄) နာမည်ပျက်ခြင်း
(၅) အရှက်ရခြင်း
(၆) ဉာဏ်ပညာ ယုတ်လျော့ခြင်းတို့ ဖြစ်နိုင်သည်။

ငါးပါးသီလတွင် အရက်သည် အဆိုးဆုံးဖြစ်သည်။ အရက်သောက်က ကျန်သီလ (၄)ပါးကို ချိုးဖောက်ရန် လွယ်ကူသည်။

## အလည်လွန်ခြင်းပြစ်ဒဏ်

အချိန်မတော် အလည်ကျူးလျှင် အောက်ပါဆိုးကျိုးများ ရနိုင်သည်။

(၁) အကာအကွယ်မဲ့၍ ဒဏ်ရာအနာတရ ရလွယ်ခြင်း
(၂) မယားနှင့် ကလေးများ အကာအကွယ်မဲ့ခြင်း
(၃) သူ၏ ပစ္စည်းဥစ္စာများ အကာအကွယ်မဲ့ခြင်း
(၄) သူ့အား လူဆိုးဟု သူများက ထင်ခြင်း
(၅) မကောင်းသတင်း ကျော်စောခြင်းဖြစ်ရခြင်း
(၆) အသက်အန္တရာယ် ထိခိုက်နိုင်ခြင်း

## လောင်းကစားခြင်း၏ဆိုးကျိုး

လောင်းကစားလိုက်စားလျှင် အကျိုးယုတ်သည်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) နိုင်လျှင် အမုန်းခံရခြင်း
(၂) ရှုံးလျှင် စိတ်ညစ်ရခြင်း

(၃) စီးပွားပျက်ခြင်း
(၄) မိမိစကားကို တရားရုံးက မယုံခြင်း
(၅) မိတ်ဆွေသင်္ဂဟ ဆုံးရှုံးခြင်း
(၆) အိမ်ထောင်ဘက် ရှာရခက်ခြင်း

## လူဆိုး၊ လူမိုက်များနှင့် ပေါင်းခြင်း

## အန္တရာယ်

လူဆိုး၊ လူမိုက်များနှင့်ပေါင်းလျှင် ဆိုးကျိုးများမှာ အောက်ပါ အတိုင်းဖြစ်သည်။

(၁) အချိန်ဖြုန်းခြင်း
(၂) အရက်သောက်ခြင်း
(၃) လောင်းကစားခြင်း
(၄) မိန်းမလိုက်စားခြင်း
(၅) မကောင်းမှုကိုပြုခြင်း
(၆) သို့ဖြင့် ဆိုးကျိုးများတိုး၍ရခြင်း

## မိမိက သီလစင်ကြယ်

## အရပ်(၆)မျက်နှာကာကာယ်

သို့ဖြစ်၍ အိမ်ထောင်ရှင်တို့သည် အရပ် (၆)မျက်နှာလုံခြုံအောင်၊ အေးချမ်းသာယာအောင် နေထိုင်ရသကဲ့သို့ မိမိကိုယ်တိုင်လည်း အပြစ်မရှိအောင်၊ ဒုစရိုက် မလုပ်ဖြစ်အောင်၊ သန့်စင်သောသူဖြစ်အောင် နေပါ။ ငါးပါးသီလ လုံပါစေ။ မင်္ဂလာတရား (၃၈)ပါးနှင့် ညီပါစေ။ အဂတိများနှင့် ကင်းဝေးပါစေ။ သို့ဆိုက သင်သည် လူနတ်လိုသော အိမ်ထောင်ရှင်ကောင်းတစ်ဦး ဖြစ်ပါသည်။

## အခန်း (၅)

# အိမ်ထောင်မှုမှာ မိန်းမက ဘာလိုသလဲ

## အိမ်ထောင်ပြုတော့မည်ဆိုလျှင်

အရွယ်ရောက်သော ယောက်ျားနှင့် မိန်းမ လက်ထပ်၍ အိမ်ထောင်ပြုရာတွင် မိန်းမက ဘာလိုသလဲ။

ရှေးအခါကမူ သတို့သမီးသည် သတို့သားထံမှ စည်းစိမ်ဥစ္စာ ရွှေငွေ၊ ပရိဘောနှင့် ဂုဏ်ကို လိုသည်ဟု ပြောရပေမည်။ သတို့သားနှင့် သတို့သမီး နှစ်ကိုယ်တူချစ်၍ ယူသည်ထက် မိဘများပေးစား၍ ယူကြရသောကြောင့် ဖြစ်သည်။ သို့ဖြစ်၍ သတို့သားနှင့် သတို့သမီး ပေးစားရန် အောင်သွယ်ကတစ်ဆင့်ဖြစ်စေ၊ မိဘဆွေမျိုးများက တိုက်ရိုက်ဖြစ်စေ စကားပြော ကြောင်းလမ်းကြသည်။ ကြောင်းလမ်း ပြီးလျှင် တရားဝင် စေ့စပ်ကြသည်။ တင်တောင်းမည့် ပစ္စည်းဥစ္စာတို့ကို ပြောကြသည်။ နောက် လက်ထပ်မင်္ဂလာအခမ်းအနားကို မည်သို့ပြုလုပ်မည်ဟု ပြောဆိုကြရသည်။ တစ်ဖက်ဖက်က စိုက်ထုတ် အကုန်အကျ ခံရသည်။ သို့မဟုတ် နှစ်ဖက်မျှ ခံကြရသည်။

## တင်တောင်းကြေး

အိန္ဒိယနိုင်ငံ၌မူ ဟိန္ဒူယဉ်ကျေးမှုအရ သတို့သမီးဘက်က တင်တောင်းရသည်။ တင်တောင်းငွေကို Dowry ဟု ခေါ်သည်။

ယင်းတင်တောင်းကြေး မပေးနိုင်၍ သတ်သေသော မိန်းကလေးများ၊ မိန်းကလေးဖခင်များ ရှိခဲ့သည်။ မြသန်းတင့် ဘာသာပြန်သော "အချစ်မိုးကောင်းကင်" ဝတ္ထုကြီး၌ လန်ချားဆွဲသမားသည် သူ့သမီး မင်္ဂလာဆောင်လျှင် တင်တောင်းရန်အတွက် ငွေစုနေသည်။ သို့ဖြစ်၍ နေ့နေ့ညည လန်ချားဆွဲသည်။ သို့ဖြင့် အူကျနာရ၊ ဗိုက်နာရောဂါရ၊ အခြားအရေးကြီးရောဂါများရကြောင်း ဖော်ပြထားသည်။ တရုတ်ပြည်၌လည်း မင်္ဂလာဆောင်ရန် သတို့သမီး (သမီး)ဘက်က အကုန် အကျခံရသည်။ မိန်းကလေးများသော အိမ်ထောင်မှာ ယင်း "တင်တောင်းကြေး" များကြောင့် မွဲရသည်ဟု သိရသည်။ သို့ဖြင့် မွေးစ မိန်းကလေးများကို အိန္ဒိယနှင့် တရုတ်နိုင်ငံတို့၌ ရှေးက သတ်ပစ်ကြခြင်း ဖြစ်သည်။

## ကံကောင်းသောမြန်မာများ

မြန်မာနိုင်ငံမှ မိန်းကလေးရှင်များမှာမူ ကံကောင်းကြသည်။ မြန်မာလူမျိုးတို့သည် အိမ်ထောင်မှုကို လူကြီးများက သဘောတူလျှင် ဖြစ်စေ၊ ယောကျာ်းနှင့် မိန်းကလေး ကြိုက်လျှင်ဖြစ်စေ အလွယ်တကူ လုပ်ပေးကြသည်။ ဘာမျှ တင်တောင်းစရာ မလိုပေ။ နှစ်ဖက်မိဘများ နှင့် ရပ်ရွာလူကြီးများကို လက်ဖက်တစ်ရိုးနှင့်ပင် ပြီးမြောက်အောင် လုပ်၍ ရသည်။ စင်စစ် ပွဲနေ့ ပွဲထိုင် မင်္ဂလာဆောင်ခြင်းမှာ ပကာသန။ အဓိကမှာ သတို့သားနှင့် သတို့သမီး လင်မယားအဖြစ် အတူနေရန်သာ ဖြစ်သည်။

## မြန်မာတို့လက်ထပ်ပွဲ

မြန်မာလူမျိုးတို့၌ မင်္ဂလာဆောင်ခြင်း (ဝါ) လက်ထပ် ထိမ်းမြားခြင်းကို အလွယ်တကူပြုလုပ်၍ရသော နည်းလမ်းများ များစွာ ရှိသည်။ အထက်က ပြောခဲ့သလို လူကြီးမိဘများ သက်သေထား၍ ရပ်ရွာကို လက်ဖက်၊ မုန့် တိုက်ကျွေး သက်သေပြုခြင်းဖြင့် အလွယ်တကူ ပြု၍ရသလို၊ ဘယ်သူ့ကိုမှ မကျွေးမမွေးဘဲ နှစ်ယောက်အတူနေ

လိုက်ခြင်းဖြင့်လည်း ကိစ္စပြီးသည်။ ဤသို့ လင်မယားအဖြစ် အတူနေသည်ကို အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် အသိအမှတ်ပြုလျှင် တရားဝင်သည် (ဝါ) အိမ်နီးချင်းများက အသိအမှတ်ပြုလျှင်၊ လက်ခံလျှင် လုံလောက်သည်။ တရားဝင်သည်။ ဘုန်းကြီးများကို မင်္ဂလာဆွမ်းကျွေး၍ အတူဘုရားသွား ကျောင်းတက်လျှင်လည်း တရားဝင်သည်။ ပိုက်ဆံတတ်နိုင်သူများအနေဖြင့်မူ တရားရုံးမှာ လက်ထပ်၊ မင်္ဂလာညှိခံပွဲပေး၊ လူပုံအလယ်မှာ ဘိသိက်ဆရာနှင့် လက်ထပ်၍လည်း ရပါသည်။

## ရှေးတုန်းက ရှေးထုံးများ

မှန်သည်။ ဒုတိယကမ္ဘာစစ်မဖြစ်မီကမူ မြန်မာသမီးရှင်များက ဘွဲ့ရသတို့သားများကို လိုက်ရှာကြသည်။ ငွေပုံပေး၍ သမီးနှင့် ပေးစားကြသည်။ မောင်ထင်၏ မြို့အုပ်မင်းပုံပြင်များ၌ သမီးနှစ်ယောက်ကို မြို့အုပ်နှင့်ပေးစားသောမိဘ ရှိကြောင်းပင် ဖတ်ရသည်။ သိပ္ပံမောင်ဝက သတို့သမီးရှာပုံကို "စည်းစိမ်" ဝတ္ထုတိုမှာ ဖော်ပြထားသည်။ သူသည် အိုင်စီအက်စ်တစ်ယောက်အနေဖြင့် မည်မျှ တန်ဖိုးရှိသည်။ ပေါ်ပြူလာဖြစ်သည်ကို ရေးပြထားသည်။ ယခုခေတ်၌ပင်လျှင် ပညာတတ်သို့မဟုတ် ဆရာဝန်၊ အင်ဂျင်နီယာများကို သတို့သားလုပ်လိုသော မိဘများ ရှိပါသေးသည်။ ရှေးထုံးစဉ်လာလိုက်လေ ထိုသို့ ရှိလေပင်။

သို့သော် ခေတ်ပညာတတ်လောက၊ အသိုင်းအဝိုင်း၌ ထိုသို့လိုက်ဝယ်၍၊ တင်တောင်း၍ အိမ်ထောင်ပြုသူများ နည်းလာပါပြီ။ ယောကျ်ား မိန်းမ ဆုံတွေ့၊ ချစ်ကြ၊ သဘောကျမှ လူငယ်လူရွယ်တို့ အိမ်ထောင်ပြုလာကြသည်။ ဤသို့ အိမ်ထောင်ပြုလာရာ၌ မိန်းမတွေက ဘာလိုချင်သလဲ၊ ဘာလိုလဲ။

## မိန်းများ အိမ်ထောင်ပြုခြင်းအကြောင်းရင်း

အိမ်ထောင်ပြုကြသော မိန်းကလေးများကို ဘာကြောင့် အိမ်ထောင်ပြုကြသလဲ၊ ဘာလိုချင်လို့လဲဟု မေးလျှင် အများစုက

"အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် နေလို၍" ဟု ပြောကြပေလိမ့်မည်။ အခြားသူများကမူ "လင်သားကိုချစ်၍" ဟု ပြောကြမည်။ အခြားသူများကလည်း "ကလေးလိုချင်၍" ပြောကြပါမည်။ သတို့သား၏ ကျော်စောသတင်းကို သဘောကျ၍၊ ထင်ပေါ်ကျော်ကြားသူ၏ ဇနီးဖြစ်လို၍ သူနှင့် အိမ်ထောင်ပြုသည်ဟုလည်း ပြောကြမည်။ မြန်မာနိုင်ငံ၌ ရုပ်ရှင်မင်းသား၊ အဆိုတော်၊ စာရေးဆရာများကို ကြိုက်ကြသည့် မိန်းကလေးများမှာ အပုံပင်။ ၁၉၆၀-၇၀ တစ်ဝိုက်က စွယ်စုံရမင်းသား ဝင်းဦးကို ကြိုက်သူများမှာ အပုံ။ သို့သော် ဝင်းဦးသည် မည်သူ့ကိုမျှ မကြိုက်ခဲ့ပါ။ သူကွယ်လွန်ခါနီးမှ ဒေါ်အိုင်ရင်းတင်လှနှင့် အိမ်ထောင်ပြုသွားပါ၏။ ထိုဇနီးသည်သည် သူ၏ စန္ဒာမဂ္ဂဇင်းကို ဆက်လက်ထုတ်ပေးသွားပါသည်။ ၁၉၅၀ ကျော်တစ်ဝိုက်က စာရေးဆရာ သော်တာဆွေမှာလည်း စာဖတ်ဝါသနာပါသူ မိန်းကလေးများ၏ အသည်းစွဲ ဖြစ်ခဲ့ပါသည်။ ဤအထဲက တောင်ကြီးမှ 'မေ" နှင့် ညားခဲ့ပါ၏။ မေသည် ဆရာသော်တာဆွေ၏ ဆိုးမျိုး အနွံ့အတာကိုခံ၍ ပြုစုသွားခဲ့သည်။ မေဆုံးပြီး (၃-၄)နှစ်ကြာမှာ သော်တာဆွေပါ ဆုံးသွားပါသည်။

## မိန်းမအပြား

ဆိုလိုသည်မှာ မိန်းမများက အိမ်ထောင်ပြုသည်မှာ အချစ်ကြောင့်ဖြစ်သလို၊ ယောကျ်ား၏ ကျော်စောမှု၊ ချမ်းသာမှု၊ စည်းစိမ်ဥစ္စာ၊ ပါဝါကြောင့်လည်း ဖြစ်နိုင်သည်။ ၎င်းယောကျ်ားနှင့် ကလေးသားသမီး ရလို၍လည်း ဖြစ်နိုင်ပါသည်။ ကာမဆန္ဒ ဖြေဖျောက်ရန်၊ သာယာမှုရရန်အတွက်ရော မဖြစ်နိုင်ဘူးလား၊ ဖြစ်နိုင်ပါ၏။ မြတ်စွာဘုရားက မိန်းမတို့၏ တဏှာအကြောင်း ပဒုမဇာတ်၌ ဟောပြောခဲ့ပါသည်။ တဏှာကြီးသော မိဖုရားကြီးသည် လင်သည်မင်းကြီးနှင့် ကွဲကွာနေရသောအခါ ပဒုမပေါင်တိုနှင့် ညားခဲ့သည်။ ယင်းဒုက္ခိတ၏ အနံ့အတာ၊ နှိပ်စက်မှုကိုခံ၍ ပေါင်းခဲ့သည်။ လင်သားမင်းကြီးကိုပင် သတ်ရန် ကြံခဲ့သည်မဟုတ်ပါလော။ "သူခိုး ဓားမြှောင်ကမ်း" ဟူသော စကားမှာ မယားက လင်နှင့်သတ်နေသော သူခိုးကို တပ်မက်ကာ

သူနိုးထံ ဓားရိုးကမ်းပေး၍ လင်မှာ အသတ်ခံရသည်။ ထိုသူနိုးကို မယားက ပေါင်းသည်။ နောက် သူမပါ အသတ်ခံရသည်။ ထိုဇာတ်လမ်းကို ကွယ်လွန်သူ ရုပ်ရှင်ဒါရိုက်တာကြီး ဆရာသုခက "ခြေဘ် မိန်းမ" မှာ ရိုက်ပြဖူးပါသည်။ အမေရိကန်ပြည်ထောင်စု ဟိုလီးဝုဒ် (Hollywoood)မှ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးကြီး အဲလီဇဘက်တေလာ (Elizabeth Taylor) သည် သူမအိမ်ကို လာပြင်သော လက်သမားအား ခန္ဓာကိုယ် ထွားကျိုင်း၍ ကြိုက်သည်ဆိုကာ လက်ထပ်ယူခဲ့ပါသည်။ (၃-၄)နှစ် ကြာမှ ပိုက်ဆံပေးကွာခဲ့၏။ ယခုအခါ အမေရိကန်ပြည်ထောင်စု၌ ချမ်းသာသောမိန်းမများသည် ဆင်းရဲသောယောကျ်ားများကို ယူနေကြပြီး အမေရိကန်မိန်းမ (၁၀၀)လျှင် (၃၀)ကျော်သည် မိမိတို့ထက် ဝင်ငွေနည်းသော ယောကျ်ားများနှင့် လက်ထပ်နေကြပြီတဲ့။ (၄၂) ရာခိုင်နှုန်းသော ထိုမိန်းမများမှာ ကလေးမယူကြ။ (၁၄)ရာခိုင်နှုန်းသည် သူတို့အိမ်ထောင်၌ ကလေးမရှိလိုကြောင်း ပြောကြသည်။

## မိန်းမတွေ၏လိုအပ်ချက်

တိုးတက်လာသောနိုင်ငံများ၌ မိန်းမများ ဘာကြောင့် အိမ်ထောင်ပြုကြသလဲဟု စုံစမ်း မေးမြန်း သုတေသနပြုကြည့်ရာ အောက်ပါအတိုင်း တွေ့ကြရသည်။

(၁) အိမ်တစ်ဆောင် မီးတစ်ပြောင်နှင့် နေလိုခြင်း
(၂) စည်းစိမ်ခံစားလိုခြင်း
(၃) ယောကျ်ား၏ဂုဏ်သိက္ခာကို တပ်မက်ခြင်း
(၄) ယောကျ်ား၏ပညာကို တန်ဖိုးထားခြင်း
(၅) ယောကျ်ား၏ရာထူးကို တပ်မက်ခြင်း
(၆) ယောကျ်ား၏ ရုပ်ရည်ကို တပ်မက်ခြင်း
(၇) ယောကျ်ား၏ ပျော်တတ်မှုကို သဘောကျခြင်း
(၈) ယောကျ်ား၏ ဖွဲ့လုံ့လ ဝီရိယကို သဘောကျခြင်း
(၉) ယောကျ်ားနှင့် အတူအိပ်ရသည်ကို စွဲလမ်းခြင်း
(၁၀) ယောကျ်ားနှင့် ဝါသနာတူခြင်း

## အရင်းစစ်တော့ ယခုခေတ်နှင့် ရှေးခေတ် မကွာ

တကယ်တော့ အသေးစိတ် လေ့လာဆန်းစစ်ကြည့်ပါက ယခုခေတ်မိန်းမများသည် ရှေးခေတ်က မိန်းမများလိုပင် ယောကျ်ားဟာ မိမိကို တင့်တောင်းတင့်တယ်ထားနိုင်မည်၊ မိမိကို ချစ်ခင်ယုယမည်၊ မိမိနှင့်ရသော ကလေးများကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် ပြုစု လုပ်ကျွေးနိုင်မည်ဟု ယူဆ ယုံကြည်၍ အိမ်ထောင်ပြုကြခြင်းဖြစ်သည်။ အတိုဆုံးပြောရလျှင် "အားကိုးရာ" ရှာခြင်းဖြစ်သည်။ မိမိဘဝကို "ကယ်တင်ရှင်" အဖြစ် ဆောင်ရွက်မည့်သူများကို ပုံအပ်ခြင်း ဖြစ်ပေသည်။

## လင့်ထံမှ မျှော်လင့်ချက်

အိမ်ထောင်ပြုရာ၌ မိန်းမတစ်ယောက်က မိမိလင်သားထံမှ မျှော်လင့်သည်မှာ ထို "ဘဝဖူလုံမှု"၊ သက်မဲ့ပစ္စည်း ဖူလုံမှု၊ ရလိုရခြင်း သာမက စိတ်အားဖြင့် မိမိအပေါ် ချစ်ခြင်း၊ သစ္စာရှိခြင်းတို့ လိုအပ်သည်။ သိပ္ပံပညာရှင်တို့၏ လေ့လာချက်အရ သိရသည်မှာ မိန်းမ(မယား)တစ်ယောက်က ယောကျ်ား(လင်သား)ထံမှ အိမ်ထောင်သည် ဘဝတွင် အောက်ပါတို့ကို လိုလားသည်။

(၁) အချစ်မေတ္တာ
(၂) သစ္စာရှိမှု
(၃) ကြင်နာမှု
(၄) ဒိုးချပေါင်းသင်းမှု
(၅) ဉာဏ်ပညာ

### (၁) အချစ်မေတ္တာ

အိမ်ထောင်သည်ဘဝ၌ မိန်းမဖြစ်သူသည် လင်၏ ချစ်ခင်မှု၊ နှစ်သက်မှု၊ မြတ်နိုးမှုကို အပျိုဘဝထက် ပိုလိုလားသည်။ အကြောင်းမှာ

အပျိုဘဝတုန်းက ရည်းစားက ပစ်သွားလျှင် နောက်တစ်ယောက်ကို ခေါင်းခေါက်၍ ယူနိုင်သေးသည်။ အိမ်ထောင်သည်ဘဝ၌ "အအို" ဖြစ်နေ၍ ယူမည့်လူ မရှိတော့ပြီ။ လင်သားက ချစ်နေမှသာ သူ့မှာ နေပျော်သည်။ သူ့မဘဝ ခိုင်လုံမှုရှိသည်။ သို့ဖြစ်၍ လင်က အမြဲချစ်နေကြောင်း ပြောရန်၊ ပြရန်လိုသည်။ မနက်အိပ်ရာထ ကော်ဖီသောက်၊ ရေချိုး၊ အဝတ်လဲ၊ ရုံးသွား၊ အလုပ်သွား၊ ပြန်လာလျှင် အားကစားသွားလုပ်၊ သို့မဟုတ် ကလပ်သွား၊ ညကျ ပြန်လာ ထမင်းစားပဲလုပ်နေလျှင် မိန်းမက ကြည်လိမ့်မည် မဟုတ်ပေ။ အိပ်ရာဝင် အိပ်ရာထ "ခင့်ကို သိပ်ချစ်တာပဲ" "မင်းကိုအချစ်ဆုံး" ဟု ပြောရန်လိုသည်။ မိန်းမလုပ်သမျှ သဘောတူရမည်။ ချက်ကျွေးသမျှ စားရ၊ ချီးကျူးရမည်။ "ခင်ချက်တာ သိပ်ကောင်းတာပဲ၊ ဘယ်သူမှမမီဘူး" ဟု ဟုတ်ဟုတ် မဟုတ်ဟုတ် ပြောနိုင်ရမည်။ ညအိပ်ရာဝင် "ဂွတ်နိုက်" ဟု နူတ်ဆက်၍ နမ်းရှုပ်အိပ်ရမည်။ မိန်းမ၏မွေးနေ့၊ လက်ထပ်သောနေ့၊ ချစ်ကြောင်းပြန်စာပေးသောနေ့ စသော နှစ်ဦးသာသိသည့် ရက်ထူးများနှင့် လူတိုင်းနှင့်ဆိုင်သော "ဗလိုင်တိုင်းနေ့" (Valentine's Day) နှစ်သစ်ကူး၊ သင်္ကြန်၊ ခရစ္စမတ် စသည်တို့မှာ မိန်းမကို လက်ဆောင်ပေးရမည်။ မိန်းမသွားချင်သော နေရာများကို လိုက်ပို့ရမည်။ မိန်းမလိုချင်သော အဝတ်အစား အသုံးအဆောင်နှင့် ရွှေလက်ကောက်၊ ဆွဲကြိုး၊ နားကပ် စသည်တို့ကို ဝယ်ပေးနိုင်ရမည်။ တတ်နိုင်လျှင်ပါ။ မတတ်နိုင်က နှင်းဆီပန်းတစ်ပွင့်၊ ကတ်ပြားတစ်ချပ်နှင့်လည်း လုံလောက်ပါသည်။

အရေးကြီးသည်မှာ မိမိမယားကို ချစ်ကြောင်းပြသရန် ဖြစ်သည်။ ပါးစပ်မှသာမက၊ လက်က ပိုက်ဆံအိတ်ကပါ ပြရန်လိုသည်။ "လက်ထပ်ပြီးပြီ၊ ကလေးတွေရနေပြီ၊ လိုတဲ့ဟာတွေ အကုန်ဝယ်ပေးပြီးပြီ၊ ဘာလိုသေးလဲ" ဟု သဘောမထားရန်၊ မပြုမူရန် အရေးကြီးသည်။ အဘယ်ကြောင့် အိမ်ရှိ၊ မြေရှိ၊ ကလေးရှိသည့် အသက် (၅၀) အရွယ် သူဌေးကတော်ကြီးသည် လင်သားကိုပစ်လျက် ချဲတတ် နွဲ့တတ်သော လူပျို "သာဗိန္ဒ" နောက်ကို လိုက်သွားပါသနည်း။ လင်သားက မပြုစု၊ မမြတ်နိုး၍ဖြစ်သည်။ ယင်းသို့ ချစ်ကြောင်းမပြ၍ ဖြစ်သည်။

ဘလ္လာတိယပျို့၌ ကိန္နရီ ကိန္နရာ တစ်ညတာချောင်းခြား၍ ခွဲကြရုံဖြင့် နှစ်ပေါင်း (၇၀၀) ငိုကြွေး၍မဆုံးကြဟူသည်မှာ လင်နှင့်မယား ချစ်စကားပြောမကုန်၍ ဖြစ်သည်။ အလွမ်းသည်နိုင်လေ၊ ချစ်လေပင်ဖြစ်သည်။ "စိမ်းကားမှ ဘုရားဖြစ်၊ ဘိန်းစားမှ မယားချစ်" ဆိုသည်မှာ ချစ်ကြောင်း ထပ်ခါတလဲလဲ ပြောနိုင်သောကြောင့် ဖြစ်သည်။

## (၂) သစ္စာရှိမှု

မည်သည့်မိန်းမမျှ လင်သားက မိမိမှလွဲ၍ အခြားမိန်းမတစ်ဦးကို ချစ်ခင်နှစ်သက်သည်ကို မခံနိုင်။ "မုန့်သာဝေစားနိုင်မည်။ လင်သားကို မျှမပေးနိုင်" ဟူသည်မှာ မှန်သည်။ မိန်းမတိုင်း ယောကျ်ားက မိမိအပေါ် ချစ်ခင်စွဲလမ်း နှစ်သက်နေသည်ကိုသာ ခံလိုသည်။ သို့ဖြစ်၍ အိမ်ထောင်ရှင် ယောကျ်ားသည် မည်သည့်မိန်းမ အပေါ်မှ မေတ္တာမထားပါနှင့်။

လင်ယောကျ်ားက အခြားမိန်းမတစ်ဦးနှင့် ဖောက်ပြားသဖြင့် ယင်းမိန်းမကို လိုက်သတ်သော မိန်းမများမှာ အပုံ။ လင်သားကို ဒုက္ခပေး၊ အိမ်ကို စွန့်ပစ်ပြေးသူများလည်း အပုံ။ လင်သားက မချစ်တော့၍ မိမိကိုယ်မိမိ သတ်သေသူများလည်း ရှိ၏။

မြန်မာ့သမိုင်းမှ စုဖုရားလတ်သည် သီပေါမင်း သူ့မအပေါ် အချစ်လျော့၍ အခြားမိန်းမတစ်ပါးနှင့် ဖောက်ပြားသည်ကို မကြားလို၊ မကြည့်လို၍ ဒိုင်းခင်ခင်ကို သတ်ပစ်ခဲ့သည်။ သူ့မယောကျ်ားကို ထိုသို့ဖြစ်အောင် ကူညီခဲ့သည့် မောင်ဖေငယ်၊ ရနောင်မောင်မောင်တုတ်တို့ကို အဆုံးစီရင်ခဲ့သည်။

## (၃) ကြင်နာမှု

ကြင်နာမှုဟူသည်မှာ ယောကျ်ားက မိမိတွင်ရှိသော ဥစ္စာပစ္စည်း၊ ဂုဏ်သရေ၊ ရာထူးအဆောင်အယောင်နှင့် ပျော်ပါးမှုတို့ကို မိန်းမအား ရက်ရောစွာ မျှဝေပေးခြင်းဖြစ်သည်။ မိမိတစ်ယောက်သာ

စည်းစိမ်ခံစား၊ မိန်းမနှင့် ကလေးများကို ပစ်ထားသည့် မည်သည့်လင်ယောကျ်ားကိုမှ မိန်းမက ကြည်လိမ့်မည်မဟုတ်ချေ။ အိန္ဒိယနိုင်ငံ၌ "တပ်ဂျ်မဟာ" ချစ်ဗိမာန်ကို ဆောက်သွားသည့် ရှားဂျဟန် ဘုရင်ကြီးသည် သူ၏မယား မွန်းတပ်ဂျ်မဟာကို မသေမီကပင် ရှိသမျှ မျှဝေပေးပြီးဖြစ်သည်။ သူမကိုသာ ပုံချစ်၍ သူမနှင့် ကလေး တစ်ဒါဇင်ကျော် မွေးခဲ့သည်။ သူမသေသောအခါ စိတ်ရောကိုယ်ရော ချုံးချုံးကျ၍ ယင်းချစ်ဗိမာန်ကြီးကို သူမ၏အလောင်း ဂူသွင်းရန် ပြုလုပ်ခဲ့သည်။ ဤသို့ မိန်းမအပေါ် လုံးလုံးပုံအပ်သော၊ ကြင်နာသော လင်ယောကျ်ားများကား ရှားဘိသည်။ မိန်းမကို အမြဲပြုစု၊ ချစ်ခင်စွာနေ၊ လိုအပ်သည်ကို ပေးကမ်း လိုက်လျောသူများကား ရှားလှစွာ၏။

မိမိစားသောက်ရမည့်အစာကို မျှပေး၊ အစားကောင်း စားရလျှင် မိန်းမကိုခေါ်၊ မိန်းမမှားသည့် အလုပ်တစ်ခုခု လုပ်မိလျှင် ခွင့်လွှတ်၊ မိန်းမ၏ကောင်းကြောင်းကို လူအများအား ပြောပြ၊ ဆင်းရဲ ပင်ပန်းစရာရှိက မိမိကသာ ရှေ့က ခံယူသော ယောကျ်ားများမှာ မိန်းမကို ကြင်နာသည်ဖြစ်၏။

ယောကျ်ားနှင့်မိန်းမ အတူတူတွဲလျှောက်ရာ၌ မိန်းမကို ယောကျ်ား၏လက်ဝဲဘက်ကနေစေခြင်းမှာ ရှေးအခါက ယောကျ်ားများ ဓားကိုင်၍ သွားလာရာ အန္တရာယ်ပေါ်လာပါက ညာလက်ဖြင့် ဓားကို ကိုင်၍ မိန်းမကို ကာကွယ်ရန်ဖြစ်သည်။ လမ်းဘေးပလက်ဖောင်းပေါ်၌ လမ်းလျှောက်ရာတွင်မူ လမ်းမဘက်က ယောကျ်ားကနေ၍ လျှောက် ရသည်။ သို့မှသာ လမ်းမပေါ်က မြင်းရှေး၊ နွားရှေးကျလျှင်၊ စင်လျှင် မိန်းမကို ကာကွယ်ပြီးသားဖြစ်သွားရန် ဖြစ်သည်။ ယခု ဓားမကိုင်သော ခေတ်၌ အတူသွားလာရာတွင် ယောကျ်ားနှင့်မိန်းမ ကြိုက်သလိုနေ၍ သွား၍ရပါသည်။

မိန်းမ နာမကျန်းဖြစ်လျှင် ကြင်နာစွာ ယုယ၊ ဆရာဝန်နှင့် ပြသ။ သူမ မကောင်းမချင်း အိမ်အလုပ်ကို လုပ်ပေးသော ယောကျ်ား၊ မိန်းမ ချက်ပြုတ် လျှော်ဖွပ်နေသည်ကို ကူညီသော ယောကျ်ားသည် မိန်းမကို ကြင်နာသည်ဟူလို။ စာရေးသူ အင်္ဂလန်တွင်နေစဉ်က အင်္ဂလိပ်

ယောက်ျားများသည် အိမ်အလုပ်ကို ဝိုင်းကူလုပ်ကြကြောင်း မြင်ရသည်။ မိန်းမက ချက်ပြုတ်၊ သူတို့က ပန်းကန်ဆေး၊ အဝတ်တွေလျှော်၊ မြက်ခင်းရိတ် စသဖြင့် ဖြစ်သည်။ အိမ်၏သန့်ရှင်းရေးအတွက် တံမြက်လှည်းကြ၊ ဆေးသုတ်ကြသည်ကိုလည်း မြင်ရသည်။ ဤသည်မှာ လင်သားက မိန်းမကို ကြင်နာပြခြင်းဖြစ်သည်။ ရုံဖန်ရံခါ ရုပ်ရှင်ခေါ်သွား၊ ပြဇာတ်ခေါ်ပြ၊ စားသောက်ဆိုင်မှာ ညစာကျွေးကြသည်။ ကြင်နာမှု သရုပ်ပြများဖြစ်ပါသည်။

## (၄) ဇနီးမယားအပေါ် ပုံအောမှု
## (ခုံးချပေါင်းသင်းမှု)

မိန်းမတစ်ယောက်က လင်ယူလျှင် သူနှင့် သေတပန် သက်တစ်ဆုံး ပေါင်းရန် ရည်ရွယ်သည်။ သူမလိုပင် လင်ယောက်ျားကို သူမနှင့် တစ်သက်လုံး ဗုံးဗုံးချ ပေါင်းသင်းရန် လိုလားသည်။ အပျော် ပေါင်းသင်းမှု၊ ခေတ္တပေါင်းသင်းမှုကို မလိုလားပေ။ "ကွယ်ရာတွင် ပျော်မွေ့၊ တွေ့သေအောင်လွမ်း" တတ်သော ယောက်ျားများကို မိန်းမတွေက မနှစ်သက်ပေ။ "မနုစာရီဖြတ်ထုံး" ၌ ယောက်ျား တစ်ဦးသည် နေရာပေါင်းများစွာရောက်သွားရာ ရောက်ရာအရပ်၌ မိန်းမယူသည်။ မိန်းမလေးယောက်ရပြီးနောက် အားလုံးနှင့် ပြန်ဆုံရာ မည်သူနှင့် ဆက်လက်ပေါင်းသင်းရမည်ကို ဆုံးဖြတ်သော ဝတ္ထု ဖြစ်သည်။ မနုစာရီက ယောက်ျားနှင့် မိန်းမ နှစ်ဦးသဘောတူသည့်ဘဝ ပေါင်းရန် ရည်စူးသူများဖြစ်မှသာ ပေါင်းစေဟု ဆုံးဖြတ်သည်။ သို့ဖြင့် လင်ပျောက်သွား၍ စွန့်လွှတ်လိုက်သူ၊ လင်သေပြီဟု ယူဆသူနှင့် လင်ကို နှင်ချလိုက်သူနှင့် မပေါင်းစေရ။ လင်အား ချက်ပြုတ် ကျွေးမွေးသော၊ လင်က မိန်းမအတွက် ဝင်ငွေရှာနေသောအချိန်၌ အိမ်မှ မျှော်နေသော မိန်းမနှင့်သာ ပေါင်းစေသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း နာမည်ယူသော ဝန်စာရေး ဦးကြီး၏ "ချဉ်ပေါင်ရွက်သည် မောင်မှိုင်း" ဝတ္ထု၌လည်း ယောက်ျား ဖြစ်သူ မောင်မှိုင်းသည် လှေတစ်စင်းနှင့် ဧရာဝတီမြစ်ရိုးတစ်လျှောက်

သွားလာရာတွင် ရောက်ရာအရပ်မှာ မိန်းမယူသည်။ သူ့ကို လူပျို့ထင်၍ ချစ်ခင်နှစ်သက် ယူကြခြင်းဖြစ်ရာ သူ့မှာ မိန်းမများမှန်းသိသောအခါ ထိုမိန်းမများက သူ့ကို မချစ်နှစ်သက်ကြတော့ပေ။

စာရေးသူ၏သူငယ်ချင်း ဆရာဝန်တစ်ဦးမှာ ဆေးကျောင်းမှ ဆင်း၍ ဆရာဝန်လုပ်သောအခါ ရည်းစားတွေတစ်ပုံကြီးဖြစ်နေသည်။ တစ်ဦးက ဆေးကျောင်းအတူတက်ဖက် ဆရာဝန်မ၊ သူမက သူ့မှာ အခြားရည်းစားတွေရှိမှန်း သိသောအခါ ပစ်သွားသည်။ တစ်ဦးက ဖဆပလဝန်ကြီးတစ်ဦး၏ တူမ၊ အကြီးအကျယ် လက်ထပ်ရန် စီစဉ်ထားပြီးမှ သူက သူ့မှာ ငယ်ရည်းစားရှိသေးသည်ဟု ပြော၍ ဝန်ကြီးက မင်္ဂလာဆောင်မပေးတော့။ အဲ . . . ယင်းငယ်ရည်းစားကပဲ သည်းခံ၍ သူ့ကို လက်ခံခဲ့သည်။ ထိုအခါ သူမနှင့် အိမ်ထောင်မြဲ၍ ကလေး (၃)ယောက် ရခဲ့သည်။ ဆိုလိုသည်မှာ မိန်းမတွေသည် မိမိအပေါ် လုံးလုံးလျားလျား ပုံချစ်သော သေတစ်ပန် သက်တစ်ဆုံး ပေါင်းမည်ဟု စိတ်ဒုံးဒုံးချယူသောသူကိုမှ ကြည်ဖြူကြသည်ဟုလို။

### (၅) ဉာဏ်ပညာ

အိမ်ထောင်ပြုသော ယောကျ်ားသည် ဉာဏ်ပညာရှိ အိမ်ထောင့်တာဝန်ကိုထမ်းမှ မိန်းမတွေက မြတ်နိုးသည်။ အိမ်ထောင်ကျပြီးညမှာ အတူအိပ်ရုံနှင့် ထိုယောကျ်ားကို မိန်းမတွေက သဘောမကျ။ ပိုက်ဆံအများကြီး မရချင်နေပါ၊ အိမ်အတွက် အလုပ်လုပ်ပါ၊ ဝင်ငွေရှာပါဟု ပြောလိုခြင်းဖြစ်သည်။

## လူပျင်း လူညံ့ကို မကြိုက်ပါ

လူပျင်း လူညံ့ကို မည်သည့်မိန်းမမျှ အိမ်ထောင်ဘက် မပြုလိုကြပေ၊ လင်အဖြစ် တစ်သက်လုံးပေါင်းရန် မလိုပေ။ တစ်ခါက ပိုက်ဆံရှိလူကြီးတစ်ဦးသည် သူ့သမီးအတွက် ပညာရှိလင်ဖြစ်ရန် ယောကျ်ားကိုရှာရာ အမြဲတမ်းထိုင်၍ မေးကုံစမ်းနေသောလူကို တွေ့သည်။ ဤသူသည် အမြဲစဉ်းစားနေသူဖြစ်၍ ဉာဏ်ရှိမည်။ မိမိသမီးနှင့်

ပေးစားရသော် ကောင်း၏ဟု ယုံမှတ်ကာ ပေးစားခဲ့သည်။ ပေးစားပြီးနောက် တစ်လလည်း အလုပ်မလုပ်၊ နှစ်လလည်း အလုပ်မလုပ်၊ လများစွာကြာလည်း အလုပ်မလုပ်။ မေးကိုစမ်း၍နေသည်။ သို့ဖြစ်၍ ထိုသူဌေး ယောက္ခမအထီးက "သားမောင် . . . မုတ်ဆိတ်ကိုကိုင်၊ မေးကို စမ်းနေသည်မှာ ဘာလုပ်မလို့ပါလဲ" ဟု မေးရသည်။ ထိုအခါ သမက်ဖြစ်သူက "အဘ . . . မေးရှိ မုတ်ဆိတ်နှင့် ခေါင်းမှ ဆံပင်တို့ မည်သို့ ဆက်စပ်မှုရှိသည်ကို စဉ်းစားနေတာပါ" ဟု ပြန်ဖြေသည်။ သို့ဖြင့် သူဌေးကြီးမှာ မိမိနဖူး မိမိလက်ဖြင့်ရိုက်ကာ "ဒီတစ်ခါ ငါ့အမှားကြီးလှပါလား" ဆိုကာ ထိုသူငယ်ကို သမီးနှင့် ကွာစေ၍ နှင်ထုတ်ရသည်။ မည်သူမျှ လူပျင်းလူညံ့ကို လင်သားမတော်၊ သမက်မတော်ချင်ကြပေ။

ဤသို့ဆိုသဖြင့် အိမ်ထောင်တိုင်းမှာ လင်ကချည်း ဝင်ငွေရှာရမည်ဟု မဆိုလိုပါ။ မြန်မာစကားပုံ၌ "မောင်တစ်ထမ်း မယ်တစ်ရွက်" ဟုဆိုရာ လင်ရော မယားပါ အတူအလုပ်လုပ် ဝင်ငွေရှာနိုင်ပါသည်။ ယင်းသို့လုပ်ရင်း တည်မြဲနေသော အိမ်ထောင်များ ရှိပါသည်။ ပုံစံအားဖြင့် အမေရိကန်သမ္မတဟောင်း ဘီလ်ကလင်တန်နှင့် ယခုနိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၊ ရီးဒါးဒိုင်ဂျက်စ်မဂ္ဂဇင်း စထုတ်သူ လု(စ်)ဇနီးမောင်နှံ၊ မြန်မာနိုင်ငံမှ ဆရာဝန်ကြီး ကာနယ် မင်းစိန်နှင့် ဒေါက်တာ ဒေါ်ရင်မေ၊ စာရေးဆရာလောက၌ လူထု ဦးလှ + ဒေါ်အမာ၊ ဦးတက်တိုး + ဒေါ်နုယဉ်၊ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ဂျာနယ်ကျော်မမလေး စသည်။

ဤသို့ လင်ရော မယားပါ ဝင်ငွေရှာရာ၌ လင်က ပိုရရန် အမြဲမလိုပါ။ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲယား၏မိန်းမသည် သူ့ထက် ဝင်ငွေပိုရခဲ့ပါသည်။

## မိန်းမများကြိုက်ယောကျာ်း ကိုယ်ရည်ကိုယ်သွေး

ဤ၌ မိန်းမများသည် ယောကျာ်းများ၏ အောက်ပါ ကိုယ်ရည်ကိုယ်သွေးကို ကြိုက်နှစ်သက်ကြပါသတဲ့။

(၁) မိန်းမတွေ ရယ်မောအောင် ပြုနိုင်၊ ပြောနိုင်သူ
(၂) စကားအပြောကောင်းသူ
(၃) ဟင်း ထမင်းအချက်ကောင်းသူ
(၄) အကကောင်းသူ
(၅) မိန်းမတွေ စိတ်အေးအောင် ပြုနိုင်၊ ပြောနိုင်သူ
(၆) ကလေးများကို ချစ်မြတ်နိုးသူ
(၇) ကျန်းမာသန်စွမ်းသောသူ
(၈) ပညာဗဟုသုတရှိသူ
(၉) စာတော်သူ၊ ဉာဏ်ပညာထက်မြက်သူ
(၁၀) အပေါင်းအသင်းဆန့်သူ

## မိန်းမများမပြောချင်သည့်စကားများ

သို့ရာတွင် မိန်းမများသည် အောက်ပါအတိုင်းပြောမှ နားလည်သည့်ယောကျာ်းများကို မကြိုက် မနှစ်သက်ပါတဲ့။

(၁) မိတ်ဆွေအဆင့်ကတက်ပြီး ချစ်သူဖြစ်စို့လား။
(၂) မတုန်မလှုပ် ထိုင်နေရတာတော့ မကောင်းတော့ပါ။
(၃) ရှင့်ကိုယ်ကလဲ စွဲမက်စရာကောင်းပါတယ်။
(၄) ကျွန်မကိုချစ်ရင် နမ်းပါဦးရှင်။
(၅) ရှင်ဝတ်ထားတာကလေး ချစ်စရာ။
(၆) ရှင့်လက်ဆောင်တွေက သိပ်အဖိုးတန်တာ။
(၇) ချောကလက်၊ သကြားလုံးက ဘာလုပ်ဖို့လဲ။
(၈) ဈေးလျှော့ရောင်းတဲ့ပစ္စည်းတော့ ဝယ်လာမပေးပါနှင့်။
(၉) ကျွန်မကိုယ်က စွဲမက်စရာရှိရဲ့လား။

(၁၀) ရှင့်မှာ ရည်းစားဟောင်းတွေရှိရင် ဆက်လေ။
အတိုချုံးရသော် . . .
(၁) မိန်းမတို့သည် အားကိုးရသော လင်သားကို လိုချင်သည်။
(၂) သူမကို အမြဲချစ်နေစေချင်သည်။
(၃) ရိုးမြေကျပေါင်းရန် ရည်ရွယ်ပါသည်။

အခန်း (၆)

# အိမ်ထောင်မှုမှာ ယောကျ်ားက ဘာလိုသလဲ

## အိမ်ထောင်ပြုခြင်း၏ အဓိပ္ပာယ်

ယောကျ်ားနှင့်မိန်းမ အိမ်ထောင်ပြုရာ၌ အိမ်ထောင်မှု၏ အရင်းခံသည် နှစ်ဦးသဘောတူ လွတ်လပ်စွာ လိင်ဆက်ဆံမှုပြုရန် ဖြစ်သည်။ "ကာမဆက်ဆံမှုလိုင်စင်" ယူခြင်းဟုပင် ပြောနိုင်သည်။ ဤသည်မှာ သိပ္ပံပညာအရ မျိုးဆက်သစ်များ မွေးထုတ်ပေးရန် ဖြစ်သည်။ လူများအနေဖြင့်မူ မိမိဆက်ဆံလိုသောသူနှင့် လိင်ဆက်ဆံ နိုင်ရန်ဖြစ်သည်။ စာရေးဆရာကြီး သော်တာဆွေ၏ အလိုအရ အိမ်ထောင်ပြုလိုက်ခြင်းမှာ မိမိအိပ်လိုသောမိန်းမနှင့် လွတ်လပ်စွာ အိပ်နိုင်ရန် ပြုလုပ်ခြင်းဖြစ်သည်။

ယောကျ်ားများသည် သမီးရည်းစားဖြစ်ရန်အတွက် ရုပ်ရည် လှပသော သို့တည်းမဟုတ် ကိုယ်လုံးကိုယ်ထည် တောင့်တင်းသော (ဝါ) အချိုးကျသော မိန်းမကို ရှာကြံပိုးကြသည်။ "လှတစ်မျက်နှာ ယဉ်တစ်ကိုယ်လုံး" ပိုင်ရှင်များကို ဦးစားပေး ကြိုက်ကြသည်။ ဤသည်မှာ သဘာဝအရ မျိုးစေ့အောင်မြင်သော အမကို ရွေးချယ်ခြင်း

ဖြစ်သည်။ မည်သည့်ဖိုသတ္တဝါသည် ရှုနာရှိုက်ကုန်း မိန်းမတုံးကို ရွေးချယ်ပါမည်နည်း။ မျိုးဆက်မပြန့်ပွားနိုင်ပါက မိမိ၏ ဗီဇမျိုးစေ့များမှာ အလကားဖြစ်သွားပေမည်။

မည်မျှပင် အရုပ်ဆိုးသောယောက်ျားဖြစ်စေ အလှပဆုံးမိန်းမကို လိုချင်ကြသည်။ ဗုဒ္ဓ၏ ငါးရာ့ငါးဆယ် နိပါတ်တော်ဝယ် "မင်းကုသနှင့် ပပဝတီ" ဇာတ်သည် ထိုအချက်ကို ကောင်းစွာ ဖော်ပြနေသည်။ ခုနစ်ဆောင်တိုက်ခန်း မီးမထွန်းဘဲလင်းသော အလှဘုရင်မပပဝတီကလည်း ကျောက်ပေါက်မာနှင့် ကိုရုပ်ဆိုးကို အစက မကြိုက်သော်လည်း မိမိနိုင်ငံ၏ ရန်သူများကို ဖြိုခွင်းနှိမ်နင်းပေးသောအခါ ပြန်လည်ကြိုက်သွားသည်။ ယောက်ျား၏အစွမ်းကို အထင်ကြီး လေးစားသွားသည်။

အစွမ်းရှိသော ယောက်ျားများကို မိန်းမများက အလွန်နှစ်သက်ကြသည်။ မြန်မာရာဇဝင်သမိုင်းမှ ကျန်စစ်မင်းကြီးဆိုလျှင် ဟံသာဝတီ ပဲခူးမှ မွန်မင်းသမီး မဏိစန္ဒာကလည်း ကြိုက်သည်။ မထီးတူမ သမ္ဘူလကလည်း ချစ်သည်။ အပယ်ရတနာကလည်း မြတ်နိုးသည်။ ထီးလှိုင်ရှင် သူကြီးသမီးကလည်း ချစ်နှစ်သက်သည်။ ကျန်စစ်မင်းကြီး နန်းတက်သောအခါ တရားဝင် မိဖုရားလေးပါးနှင့် ဖြစ်သည်။ "ယောက်ျားကောင်း မောင်းမတစ်ထောင်" ဟု ဆိုရိုးစကားပင် ရှိသည်မဟုတ်ပါလော။

## ယောက်ျားတွေ၏လိုအပ်ချက်

ကောင်းပြီ။ ကျန်းမာသော၊ လိင်ဆက်ဆံမှုပြုနိုင်သော ယောက်ျားတွေက အိမ်ထောင်သည်ဘဝ၌ ဘယ်လိုမိန်းမမျိုးကို ကြိုက်တာလဲ။ ဘာကို ချစ်မြတ်နိုးတာပါလဲ။ ဘာလိုချင်ပါသလဲ။ အဖြေမှာ တိုတိုရှင်းရှင်းကလေးဖြစ်သည်။ သူ ကာမဆက်ဆံမှုပြုချင်သောအခါ၌ ပြုခွင့်ပြုသောမိန်းမ၊ ပြုနိုင်သောမိန်းမကို ကြိုက်ခြင်းပင်ဖြစ်သည်။ သူမ၏ အလှအပ၊ အချွဲအနွဲ့၊ ဉစ္စာပစ္စည်းတို့ မဟုတ်ပေ။ သူလိုသည်မှာ မိန်းမထံမှ ကာမ၊ အပြုအစု၊ အယုအယနှင့် မျိုးစေ့ပြန့်

နိုင်ရန် ကိုယ်ဝန်ဆောင်နိုင်မှုတို့ဖြစ်သည်။ သိပ္ပံပညာရှင်တို့၏ အလိုအရ အိမ်ထောင်ရှင်ယောကျ်ားက အိမ်ထောင်သည်ဘဝ၌ လိုအပ်သည်မှာ-

(၁) ကာမဆက်ဆံမှု
(၂) ထမင်းချက်၊ အဝတ်လျှော်၊ အိမ်ထောင်ထိန်းသိမ်းမှု
(၃) မိမိနှင့် သားသမီးရလျှင် ကျွေးမွေးပြုစုဖို့
(၄) မိမိတစ်ဦးတည်းနှင့်သာ လိင်ဆက်ဆံဖို့ (ဝါ) သစ္စာရှိဖို့
(၅) မိမိမှတစ်ပါး အခြားယောကျ်ားများနှင့် ကင်းရှင်းဖို့

သို့ဖြစ်၍ ယောကျ်ားများ၏အလိုကို အချိန်မရွေး၊ နေရာမရွေး လိုက်သော မိန်းမကို ယောကျ်ားဖြစ်သူက ကြိုက်နှစ်သက်သည်။ သူမ အပေါ်မှာ သေတစ်ပန် သက်တစ်ဆုံး သစ္စာရှိသည်။ သူမနှင့်သာ ကလေးများ ရယူလိုသည်။ သူမအတွက် ဘာမဆို လုပ်ပေးမည်။ ဘာမဆို ပေးမည်။ "မောင့်အသွေးတွေ၊ မောင့်အသားတွေ လိုရာ သုံးစေ" ဟု ပြောတော့သည်။

## ယောကျ်ားတို့မကြိုက်သည်မှာ

သို့ဖြင့် အလှမာန်တက်သောမိန်းမများ အိမ်ထောင်မှု အဆင်မပြေ ဖြစ်ကြရသည်။ ယောကျ်ားက တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်၍ ကာမအရသာ ခံစားချင်သော်လည်း မိန်းမက မလိုက်လျောလျှင်၊ နေ့ညရှောင်နေလျှင်၊ အတူတော့ အအိပ်ခံပါလျက် ကလေးမလိုချင်လျှင် အခက်ကြုံတော့သည်။ ကလေးမရ သို့မဟုတ် မယူသဖြင့် အီရန်ဘုရင် ရှားဘုရင်သည် ယင်းမိဖုရားနှင့် ကွာဖူးသည်။ နိုင်ငံအများ၌ ကလေးမရခြင်းသည် ကွာရှင်းရန် ခိုင်လုံသော အကြောင်းတစ်ခုဖြစ်သည်။ တရုတ်လူမျိုးများသည် အမြုံမကို ရေရှည် မပေါင်းသင်းပေ။ သူဌေးသမီး သုဇာတာသည် ကလေးရရန် ရုက္ခစိုးနတ်အား ယနာနို့ဆွမ်း ကပ်လှူရာ သဗ္ဗညုတ ဘုရားရှင်ဖြစ်နေသည်ကို သိရသည်။ ကလေးလည်းရ၊ ဘုရားရှင်ကိုလည်း ပထမဆုံးဖူးရသော ဒါယကာမ ဖြစ်ခဲ့လေသည်။

## လင်၏အမှုအရာ

အိမ်ထောင်ရှင်ယောကျ်ားတစ်ယောက်သည် မိန်းမနှင့် အတူ အိပ်ရန်အတွက် ဘာမဆို လုပ်ပေလိမ့်မည်။ ကာမဆက်ဆံမှုမပြုရသည်မှာ အချိန်ကြာနေပါက မိန်းမနှင့် တွေ့ရလျှင် မိမိ၏ အဖိုးတန်ပစ္စည်းကိုပင် ချွတ်ပေးပေမည်။ အင်္ဂလန်မှ တန်ခိုးကြီးသောဆာဝေါလတာရလေး (Sir Walter Raleigh) သည် သူ၏ချစ်သူမိန်းမ နွံ့ဗွက်ပေါ်မှာလျှောက်ရန် သူ၏ အဖိုးတန်ကုတ်အင်္ကျီကို ချွတ်၍ ခင်းပေးဖူးသည်။

မိန်းမနှင့် ကာမဆက်ဆံမှုပြုရန်အတွက် ယောကျ်ားများသည် စိတ်ကူးယဉ်နေကြမည် မဟုတ်ပေ။ လက်တွေ့ကျကျ မိန်းမကို ဆက်ဆံကြမည်ဖြစ်၏။ မိန်းမကြိုက်အောင် ပြောမည်။ မိန်းမစိတ်ပါအောင် နှူးမည်။ နောက်ဆုံး အောင်မြင်စွာ နှစ်ဦး ချစ်တင်းနှောကြလေ၏ ဆိုသည်ကို လိုချင်ကြသည်။ ယင်းသို့ ဆက်ဆံမပြီးမီ မိန်းမတောင်းသမျှ ပေးမည်။ မိန်းမ မေးသမျှ ဖြေမည်။ မိန်းမ၏အလိုကို အကုန်လိုက်မည်။

## မယားပြောတစ်ညီ

သို့ဖြစ်၍ ဆောင်တော်ကူးရန်လာသော ဘုရင်များထံမှ မိဖုရားများက မိမိတို့လိုရာ တောင်းယူကြသည်။ ပုဂံရာဇဝင်၌ ထီးလိုမင်းလို ဘုရင်လောင်း၏မိခင်သည် ထိုသို့ပင် ဘုရင်ကြီးထံမှ ဆုတောင်းယူသည်။ မိန်းမကမေးသမျှ ပြောသဖြင့် ရန်သူ၏အကြံအစည်ကိုသိရန် မိန်းမသူလျှိုများ မွေးကြသည်။ မာတာဟာရီသည် ဂျာမန်စစ်ဗိုလ်ကြီးများနှင့် ပျော်ပါးပြီး စစ်ရေးလျှို့ဝှက်ချက်များကို ရယူသည်။ ရသည့်သတင်းကို ဆိုဗီယက်ယူနီယံသို့ ပို့ပေးသည်။ သို့ဖြင့် ဂျာမန်များ စစ်ရှုံးရသည်။ သို့ဖြစ်၍ မဟော်သဓာဇာတ်တော်ကြီး၌ ဝိဒေဟရာဇ်မင်းကြီးက "လျှို့ဝှက်ချက်ကို မည်သူ့အား ပြောအပ်သလဲ" ဟု မေးရာ သိန်း၊ ဒေဝိန်၊ ကာမိန်းနှင့် ပုက္ကုသတို့က မိတ်၊ သူငယ်ချင်း၊ မယား၊ ကျွန် စသည်တို့ကို ပြောသင့်သည်ဟု ပြောရာ သူတို့ပြောသမျှ

ပေါက်ကြားခဲ့သည်။ မပော်သဓာက "မည်သူ့ကိုမျှ မပြောသင့်" ဟု ပြော၍ လျှို့ဝှက်ချက်ကို ထိန်းသိမ်းခဲ့သည်။

## လင်ယောကျ်ားများစိတ်မဝင်စားသည်မှာ

အိမ်ထောင်သည်ယောကျ်ားများသည် အောက်ပါလုပ်ရပ်များကို အလေးမထား၊ စိတ်မဝင်စားကြပါ။

(၁) မင်္ဂလာဆောင်နှစ်ပတ်လည် မည်သို့ဆင်နွှဲမလဲ
(၂) ဇနီးမယား သစ္စာရှိအောင် ပြုလုပ်နည်း
(၃) မိန်းမ စွဲမက်အောင် မည်သို့ ဝတ်ဆင်မည်နည်း
(၄) မိမိချစ်သောမိန်းမကို ရှာဖွေနည်း
(၅) စီးပွားတိုးတက်အောင် ကြံဆောင်နည်း
(၆) အောင်မြင်သော လင်သားတစ်ယောက်ဖြစ်ရေး
(၇) ဗိုက်သားလှအောင် လေ့ကျင့်ခန်း

## လင်ယောကျ်ားများစိတ်ဝင်စားသည်မှာ

အိမ်ထောင်သည် ယောကျ်ားများကလည်း အောက်ပါကိစ္စများကို ပိုမိုစိတ်ဝင်စားကြသည်။ ပြောရန်လည်း ဝန်မလေးကြ။ သူတို့ပြောတတ်သော စကားများနှင့် ဆိုလိုရင်းမှာ အောက်ပါအတိုင်း ဖြစ်သည်။

(၁) မိန်းမက သိပ်လှတာပဲ။
(ဆိုလိုသည်မှာ ငါနှင့်အတူအိပ်ရအောင်)
(၂) ကနေ့တော့ မင်းက ပျံ့နေတာပဲ။
(မင်းကို ငါကြိုက်တယ်။ အတူအိပ်ရမယ်နော်)
(၃) မင်းနှင့်ပါ မိတ်ဆွေလို နေကြရအောင်။
[ငါသွားရာ မလိုက်နှင့်။ အံမြတမ်း ဖုန်းမဆက်၊ ကြိုးမဲ့ဖုန်း (ဟဲင်းဖုန်း) နှင့် သတင်းမပို့နှင့်]
(၄) မင်းဝတ်ထားတာ ရုပ်ရှင်မင်းသမီးရှုံးတယ်။
(ငါ မင်းနှင့် အတူအိပ်ချင်ပြီ)

(၅) ငါနှင့် အတူတူ ကော်ဖီလာသောက်ပါလား။
(တို့ လွတ်လွတ်လပ်လပ် ကာမဆက်ဆံမှုပြုရအောင်)
(၆) ဝိုင်ကလေး နည်းနည်းသောက်ပါလား။
(မင်း ဒီထက်ပိုလွတ်လပ်ပါ။ လိင်ဘက်လိုက်ပါ။)
(၇) ဒီည စောစောအိပ်မယ်။ မနက်ဖြန်မှာ အလုပ်ရှိတယ်။
(မင်းနှင့် ငါ ဒီည တော်လောက်ပြီ)
(၈) မင်းနှင့် ငါ ပွင့်ပွင့်လင်းလင်း ပြောကြ၊ ဆက်ဆံကြရအောင်။
(မင်းနှင့် ငါ ခပ်တန်းတန်း နေကြရအောင်)
(၉) ညကလပ်ကပြန်မှ ဖုန်းဆက်မယ်။
(မင်းနှင့် ဆက်ဆံဖို့က အခြေအနေအရပဲ)
(၁၀) တို့ ဘာလုပ်ရမယ်ဆိုတာ ငါပြောမယ်။
(လိင်ဆက်ဆံဖို့ဆိုတာ ငါကလိုမှ။ ငါမခေါ်မချင်း မလာနှင့်)

## အိမ်ထောင်၏လည်ဆွဲကလေးတွေပဲ

အိမ်ထောင်ရှင် ယောက်ျားအများစုသည် အိမ်ထောင်ပြုလျှင် ကလေးရမည်ဆိုသည်ကို သိသည်။ အိမ်ထောင်ကျစ ပထမတစ်နှစ်နှစ်နှစ်သာလျှင် ကလေးမရအောင် သန္ဓေတားလိုကြသည်။ (၃-၄)နှစ်ကြာလာလျှင် ကလေးယူလိုကြသည်။ အထူးသဖြင့် အသက် (၃၀) ကျော်မှ အိမ်ထောင်ကျသော ယောကျ်ားနှင့် မိန်းမများသည် အိမ်ထောင်ကျပြီး ကလေးယူရန် မဆိုင်းလိုကြချေ။

စင်စစ် ကလေးယူရာ၌ သတို့သမီး (ဝါ) မယား၏ အသက်ကပို အရေးကြီးသည်။ အသက် (၃၅)နှစ်ကျော်သော မိန်းမများမှာ "ဉာဏ်ရည်ထိုင်းသောကလေးများ (Down's Syndrome)" မွေးလာနိုင်သောကြောင့်ဖြစ်သည်။ လင်ယောက်ျား၏ အသက်မှာမူ အရေးမကြီး။ အရွယ်ရောက်သည်မှ သက်ကြီးရွယ်အိုအထိ ဖခင်ဖြစ်နိုင်ကြသည်။ အင်္ဂလန်နိုင်ငံ၌ ဆယ်ကျော်သက်ဖခင်များ ရှိလာသည်။

## ယောကျ်ားတို့ကြိုက်သော မိန်းမ

## အရည်အချင်း

မိမိသားသမီးများမှာ ကျန်းမာသန်စွမ်း၍ ဉာဏ်ပညာပြည့်လို ကြသည်။ ဉာဏ်ရည်ချွန်သော ကလေးများကို မွေးလိုကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။ လင်ယောကျ်ားများက မိမိအတွက် သားကောင်း သမီးကောင်းများ မွေးပေးနိုင်ရန် အောက်ပါမိန်းမ (၀) မယားမျိုးကို အလိုရှိကြသည်။

(၁) ရုပ်ရည်သန့်မှု
(၂) ကိုယ်ရည်ကိုယ်သွေးကောင်းမှု
(၃) ကျန်းမာမှု
(၄) ဉာဏ်ရှိမှု
(၅) ပေါင်းသင်းဆက်ဆံတတ်မှု

## မိန်းမကြိုက်သော ယောကျ်ား၏

## အရည်အချင်း

မိန်းမများကလည်း မိမိမွေးသောကလေးများ၏ဖခင် မိမိလင်ကို အောက်ပါအရည်အချင်းများနှင့် ပြည့်စုံစေချင်သည်။

(၁) ကိုယ်ရည်ကိုယ်သွေးကောင်းခြင်း
(၂) ပျော်တတ်ခြင်း
(၃) ခံစားတတ်ခြင်း
(၄) ဉာဏ်ပညာပြည့်ဝခြင်း
(၅) ကျန်းမာခြင်း

ယောကျ်ားများသည် မိမိခန္ဓာကိုယ်ကို ဂရုမစိုက်သော၊ အလှ မပြင်သော မိန်းမများကို မကြိုက်နှစ်သက်ကြချေ။

## လင်ယောက်ျားများမလိုချင်သည့် မိန်းမအကျင့်

လင်ယောက်ျားများက မလိုချင်သော မိန်းမများမှာ အောက်ပါ အတိုင်းဖြစ်သည်။

(၁) မိမိကိုယ်ကို အလှမပြင်သော၊ ဂရုမစိုက်သောမိန်းမ
(၂) ညည်းတွားမြည်တွန်သောမိန်းမ
(၃) မြှုသောမိန်းမ
(၄) လူထဲမတိုးသောမိန်းမ
(၅) ရောဂါရနေသောမိန်းမ
(၆) အမျက်ဒေါသကြီးသောမိန်းမ
(၇) မာန်မာနကြီးသောမိန်းမ
(၈) ပစ္စည်းဂုဏ်မောက်သောမိန်းမ
(၉) လင်သားကို အထင်မကြီးသောမိန်းမ

### (၁) မိမိကိုယ်ကို မပြုမပြင်နေသော မိန်းမ

လောက၌ မလှသောမိန်းမဟူ၍ မရှိ။ မပြုမပြင် နေထိုင်သော မိန်းမသာ ရှိသည်။ သို့ဖြစ်၍ မိန်းမများသည် အိမ်ထောင်ကျပြီးက ဘာမှလုပ်စရာမရှိတော့ဟု ယူဆကာ ပစ်စလက်ခတ်နေပစ်ရန် မသင့်ပါ။ မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်ပါ။ မျက်နှာကို မိတ်ကပ် ပေါင်ဒါဖို့ပါ။ နှုတ်ခမ်းနီဆိုးပါ။ ကိုယ်ကာယအလှ အချိုးကျအောင် စားပါ။ လေ့ကျင့်ခန်းလုပ်ပါ။ မိမိကိုယ်ကို မွှေးကြိုင်အောင် နေထိုင်ပါ။ သို့ဆိုက လင်ယောက်ျားက အမြဲချစ်နေပါလိမ့်မည်။ မပြုမပြင် ဖရိုဖရဲ နေသော မိန်းမ၊ ဝလွန်းသောမိန်းမ၊ မျက်နှာအဆီပြန်နေသောမိန်းမ၊ ချွေးစော်နံနေသောမိန်းမကို ယောက်ျားတွေက မကြိုက်ပါ။

မြန်မာသမိုင်း၌ တောထဲက ကောက်ရသော ဝေဠုဝတီ မိဖုရားသည် မပြုမပြင်သဖြင့် မလှပ။ သို့ဖြစ်၍ ဘုရင်က မကြိုက်။

ညီတော် နရပတိစည်သူကို ပေးလိုက်သည်။ သူ့လက်ထဲရောက်မှ သူ့အမေက လှပအောင် ပြုပြင်ပေး၏။ ထိုအခါ အစ်ကိုတော်က ခယ်မကို လိုချင်သဖြင့် နရပတိစည်သူကို နယ်ခြားသို့ စစ်သွားတိုက်ခိုင်းသည်။ နောက် ခယ်မ ဝေဠုဝတီကို သိမ်းပိုက်သည်။ ညီတော်က သူလျှိုထားခဲ့ကာ အကြောင်းစုံသိ၍ ပြန်တိုက်၏။ မိန်းမလှလှကို ယောကျ်ားတွေက သည်မျှ တန်ဖိုးထားကြသည်။

## (၂) ညည်းတွားမြည်တွန်သောမိန်းမ

သမီးရည်းစားဘဝမှာ ဘာမျှမပြော၊ အိမ်ထောင်မကျမီ တုန်းက ယောကျ်ားလုပ်သူတို့ အလိုလိုက်ခဲ့သမျှ အိမ်ထောင်ကျပြီးမှ ဟိုဟာဝတ် ဝတ်ပြန်ပြီ၊ ဒီဟာစား စားပြန်ပြီ၊ ဟိုလူနဲ့တွဲ တွဲပြန်ပြီ၊ ဟိုဟာလုပ် လုပ်ပြန်ပြီ၊ ဒီဟာလုပ် လုပ်ပြန်ပြီနှင့် မြည်တွန်တတ်သော မိန်းမကို ယောကျ်ားတွေက မကြိုက်။ နားငြီး၍ဖြစ်သည်။ ဇီဇာကြောင်၍ ဖြစ်သည်။ ယောကျ်ားကို နားလည်ခွင့်လွှတ်ပါ။ ပျော်အောင် ထားပါ။ လင်ယောကျ်ား၊ သူ့မိတ်ဆွေ၊ မိဘ၊ မိမိတို့၏ကလေး သိပ်မပြောပါနှင့်။ လူတိုင်းပင် စင်းလုံးချော၊ ခြောက်ပြစ်ကင်း မဟုတ်နိုင်ကြပါ။

## (၃) မြူသောမိန်းမ

အိမ်ထောင်တစ်ရာတွင် (၉၀)ကျော်သည် ကလေးလိုချင်ကြသည်။ အိမ်ထောင်ကျပြီး သားမခြားဘဲ ကလေးမရက ဆေးစစ်ခံပါ။ ကလေးမရနိုင်သောအကြောင်းများ များစွာရှိသည်။ အချို့မှာ ကု၍ ရပါသည်။ ဘာမျှမလုပ်ဘဲ ပစ်ထားပါက ကလေးမရလျှင် လင်က ပစ်သွားပါလိမ့်မည်။ ကျားဘမ်းပရုတ်ဆီပိုင်ရှင် သူဌေးကြီးသည် ပထမ မိန်းမနှင့် ကလေးမရ၍ သူတို့အိမ်တွင် သန့်ရှင်းရေးလာလုပ်သော မိန်းမနှင့် ကလေးရသည်။ သို့ဖြင့် တရားဝင် ယူလိုက်သည်။ ပထမ မိန်းမကြီးကလည်း သဘောတူလိုက်ရသည်။

## (၄) လူထဲမတိုးသောမိန်းမ

အိမ်ထောင်ကျပြီးက လင်နှင့်မယားမှာ ရှေ့သွားနောက်လိုက် ညီရမည်။ လူထဲသူထဲ အတူသွားရမည်။ မြန်မာများက "ရှေ့သွားနောက်လိုက်ညီတယ်" ဟု ပြောကြသည်။ ထိုသို့ဖြစ်အောင် လင့်အသိုင်းအဝိုင်း၊ မိမိအသိုင်းအဝိုင်းမှာ ဝင်ဆန့်အောင် နေထိုင်ပါ။ "ပညာရဲရင့် ပွဲလယ်တင့်ပါစေ။"

## (၅) ရောဂါရနေသောမိန်းမ

အိမ်ထောင်မကျမီက ကျန်းမာပြီး အိမ်ထောင်ကျသည့်အခါ အိပ်ရာထဲလဲနေပါက လင်သားမှာ စိတ်မချမ်းမသာ ဖြစ်နေပါလိမ့်မည်။ အတူမအိပ်ရရုံမျှမက နေ့စဉ် စားသောက်ရေးအတွက် ပူရ၊ ပြုစုရနှင့် တစ်ပူပေါ် နှစ်ပူဆင့်နေရက မည်သည့်မိသားစုဝင်မျှ မပျော်နိုင်ပါ။ သို့ဖြစ်၍ ကျန်းမာအောင် နေထိုင်ပါ။ မကျန်းမာလျှင် ချက်ချင်း ကုသခံပါ။ ကျိတ်ဆွေးမနေပါနှင့်။ တစ်ဦးတည်း အိပ်ရာပေါ်မှာ ကွေးမနေပါနှင့်။

## လွမ်းစရာဇာတ်လမ်းများ

စာရေးသူတို့ငယ်စဉ်က မုံရွာမြို့မှာ ဆေးလိပ်ခုံပိုင်ရှင် သူဌေးလင်မယားရှိသည်။ လူမှုရေးလုပ်ငန်းများမှာ ဦးဆောင်ပါဝင်ကြ၍ မြို့သူ မြို့သားများက ချစ်ခင်ကြသည်။ နောက် မိန်းမဖြစ်သူမှာ ကိုယ်အောက်ပိုင်းသေ၍ အိပ်ရာမှ မထနိုင်တော့။ ထိုအခါ ယောကျ်ားဖြစ်သူမှာ နေမထိ ထိုင်မသာ။ လူမှုရေးလုပ်ငန်းထဲမှာ မပါတော့။ စီးပွားရေးကျ၊ စိတ်ဓာတ်ကျ။ နောက်ဆုံး မိန်းမကိုယ်တိုင်က သူ့ယောကျ်ားအတွက် နောက်မိန်းမလှလှကလေး ရှာပေးသွားခဲ့ရသည်။ သူမသေမှ ယောကျ်ားဖြစ်သူက ပြောင် လက်ထပ်ယူပါသည်။

စာရေးသူ၏မိတ်ဆွေ သံအရာရှိကြီးတစ်ဦးမှာ မိန်းမက အသက် (၄၀)ကျော် လှပတုန်း၊ ကလေး (၂)ယောက်နှင့် သာယာသော

အိမ်ထောင်ဘ၀ကို ရနေရာ မိန်းမမှာ ရုတ်တရက် မွေးလမ်းကြောင်းမှ သွေးဆင်းသည်။ အထူးသဖြင့် ယောကျ်ားနှင့် လိင်ဆက်ဆံလျှင် သွေးစိမ်းရှင်ရှင် တစ်စက်နှစ်စက်ကျသည်။ ဆရာ၀န်နှင့် ဆေးစစ်ကြည့်တော့ သူမမှာ သားအိမ်ခေါင်းကင်ဆာ (Cervical Cancer) ရနေသည်။ လင်နှင့်အတူ အိပ်၍မရတော့။ ကံကောင်းသဖြင့် အင်္ဂလန်မှာ ဆေးကုခံရသည်။ ညီမချော အပျိုတစ်ယောက်ကို အိမ်မှာ ခေါ်ထားရသည်။ လင်သည်ကို ညီမနှင့် ပေးစားရတော့သည်။

မိန်းမမှာ သားအိမ်ခေါင်းကင်ဆာရသဖြင့် ယောကျ်ားက သတ်ပစ်သလို ထင်ရသော ၀တ္ထုဇာတ်လမ်းလည်း ရှိသည်။ ရီဘက်ကာ (Rebecca) ၀တ္ထုကြီးဖြစ်သည်။ အင်္ဂလိပ်စာရေးဆရာကြီး ဒက်ဖ်ဒီဒူမောရိယာ (Daphne Du Maurier) ၏ ၀တ္ထုဖြစ်သည်။ ဟိုလီးဝုဒ်မှ ရုပ်ရှင်ရိုက်ရာ အကယ်ဒမီရခဲ့သည်။ စင်စစ် ယင်းမိန်းမက သူ့ဖာသာ သေကြောင်းကြံ သေသွားခြင်းဖြစ်သည်။ လင်ယောကျ်ားက နောက်မိန်းမ ယူရာ အစေခံမကြီးက အိမ်ကို မီးရှို့ပစ်ခဲ့သည်။ ဆာ၀င်စတန်ချာချီ၏ အကြိုက်ဆုံး၀တ္ထုဖြစ်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်တို့က လျှို့၀ှက်သင်္ကေတအဖြစ် သုံးခဲ့သည်။

## (၆) အမျက်ဒေါသကြီးသောမိန်းမ

မိန်းမသည် အိမ်ထောင်မှု၌ လင်နှင့်မယား၊ မိဘနှင့် သားသမီး၊ မိမိအိမ်ထောင်နှင့် အခြားအိမ်ထောင်များ ဆက်ဆံရေးတွင် အဓိက အရေးကြီးသောပုဂ္ဂိုလ်ဖြစ်သည်။ သူမက စိတ်တည်ငြိမ်မှု၊ စိတ်ရှည်မှု အရာရာကို ပြေလည်အောင် ဆောင်ရွက်၍ရသည်။ အိမ်ထောင်ကျပါလျက် ဆယ်ကျော်သက်တုန်းကလို ခြေထောက်ဆောင့်၊ စူစူအောင့်အောင့်နှင့် ချွဲနေ၍ မရ။ စိတ်တိုနေ၍ မရ။ စိတ်တိုနေလျှင်၊ အမျက်ဒေါသကြီးနေလျှင် မိမိသာမက မိမိ၏အိမ်ထောင်ပါ ပျက်စီးမည်။ ချမ်းသာမည်မဟုတ်။ ကြီးပွားမည်မဟုတ်။

## မိဖုရားစောလုံ

ပုဂံခေတ်က မိဖုရားစောလုံသည် မင်းကြီးက သကြန်ရေပက်၍ ကစားသည်ကို အမျက်ထွက်၍ မင်းကြီးအား အဆိပ်ပေးသတ်ရန် ကြံခဲ့သည်။ ဤပြစ်မှုဖြင့် တံကျင်လျှိုသတ်ခံရသည်။ သီပေါ၏မဟေသီ စုဖုရားလတ်သည်လည်း အမျက်ဒေါသကြီးသဖြင့် လူအများက ကြောက်ရွံ့ခဲ့ကြသည်။ သူမ၏လင် သီပေါဘုရင်ကို နန်းတင်ပြီးမှ ပြန်ချရန်ကြံသဖြင့် မြန်မာမင်းဆက် ပြတ်ခဲ့ရသည်။ သူမတို့အား အိန္ဒိယသို့ ပို့မည်ပြုသောအခါ မည်သူ့ကျေးကျွန်ရင်း၊ မှူးမတ်တို့မျှ အတူ မလိုက်လိုဟု သိရသည်။ ကင်းဝန်မင်းကြီးနှင့် တိုင်တားမင်းကြီးတို့သည် မန္တလေးမှာ နေခဲ့ကြသည်။

## စိတ်တိုသော ဆရာဝန်လင်မယား

စာရေးသူ၏သူငယ်ချင်း လင်မယားနှစ်ယောက်မှာ ဆရာဝန်တွေ ဖြစ်လျက် စိတ်တိုကြသည်။ ညတိုင်း ထမင်းစားပြီးလျှင် စကားများကြ "သတ်" ကြသည်။ ရပ်ကွက်က လူနာတွေက လာတောင်းပန်မှ ကျေအေးကြသည်။ သူတို့အိမ်ထောင်မှာ သားသမီးတွေ ကြီးလာသည့်တိုင် မပြေလည်၊ ပျော်စရာမရှိ။ လင်က ဆေးခန်းထိုင်ပြီး ညမိုးချုပ်မှ ပြန်လာအိပ်သည်။ မေ့ဆေးပေးရန် ခွဲစိတ်ဆရာဝန်တိုင်းက ခေါ်လျှင် လိုက်သည်။ မိန်းမက အိမ်မှာပဲ လူနာကြည့်သည်။ လင်သည် အကြောင်းကိစ္စရှာ၍ အပြင်မှာပဲ နေတော့သည်။ ရွေးထုံးစဥ်လာ လင်မယားဖြစ်၍သာ မကွဲဘဲနေကြသည်။ လူကတော့ ခွာနေကြသည်သာ။

## (၇) မာန်မာနကြီးသောမိန်းမ

မည်သည့်မိန်းမမျှ အိမ်ထောင်ကျလျှင် လင်သားအပေါ်မှာ မာန်မာန ထောင်လွှားစရာမရှိ။ ဘုရင့်သမီးပင်ဖြစ်စေ သူမသည် လင်၏မယားပင်ဖြစ်သည်။ တစ်ခါက အင်္ဂလန်ပြည့်ရှင် အဲလီဇဘက်

ဘုရင်မကြီးသည် ညတွင် အိပ်ခန်းအပြင်ထွက်၍ လမ်းလျှောက်နေသည်။ လင်သည် ဖီးလစ်မင်းသားက အိပ်ခန်းတံခါးကိုပိတ်၍ အိပ်ရာပေါ်မှာ လှဲနေသည်။ ဘုရင်မကြီးက အိပ်ခန်းထဲဝင်လိုသဖြင့် တံခါးခေါက်သည်။ ဖီးလစ်မင်းသားက မေးသည်။

"ဘယ်သူတံခါးခေါက်နေတာလဲ"

"အင်္ဂလိပ်ပြည့်ရှင်ဘုရင်မကြီးပါ"

"ဘာလို့ခေါက်နေတာလဲ"

"အိပ်ခန်းထဲ ဝင်တော်မူချင်လို့၊ အခုဖွင့်ပါ"

"ဒါ . . . ဖီးလစ်မင်းသားရဲ့အိပ်ခန်း၊ ဘယ်သူ့မှ ဖွင့်မပေးနိုင်ဘူး"

ထိုအခါ အဲလိဇဘက်ဘုရင်မကြီးက ဤသို့ပြောရ၏။

"မောင်တော် နှမတော် အဲလိဇဘက်ပါ။ မောင်တော်နှင့်နှစ်ကိုယ်ယှဉ်အိပ်ခွင့်ရရန် တံခါးဖွင့်ပေးပါဘုရား"

"ကောင်းပြီ၊ နှမတော် ဝင်ခဲ့လော့"

## မိန်းမသဘာဝ

ဤသည်မှာ ဘာကို ပြဆိုသနည်းဆိုတော် လင်မယားဘဝ၊ အိမ်ထောင်သည်ဘဝ၌ ဘုရင်မပင်လျှင် လင်၏အပြုအစုခံဘဝဖြစ်သည်ဟူလို။

စာရေးသူတို့ငယ်ငယ်က မင်းဆွေ၏ ဘုနှင့်ဘောက်ဇာတ်လမ်းများကို ဖတ်ရသည်။ အစတွင် မယ်သည် အလွန်မောက်မာသည်။ ဘုကျသည်။ မောင်ကို လူမထင်။ သူမမှာ ဥစ္စာရှိသည်။ ဉာဏ်ပညာရှိသည်။ မိဘဂုဏ်ရှိသည်။ သို့သော် နောက်ဆုံး လောကသဘာဝအရ မောင်နှင့် ညားသောအခါ ယင်းမာနများ အရည်ပျော်ကျသွားတော့သည်။ သို့ဖြင့် မယ်သည် မောင်ကိုင်ချင်သလို ကိုင်၍ရသော၊ ပုံထု၍ရသော ဖော့ဖယောင်းဖြစ်သွားတော့သည်။

## ဝိသာခါကျောင်းအမကြီး

ဤသို့ အိမ်ထောင်ကျလျှင် မိန်းမများ လင်သားအပေါ် မမောက်မာရအောင်၊ မာနမထောင်လွှားရအောင် မြတ်စွာဘုရားက ဝိသာခါမိဖုရားကြီးကို ဟောပြောခဲ့သည်။ မြတ်စွာဘုရား၏ ဟောပြောချက်အတိုင်း ဝိသာခါမိဖုရားကြီး နေထိုင်ခဲ့ရာ သောတာပန် တည်ခဲ့သည်။ နိဗ္ဗာန်ကို ဝင်လိုက ယခုဘဝတွင်ပင် ဝင်၍ရပြီ။ သို့သော် မဝင်သေး၊ ခုနစ်ဘဝ စံစားပြီးမှ ဝင်မည်ဟု သိရသည်။ မြန်မာ ဗုဒ္ဓဘာသာ မိန်းမတိုင်း ဝိသာခါထုံး နှလုံးမူ ကျင့်သင့်ကြသည်။

## (၈) ပစ္စည်းဂုဏ်မောက်သောမိန်းမ

ပစ္စည်းဂုဏ်ဆိုသည်မှာ ဘာမျှမရှိချေ။ လူပင်လျှင် အနိစ္စဆိုရာ မည်သည့်ပစ္စည်းဥစ္စာသည် အမြဲတည်မြဲမှာနည်း။ ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးသားပင် မွဲရသေး၏။ မည်သည့်သူဌေးသမီးသည် တစ်သက်လုံး ချမ်းသာနေမည်နည်း။ ယင်းပစ္စည်းကို တပ်မက်၍ မာန်မာနထောင်နေပါက လင်၏ အချစ်မေတ္တာ၊ အိမ်ထောင်မှု၏ အရသာကို မခံစားရဘဲ ရှိချိမ့်မည်။ နောက်ပြီး လင်သားက ပစ္စည်းကို ပေါင်းဖက်သည်မဟုတ်၊ မိမိ လူပုဂ္ဂိုလ်ကို ပေါင်းဖက်ခြင်းဖြစ်ကြောင်း သိရပါမည်။ သို့ဖြစ်၍ ပစ္စည်းဂုဏ်မမောက်ပါနှင့်။ ပညာရှေ့အိုးသာ လူခိုး၍မရ။ ဥစ္စာဟူသည် တစ်ခဏကုန်နိုင်သည်။ အိမ်ထောင်မှု၌ ဥစ္စာကို ထိန်းသိမ်းပါ။ တိုးပွားအောင် ပြုပါ။ လင်ရှာသမျှ သိုမှီးပါ။ သို့သော် လင်နှင့်ကျလျှင်မူ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးလိုနေပါ။

## ရမည်းသင်းစား သီလဝ

တကယ်က လင်၏ဂုဏ်နှင့် အာဏာသည်သာ အိမ်ထောင်မှု၌ အရေးပါ၏။ တစ်ခါက ရမည်းသင်းသား သီလဝသည် ဘုရင်က ခိုင်းသဖြင့် ရန်သူများကို ရှေ့တန်းသွားတိုက်သည်။ တော်တော်နှင့် မြန်မလာဘဲ မြန်မာတွေ အကျအဆုံးများသည်ဟု ရမည်းသင်းမှာ

သတင်းဖြစ်နေသည်။ ထိုသို့ ကျဆုံးရာ၌ သီလဝလည်း ပါသည်ဟု လူတွေက ပြောနေကြ၏။ ထိုအခါ ရမည်းသင်းရှိ လူတွေက သီလဝ၏ မယားကို အရေးမလုပ်ကြတော့ချေ။ ယခင်က ဝင်ထွက်နေသူများက မဝင်ထွက်ကြ။ ယခင်က အရိုအသေပေးနေသူများက တွေ့လျှင် ရှောင်သွားကြသည်။ သီလဝကတော်က ခိုင်းစရာရှိ၍ ခေါ်သည့်ပင် ယခင်က ပျာပျာသလဲလုပ်သူများက မလာကြတော့ပေ။ သီလဝ ကတော်မှာ အလိုလို အတောင်ချိုးခံရသောငှက်သဖွယ် ဖြစ်နေလေ၏။

ဤတွင် တစ်ရက်၌ သီလဝမှာ အသက်မသေဘဲ စစ်နိုင်၍ ပြန်လာသည်။ ထိုအခါ ရမည်းသင်းတစ်မြို့လုံးက ဗုတ်အော်သောင်းတင်း ကြိုဆိုကြသည်။ သူ၏အိမ်မှာလည်း လာကြိုသူများက အပုံ။ ထိုအခါ သီလဝကတော်က သီလဝ၏ခြေအစုံအား ငွေဖလားဖြင့် ရေဆေး၍ မျက်နှာသုတ်ပဝါဖြင့် သုတ်ပေးသည်။ တစ်သက်မှာ (၃)ခါသာပြုံးသော သီလဝက ပြုံးသည်။ သီလဝကတော်က "ပြုံးတော်မူပါ မောင်တော် ဘုရား။ နှမတော်၌ ဘာဂုဏ်၊ ဘာသြဇာ၊ ဘာအာဏာမှ မရှိပါ။ ယခင်က နှမတော်အား ကြိုဆို၊ ပြုစု၊ ခစားကြသူများမှာ နှမတော်ကို ချစ်၍မဟုတ်၊ နှမတော်၏ဂုဏ်ကြောင့်မဟုတ်၊ အသက်သခင် လင်တော်မောင်ကြောင့်ပါဘုရား" ဟု လျှောက်တင်ပါသတဲ့။

ရမည်းသင်းစား သီလဝသည် တစ်သက်မှာ (၃)ခါသာ ပြုံးခဲ့ရာ၌ ကျန်ပြုံးသောနှစ်ခါမှာ တစ်ရက်တွင် သူ၏အိမ်မှ လေသာ ပြတင်းမှ ထွက်ကြည့်ရာ ဘုန်းကြီးလူထွက်တစ်ယောက်သည် ခေါင်းပေါင်း၍ ရေချိုးနေသည်ကို တွေ့ရသည်မှာ တစ်ခါပါတဲ့။ ဘုန်းကြီးလူထွက်သည် သူ၏ခေါင်းတုံးပြောင်ပြောင်ကို လူမမြင်အောင် ရေချိုးရာမှာပင် ခေါင်းပေါင်းထားသည်ကို ရယ်စရာမှတ်၍ ပြုံးခြင်း ဖြစ်သည်။ ဒုတိယတစ်ကြိမ်မှာ သူသည် ကြက်တိုက်နေ၏။ ကြက်ပွဲက ကောင်းနေစဉ် သူ့မိန်းမသည် ထဘီမနိုင် ပဝါမနိုင်ဖြင့် သူ့ထံပြေးလာ၍ တိုင်ပါသတဲ့။ "မောင်တော် ရန်သူတွေ ရမည်းသင်းကို လာတိုက်နေ ကြပြီ။ အသက်အန္တရာယ် နီးလာပါပြီဘုရား" ဟု လျှောက်သည်။ သူ့မိန်းမ စိတ်ပူပန်ပုံကို မြင်ရ၍ ရယ်ချင်ပါသတဲ့။ ဤသည်ကြောင့်

ပြုံးလိုက်ခြင်းဖြစ်သည်။ ဤသို့လည်း ပြန်ပြော၏။ "မပူပါနှင့် နှမတော်။ ကြက်ပွဲပြီးရင် ပြန်တိုက်ထုတ်လိုက်ပါမယ်။ မောင်တို့နိုင်မှာပါ။"

တကယ်ပင်လည်း ကြက်ဝိုင်းပြီး၍ ရန်သူကို တိုက်ထုတ်ရာတွင် နိုင်ခဲ့သည်။ ဤသို့ စစ်တိုက်တော်လှသော သီလဝသည် သတိုးမင်းဖျား ဘုရင် ကံကုန်သောအခါ အင်းဝက အမတ်များက ဘုရင်တင်သည်ကို လက်မခံ။ "ငါနှင့် ဘုရင်အလုပ် မကိုက်။ အုံးဘောင်မြို့စား မင်းကြီးစွာ စော်ကဲနှင့်သာ သင့်သည်။ သူ့ကို နန်းတင်" ဟု ပြောလိုက်သည်။ သို့ဖြင့် "မရွယ်ဘဲ စောကဲ မင်းဖြစ်" လာခဲ့ပေသည်။

## သတိုးမင်းဖျားမိဖုရား စောဥမ္မာ

သတိုးမင်းဖျား ကျောက်ရောဂါရ၍ သေခါနီးသောအခါ သူ့မိဖုရား စောဥမ္မာကို သတ်ချေဟု ငယ်ကျွန် ငနေကို ခိုင်း၏။ ငနေက စောဥမ္မာကို သတ်ရန်သွားရာ စောဥမ္မာက "နင် ယောကျ်ား မဟုတ်လော၊ ငါ့ကို သတ်မည်လော" ဟု ပြောရာ ဆိုလိုရင်းကိုသိ၍ မသတ်ဘဲ စောဥမ္မာနှင့် ပေါင်းသင်းနေထိုင်လေ၏။ ဤသည်မှာ မိဖုရား ပင်လျှင် မမောက်မာ၊ ဘယ်သူက ချမ်းသာရုံဖြင့် မောက်မာနေရ မည်နည်း။

## (၉) လင်သားကို အထင်မကြီးသောမိန်းမ

ဆိုခဲ့သည့်အတိုင်း အချို့မိန်းမများသည် အိမ်ထောင်ကျပြီး သည့်တိုင် မိမိ၏ ဆွေဂုဏ်၊ မျိုးဂုဏ်၊ ပစ္စည်းဂုဏ်၊ ပညာဂုဏ် စသဖြင့် အပျိုဘဝတွင် ပိုင်ဆိုင်ခဲ့သောဂုဏ် (ဝါ) ထင်ပေါ်မှုတစ်ခုခုကို စွဲမက်၍ လင်ယောကျ်ားမှာ မိမိနှင့်တန်းတူ ထိုအရာများ မပိုင်ဆိုင်ပါက အထင် သေးတတ်သည်။ ညအိပ်ရာဝင်တွင် ယောကျ်ား၏အလိုအရ ကာမကို ပေးရသည့်တိုင် ယောကျ်ားကို အထင်သေးတတ်ကြသည်။

ဇင်စစ် မိန်းမတစ်ယောက်သည် အိမ်ထောင်ကျပြီးသည်နှင့် လင်သား၏ ဂုဏ်ပုဒ်သာ မိမိတို့၏ မိသားစု (Family) တွင် ရှိတော့

သည်ဟု သိရမည်။ အဲလိဇဘက်ဘုရင်မကြီးပင်လျှင် ဖီးလစ်မင်းသား၏ ဇနီးမယားဖြစ်ရချေသေးသည်။ မြတ်စွာဘုရား၏ ငါးရာ့ငါးဆယ် နိပါတ်တော်၌ မာတင်္ဂသည် သူတောင်းစားဖြစ်လျက် ဘုရင့်သမီးကို တောင်းရမ်းရခဲ့သည်။ ထိုအခါ ထိုမိန်းမသည် သူတောင်းစားမယားသာ ဖြစ်ချေတော့သည်။

## တပ်ထဲက မြတ်ကိုကို

ဤသဘောကို စာရေးသူတို့ ၁၉၅၅ ခုနှစ်က ဆယ်တန်းတွင် ကျောင်းသုံးစာအုပ်အဖြစ် ပြဋ္ဌာန်းသော သာခု၏ "တပ်ထဲက မြတ်ကိုကို" ဝတ္ထု၌ တွေ့ရသည်။ ဝတ္ထုအမိကဇာတ်ကောင် မြတ်က "ဒီမှာ ရှင်တို့ရဲ့ ဝန်ကြီးသား၊ ဝန်ကြီးချုပ်သားဆိုတာ သူ့အဖေရဲ့ ဂုဏ်ပုဒ်ပဲ။ သူ့အဖေမရှိရင်၊ သေသွားရင် အဲဒီရာထူးက ပြုတ်သွားရင် သူဟာ ဘာမှမဟုတ်တော့ဘူး။ စစ်ဗိုလ်စစ်သားတွေကျတော့ တစ်မျိုး။ သူတို့က ကိုယ်ပိုင်ဂုဏ်ပုဒ်နှင့်။ တိုင်းပြည်ရဲ့ သားကောင်းတွေ၊ မျိုးချစ်တွေ၊ ကျွန်မက စစ်ဗိုလ်စစ်သားတိုင်းကို တိုင်းပြည်ရဲ့ သားကောင်းတွေ ဖြစ်ချင်တယ်။ အိမ်ထောင်ဘက်အဖြစ် ရွေးရင် သူတို့ကို ဦးစားပေးရွေးမယ်" ဟု ဝတ္ထုတစ်ပုဒ်လုံးမှာ ပါးစပ်က အမူအရာက ပြောသွားခဲ့သည်။ နောက်ပိုင်းတွင် မြတ်သည် ရိုးရိုး ရဲဘော်စစ်သားကလေးကို သူ၏မြင့်မြတ်မှုအတွက် ယူသွားခဲ့သည်။ "မြတ်ကိုကို" ဆိုသည်မှာ မြတ်ဟူသော မိန်းကလေး၏ ခင်ပွန်းသာမက မြင့်မြတ်သောပုဂ္ဂိုလ်ဟူ၍လည်း အဓိပ္ပာယ်ရောက်လေသည်။ ဤသို့ မိမိ၏ ရာထူးဂုဏ်သိန်၊ ဥစ္စာပစ္စည်း၊ ရုပ်အလှကို နှိမ်ချ၍ ယောကျ်ား၏ ဂုဏ်ကိုသာ ထုတ်ဖော်ပြောပြသော မိန်းမကိုမှ ယောကျ်ားတွေက ကြိုက်သည်။ လင်သားက ချစ်သည်၊ မြတ်နိုးသည်။

# ယောကျ်ားတို့တပ်မက်သောမိန်းမ၏ အရည်အချင်းများ

## ယောကျ်ားသားများကို စွဲမက်စေသော မိန်းမတို့၏ အရည်အချင်းများ

ဆိုခဲ့သည့်အတိုင်း ယောကျ်ားများသည် လင်ယောကျ်ား ဖြစ်လာသည့်အခါ မိန်းမတို့၏ အပေါ်ယံအလှအပ၊ ဥစ္စာပစ္စည်း၊ ပကာသနတို့ကို မတပ်မက်ကြချေ။ သူတို့တပ်မက်သည်မှာ၊ စွဲမက်သော အရာများမှာ အောက်ပါတို့ဖြစ်သည်။

### (၁) မိန်းမပီသသောခန္ဓာကိုယ်

မိန်းမမှာ ကျန်းမာလျက် ခါး၊ ရင်သား၊ တင်၊ ပေါင်တံ အချိုးကျမှုသည် လင်ယောကျ်ားကို စွဲမက်စေသည်။ ရင် (၃၆)၊ ခါး (၂၆)၊ တင် (၃၆)ဆိုသော အချိုးအစားမျိုးကို ကြိုက်ကြသည်။ အထူးသဖြင့် ရင်နှင့်တင်က ကားပြီး ခါးသေးသော မိန်းမမျိုးကို ယောကျ်ားတို့ လိုချင်၏။ "ခါးသေးရင်ချီ ပဒုမ္မနီ" မိန်းမမျိုးကို နှစ်သက်ကြသည်။ ဤအချိုးရှိသောမိန်းမမှ လင်ကို ပျော်ရွှင်စေ၍ ကလေးမွေးရာ၌ လွယ်ကူသည်။ မိန်းမများ၌ တင်ကြီးနေသည်မှာ သန္ဓေလွယ်ရန် ဖြစ်သည်။ ယောကျ်ားများသည် မိန်း၏ တင်သားအတွင်းမှ သန္ဓေတည်ခဲ့၍ ထိုအထဲမှ ဆယ်လပြည့်တော့ ထွက်လာရသည်။ နောက် တင်သားနှင့်တူသော နို့နှစ်လုံးမှ နို့ရည်ကိုစို့ကာ လူဖြစ်လာခဲ့သည်။ ထိုအခါ နို့နှစ်လုံးကို စွဲမက်နေတော့သည်။ အရွယ်ရောက်တော့ ရင်သားများကို အာဟာရအတွက်ထက် ကာမဆန္ဒအတွက် ပိုနှစ်သက်ကြသည်။ ခါးသိမ်ခြင်းက ကျန်းမာခြင်းကိုပြသည်။ ခါးနှင့် ရင် အချိုးသည် (၇၀) နှင့် (၁၀၀) (ဝါ) (၇၀)ရာခိုင်နှုန်းရှိမှ မိန်းမပီသသည်။

သို့ဖြစ်၍ အိမ်ထောင်ရှိမိန်းမများ တင်ကားအောင် လေ့ကျင့်ကြပါ။ လမ်းလျှောက်ပါ။ သို့မဟုတ် စက်ဘီးစီးပါ။ ရင်သားထွားအောင်

လေ့ကျင့်ပါ။ ကျန်းမာအောင်စား၊ ရင်ဘတ်ကြွက်သားထွားအောင် ဘူးနွယ်စပရင်ဆွဲ။ လက်ကို အမြဲလှုပ်ရှားအားကစား။

## (၂) အရပ်အဆင့်မီခြင်း

ပုလွန်း၊ အရပ်ရှည်လွန်းသော မိန်းမများကို ယောကျ်ားများက မနှစ်သက်။ မိမိနှင့် အရပ်အတိမ်းမယိမ်း၊ မိမိထက်နိမ့်သောသူများကိုမှ လင်သားက တပ်မက်သည်။ သို့မှ သူမသည် ရှေ့သွားနောက်လိုက် ညီမည်။ အိမ်ထောင်အလုပ်လုပ်နိုင်မည်။ အရပ်ရှည်ရန် အရိုးကောင်းဖို့ လိုသည်။ အရိုးကောင်းရန် ကယ်လ်စီယံ (ထုံးဓာတ်)နှင့် အသား ဓာတ်များ လုံလောက်စွာ စားရမည်။

## (၃) အရေပြား၏ကောင်းခြင်း

အရေပြားသည် စိုပြည်နေရမည်။ သန့်ရှင်းမွှေးကြိုင်နေရမည်။ ချွေးစော်မနံရ။ ယားနာ၊ ဝဲ ရောဂါမရှိရ။ အရေပြားသည် လူ့ခန္ဓာ ကိုယ်တွင် အကြီးဆုံးအင်္ဂါ (Biggest Organ) ဖြစ်သည်။ ယင်းကို သန့်ရှင်းပြောင်လက် အရောင်ထွက်အောင် ဂရုစိုက်ပါ။

## (၄) လင်သားအား ပြုစုမှု

မိန်းမသည် အိမ်ထောင်ကျသည်နှင့် လင်သားကျေနပ်အောင်၊ ပျော်အောင် ပြုစုရမည်။ အိပ်ရာထဲမှာ ပြည့်တန်ဆာပမာ အလိုလိုက်ရမည်။ မီးဖိုထဲမှာ စားတော်ချက်က ရှုံးအောင် ချက်နိုင်ရမည်။ ပွဲထိုင်သွားသည့်အခါ မင်းသမီးက ရှုံးရမည်။ လင်သားပင်ပန်းသည့်အခါ အမောပြေအောင် စကားပြော၊ နှစ်သိမ့်၊ အာဟာရများ တိုက်ကျွေး၊ လင်သားနောက်မှ မိမိကအိပ်၊ လင်သားအရင် မိမိကထ၊ လူထဲသွားလာ နေသော၊ အလုပ်လုပ်နေသော လင်သားအား သင့်ဘင့်သော ဝတ်စုံ ဝတ်ပေးပါ။ ဤသို့ ပြုစုပါက လင်သားမှာ မိမိကို အမြဲကျေးဇူးတင် စွဲမက်နေပါလိမ့်မည်။

## အချိန်တန်လျှင် ကလေးမွေးခြင်း

အိမ်ထောင်သက်ရလျှင် ကလေးယူပါ။ ရလာသောကလေးကို ချစ်ခင်စွာ ပြုစုပါ။ ကလေးထိန်းတွေနှင့် ပစ်မထားပါနှင့်။ မိခင်နို့ကို တိုက်ကျွေးပါ။ နို့မှုန့်တိုက်ခြင်းထက် မိခင်နို့တိုက်ခြင်းက ကလေး၏ ဖွံ့ဖြိုးမှု ပိုဖြစ်စေသည်။ အချိန်အရွယ်အလိုက် ကာကွယ်ဆေးထိုးပေး၊ ကျောင်းထားပေးပါ။ "ဖခင်နှင့်တူသည်" ဟု အမြဲပြော၍ ချစ်ကြောင်းပြပါ။ သို့ဆိုလျှင် လင်သားက မိမိကို ပိုချစ်လာလိမ့်မည်။

## အခန်း (၇)

# လက်လီနှင့် ခရီးသွားဟန်လွှဲ လိုင်ဆက်ဆံခြင်း

### ယောကျ်ားသဘာဝ

အချို့သောယောကျ်ားများသည် အရွယ်ရောက်လာသည့်အခါ အတွေ့အကြုံရအောင်ဆိုကာ မကောင်းသောမိန်းမများနှင့် လိင်ဆက်ဆံမှုပြုကြသည်။ အရပ်ပျက်မကာလေးများ၊ ရုပ်ရှင်ရှုံးမကာလေးများကို နှူး၍ အိပ်ကြ၏။ အခြေတကျ အိမ်ထောင်ပြုရန်ကိုကား မစဉ်းစားကြချေ။ စာရေးသူ၏သူငယ်ချင်းအချို့မှာ ကျောင်းသားဘဝကပင် ထိုသို့ ပြုလုပ်ကြ၏။ သူတို့စကားအရ "လက်လီခံစား" နေတာဟု သိရသည်။ အစားအသောက်၊ အသုံးအဆောင်များကို တစ်ခါတည်း အပြည့်အစုံ ဝယ်မသုံးဘဲ လိုသလောက်ကလေး နည်းနည်းချင်း ဝယ်သုံးသည်ကို ဆိုလိုသည်။ အဓိပ္ပာယ်မှာ နားလည်ရလွယ်ပါသည်။

စာရေးသူ၏ တပည့်တစ်ယောက်မှာ ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရပြီးသည့်တိုင် အသက် (၃၀)အရွယ်ထိ အိမ်ထောင်မပြုသေးပါ။ တက္ကသိုလ်မှာ ဆရာလုပ်နေပါလျက် ရည်းစားမရှိပါ။ တက္ကသိုလ်မှ ဆရာမတွေနှင့် အပျို ကျောင်းသူတွေက ဝိုင်းဝိုင်းလည်။ သို့သော်

ကာမဆန္ဒ ထကြွ၍ မနေနိုင် မထိုင်နိုင်လျှင် မကောင်းသောမိန်းမနှင့် ပိုက်ဆံပေး ပျော်ပါးသည်။ တစ်ညတာ ဆက်ဆံပြီးလျှင် ကျေနပ်ပြန်လာလေ့ရှိသည်။ တစ်ခါသော် သူ့လိင်အင်္ဂါမှာ ဖူးရောင်၍ အပြူဆင်းသည်။ ဖျားသည်။ ဂနိုကျခြင်းဖြစ်ပါသည်။ စာရေးသူထံ လာပြ၍ ဂနိုရောဂါနိုင်သောဆေး ထိုးပေးပါသည်။ "ကိုယ့်လူ ဒီလိုသာနေရင် ဒုက္ခဖြစ်လိမ့်မယ်။ အိမ်ထောင်ဘက်ရှာပါ" ဟု အကြံပေးရပါသည်။

နောက် တစ်နှစ်လောက်ကြာသောအခါ မင်္ဂလာဖိတ်စာ ကိုယ်တိုင်လာပေးပါသည်။ သူ တက္ကသိုလ်မှ ဘွဲ့ရမိန်းကလေး တစ်ယောက်နှင့် မင်္ဂလာဆောင်ခြင်းဖြစ်ပါသည်။ "ဆရာ့စကားကို နားထောင်ပြီး အိမ်ထောင်ပြုလိုက်တာ။ ဆရာ့ဆီ ရောဂါမပြမီက ခဏခဏ လက်လီဝယ်စားဖူးတယ်။ ပိုက်ဆံကုန်တယ်။ ဆေးဖိုးကုန်တယ်။ အဲဒီအိမ်တွေကထွက်ရင် အသိတွေ၊ ကျောင်းသားတွေနှင့် တွေ့မှာ သိပ်စိုးရိမ်ရတာ။ အရှက်ကွဲမှာစိုးလို့။ ဒါနှင့် အခု ကိုယ်ကြိုက်တဲ့ မိန်းမကိုတွေ့ပြီး ယူလိုက်တာပါ။ မင်္ဂလာဆောင်ကို ဆရာလာပါ" ဟု သူက ပြောပါသည်။

နောက် သူငယ်ချင်းတစ်ယောက်ကတော့ ဆရာဝန်ဖြစ်ပြီး ကြာသည့်တိုင် အိမ်ထောင်မပြုပါ။ နိုင်ငံခြား ပညာသင်သွားရအောင်ဟု ဆိုကာ လူပျိုရိပ်သာမှာနေသည်။ ဘဝတူသူငယ်ချင်းတွေ စားစား သောက်သောက်၊ ရည်းစားတွေ မှိုလိုပေါက်။ သူ့မှာ ရာထူးနှင့် ဝင်ငွေရှိလျက် ဝတ်နေသော အဝတ်အစားကလွဲ၍ ဘာမှမရှိ။ သူ့မှာရှိသည့် အဝတ်အစားနှင့် အသုံးအဆောင်ကို သူ့သူငယ်ချင်းတွေက ဆွဲသွားသည်။ ပိုက်ဆံကို ရည်းစားတွေက ယူသွားသည်။ တစ်ခါတလေ လစာနှင့် မလောက်သဖြင့် မိဘတွေ၊ အစ်မတွေဆီက မှာသုံးရသည်။ သူတို့တွေက "ဟဲ့. . . မောင်မောင် အသုံးကြမ်းလှချည်လား။ စုဆောင်းပေးမယ့် မိန်းမလေး ဘာလေး ယူပါတော့လား" ဟု ပြောကြရသည်။ အဲ . . . နောက်ဆုံးမှာ သူ့အခန်းက ဆင်းမသွားတော့ဘဲ အမြဲနေနေသည့် ဘွဲ့ရပညာတတ် အလုပ်မရှိသူကလေးနှင့် ယူလိုက်ရသည်။ သူမက ကိုယ်ဝန်ရှိနေပြီ။ ယူပါတော့ဟူ၍ ဟိုးလေးတကျော် ကြော်ငြာ

သဖြင့် ယူလိုက်ရသည်။ တကယ်က သူ့ပထမကလေးက လက်ထပ်ပြီး တစ်နှစ်ခွဲကျော်မှ မွေးပါသည်။

## လက်လီနှင့်ယာယီတဒင်္ဂအန္တရာယ်

ဆိုလိုသည်မှာ မိမိ၏ ကာမဆန္ဒပြေပျောက်မှုအတွက် ကာမဆက်ဆံရေးကို ပြုလုပ်ရာတွင် အရှယ်လည်းရောက်၊ ရာထူးနှင့် ဝင်ငွေလည်း ရှိပါလျက် အပျော်လိုက်စားနေမှု အချိန်ကုန်၊ ငွေကုန်၍ မိမိဂုဏ်ကို ထိခိုက်သည်။ အရည်မရ၊ အဖတ်မရဘဝမှာ ကျင်လည်နေရမည်ဟူလို။ မကောင်းသောမိန်းမနှင့်လိုက်ပါက ကာလသားရောဂါ ရနိုင်သည်။ ရှေးယခင်က ဆီးပူညောင်းကျရောဂါ၊ ဂနိုရောဂါ (Gonorrhoea) နှင့် ဆစ်ဖလစ် (Syphilis) စသော ရောဂါ (၄-၅) မျိုးသာ ရှိရာက ယခုမူ ရေယုန်မှအစ ခုခံအားကျဆင်းမှုရောဂါ (HIV/AIDS) အထိ ဖြစ်နိုင်သည်။ မိမိ၏အသက်ကို တိုစေရုံမက မိမိ၏ ဇနီးမယားနှင့် ကလေးများပါ ကူးစက်ကာ လူဖြစ်ရှုံးနိုင်သည်ကို သတိချပ်ရပေမည်။

## ခုခံအားကျဆင်းမှုရောဂါ

သို့တိုင် ရှောင်တခင်တွေ့ရသော မိန်းမများနှင့် အလွယ်တကူ ကာမဆက်ဆံသူ၊ ခရီးသွားဟန်လွှဲ တွေ့ရာမိန်းမနှင့် ဆက်ဆံသူများ ရှိသည်။ ယောကျ်ားချင်းပင် ဆက်ဆံမှုရှိကြ၏။ ယခု မြန်မာနိုင်ငံ၌ ခုခံအားကျရောဂါ ပိုများလာသည်မှာ ထိုသို့ ယောကျ်ားချင်းဆက်ဆံမှု များလာ၍ ဖြစ်သည်ဟု ဆေးပညာရှင်များက ပြောလာကြသည်။ မန္တလေးမှ မူဆယ်သို့သွားသော ကားမောင်းသူများမှာ လူတိုင်းလို ထိုရောဂါပိုးရှိနေသည်ဟု ရေးကြပါသည်။

## အနောက်နိုင်ငံများ၌လေ့လာမှုရလဒ်

အနောက်နိုင်ငံများ၌ လေ့လာတွေ့ရှိမှုမှာ စိတ်ဝင်စားစရာ ကောင်းသည်။

၁၉၈၂ ခုနှစ်က အမေရိကန်တက္ကသိုလ်တစ်ခု၌ ခရီးသွား ဟန်လွဲ တွေ့ရသည့် ဆန့်ကျင်ဘက်လိင်တစ်ဦးနှင့် ကာမဆက်ဆံမှု ပြုမည်လောဟု မေးမြန်းရာတွင် ယောကျ်ား (၇၆)ရာခိုင်နှုန်းက ယောကျ်ားများက ဆက်ဆံလိုကြ၍ မိန်းမများကမူ မဆက်ဆံလိုဟု ပြောကြသည်။ ဤသည်မှာ ခုခံအားကျရောဂါ (AIDS) မပေါ်မီက ဖြစ်သည်။ မိန်းမများကမူ (၅၀)ရာခိုင်နှုန်းကသာ ဆန့်ကျင်ဘက်လိင် ယောကျ်ားများနှင့် အတူသွားနိုင်သည် (လိင်ဆက်ဆံရန်မဟုတ်) ချိန်းနိုင်သည် (Dating) ဟု ပြောကြသည်။ ဤသည်မှာ ခုခံအားကျ ရောဂါကို တွေ့ပြီးနောက်ပိုင်း လေ့လာရာ၌လည်း တွေ့ရှိချက် (၇၆ ရာခိုင်နှုန်း ယောကျ်ား)မှာ အတူတူပင်ဖြစ်သည်။

အောက်ပါမေးခွန်းများကို မေးကြည့်ရာတွင် ဖြေကြားချက်မှာ အထက်ပါအတိုင်းဖြစ်သည် (ဝါ) ယောကျ်ားများက "ဟုတ်ကဲ့" ဟု ပိုဖြေကြပါသည်။

(၁) သုံးနာရီကြာသာ သိကျွမ်းရသော ဆန့်ကျင်ဘက်လိင်နှင့် ကာမဆက်ဆံမှု

(၂) ခြောက်နာရီအတွင်း ဆန့်ကျင်ဘက်လိင် (၂)ဦးနှင့် ကာမ ဆက်ဆံမှု

(၃) မချစ်ဘဲနှင့် လိင်ဆက်ဆံမှု

(၄) မသိဘဲနှင့် လိင်ဆက်ဆံမှု

သို့ဖြင့် အမေရိကန်လူမျိုးများကို လေ့လာရာ၌ (၆၉)ရာခိုင် နှုန်းသော အမေရိကန်ယောကျ်ားများသည် မကောင်းသောမိန်းမ (ဝါ) ပြည့်တန်ဆာမများနှင့် ကာမဆက်ဆံဖူး၍ (၁၅)ရာခိုင်နှုန်းမှာ ပုံမှန် ယင်းတို့နှင့် သွားလာကြသည်ဟု သိရသည်။ အမေရိကန်မိန်းမများ မှာမူ ပြည့်တန်ဆာယောကျ်ားများနှင့် ဆက်ဆံဖူးသည်မှာ (၁)ရာခိုင်နှုန်း လောက်သာရှိသည်ဟု သိရပါသည်။

ဆိုလိုသည်မှာ ကာမဆက်ဆံမှုကို အပျော်သဘောဆက်ဆံသော ယောကျ်ားများမှာ များလှသည်။ မိန်းမများမှာမူ မရှိသလောက် နည်းသည်ဟုလို။

မိန်းမများသည် တက်စတိုစတီရုန်း ဟော်မုန်းမြင့်တက်ချိန်၊ မျိုးဥကြွေချိန်တွင်သာ ထိုသို့ ဆက်ဆံကြသည်ဟုလို။ ဤသည်မှာ သဘာဝအရ မျိုးရိုးဗီဇကောင်းသောကလေးကိုရရန် ကိုယ်ဝန်ယူလို၍ ဖြစ်သည်ဟု သိရသည်။

၂၀၀၈ ခုနှစ်က အမေရိကန်ပြည်ထောင်စု၊ ချီကာဂိုမြို့ရှိ အီလီနွိုက်တက္ကသိုလ်မှ ဒေါက်တာဒေးဗစ်ရှမစ်ဆိုသူမှာ တစ်ကမ္ဘာလုံးရှိ လူပေါင်း (၁၄၀၀၀)ကို အပျော်အပါးလိုက်စားမှု (ဝါ) တစ်ဒင်္ဂ လိင်ဆက်ဆံမှုအတွက် လေ့လာရာတွင် ဖင်လန်နိုင်ငံက အများဆုံး ပြုလုပ်ကြ၍ မွန်ဂိုလီးယားလိုနိုင်ငံက အနည်းဆုံး ပြုလုပ်ကြသည်ဟူ၏။

## အပျော်အပါးလိုက်စားမှုများသော နိုင်ငံများ

အပျော်အပါးလိုက်စားမှုများသောနိုင်ငံကြီးများမှာ အောက်ပါ အတိုင်း ကြီးစဉ်ငယ်လိုက်ဖြစ်သည်။

(၁) ဗြိတိန်နိုင်ငံ (ယူကေ)
(၂) ဂျာမနီ
(၃) နယ်သာလန်
(၄) ချက်နိုင်ငံ
(၅) ဩစတြေးလျ
(၆) အမေရိကန်ပြည်ထောင်စု
(၇) ပြင်သစ်
(၈) တူရကီ
(၉) မက္ကဆီကို
(၁၀) ကနေဒါ
(၁၁) အီတလီ
(၁၂) ပိုလန်
(၁၃) စပိန်

(၁၄) ဂရိ
(၁၅) ပေါ်တူဂီ

## ကာမဆက်ဆံမှုဟူသည်

ဤတွင် ကာမဆက်ဆံမှု (ဝါ) လိင်ဆက်ဆံမှုဟူသည်မှာ ယောကျ်ားနှင့် မိန်းမ ရင်းနှီးစွာနေထိုင်ခြင်း၊ အိပ်ခြင်းကို ဆိုလိုသည်။ လင်မယားအရာမြောက်သောကိစ္စဖြစ်၍ ဤကိစ္စထက် ပိုရင်းနှီးမှု မရှိပေ။ အပေါ်ယံ ဖက်ရမ်း နမ်းရှုပ်ခြင်း၊ ကိုင်တွယ်ပွတ်သပ်ခြင်းကို မဆိုလိုပေ။ မိန်းမများကမူ နှစ်ဦးသဘောတူ ထိုင်၍ ကြည်နူးနေခြင်း၊ စိတ်ကူးယဉ် အရသာခံခြင်းကိုပင် ထည့်ချင်ကြသည်။

မိန်းမများသည် မည်သည့်အခါမှ ယောကျ်ားတစ်ဦးနှင့် လိင်ဆက်ဆံမှု ပြုလိုကြသနည်း။

အဖြေမှာ အခြေအနေပေါ် မူတည်နေသည်ဟု ပြောရမည်။ မိန်းမများသည် မိမိတို့နှင့် မသိကျွမ်းသူ၊ မိမိနှင့် မချစ်သူ၊ လူသိမည့်နေရာ၊ ဆင်းရဲသူ၊ ဂုဏ်မရှိသူနှင့် မဆက်ဆံလိုကြပေ။ အပျော်သဘောထက် မိမိကို အတည်ယူမည်ဆိုမှ ဆက်ဆံလိုကြသည်။ ပျမ်းမျှ သိသည်မှာ နှစ်ကာလကြာမှ ပြုလုပ်လိုကြသည်။

အိမ်ထောင်ရှင်မများသည် မိမိကလိုလား၍ ကာမဆက်ဆံမှု ပြုရသည့်တိုင် လူလိမ်၊ မြာပွေသူ၊ ရောဂါတစ်ခုခုရှိသူနှင့် မဆက်ဆံချင်ကြ။ ကြွားတတ်သော၊ နှုတ်မလုံသူနှင့်လည်း အတူမအိပ်လိုဟု သိရသည်။ လင်သားနှင့် ကလေးမရ၍ ကိုယ်ဝန်ရရန် အခြားတစ်ပါးသော ယောကျ်ားနှင့် ဆက်ဆံမှုလည်း ပြုကြသည်။

## မိန်းမများတာဒင်္ဂလိင်ဆက်ဆံခြင်း အကြောင်းရင်း

မိန်းမများ တာဒင်္ဂ လိင်ဆက်ဆံမှုပြုသည်မှာ အောက်ပါ အကြောင်းတစ်ခုခုကြောင့်ဖြစ်သည်။

(၁) မိမိ၏အလှအပ ဆွဲဆောင်မှုကို ပြသလိုခြင်း
(၂) လာဘ်လာဘ အကျိုးစီးပွား တစ်ခုခုရလိုခြင်း
(၃) ရေရှည်ဆက်ဆံမှုရရန် ကြိုပေးခြင်း
(၄) မျိုးရိုးဗီဇကောင်းသောကလေး မွေးလိုခြင်း
(၅) အပျော်အပါးသက်သက် ခရီးသွားဟန်လွှဲပြုခြင်း
(၆) အခြားသော အကြောင်းတစ်ခုခု
(အရက်မူးခြင်း၊ ဆေးစွဲခြင်း၊ ဘာသာရေး)

## (၁) မိမိ၏အလှအပ ဆွဲဆောင်မှုကို ပြသလိုခြင်း

အချို့မိန်းမများသည် မိမိ၏ပြိုင်ဘက် သို့မဟုတ် လင်သားဖြစ်သူက မိမိမှာ မလှတော့၊ ဆွဲဆောင်မှု မရှိတော့ဟု ပြောလျှင် ထိုသို့မဟုတ်ကြောင်း သက်သေပြရန် ယောကျာ်းတစ်ဦးဦးနှင့် ပလူးပြလိုက်သည်။ အိပ်လိုက်သည်။ နောင်ကျမှ ပြဿနာတွေဖြစ်၍ ဒုက္ခရောက်မည်ကို မသိပေ။

## (၂) လာဘ်လာဘ အကျိုးစီးပွားကိုလို၍ လိင်ဆက်ဆံခြင်း

၎င်းသည်မှာ ရှင်းသည်။ ပိုက်ဆံအတွက်၊ လက်ဆောင်အတွက် သို့မဟုတ် ရာထူး၊ အလုပ်အတွက် ထိုပစ္စည်း၊ ထိုအချက်ပေးနိုင်သူနှင့် ဆက်ဆံခြင်းဖြစ်သည်။ ပြည့်တန်ဆာဟူသည်မှာ ၎င်းသို့ ဆက်ဆံသူများဖြစ်သည်။ လိင်အလုပ်သမား (Sex Worker) ယခု ခေါ်ဝေါ်သည်။

## (၃) ရေရှည်အကျိုးအတွက် ကြိုဆက်ဆံခြင်း

သမီးရည်းစားချင်း ကျူးလွန်မှု၊ စေ့စပ်ထားသူနှင့် အိမ်ထောင်မပြုမီ၊ လက်မထပ်မီ ကာမဆက်ဆံခြင်းဖြစ်သည်။ အကြောင်းတစ်ခုခုကြောင့် မယူဖြစ်လျှင် အဖေမပေါ်ဘဲ ကလေးမွေးနိုင်သည်။

## (၄) မျိုးရိုးဗီဇကောင်းရှာခြင်း

ဤသည်မှာ မိမိလင်ယောကျ်ားနှင့်မဟုတ်ဘဲ ကျော်ကြားသော လူတစ်ဦး၊ ဉာဏ်ကောင်းသူ သို့မဟုတ် လှပသော ယောကျ်ား တစ်ယောက်နှင့် ကိုယ်ဝန်ရရန် လိင်ဆက်ဆံခြင်းဖြစ်သည်။ မျှော်လင့် သည့်အတိုင်း မဖြစ်နိုင်သည်ကို သိရသည်။ တစ်ခါက ပြဇာတ်ရေး ဆရာကြီး ဂျော့ဘားနတ်ရှောအား "ရှင်နှင့် ကျွန်မ အိမ်ထောင်ပြု ကြလျှင် လှပ၍ ဉာဏ်ကောင်းသောကလေးတွေ မွေးလာမှာပဲ" ဟု ဘဲလေးအကတတ်သော လှပသည့် မင်းသမီး ဖိုင်ဆာဗိုရားဒန်ကင်က ပြောရာ ဘားနတ်ရှော့က "မင်းပြောသလိုမဟုတ်ဘဲ ငါ့ရုပ်နှင့် မင်းဉာဏ် ကလေးတွေရလျှင် ဒုက္ခ" ဟု ပြန်ပြောခဲ့သည်။ (လူရုပ်ဆိုး လူအတွေ မွေးလာမည်ဟူလို)

## (၅) အပျော်အပါးသက်သက် ဆက်ဆံရေးကို လက်ခံခြင်း

လင်သားမပါဘဲ တစ်နေရာကို ပျော်ပွဲစားသွား၊ ခရီးထွက်လျှင် ဆုံတွေ့ရသော တပ်မက်ဖွယ် ယောကျ်ားတစ်ဦးဦးနှင့် ဆက်ဆံခြင်း ဖြစ်သည်။ တစ်ခါတွေ့ တစ်သက်မမေ့အောင်ပျော်ပြီး နောက်တွင် ဘာမှမဖြစ်သလို နေလိုက်ခြင်းဖြစ်သည်။

## (၆) အခြားအကြောင်းများရှိခြင်း

ညစာစားရာ၌ အရက်အသောက်လွန်၍ တစ်ဦးဦးနှင့် အတူ အိပ်မိခြင်း၊ ဘိန်းဘင်းကဇော်၊ ဟဲရိုးအင်း မူးယစ်ဆေးဝါးစွဲ၍ ဆေးစွဲသူ အချင်းချင်း အိပ်ခြင်းမျိုးဖြစ်သည်။ ပုဂံခေတ် အရည်းကြီးများအား "ပန်းဦးလွှတ်" ဆက်ခံရခြင်း၊ အိန္ဒိယနိုင်ငံ၌ ယခုတိုင် "တန်ဘရစ်" ဘာသာရေးအလို့ငှာ ဆရာကြီးများနှင့် အတူအိပ်ခြင်းမျိုးဖြစ်သည်။ မြန်မာနိုင်ငံ၌ တစ်ခါက ထိုသို့သော ဘိုးဘိုးကြီးများ ရှိခဲ့ဖူးသည်။ ၁၉၆၀ တစ်ဝိုက်လောက်က "ဘိုးဘိုးမေတ္တာ" အစရှိသော အပြာစာအုပ်များမှာ ယင်းအကြောင်းများကို ရေးသားဖော်ပြခြင်းဖြစ်သည်။ ရုရှားပြည်၌

ဇာဘုရင်လက်ထက်က "ရပ်စပြူတင်" (Rasputin) ဟူသည်မှာ မိဖုရားများနှင့်အတူအိပ်သော ပျောက်စေဆရာကြီးဖြစ်သည်။

## ကာမဆက်ဆံမှုနှင့် လူမှုအခါဝယ်

ရှေးအခါကမူ ယောကျ်ားနှင့် မိန်းမ လိင်ဆက်ဆံမှုပြုသည်မှာ တရားဝင်လက်ထပ်ပြီးမှသာဖြစ်သည်။ အိမ်ထောင်ပြုခြင်း၏သင်္ကေတ၊ ကလေးယူရန်၊ လူ့အဖွဲ့အစည်း၏ အခြေခံအဖြစ် ပြုလုပ်ကြခြင်းဖြစ်သည်။ သေတပန် သက်တစ်ဆုံး ပေါင်းကြရန် ရည်ရွယ်ပြုလုပ်ကြခြင်းဖြစ်သည်။

ယခုအခါမူ အိမ်ထောင်ရှင်ဘဝ၌ပင်လျှင် ကလေးကို ရတိုင်း မယူလိုကြတော့ပေ။ သန္ဓေတားလာကြသည်၊ သို့ဖြစ်၍ ကလေး (၁၀)ယောက် (၁၂)ယောက်ရှိသော အိမ်ထောင်တစ်ခု၏ သားသမီးအရေအတွက်သည် ရှားလာပါသည်။ စာရေးသူငယ်ငယ်က မုံရွာမြို့တွင် ခရိုင်ရှေ့နေကြီးတစ်ဦးမှ သားသမီး (၁၂)ယောက်အထိ မွေးဖွားခဲ့သည်ဟု သိရသည်။ သူ၏သားသမီးများမှာ သန်းထွန်းဖြင့်ဆုံးကြသည်။ အောင်သန်းထွန်း၊ လှသန်းထွန်း၊ မြသန်းထွန်း စသည်ဖြင့်ဖြစ်သည်။ အားလုံး ပညာထူးချွန်ကြသည်။ အားကစားတော်ကြသည်။ ယင်းသို့ မောင်နှမများသော မိသားစုများမှာ ယခုအခါ ရှားလာပြီ။ တစ်မိသားစုမှာ ကလေး (၂)ယောက် (၃)ယောက်သာ ရှိလာကြသည်။ တရုတ်ပြည်၌ တစ်မိသားစုကို ပုံမှန် ကလေးတစ်ယောက်သာ ယူခွင့်ပြုသည်။ သို့ဖြစ်၍ လိင်ဆက်ဆံမှုပြုတိုင်း ကလေးရရန်မဟုတ်တော့ပေ။ လင်မယားနှစ်ယောက် ချစ်ခြင်းကိုပြရန်၊ ဘဝအရသာကို ခံစားရန်၊ အိမ်ထောင်မှု၏ သင်္ကေတသာ ဖြစ်လာသည်။

ထိုအခါ ကလေးမယူဘဲ လိင်ဆက်ဆံမှု၏ အရသာကိုသိ၍ အိမ်ထောင်ရှင်ယောကျ်ား သို့မဟုတ် မိန်းမက အခြားတစ်ဦးနှင့် သာယာမှုရှာနိုင်သည်။ လင်ဖြစ်သူက ပန်းသေနေလျှင် အခြားယောကျ်ားနှင့် ဆက်ဆံခြင်းကို ထိုလင်သားကပင် ခွင့်ပြုနိုင်သည်။ ဆရာဇဝနက ထိုဝတ္ထုမျိုး တစ်ပုဒ်ရေးဖူးသည်။ ယောကျ်ားဖြစ်သူက

ကျွန်းမာတောင့်တင်း ရုပ်ဖြောင့်သော သူငယ်ချင်းကို အိမ်ခေါ်လာ၍ မိန်းမနှင့် အိပ်ခန်းမှာ လွှတ်ပေးသည်။ သူငယ်ချင်းက မပြုလို၍ ထွက်သွားမည်ပြုရာ လင်ယောကျ်ားက ခြောက်လှံ့ပြုပြ၍ အတင်း ဆက်ဆံခိုင်းသည်။ ကြေကွဲရသောဇာတ်လမ်းပင်။ ထို့အတူပင် "ဝါးပိုး" သင်္ဘောပေါ်၌ ယောကျ်ားပီသသော လူလွတ် ခရီးသွားဖော်တစ်ဦးကို လင်မယားနှစ်ယောက်က မိတ်ဖွဲ့သည်။ ကျွေးမွေးသည်။ ညမှာ မိန်းမက ပိုက်နာသည်ဆိုကာ ထိုယောကျ်ားမိတ်ဆွေကို လင် ယောကျ်ားက အကူအညီတောင်း၍ လွှတ်ပေးသည်။ လွန်ကျူးကြသည်။ မိုးလင်းတော့ ထိုယောကျ်ားကို သင်္ဘောအဆင်းမှာ သွားတွေ့ ရသည်။

## သဘောထားကြီးသောယောကျ်ားနှင့် မိန်းမ

ဤဇာတ်လမ်းများ၌ ယောကျ်ားက ပန်းသေ၍ အခြား ယောကျ်ားနှင့် ဇနီးမယားကို ကျူးလွန်ခွင့်ပြုရာ အမှန်မှာ ယောကျ်ား၌ တကယ်ပန်းသေရောဂါ ရှိ-မရှိ ဆရာဝန်နှင့် တိုင်ပင်ပြသသင့်ပါသည်။ ရှစ်ဆယ်ရာခိုင်နှုန်းသော ပန်းသေမှုမှာ ခန္ဓာကိုယ်ရောဂါကြောင့်ဖြစ်၍ ကုသ၍ ရပါသည်။

မိန်းမများမှာ မိမိက အိုနေလျှင်လည်းကောင်း၊ မိမိမှာ အိပ်ရာ ပေါ်လဲ၊ လင်သားနှင့်အတူ မအိပ်နိုင်လျှင်လည်းကောင်း မိမိယောကျ်ား နှင့် အခြားမိန်းမများ အတူအိပ်သည်ကို ခွင့်ပြုကြသူများ ရှိပါသည်။ မိမိကိုယ်တိုင်က မိန်းမရှာပေးသူများပင် ရှိ၏။ လင်ကို မိမိတစ်ယောက် တည်းသာ အပိုင်စီးလိုသော ထိပ်စုဖုရားလတ်ပင်လျှင် သူမမှာ ကိုယ်ဝန်ကြီးနှင့် သီပေါဘုရင်နှင့် မအိပ်နိုင်သောအခါ သူမ၏ညီမ ရမည်းသင်းစား စုဖုရားထွေးနှင့် သီပေါဘုရင်ကို ပေးစားသည်။ အိပ်စေသည်ဟု ဆောင်းပါးတစ်ပုဒ်မှာ ဖတ်ရပါသည်။

အနောက်နိုင်ငံမှ အချို့သောသူများမှာ ကာမဆက်ဆံမှုကို ထမင်းစား ရေသောက်လို သဘောထားကြသည်။ အပျော်ကစားအဖြစ် ယူဆသည်။ မိမိတို့၏ လင်နှင့်မယားသာမက အခြားလင်မယားများနှင့် ပူးပေါင်းဆက်ဆံခြင်းမျိုး၊ လင်နှင့် မိန်းမ (၃-၄)ဦး၊ မိန်းမနှင့် ယောကျ်ား (၃-၄)ဦးပင် တစ်ပြိုင်တည်း ဆက်ဆံကြသည်၊ ရောဂါများ ပြန့်ကုန်ကြတော့သည်။ ဤသည်ကို ပုံမမှန် လိင်ဆက်ဆံမှု (Kinky Sex) ဟုခေါ်ကြသည်။ စည်းလွတ်ဝါးလွတ် လိင်ပွဲသဘင်များ (Sexual Orgies) ဟုလည်း ခေါ်သည်။ ဤအကြောင်းအရာများကို အနောက်နိုင်ငံထုတ် လိင်မဂ္ဂဇင်းများ ဥပမာ Playboy, Hustler, He She စသည်တို့၌ ဖတ်နိုင်ကြသည်။ သံဝေဂယူရန် "ပညာ" ယူရန်ဖြစ်သည်။ [illegible]ကျရန် မဟုတ်ပါ။ အတုယူရန်မူ ဝေလာဝေး။ ပုံမမှန် ဆက်ဆံမှုဟု သိထားပါ။

## လိင်တူဆက်ဆံမှု

ပုံမမှန်ဆက်ဆံမှုများ၌ လိင်တူဆက်ဆံမှုလည်း တစ်ခုအပါအဝင်ဖြစ်သည်။ ကာမဆက်ဆံမှုမှာ ကလေးရရန်အတွက်သက်သက် မဟုတ်တော့၊ ပျော်ရွှင်ဖို့၊ စိတ်ကျေနပ်ဖို့လည်းပါ၍ မိမိနှစ်သက်သော မည်သူနှင့်မဆို လိင်တူတူ၊ မတူတူ ဆက်ဆံ၍ရသည်ဟုကောက်ချက်ချကြကာ အချို့သူများက ယောကျ်ား ယောကျ်ားချင်း၊ မိန်းမ မိန်းမချင်း ဆက်ဆံကြသည်။ အချို့အိမ်ထောင်ရှင်များက သားမယားရှိလျက် ပြင်ပတွင် လိင်တူသောသူနှင့် ကာမဖြေဖျောက်မှုကို ရယူကြသည်။

ဤသည်မှာ ပုံမမှန်၍ လူသိရှင်ကြားဖြစ်လျှင် အရှက်ကွဲကြရသည်။ တချို့ အိမ်ထောင်ကွဲသွားသည်။ နိုင်ငံရေးရာထူးကြီးများမှ ထွက်ပေးရသည်။ အမေရိကန်ပြည်ထောင်စု၌ လိင်တူဆက်ဆံသဖြင့် ပြည်နယ်အုပ်ချုပ်ရေးမှူးတစ်ဦး၊ လွှတ်တော်အမတ် စသည်တို့ ရာထူးမှ နုတ်ထွက်ပေးကြရသည်။ ဩစတြေးလျ၌ လေဘာပါတီမှ ဝန်ကြီးတစ်ဦး နုတ်ထွက်ရသည်။ ဗြိတိန်နိုင်ငံ၌မူ အမတ်တစ်ယောက် နုတ်ထွက်ရသည်။

အချို့သောနိုင်ငံများ၌မူ ယောကျ်ား ယောကျ်ားချင်း သို့မဟုတ် မိန်းမ မိန်းမချင်း လက်ထပ်ခြင်းကိုပင် ခွင့်ပြုလာကြသည်။ ယင်းနိုင်ငံများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ဖင်လန်၊ နော်ဝေ၊ ဆွီဒင် စသော စကင်ဒီနေဗီးယားနိုင်ငံများ
(၂) ကနေဒါ
(၃) ပြင်သစ်
(၄) စပိန်
(၅) ပေါ်တူဂီ

**လိင်တူနေခြင်းကို အသိအမှတ်ပြုသော နိုင်ငံများ**

(၁) အင်္ဂလန်
(၂) ဂျာမနီ
(၃) ဩစတြေးလျ
(၄) ဘရာဇီးလ်
(၅) ချီလီ
(၆) အာဂျင်တီးနား
(၇) ကာလီဖိုးနီးယားပြည်နယ် (အမေရိကန်)
(၈) တောင်အာဖရိက

**လိင်တူဆက်ဆံမှု၊ အတူနေမှုကို ပြစ်ဒဏ်ခတ်နိုင်ငံများ**

(၁) အီဂျစ်
(၂) ဆော်ဒီအာရေဗျား
(၃) မြန်မာ
(၄) တူရကီ
(၅) အယ်လ်ဂျီးဒီးယား
(၆) လစ်ဗီးယား
(၇) အာဖရိကနိုင်ငံများ
(၈) မလေးရှား

ဆူဒန်၊ ဆော်ဒီအာရေဗျား၊ အီရန်နှင့် အီရတ်နိုင်ငံတို့က သေဒဏ်ပင်ပေးသည်။

# လိင်တူဆက်ဆံမှုမှာ လူမှုရေးရောဥပဒေပါ ရှုပ်ထွေး

စင်စစ် လိင်တူလက်ထပ်မှုနှင့် လိင်တူချင်း အတူပေါင်းသင်းနေမှုသည် ရှုပ်ထွေးသော ပြဿနာတစ်ခုဖြစ်သည်။ ကမ္ဘာကြီးတစ်ခုလုံးမှာ အားလုံး သဘောတူသောအချက်မရှိ။ အမေရိကန်ပြည်ထောင်စု၌ပင် ပြည်နယ်တစ်ခုနှင့်တစ်ခု မတူညီကြပေ။ ကာလီဖိုးနီးယားနှင့် မြောက်ပိုင်း အရှေ့ပိုင်းပြည်နယ်များက ခွင့်ပြုကြသော်လည်း တောင်ပိုင်းနိုင်ငံများက ခွင့်မပြုကြပေ။

ဥရောပ၌ပင်လျှင် သဘောတရား ကွဲပြားကြ၏။ ဒိန်းမတ်နိုင်ငံသည် ပထမဆုံး တရားဝင်ခွင့်ပြုသော နိုင်ငံဖြစ်သည်။ နောက်မှ ဖင်လန်၊ အိုက်စလင် စသော နိုင်ငံများလိုက် ခွင့်ပြုကြသည်။

အာဖရိကတိုက်၌ တောင်အာဖရိကနိုင်ငံမှလွဲ၍ များသောအားဖြင့် ခွင့်မပြုကြ။ အပြစ်ဟု ယူဆကြသည်။

ဂျူးဘာသာ၊ ခရစ်ယာန်ဘာသာ၊ မူဆလင်ဘာသာတို့က ခွင့်မပြု။ ဗုဒ္ဓဘာသာက ဝင်မစွက်၊ အားမပေး။ ဘုရားမဲ့ဘာသာများက စာနာ ခွင့်ပြုကြသည်။

## အခန်း (၈)

# အိမ်ထောင်ပြင်ပ ဖိုမဆက်ဆံမှု

### မိန်းမမရှိလျှင် ယောကျ်ားတို့သဘာဝ

အရွယ်ရောက်လာသော ယောကျ်ားသည် ပုံမှန်အားဖြင့် ဆန္ဒကျင်ဘက်လိင်ဖြစ်သော မိန်းမနှင့် လိင်ဆက်ဆံမှု (ဝါ) ကာမ ဆက်ဆံမှုပြုလိုသည်။ မိန်းမနှင့် မဆက်ဆံရပါက မိမိဘာသာ လက်ဖြင့် ဖြေဖျောက်သည်။ ဤသည်မှာ သဘာဝပင်ဖြစ်သည်။ ဤသို့ပြုလုပ် သဖြင့် နောင် အိမ်ထောင်ကျလျှင်၊ လက်ထပ်လျှင် ပန်းသေမည်၊ ပန်းညှိုးမည်ဆိုသည်ကို ကြောက်စရာမလိုပေ။

အရွယ်ရောက်ပြီးကြသည့်အခါ လူကြီးဖြစ်လာသည်၌ ဥပမာ အသက် (၂၀)ကျော် အစိတ်ပတ်လည် သို့မဟုတ် သည့်ထက်ကြီးသည့် အရွယ်၌ ကာမဆန္ဒ ထကြွလာသောအခါ ယောကျ်ားဖြစ်သူသည် ပိုက်ဆံပေး၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရလာသော မိန်းမနှင့် ဆက်ဆံ၏။ အပျော်အပါး တဒင်္ဂသဘော။ ဤသို့ ဆက်ဆံသည်ကို **"လက်လီဆက်ဆံမှု"** (Piecemeal OR Retail Sex) ဟုခေါ်သည်။ တစ်ခါတစ်ရံ ညကပွဲ၊ ပျော်ပွဲများ၌ တွေ့ရသော မိန်းမများနှင့်

တစ်ညတာ တစ်ခါသာ အပျော်ရရုံ ဆက်ဆံ၍။ တဒင်္ဂဆက်ဆံမှု (One-Night Stand) ဟု ခေါ်ပါသည်။ ဤသို့ ပြုလုပ်သည်ကို အန္တရာယ်ရှိသည်မှလွဲ၍ မည်သူကမျှ အပြစ်မပြောကြပေ။ လွတ်လပ်သော၊ အရွယ်ရောက်သော ယောကျ်ားနှင့် မိန်းမ နှစ်ဦးသဘောတူပြုလုပ်ပါက အားလုံးက နားလည်ခွင့်လွှတ်ကြပါသည်။

## ဖြုံခုန်ခြင်းဟူသည်

သို့ရာတွင် လင်ရှိမယားသည် အခြားယောကျ်ားတစ်ဦးနှင့် ကာမဆက်ဆံမှုပြုလျှင်လည်းကောင်း၊ အိမ်ထောင်ရှိ ယောကျ်ားတစ်ဦးသည် အခြားမိန်းမနှင့် ပြုလုပ်လျှင်လည်းကောင်း ဤသည်မှာ "ဖြုံခုန်ခြင်း" ဖြစ်၍ အပြစ်ဖြစ်သည်ဟု မြင်ကြသည်။ ဤ၌ အိမ်ထောင်မရှိသော ယောကျ်ားက အိမ်ထောင်ရှိမိန်းမကို ဆက်ဆံလျှင် ပို၍ အပြစ်ကြီးသည်ဟု ပြောကြသည်။ သို့သော် အချို့ဘာသာများ၌ ယောကျ်ားတစ်ဦးသည် မိန်းမတစ်ယောက်ထက် ပိုယူခွင့်ရှိရာတွင် ဤသည်ကို အပြစ်ဟု မပြောကြချေ။ ရှေးက အိန္ဒိယ မဟာရာဇာများ၊ တရုတ်ဧကရာဇ်များနှင့် မြန်မာဘုရင်များ၌ မိဖုရား၊ မောင်းမမိဿံ၊ အပျိုတော် အများကြီးရှိပေသည်။ ခရစ်ယာန်ဘာသာကသာ တစ်လင်တစ်မယားစနစ် သတ်မှတ်ထားပေသည်။

## တစ်လင်တစ်မယားစနစ်

သို့ဖြစ်၍ ယခုခေတ်သစ်၌ မူဆလင်နိုင်ငံများမှလွဲ၍ နိုင်ငံများစွာက တစ်လင်တစ်မယားစနစ်ကို ဥပဒေအရ သတ်မှတ်ထားကြသည်။ တစ်လင်တစ်မယားထက် ပိုယူလျှင် အသိအမှတ်မပြု။ မြန်မာနိုင်ငံမှာသာ မယားပြိုင်ရှိသည်။ မယားကြီး၊ မယားငယ်ဟူ၍ ရှေးကလို မရှိတော့ပေ။ အမွေအညီအမျှ ခွဲယူကြရ၏။ တောင်အာဖရိကနိုင်ငံမှာလည်း ဇူးလူး လူမည်းများမှာ မိန်းမတစ်ဦးထက် ပို၍ ယူနိုင်သည်။ ယခု တောင်အာဖရိကသမ္မတ မစ္စတာဇူးမား (Mr. Zuma) မိန်းမသုံးယောက်ပင် တရားဝင်ရှိလေသည်။

ဤသို့ တရားဝင်ယူထားသော မိန်းမမှလွဲ၍ ကျန်အခြား မိန်းမများနှင့် ဆက်ဆံခြင်းကို ဖြံ့ခုန်ခြင်း၊ အိမ်ထောင်မှု သစ္စာ ဖောက်ခြင်းဟု ပြောကြသည်။ အကယ်၍ ယောကျ်ားတစ်ယောက်က လင်ရှိမိန်းမနှင့် ဖောက်ပြားပါက ဗုဒ္ဓဘာသာအရ "ဒု-သ-န-သော" ဆိုက်၍ ငရဲမှာ အချိန်ကြာမြင့်စွာ ခံစားရပေမည်။ မူဆလင်နိုင်ငံများ၌ ထိုသို့ အိမ်ထောင်ပြင်ပ လိင်ဆက်ဆံမှုပြုသူများကို အရပ်က ခဲပေါက်၍ ပြစ်ဒဏ်ပေးစေသည်။ ဆော်ဒီအာရေဗျားနိုင်ငံ၌ မင်းသမီးတစ်ဦးက လင်ရှိပါလျက် အခြားယောကျ်ားနှင့် အတူအိပ်သည်ကို ပက်ပင်း တွေ့ရ၍ ခေါင်းဖြတ်သတ်စေခဲ့သည်။ ယိုးဒယားနိုင်ငံမှာလည်း ထိုသို့ အပြစ်ပေးဖူးကြောင်း အင်္ဂလိပ်တရားသူကြီးတစ်ဦးက ထိုသို့ပင် ရေးသားတင်ပြဖူးသည်။

## ကြာခိုသူကိုမုန်းကြသည်

သူများမိန်းမ ကြာခိုသည်ဆိုသည်မှာ မကောင်းပါ။ မည်သူကမျှ အားမပေး၊ အားမကျပါ။ သိလျှင် မုန်းကြပါသည်။ ၁၉၅၀ ပြည့်လွန် နှစ်များက အေဝမ်းရုပ်ရှင်ကုမ္ပဏီက "ရတနာပုံ" ဟူသော ရုပ်ရှင်ကို ရိုက်ပြရာ ထိုကား၌ ခင်စိန်ကြည်အဖြစ် ကြည်ကြည်ဌေး၊ မောင်ထွန်းမြတ် အဖြစ် ဦးတင်မောင်၊ ကြာခိုသူ သက်ညွန့်အဖြစ် မင်းသား အေးကြူက သရုပ်ဆောင်ရာ ခင်စိန်ကြည်ကို တင်မောင်ထံမှ ကြာခိုသော အေးကြူကို ရုပ်ရှင်ထဲမှာသာမက အပြင်မှာပါ လူမုန်းများလိုက်သည်။ ထိုရုပ်ရှင်ကားကြောင့် မင်းသား အေးကြူမှာ ရန်ကုန်၌ ပြင်ပကို သွားလာမဖြစ်တော့ဟု သိရလေသည်။ သို့သော် ရဲအုပ်ဘချစ်၏မယား မေမေဝင်းကို အတင်းလုယူသော ဗိုလ်အောင်ဒင်ကိုမူကား လူတွေက ချစ်ကြသည်။ ဗိုလ်အောင်ဒင်ကားသည် အောင်မြင်သည်။

## ဒသဂီရိနှင့် သီတာရာမဇာတ်လမ်း

တကယ်တော့ ကမ္ဘာ့သမိုင်း၊ မြန်မာလူမျိုး၌ သူများသား မယားကို ပြစ်မှားသော ဇာတ်လမ်းများစွာရှိသည်။ ဟိန္ဒူ "ရာမ"



-

ဇာတ်တော်မှ ဒသဂီရိသည် ရာမ၏မယား သီတာကို ဘီလူးကြီး၊ လူဆိုးကြီး ဒသဂီရိခေါ် ရဝဏာ (Ravana) က ခိုးယူခြင်းဖြစ်သည်။ ဒု-သ-န-သောမြောက်သည်။ ဒသဂီရိကိုတော့ လူတွေက ရွံကြ၊ မုန်းကြသည်။ တကောင်းရာဇဝင် မောင်ပေါက်ကျိုင်းပုံပြင်မှ မောင်ပေါက်ကျိုင်းသည် နဂါး၏မယား မိဖုရားကို ခိုးယူပေါင်းသင်းခြင်းပင်ဖြစ်သည်။ မိန်းမ (ဝါ) မိဖုရားက မောင်ပေါက်ကျိုင်းဘက်က ပါ၍ နဂါးလုလင်မှာ သေဆုံးရသည်။ နဂါးဟူသည်မှာ မြစ်အောက်ခြေ၌ နေသော၊ တံငါလုပ်၊ အမဲလိုက်သော တောရိုင်းသားများဖြစ်သည်။ တိရစ္ဆာန်မဟုတ်၊ လူဖြစ်သည်။ စာကိုဖတ်၍ စာအတိုင်း အဓိပ္ပာယ်ယူလျှင် မှားချိမ့်မည်။

ပုဂံရာဇဝင်၌ အနော်ရထာမင်း၏မိခင်ကို သူ့ဖခင် သင်ကွမ်းဆော်မင်းရှိလျက် ကျည်စိုးနှင့် စုက္ကတေးမှာ ပေါင်းသင်းခြင်းမှာ ဒု-သ-န-သောပင်ဖြစ်သည်။ အနော်ရထာက မခံနိုင်၍ စုက္ကတေးနှင့် စီးချင်းထိုးရာ အနော်ရထာ အနိုင်ရသည်။ စုက္ကတေး လုံ့စူး၍သေသည့်နေရာကို မြင်းကပါမြင်းထက်က ကျသဖြင့် "မြင်းကပါ" အရပ်ဟု ခေါ်သည်။ ယခုတိုင် ရှိသေးသည်။

## နိုင်ငံခြားမှာ

ဆိုလိုသည်မှာ အိမ်ထောင်ပြင် လိင်ဆက်ဆံမှုကို နိုင်ငံအများ၌ လူအများ ပြုလုပ်ကြသည်။ မိန်းမတွေထက် ယောကျ်ားတွေက ပိုပြုလုပ်ကြသည်၊ ဘာသာများစွာက အပြစ်ရှိသည်ဟု သတ်မှတ်ပြီး နိုင်ငံဥပဒေများက အပြစ်ပေးရန် သတ်မှတ်ထားလျက် မည်သို့ ထိုမှုပြုလုပ်ကြသနည်း။ မိန်းမတွေက ပြုလုပ်သူနည်းသော်လည်း ရှိသည်။ သီပေါမင်းပါတော်မူပြီးစက သီပေါစော်ဘွား၏ ကိုယ်လုပ်တော် စောမြအေးကြည်သည် ဖိုးမင်းတီးသော မောင်တင်နှင့် ရည်ငံသည်။ သီပေါဟော် (နန်းတော်) အမှုထမ်းများက တိုင်သဖြင့် သီပေါစော်ဘွားက စောမြအေးကြည်အား ခေါ်စစ်သည်။ ဝန်ခံသဖြင့် စောမြအေးကြည်၏ ဆံထုံးကို ကတ်ကြေးဖြင့်ဖြတ်၍ အပြစ်ပေးသည်။

ရွှေ ငွေ ပစ္စည်းမသိမ်း။ မောင်တင်နှင့် လက်ထပ်ခွင့်ပြုသည်။ သီပေါ စော်ဘွားသည် အလွန်သဘောထားကြီး စိတ်ထားပြည့်ဝပါသည်။

## ခေတ်သစ်လေ့လာတွေ့ရှိချက်များ

ယခု ခြံခုန်သော ယောကျ်ား မိန်းမတို့အကြောင်း၊ အိမ်ထောင် ပြင်ပ လိင်ဆက်ဆံသော လင်နှင့် မယား မိန်းမတို့အကြောင်းကို ခေတ်သစ်လေ့လာမှုအရ သိရှိသမျှ တင်ပြပါမည်။

ဆေးသိပ္ပံပညာရှင်တို့၏ လေ့လာမှုအရ အိမ်ထောင်ရှိလျက် အိမ်ထောင့်ပြင်ပတွင် အခြားသူတစ်ဦးနှင့် လိင်ဆက်ဆံမှုပြု သာယာမှု ရှာလိုခြင်းမှာ မိမိ၏အိမ်ထောင်ဘက်နှင့် ဆက်ဆံ၍မရ။ ရလည်း သာယာမှုမရှိသောကြောင့် ဖြစ်သည်ဟု သိရသည်။ ယင်းသို့ ခြံခုန်သော ယောကျ်ားနှင့် မိန်းမများကို လေ့လာရာ၌ ယင်းတို့၏ ဦးနှောက်ထဲတွင် ဒိုပါမင်း (Dopamine) မှာ နည်းနေသည်။ တက်စတိုစတီရုန်း (Testoterone) ကလည်း မထွက်၊ ပမာဏ လျော့ကျနေသည်။ ဤအချိန်တွင် အိမ်ထောင်ဘက်နှင့် မည်သို့ အချစ်ပလူးပလူး ထိုဟော်မုန်းများမှာ တိုးထွက်မလာ။ သို့ဖြင့် ကာမဆက်ဆံရန် ဆန္ဒ မရှိကြ၊ မပြုနိုင်ကြဟု သိရပါသည်။ သို့ဖြင့် ပန်းသေသော ယောကျ်ား များကို ကုသသလိုပင် ယင်းဟော်မုန်းများပေးခြင်း သို့မဟုတ် ယောကျ်ား၏ ကာမစွမ်းရည်ကို လက်တွေ့ တိုးတက်စေသည့် ဗိုင်ရာဂရာ (VIagra) စသည်တို့ကို ပေးကြပါသည်။

အခြားတစ်ဘက်တွင်လည်း မိမိ၏အိမ်ထောင်ဘက်နှင့် အချစ်ကုန်သဖြင့် စိတ်ကူးယဉ်အချစ် (Romantic Love) မရှိတော့ သောကြောင့်လည်း ဖြစ်သည်။ "ငယ်ငယ်က ချစ်ခဲ့တာတွေကို ပြန်ပြော မနေနှင့်။ ရှက်စရာကြီး" သို့မဟုတ် "ကလေးမဟုတ်၊ ကုလားမဟုတ် ငယ်မူပြန်မနေနှင့်" ဟု ပြောသော မိန်းမများရှိသည်။ အမှန်တကယ်က အချစ်၌ အသက်ငယ်သည်၊ ကြီးသည်ဟူ၍ မရှိပေ။ အချစ်စိတ် အချစ်မာန်ရှိနေဖို့သာဖြစ်သည်။ အသက်ကြီးသည်အထိ ငယ်လင် ငယ်မယား ပေါင်းနေကြသော၊ အိမ်ထောင်သက် ငွေရတု၊ ရွှေရတု

ဆင်နွဲနေကြသော ဇနီးမောင်နှံ များစွာရှိပါသည်။ ငွေရတုမှာ (၂၅)နှစ်မြောက်၊ ရွှေရတုမှာ နှစ် (၅၀)မြောက်ဖြစ်ပါ၏။ သိန်းဖေမြင့်၏ "တစ်ခုသော ငွေရတုသဘင်" မှာ သူတို့ဇနီးမောင်နှံ၏ (၂၅)နှစ်မြောက် မင်္ဂလာကို ရေးထားခြင်းဖြစ်သည်။ စာရေးသူက အားကျ၍ "ဆယ်နှစ်မြောက်မင်္ဂလာ" ဟု ဝတ္ထုတိုတစ်ပုဒ် ရေးသားခဲ့ဖူးပါသည်။ ယခု ဇနီးနှင့် မင်္ဂလာဆောင်သည်မှာ (၃၂)နှစ်ရှိပါပြီ။ မရိုးသေးပါ။

ဤသို့ မိမိ၏ အိမ်ထောင်ဘက်မှလွဲ၍ အခြားယောကျ်ား သို့မဟုတ် အခြားမိန်းမများနှင့် ဆက်ဆံမှုများကို လေ့လာရာ၌ အနောက်တိုင်းနိုင်ငံများတွင် ယောကျ်ားက အိမ်ထောင်ရှင် (၁၀၀)တွင် (၁၂)ယောက်၊ မိန်းမက အိမ်ထောင်ရှင် (၁၀၀)တွင် (၇)ယောက် ပြုလုပ်ကြသည်ဟု သိရသည်။ ဤသည်မှာ ၁၉၇၂ ခုနှစ်ကဖြစ်၍ ယင်းနှစ်အတွင်း၌ ကျူးလွန်ကြသူများဖြစ်သည်။ ယေဘုယျအားဖြင့် ဥရောပနိုင်ငံများ၌ ယောကျ်ား (၅၀) နှင့် (၆၀)ရာခိုင်နှုန်းကျော်သည် အိမ်ထောင်ပြင်ပမှာ တစ်ခါမဟုတ်တစ်ခါ သာယာမှုရှာကြသည်။ ပြင်သစ်နှင့် ဆွီဒင်နိုင်ငံများမှ (၈၀)ရာခိုင်နှုန်းအထိ ရှိသည်ဟူ၏။ အိမ်ထောင်ရှင်မတို့ကမူ သည့်ထက်နည်းနည်း စည်းဖောက်ကြ၏။ (၄၀)ရာခိုင်နှုန်းသာ။ သို့သော် (၁၅)ရာခိုင်နှုန်းသာ လူသိကြပါ သည်တဲ့။

ယောကျ်ားထက် ပို၍ မိန်းမက အိမ်ထောင်ပြင်ပ အချစ် ရှာရာတွင် ပြင်သစ်နိုင်ငံမှာ ကျော်ကြားသည်။ (၁၀)ယောက်မှာ (၉)ယောက်ခန့် (၈၇)ရာခိုင်နှုန်းသည် လင်အပြင် ချစ်သူ (Lover) ရှိကြသည်ဟူ၏။ စာရေးသူကြည့်ဖူးသော ရုပ်ရှင်တစ်ခု၌ ပြင်သစ်ရွာ ကလေးတစ်ရာတွင် တစ်ရွာလုံးမှာ ယောကျ်ား မိန်းမ အားလုံးသည် လိင်စိတ် (Libido) ကုန်ခန်းနေကြသည်။ အိမ်ထောင်ရှင် လင် သို့မဟုတ် မိန်းမနှင့် မဆက်ဆံလိုကြ။ အိမ်ထောင်ပြင်ပမှာ အချစ်ရှာ၏။ ရွာထဲတွင် မတွေ့။ တွေ့ပြန်တော့လည်း ကာမဆက်ဆံမှု မပြုနိုင်။ တာ့ကြောင့် ဖြစ်နေသည်ဟု သူတို့ မသိကြ။ ဤတွင် ပဲရစ်မြို့မှ ပြန်လာသော မိန်းမတစ်ယောက်က ချောကလက်တစ်ပြားစီ ဝေပေးရာ

ထိုအခါမှ အိမ်ထောင်ရှင်များသည် လင်လို မယားလို ကာမဆက်ဆံမှု ပြုနိုင်ကြသည်ဟု သိရသည်။ အမှန်တော့ ချောကလက်ထဲတွင် ဦးနှောက်မှ ဒိုပါမင်းဓာတ်ကို သွေးထဲပို့ပေးသော ကိုကိုးဓာတ် (Cocoa) ပါသည်ဆိုသည်ကို ရုပ်ရှင်ဒါရိုက်တာ သိသလား၊ မသိပေ။

အမေရိကန်ပြည်ထောင်စု၌ ၁၉၉၈ နှင့် ၂၀၀၈ ခုနှစ် အတွင်းတွင် လေ့လာရာ၌ ခြံခုန်သောလင်မယား ပိုများလာသည်ကို တွေ့ရသည်။ အသက် (၆၀)ကျော် အိမ်ထောင်ရှင် ယောကျ်ားများတွင် (၂၀)ရာခိုင်နှုန်း၊ ယင်းအရွယ် အိမ်ထောင်ရှင်မများတွင် (၁၅)ရာခိုင်နှုန်း ဖြစ်သည်။ ဤသည်မှာ ဒုတိယကမ္ဘာစစ်အပြီး မွေးလာသောသူများ၏ မျိုးဆက်အသက်ကြီးလာသောကြောင့်ဖြစ်သည်။ သူတို့သည် ရှေးဟောင်း အိမ်ထောင်ရေး စည်းကမ်းများနှင့် ဓလေ့ထုံးစံများကို ဂရုမစိုက်ခြင်း နှင့် လိင်ဆက်ဆံမှုကို မြှင့်တင်ပေးသော ဆေးများ [ဥပမာ Viagra, HRT (Hormone Replacement Therapy)] ပေါ်လာ၍ ဖြစ်သည်။

## ခြံခုန်ရခြင်းများလာသည်မှာ

အဘယ်ကြောင့် အိမ်ထောင်ပြင်ပ လိင်ဆက်ဆံမှု ပိုများလာရသနည်း။ အဖြေမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) တဏှာပေမစိတ်များခြင်း
(၂) မိမိ၏ အိမ်ထောင်ဘက်ပေါ် စိတ်ပျက်လာခြင်း
(၃) လိင်ဆက်ဆံမှုတွင် အပေးအယူမမျှခြင်း
(၄) မိန်းမက အိမ်ထောင့်တာဝန် ဖိစီးခံနေရခြင်း
(၅) အခြားမိန်းမက လင်ကို မြူဆွယ်မှု အားကောင်းခြင်း
(၆) မယား သို့မဟုတ် လင်က မြူဆွယ်မှု မရှိခြင်း
(၇) အချစ်သစ်၊ ဆန့်ကျင်ဘက်လိင်သစ်အတွက် အားတက်ခြင်း
(၈) မိမိ၏ အိမ်ထောင်ဘက် မြည်တွန်လွန်းခြင်း
(၉) အိမ်ထောင်ရေးပြဿနာကို ဥပေက္ခာပြုထားကြခြင်း
(၁၀) ယောကျ်ားတွင် "ဇရာပြဿနာ" ဥပမာ လိင်စွမ်းအင်၊ ဆွဲဆောင်မှု၊ ယောကျ်ားပီသမှု ပြလိုခြင်း စသည်ဖြစ်လာခြင်း၊

မိန်းမများတွင်မူ လိင်ဆက်ဆံမှုကို ညည်းငွေ့လာပြီး မိမိမှာ ယင်းကာမတာဝန်ထက် ကြီးကျယ်မြင့်မြတ်သောအလုပ် ရှိသေးသည် စသည်ကိုပြရန် ယောကျ်ားဟောင်းထံမှခွာ၊ ဝါသနာပါသူ အခြားယောကျ်ားသစ်နှင့် "ကမ္ဘာသစ်" တည်ဆောက်ခြင်းပင်ဖြစ်သည်။

## မိန်းမများဖောက်ပြားရခြင်းအကြောင်းရင်း

မိန်းမများကို အဘယ့်ကြောင့် မိမိယောကျ်ားအား ပစ်၍ အခြားသူတစ်ဦးနှင့် လိင်ဆက်ဆံရသနည်း။ "အချစ်သစ်" ရှာရသနည်းဟု မေးမြန်းရာ အောက်ပါအဖြေများ ပေးကြသည်။

(၁) တစ်ယောက်တည်းနေရသည်ကို ပျင်းရိလာခြင်း
(၂) လင်နှင့် စကားပြောဆက်ဆံရေး မပြေလည်ခြင်း
(၃) မိမိမှာ ဆွဲဆောင်မှု မရှိဟု မြင်ခြင်း
(၄) လင်ယောကျ်ားက မိမိကို တန်ဖိုးမထားခြင်း
(၅) လင်သည်မှာ သူ့အလုပ်တွင်သာ စိတ်ဝင်စားနေခြင်း
(၆) ကာမဆက်ဆံမှုတွင် မပျော်ပိုက်ခြင်း
(၇) အိမ်ထောင်ရှင်လုပ်နေကျအလုပ်မှ ထွက်ပြေးလိုခြင်း
(၈) မိမိမှာလည်း စွမ်းဆောင်မှု၊ ဆွဲဆောင်မှုရှိသည်ကို ပြလိုခြင်း
(၉) မိမိ၏ လက်ရှိအိမ်ထောင်သည်ဘဝကို ငြီးငွေ့ခြင်း
(၁၀) ရလာသော အခွင့်အရေးကို ယူလိုက်ခြင်း

## ကံဆိုးသည်လား၊ အသည်လား

ထိုသို့ဖြစ်နေစဉ်၌ ထန်းသီးကြွေခိုက် ကျီးနင်းလိုက်ဆိုသလို အဖြစ်အပျက်တစ်ခုခု၊ အကြောင်းအရာတစ်ခုခုက စေ့ဆော်လိုက်၍လည်း ဖြစ်သည်။ ဥပမာ ကမ္ဘာကျော် ရုပ်ရှင်မင်းသား ဟရူဂရန် (Hugh Grant) သည် ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး အဲလီဇဘက်ဟာလေး (Elizabeth Hurley) နှင့် လက်ထပ်ထားရာမှ လမ်းပေါ်မှ မိန်းမတစ်ဦး (ပြည့်တန်ဆာ)နှင့် အပျော်ပါးလိုက်သည်ကို လူသိရှင်ကြား ကျော်သွား

သဖြင့် ကွာရှင်းခံရသည်။ ထိုမင်းသမီးသည် အခြားယောက်ျား တစ်ယောက်ကို ယူသွားသည်။

ထို့အတူ လွန်ခဲ့သော နှစ် (၄၀-၅၀)လောက်က "ကလီယို ပတ္တရား" (Cleopatra) ရုပ်ရှင်ကိုရိုက်ရင်း အဲလီဇဘက်တေလာနှင့် ရစ်ချက်ဘာတန်တို့ တွေ့ရာ တွဲရိုက်ဖန်များသဖြင့် မိမိတို့၏ လက်ရှိလင် နှင့် မယားကိုပစ်ပြီး သူတို့ချင်း လက်ထပ်ယူကြသည်။

## ကလင်တန်ဇာတ်လမ်း

အချို့မိန်းမများမှာမူ သဘောထားကြီးကြသည်။ ဟီလာရီ ကလင်တန်သည် သူ့မယောက်ျား သမ္မတကလင်တန် အခြားမိန်းမ တစ်ယောက် (Monica Lewinsky) နှင့် လူသိရှင်ကြား ဖောက်ပြား သည်ကို ခွင့်လွှတ်၍ ဆက်ပေါင်းသည်။ ဘီလ်ကလင်တန်က သူမ၏ စိတ်ထားကြီးမြတ်မှုကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၀၈ ခု အမေရိကန်သမ္မတရွေးပွဲတွင် သူမရရန် အစွမ်းကုန် ဆောင်ရွက်ပေး ခဲ့သည်။ မစ္စတာအိုဘားမားက လူကြိုက်ပိုများ၍သာ သူမမှာ မရခဲ့ရှာ။ သို့သော် အိုဘားမားအစိုးရအဖွဲ့၌ နိုင်ငံခြားရေးဝန်ကြီးရာထူး ရရှိ ပါသည်။ ပြင်သစ်သမ္မတ ဆာကိုးဇီး (Sarkozy) ၏ ပထမမိန်းမ သည်လည်း သူ့လင်နှင့် ကွာရှင်းခြင်းကို ပြင်သစ် သမ္မတရွေးကောက်ပွဲ ပြီးသည်အထိ စောင့်၍ ဘေးမှ အဖော်လုပ်ပေးခဲ့သည်။ မဲဆွယ် ခဲ့သည်။ သမ္မတအဖြစ် ရွေးကောက်ခံရပြီးမှ ကွာရှင်းပေးခဲ့သည်။ ယခုမူ သမ္မတ ဆာကိုးဇီးသည် ပြင်သစ်အလှမယ်တစ်ဦးနှင့် အိမ်ထောင်သစ် ပြုကာ သာယာနေပါသည်။

## အိမ်ထောင်ပြင်ပ ခြံခုန်ရခြင်း အကြောင်းပြချက်များ

ဤသို့ မိမိ၏အိမ်ထောင်ဘက်ကိုစွန့်၍ အခြားသူတစ်ဦး၏ ရင်ခွင်တွင် ပျော်မွေ့နေကြသူ အမျိုးမျိုးရှိရာ ယင်းတို့သည် အကြောင်း

အမျိုးမျိုးပြ၍ မိမိတို့မမှားကြောင်း ပြောဆိုကြသည်။ ယင်းသို့ ပြောဆိုကြရာ၌ အောက်ပါအကြောင်းပြချက်များမှာ မမှန်ကန်ပေ။

(၁) ယောကျ်ားကစ သစ္စာမရှိ၍ မိမိကပါ နောက်လင်ရှာရသည်။

(၂) ဤယောကျ်ားသည် အမြူအဆွယ်ကောင်းသည်။ မည်သည့် မိန်းမမျှ သူမြူဆွယ်မှုကို မခံနိုင်။ သို့ဖြင့် မိမိမှာ ပါသွားသည်။

(၃) မိန်းမတစ်ယောက်တည်းနှင့် ဆက်ဆံလာရသည်ကို ငြီးငွေ့၍ အသစ်ရှာခြင်းဖြစ်သည်။

(၄) စိတ်ညစ် စိတ်ဓာတ်ကျသဖြင့် စိတ်အားတက်စရာ အိမ်ထောင်ဘက်အသစ် ရှာကြည့်ခြင်းဖြစ်သည်။

(၅) ပထမအိမ်ထောင်နှင့် မပျော်ပိုက်၍ ပျော်ရမလားဆိုပြီး အိမ်ထောင်သစ်ပြုရန် လူရှာဖွေခြင်းဖြစ်သည်။

(၆) "သူကစိမ်း၍ ငါက စိမ်းရသည်၊ ချင်းစိမ်းနှင့် မိသလင် သူကြင်မှ ငါကြင်" လက်စားချေခြင်းဖြစ်သည်။

(၇) ဘာသာရေးအရ နတ်ကိုးကွယ်မှုအရ ယူရခြင်းဖြစ်၍ ဗေဒင် ကိန်းခန်းအလိုအရ အိမ်ထောင်သစ်ပြုရခြင်းဖြစ်သည်။

အထက်ပါ အကြောင်းပြချက်အားလုံးပင် ခိုင်လုံသော အကြောင်းများ မဟုတ်ပါ။ ယင်းတို့ကို သေချာလေ့လာကြည့်ပါက ယင်းသို့ပြောသောသူသည် အပေါ်ယံပြောခြင်းသာဖြစ်ကြောင်း သိနိုင်ပါသည်။ အကြောင်းပြချက်တစ်ခုချင်းအတွက် အဖြေရှိနေပါသည်။ ပြဿနာကို ပြေလည်အောင် ဖြေရှင်းမည်ဆိုက ပြေလည်ပါသည်။ လူတင်ပါ၍ ကျားကိုက်ခြင်းဖြစ်ပါသည်။ မိမိပြုချင်၍ ထိုသို့ဖြစ်ရသည် "မည်သူမပြု မိမိမှု" ပင် ဖြစ်ပါသည်။

အိမ်ထောင်ပြင်ပ တဒင်္ဂမဟုတ်ဘဲ ရေရှည် ဖိုမဆက်ဆံမှု (ဝါ) အိမ်ထောင်သစ် (ဝါ) "ဇာတ်လမ်း" ရှိနေသည်မှာ အောက်ပါ အကြောင်းများကြောင့် ဖြစ်ရသည်။ အောက်ပါပုံစံများသည် ဖြစ်တတ်သောပုံစံ ဇာတ်လမ်းများ (Stories of Affairs) ဖြစ်သည်ဟု သိပ္ပံပညာရှင်များက ပြောကြပါသည်။ ဤသည်မှာ အနောက်နိုင်ငံ

များ၌ ဖြစ်တတ်ပုံဖြစ်ပါသည်။ တိုးတက်သောနိုင်ငံများ၊ ချမ်းသာသော လူတွေကြားမှာ ဖြစ်ပါသည်။

## (၁) နီးစပ်ကြင်နာမှု

မိမိ၏လင်သား သို့မဟုတ် မယား တွေ့ကြရသည်မှာ တစ်ရက်တွင် မနက် အိပ်ရာထနှင့် ညအိပ်ရာဝင်သာဖြစ်သည်။ တစ်နေ့လုံး ကားစီးနေရသည်။ ရထားစီးနေရသည်။ အလုပ်ချိန်မှာ အလုပ်လုပ်နေရသည်။ အလုပ်အတွက် အလုပ်နားချိန် တစ်ချိန်လုံး လုပ်ဖော်ကိုင်ဘက်များ၊ အတွင်းရေးမှူးများနှင့် တွေ့ရသည်။ တစ်ဦးနှင့် တစ်ဦး သာယာနာပျော်ဖွယ်စကားသာ ဆိုကြသည်။ အလုပ်ပင်ပန်းသည့်အခါ အကြင်နာပို၍ ကျွေးကြသည်။ အတူသွားလာ အပန်းဖြေကြသည်။ ဤတွင် သဒ္ဓါပို၍ တဏှာပြိုလာပါသည်။ သဒ္ဓါလွန်၍ တဏှာကျွံကြပါသည်။ အမေရိကန်သမ္မတကြီး ဖရန်ကလင်ရိုးစဘဲ (JFR) သည် သူ၏ အတွင်းရေးမှူးမနှင့် ဤသို့ပင် ဖြစ်သွားသည်။ အမေရိကန်သမ္မတ အိုက်ဆင်ဟောင်းဝါးသည် အင်္ဂလန်တွင် ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်ပေါင်းစု သေနာပတိဘဝတွင် သူ၏ ကားဒရိုင်ဘာမလေးနှင့် ထိုသို့ပင် ဖြစ်ခဲ့ပါသည်။

## (၂) အထင်ကြီး မြတ်နိုးမှု

ကမ္ဘာကျော် နက္ခတ္တဗေဒနှင့် ရူပဗေဒပညာရှင် **အချိန် (Time)** အကြောင်းရေးသူ ရူပဗေဒပါမောက္ခ စတီဖင်ဟော့ကင်းစ် (Stephen Hawkins) သည် အာရုံကြောရောဂါ ခံစားနေရ၍ စကားပင် မပြောနိုင်။ ကွန်ပျူတာနှင့် ပြောရသည်။ လမ်းမလျှောက်နိုင်၊ တွန်းလှည်းနှင့် သွားလာရသည်။ သို့သော် သူ၏ဉာဏ်ပညာမှာ အလွန်ထက်သည်။ အဲလဘတ်အိုင်းစတိုင်းနောက် ဉာဏ်အကောင်းဆုံးဟု ပြောကြသည်။ ဤတွင် သူ့အား ပြုစုနေသော သူနာပြုဆရာမ ချင်း၏ဇနီးက သူ့လင်ကိုကွာ၍ သူ့ကို ယူသည်။ သူ၏ဉာဏ်ပညာကို ကြည်ညို၍ ယူရပါသတဲ့။

ရန်ကုန်ဆေးရုံကြီးမှ ဆရာဝန်ကြီးတစ်ဦးမှာ အိမ်ထောင်ရှိသော်လည်း ယင်းအိမ်ထောင်နှင့် အဆင်မပြေ၊ ဇနီးသည်က ဥပေက္ခာပြုထားသည်။ သူသည် အလုပ်မှာ တော်သော်လည်း အရက်သောက်ပေတေနေသည်။ ဤတွင် သူ၏လက်ထောက်ဆရာဝန်မကလေးက ဝင်ထိန်းပေး ပြုစုရာမှ ညားသွားကြသည်။ နှစ်ယောက်စလုံး အိမ်ထောင်ဟောင်းများကို ပစ်ခွာကြ၏။ တရားဝင်ကွာပြီး ယူကြ၏။ အိမ်ထောင်သစ်မှာ ပျော်၍ ကလေးပင် ရနေပါပြီ။

## (၃) အသက်ကြီးစ ဇာတိပြခြင်း

စာရေးသူ၏ သူငယ်ချင်းတစ်ယောက်မှာ မိမိကြိုက်သော မိန်းမကို ဆေးကျောင်းသားဘဝကပင် ယူကြ၍ ကလေးပင် (၃-၄) ယောက်ရခဲ့ပြီ။ ယခု ကလေးတွေကြီးကြ၊ အလုပ်အကိုင်ရကြ၊ ကိုယ်ပိုင်အိမ်ထောင်နှင့် ဖြစ်လာကြပြီ။ အသက်က (၅၀)ကျော် (၆၀)အတွင်း။ မိန်းမက တရားစခန်းဝင်သည်။ ယောကျ်ားကိုလည်း ထိုသို့ ဝင်စေချင်သည်။ “အသက်ကြီးလာပြီး တဏှာပေမအလုပ်၊ ကာမအလုပ်ကို မလုပ်နှင့်တော့။ မလုပ်နိုင်တော့” ဟု အမြဲပြောသည်။ ဤတွင် ယောကျ်ားဖြစ်သူက မခံနိုင်၍ သူမှာ ယောကျ်ားအားမာန်ရှိသေးကြောင်း၊ ဇရှိသေးကြောင်း ပြသည့်အနေဖြင့် ဆရာမတစ်ယောက်ကို ယူပြလိုက်သည်။ ယခုမိန်းမက အသက် (၃၀)ကျော် လှလှပပ။

## (၄) လင်နှင့်မယားပြိုင်ခြင်း

တစ်ခါတစ်ရံတွင် ယောကျ်ားလုပ်သူက အောင်မြင်ကျော်ကြား၍ လူချစ်လူချင်များသည်။ ထိုအထဲမှာ မိန်းကလေးတွေလည်း ပါဝင်သည်။ ဤသည်ကို မိန်းမလုပ်သူက မခံနိုင်၍၊ မနာလို၍ လင်ယောကျ်ားနှင့် အပြိုင် ပေါ်ပြူလာဖြစ်ချင်လာသည်။ မတည့်သော ဆွေမျိုးတွေ၊ သူငယ်ချင်းတွေ မြှောက်ပေးကြသည်။ သို့ဖြင့် လင်ရော မယားပါ သစ္စာဖောက်မိလျက်သား ဖြစ်သွားတတ်ကြသည်။ အမေရိကန်ပြည်ထောင်စု၌ ဟိုလီးဝုဒ်အတွဲများ ကွဲသည်မှာ လင်မယား

ကျော်ကြားမှုပြိုင်ရာ၊ ဆန့်ကျင်ဘက်လိင် ဆွဲဆောင်မှုပြိုင်ရာမှ ထိုသို့ပင် ကွဲသွားကြသည်ဟု သိရသည်။

## (၅) သူ့ထက်သာသူကို ရှာယူခြင်း

အိမ်ထောင်ပြုလျှင် မိမိ၏လင် သို့မဟုတ် မယားသည် အခြားသူများထက်သာသည်၊ စွဲမက်စရာကောင်းသည်ဟု ယုံမှတ်ထားရမည်။ မိမိဇနီး၊ ခင်ပွန်းထက်သာလျှင် နောက်တွေ့သူနောက် ကောက်ကောက်ပါအောင် လိုက်သွားမည်ဟု စိတ်ထားပါက ထိုအိမ်ထောင်မှာ မမြဲနိုင်ပေ။ အချို့ယောက်ျားများ ခြံခုန်သည်မှာ ဤစိတ်ထားကြောင့် ဖြစ်သည်။

စာရေးသူ၏ မိတ်ဆွေသူငယ်ချင်း စာရေးဆရာတစ်ဦးမှာ ကျောင်းဆရာမတစ်ယောက်နှင့် ရသည်။ ကလေး (၂)ယောက်ရသည့် အချိန်မှာ သူ၏စာရေးသားမှု အောင်မြင်လာသည်။ ဤတွင် သူ့စာဖတ်ပရိသတ်ထဲမှ ဆရာဝန်မ အပျိုကြီးတစ်ယောက်နှင့် အဆက်အသွယ်ဖြစ်ကြသည်။ ထိုဆရာဝန်မက သူ့ကိုယူမည်ဆိုသဖြင့် မိန်းမကိုကွာကာ အိမ်ထောင်သစ် ထူထောင်လိုက်လေသည်။

## (၆) မိန်းမကိုယ်တိုင်က ရှာပေးခြင်း

အချို့သောမိန်းမများသည် မိမိကိုယ်တိုင်က လင်သားနှင့် ကာမဆက်ဆံရန် မဖြစ်နိုင်သောအခါ သို့မဟုတ် မပြုချင်သောအခါ မိမိ၏ယောကျ်ားသဘာဝကိုသိ၍ အခြားမိန်းမတစ်ယောက်ကို ရှာပေးသည်။ လွှတ်ပေးသည်။ ဤသည်ကို နာတာရှည်ရောဂါ ခံစားနေရသောမိန်းမ၊ မွေးလမ်းကြောင်းတစ်နေရာရာမှာ ကင်ဆာရောဂါ ရနေသောမိန်းမများအကြောင်းက သက်သေခံနေပါသည်။

စာရေးသူ၏ တပ်မတော်ထဲမှ မိတ်ဆွေတစ်ဦးမှာ သူနှင့် သူ့ဇနီး ငယ်ကချစ်၍ ယူထားကြသည်မှာ ယခု အသက် (၅၀)ရှိပြီ။ မိန်းမမှာ ရာသီသွေးလွန်ရောဂါ (Endometriosis) ရသည်။ ထိုအခါ အတူမအိပ်နိုင်တော့။ သူတို့မှာ ကလေးလည်းမရှိ။ ဆွေနီးမျိုးစပ်လည်း

မရှိ။ ဤတွင် မိန်းမဖြစ်သူက သူမ၏ တူမဝမ်းကွဲ ကလေးမရှိသော အသက် (၃၀)ကျော် တစ်ခုလပ်မလေးကို အိမ်မှာ ခေါ်ထားသည်။ ဈေးဝယ်အပြင်သွား ယောကျ်ားနှင့် သွားစေသည်။ သူမကို အိပ်ခန်း တစ်ခု သီးသန့်ပေးသည်။ အိမ်ရှင်မက အမြဲစောစောအိပ်ရာဝင်သည်။ ယောကျ်ားဖြစ်သူ ညဥ့်နက်မှ ပြန်လာတတ်သည်။ ဤတွင် သူမတူမနှင့် သူ့ခင်ပွန်းတို့ ညားကြလေသည်။ (၃)ယောက်သား တစ်အိမ်တည်း။ တူမမှာ ကလေးရမှ အိမ်ခွဲနေစေပါသည်။

## (၇) ပျင်းရိ၍ အဖော်ရှာခြင်း

အိမ်မှာ နေရသည်ကိုလည်း ပျင်းရိသောယောကျ်ား အထူး သဖြင့် မိန်းမဖြစ်သူသည် အပျင်းပြေရန် အိမ်ပြင်ထွက်၍ သွားလာရာ ကလပ်တစ်ခုခု ဝင်ကစားရာ သွားရာမှ အဖော်သစ်တွေ့တတ်သည်။ ဗန်းမော်တင်အောင်၏ "မြိုင်" ဝတ္ထုကြီးသည် ထိုသဘောကို ရေးပြ ထားသည်။

အမေရိကန်ပြည်ထောင်စုရောက် စာရေးသူ၏သူငယ်ချင်း တစ်ယောက်မှာ အမေရိကန်ရောက်စ အလုပ်အလွန်လုပ်ရသည်။ မနက်စောစောမှ ညအိပ်ရာဝင်အထိ အိမ်အပြင်မှာ အလုပ်လုပ်နေ ရသည်။ မိန်းမက အိမ်မှာ ကျန်ရစ်သည်။ ပျင်းလျှင် တီဗီ သို့မဟုတ် ဗီဒီယိုသာ ကြည့်နေရသည်။ ကြာတော့ အပြာတီဗီ၊ ဗီဒီယိုများကို ကြည့်ဖြစ်သည်။ စိတ်ထဲမှာ ကစားလာသည်။ ဤတွင် အိမ်သို့ လာလည်သော မတ်နှင့် ဖောက်ပြားဖြစ်ကြသည်။ ယောကျ်ားကြီးက ကွာပေးလိုက်ရသည်။

## (၈) အထင်မှတ်ဘဲ ယူလိုက်ကြရခြင်း

တစ်ခါတစ်ရံတွင် အိမ်ထောင်ရှိယောကျ်ားနှင့် အိမ်ထောင်ရှိ မိန်းမ သို့မဟုတ် လွတ်လပ်သော မိန်းမတို့မှာ မထင်မှတ်ဘဲ မလွှဲသာ၍ ယူလိုက်ကြရသည်။ စာရေးသူ၏မိတ်ဆွေ ဆရာဝန်ကြီးတစ်ယောက်မှာ လှေတိုင်းပေါ်မှာ ကူညီတတ်သည်။ ချို့တဲ့သော သူငယ်ချင်းများကို

ထောက်ပံ့တတ်သည်။ တစ်ခါသော် သူ၏ ချို့တဲ့သော သူငယ်ချင်းအား ထောက်ပံ့ကူညီရာ၌ သူငယ်ချင်းမိန်းမ လိုအပ်သမျှကို ဝယ်ပေးရှာသည်။ ထိုမိန်းမက အတင်းကပ်နေ၍ လင်ဖြစ်သူက အထင်မှားကာ သူ့မိန်းမကို အတင်းယူစေသည်။ သူက ကွာပြီးနောက် အပျိုဆရာဝန်မတစ်ဦးကို ယူသွားလေသည်။

တစ်ခါတွင်လည်း လင်မယား (၂)စုံတွဲတို့ အရာရှိကလပ်ညမှာ စားကြသောက်ကြ၊ ကကြခုန်ကြသည်။ အရက်နှင့် အနောက်တိုင်းတေးဂီတတို့၏ ကျေးဇူးကြောင့် အပျော်လွန်ကြသည်။ နံနက်လင်းတော့ သူ့မိန်းမနှင့်ကိုယ်၊ ကိုယ့်မိန်းမနှင့်သူ အတူအိပ်နေကြသည်ကို တွေ့ကြရသည်။ ထိုစုံတွဲနှစ်ခုကို တရားဝင်ကွာစေ၍ တရားဝင် ပြန်လက်ထပ်စေသည်။ သူ့လင်နှင့် ငါ့မယား၊ ငါနှင့် သူ့မယား ဖြစ်ကုန်ကြသည်။ ပြောစရာဖြစ်ကုန်တော့သည်။

## (၉) အိမ်ထောင်ရှိလည်း ခွတ်အတင်းပဲကွယ်

အိမ်ထောင်ရှိရှိ မရှိရှိ အချို့သောသူများသည် ထိုလူတစ်ယောက်ကို ကြိုက်မိ၊ စွဲမိလျှင် မရရအောင် လိုက်ကြတော့သည်။ ဟိုလီးဝုဒ်၌ ရုပ်ရှင်မင်းသမီးကြီး အဲလိဇဘက်တေလာသည် ထိုဘက်တွင် နာမည်ကြီးသည်။ သူမသည် ရစ်ချတ်ဘာတန်ကို မရရအောင် ယူခဲ့သည်ဟု ပြောကြသည်။ လက်ရှိသူဌေးကို ကွာကာ ယူခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၌ အရာရှိကြီးဟောင်း စာရေးဆရာကြီးတစ်ဦးသည် သူ့ဇနီး သေဆုံးသွားပြီးနောက် အိမ်နီးနားချင်း မိတ်ဆွေတစ်ဦး၏ မိန်းမကို ကြိုက်လှချည်ရဲ့ဆိုကာ သူ့ယောကျ်ားကိုပြောပြီး "ပိုး" ယူခဲ့သည်။ လင်ရှိမယားကို ကြံရပ့ါမလားဟု အရေးယူခံခဲ့ရသည်။

## (၁၀) အခြားသော အကြောင်းများ

ယရာဝါသ ကိစ္စများမြောင် လူတို့ဘောဝ်၌ အခြားသော အကြောင်းနှင့် ပုံစံများလည်း အများအပြားရှိပါသည်။ လူတွေ၏

အကြောင်းမှာ ပြော၍မကုန်ပါ။ ခြုံခုန်သောအကြောင်းများမှာ အပုံပင်။ ရေး၍မကုန်။ ဇာတ်လမ်းစုံ၊ အကြောင်းတစ်ခုချင်း၊ ဇာတ်လမ်းတစ်ခုချင်းကိုလိုက်၍ အဖြေရှာနိုင်ပါသည်။

## အိမ်ထောင်ပြင်ပ ကာမဆက်ဆံမှုမဖြစ်ရအောင် အဖြေရှာခြင်း

(၁) လင်နှင့်မယား စကားပြောပါ။ အမြဲ ဆွေးနွေးပါ။ မည်သည့်အခါမျှ နားပိတ်၊ ပါးစပ်ပိတ်မထားပါနှင့်။

(၂) ပြောင်ပြောပါ။ အမှန်ပြောပါ။ ဖုံးမထားပါနှင့်။ လိမ်မပြောပါနှင့်။

(၃) တစ်ခုခုဖြစ်လျှင် မပြည်တွန်ပါနှင့်။ အပြစ်မပြောပါနှင့်။ အိမ်ထောင်ရေးမှာ အပြစ်ရှိလျှင် နှစ်ဦးစလုံး၏ အပြစ်ဟုမြင်ပါ။

(၄) အလျင်စလို မဆုံးဖြတ်ပါနှင့်။ အချိန်ယူ စဉ်းစား။ ဘက်ပေါင်းစုံက ကြည့်စဉ်းစား အဖြေရှာပြီးမှ ဆုံးဖြတ်ပါ။

(၅) ပြဿနာ အဖြေရှာမရလျှင် နားချိန်ပေးပါ။ အချိန်ယူပါ။ ဤအတွင်း မိမိကိုယ်မိမိ နားလည်အောင် ကြိုးစားပါ။

(၆) ပြော၍မထွက်လျှင် ရေးချပါ။ မျက်နှာချင်းဆိုင် မပြောနိုင်လျှင် ဖုန်းဖြင့်၊ အီးမေးလ်ဖြင့်၊ စာဖြင့် ပြောပါ။

(၇) မိမိတွေ့ရှိသော အပြစ်များကို စာရင်းလုပ်ပါ။ မည်သို့ဖြေရှင်းသင့်သည်ဆိုသည်ကို မှတ်ချက်ပေးပါ။ နောက်နှစ်ယောက်တိုင်ပင် ဆွေးနွေးပါ။

(၈) မိမိကိုယ်ကို ညှာတာပါ။ အပြစ်ဟူသမျှ တစ်ဦးတည်းပေါ်ပုံမချပါနှင့်။ မိမိမှာ ကမ္ဘာ့ဝန်ထမ်း (Atlas)မဟုတ်ဟု ခံယူပါ။

(၉) ကျနေသော မိမိ၏ပုံရိပ်ကို မြှင့်တင်ပါ။ မိမိ၏တန်ဖိုး လုပ်ရည်ကိုင်ရည်ကို ယုံကြည်ပါ။

(၁၀) ဆန့်ကျင်ဘက် အိမ်ထောင်သည်ကိုလည်း တူညီသော အခွင့်အရေးပေးပါ။ အကောင်းဘက်က ရှုမြင်ပါ။

# မိမိက လူဆိုးမဖြစ်အောင် ဆင်ခြင်နည်း

အိမ်ထောင်မှု၌ တစ်ခုခုမကောင်းတာဖြစ်လျှင် တစ်ဦးတည်းမှာသာ အပြစ်မရှိ။ နှစ်ဦးလုံးမှာ အပြစ်ရှိသည်။ မိမိ၌ အပြစ်မဖြစ်လိုသို့မဟုတ် မိမိက တရားခံမဖြစ်လိုက အောက်ပါအတိုင်း ဆောင်ရွက်ပါ။

(၁) မိမိ၏ဇနီးမယား (ဝါ) လင်ယောကျ်ားကို မိမိအတွက် အရေးအကြီးဆုံးပုဂ္ဂိုလ်၊ သူများထက်သာသူဟု အမြဲမှတ်ယူ အလေးထား ဆက်ဆံပါ။

(၂) မိမိတို့၏ အတွင်းရေးကို အပြင်လူ မည်သူ့ကိုမျှ မပြောပါနှင့်။ အတွင်းမီးကို အပြင်သို့ မယူရ။ အပြင်မီးကို အတွင်းသို့ ယူမလာရ။

(၃) နေ့စဉ် အမြဲတမ်း လင်မယား မျက်နှာချင်းဆိုင်ပါ။ စကားပြောပါ။ ချစ်ကြောင်းပြပါ။ အတူစားပါ။

(၄) မိမိတို့ချင်းမှလွဲ၍ အခြားသူများနှင့် ရင်းနှီးဆက်ဆံရမည့် အခြေအနေကို ရှောင်ပါ။

(၅) ယခုရနေသော လင် သို့မဟုတ် မယားနှင့် သေတစ်ပန် သက်တစ်ဆုံးပေါင်းမည်ဟု စိတ်ပိုင်းဖြတ်ထားပါ။ ပေါ်လာသည့် ပြဿနာများမှာ အားလုံး အသေးအဖွဲဟု ယူဆကျော်လွှားပါ။

(၆) ဗုဒ္ဓဘာသာဝင်များအဖို့ ယခုအိမ်ထောင်ရှင်သည် ရေစက်ပါ၍ ရရသည်။ သံသရာတကြော ဆက်တွေ့ကြရဦးမည်။ သံသာလေကမ်းတိုင် ခိုင်မြဲရမည်ဟု သိထား။ သိဒ္ဓတ္ထနှင့် ယသော်ဓရာတို့ကို ယခုဘုရားဖြစ်မည့်ဘဝမှ တွေ့ကြရသည် မဟုတ်၊ သုမေဓာ ရှင်ရသေ့ဘဝကပင် တွေ့ခဲ့ကြသည်ဟု သိပါ။

(၇) စားစရာရှိ အတူစား၊ ဝတ်စရာရှိ အတူဝတ်၊ ဘုရားသွား ကျောင်းတက် လက်တွဲမဖြုတ်ကြေး နေပါ။ လိုအပ်လျှင် ကျွမ်းကျင်သူများနှင့် ဆွေးနွေးပါ။

## အခန်း (၉)

# ပူးစာရှင်စစ်စစ် ဖြစ်ချင်လျှင်

### ရှေးထုံးများ

တစ်သက်တာ ပေါင်းဖော်ဖို့အတွက် ကြင်ဖက်ရှာရာတွင် မြင်မြင်ချင်းချစ်တာ၊ ဈွဲမက်တာကို အားကိုး၍ အိမ်ထောင်ပြု၍မရပေ။ အကြောင်းမှာ ရုပ်ရည်လှပခြင်း၊ အမြင်မှာ ဈွဲမက်စရာကောင်းခြင်းသည် ရေရှည် အိမ်ထောင်မှုအတွက် အချက်တစ်ခုသာဖြစ်သောကြောင့်ပင်။ မြန်မာစကား၌ "အသားဖြူ မြင်းတစ်ပြေး" "လှတာမက်တော့ ညစာ ခက်ပေါ့" ဟု ဆိုရိုးရှိသည်မဟုတ်ပါလော။

မြတ်စွာဘုရားအလောင်း ပညာရှိ မဟော်သဓာသည် ယသော်ဓရာ အလောင်း အမရာဒေဝီကို မြင်မြင်ချင်း နှစ်သက်သော်လည်း ယင်းအချက်တစ်ခုတည်းပေါ် မူတည်၍ မယူခဲ့ပေ။ အမရာဒေဝီ၏ ဉာဏ်ပညာ၊ အကျင့်စာရိတ္တ၊ လုပ်ရည်ကိုင်ရည်၊ စိတ်နေသဘောထားတို့ကို လက်တွေ့စုံစမ်းပြီးမှသာ ယူခဲ့သည်။ အမရာဒေဝီကလည်း ထိုသို့ပင် တုံ့ပြန်ခဲ့သည်။ သို့ကြောင့်သာလျှင် သူတို့နှစ်ဦး၏ မေတ္တာမှာ ခိုင်မြဲပြီး သူတို့အိမ်ထောင်မှာ အခက်အခဲအမျိုးမျိုးကြားမှ ရင့်သန်တည်တံ့ရလေသည်။

## အနောက်နိုင်ငံတွေမှာပြဿနာ

အနောက်နိုင်ငံများ၌လည်း အရွယ်ရောက်ပြီးသော ယောကျ်ားနှင့် တွဲကြ၊ သွားကြလာကြသော်လည်း လက်ထပ်ရန်အတွက် အတော်ကို အချိန်ယူ၍ စဉ်းစားကြသည်။ ကာမဆက်ဆံမှုအတွက် အလုပ်မှာ၊ ကလပ်မှာ၊ ကားပေါ်၊ ရထားပေါ်မှာ တွေ့သူများနှင့် အဆင်ပြေအောင် ပေါင်းသင်းကြသော်လည်း တကယ်အိမ်ထောင်ပြုရန်တွက်ကား ပထမမြင်တွေ့ရခြင်းထက် ပို၍သိအောင် အချိန်ယူ လေ့လာကြသည်။ မိမိယူမည့်အိမ်ထောင်ဘက်၏ အလုပ်အကိုင်၊ အနေအထိုင်၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး အခြေအနေစုံအောင် စုံစမ်းကြသည်။ အမေရိကန် ဟာသစာရေးဆရာကြီး မတ်က်ကွိန်း (Mark Twain) က သူ့ဇနီးကို လက်ထက်ဖို့အတွက် သူ့မဖခင်အား ခွင့်တောင်းသောအခါ သူ့မဖခင်က မင်းအကြောင်း ငါစုံစမ်းမည်ဟု ပြောကြောင်း၊ တစ်လလောက်နေတော့ မင်းအကြောင်း ဘယ်သူမှ အကောင်းမပြောကြဘူး၊ ငါပဲ လူချင်းသိတာနဲ့ သဘောတူပါတယ်ဟု ပြောကြောင်း၊ တကယ်က အကောင်းပြောသူ မရှိသလို၊ မကောင်းပြောသူလည်း မရှိ၍ လက်ထပ်ခွင့်ပြုခဲ့ကြောင်း ပြောပြပါသည်။ အချို့လက်ထပ်ပွဲ၌ ခရစ်ယာန်ဘုန်းကြီးက "ကန့်ကွက်သူရှိပါသလား" မေးမှ ကန့်ကွက်၍ လက်ထပ်ပွဲပျက်ပြယ်သွားရပါသည်။

## ရှေးရိုးစဉ်လာကြီးသော နိုင်ငံများ၌ကား

ရှေးရိုးစဉ်လာစနစ် လွှမ်းမိုးသော နိုင်ငံများ၌မူ နှစ်ပေါင်းများစွာက ကျေးရွာများတွင် ကြည့်လေ့ရှိသည့်အတိုင်း ယောကျ်ား၏ ကျန်းမာမှု၊ လုပ်ရည်ကိုင်ရည်၊ အိမ်ထောင်ကို ဦးဆောင်နိုင်၊ မနိုင်နှင့် ပညာအစား ဥစ္စာပစ္စည်းပိုင်ဆိုင်မှုကိုကြည့်၍ ပေးစားခဲ့ကြသည်။ အိမ်ထောင်ပြုပြီးသည့်အခါ လင်ယောကျ်ားက တစ်သက်လုံး ပြုလုပ်ကျွေးမွေးရမည်ဖြစ်၍ မိန်းကလေးဘက်က ပစ္စည်းတင်တောင်းကြရသည်။ ပစ္စည်းဥစ္စာ၊ ဩဇာအာဏာနှင့် ပါဝါရှိသူများကမူ မိမိ၏

သမီးနှင့် ပေးစားမည့်သူအား စွမ်းရည် ရှိ-မရှိ စမ်းသပ်ကြည့်ပြီးမှ ပေးစားကြသည်။ သီတာရာမဇာတ်၌ ရာမသည် လေးတင်ပြီးမှသာ သီတာကို လက်ထပ်ခွင့်ရခဲ့သည်။ ဟံသာဝတီပြည့်ရှင် ဘုရင်မကြီး ရှင်စောပုသည် မိမိ၏သမီးအတွက် အရည်အချင်းရှိသော ဓမ္မစေတီ ရဟန်းကို ရဟန်းဝတ်မှ လူထွက်စေပြီးမှ ပေးစားခဲ့သည်။ ဓမ္မစေတီ ဘုရင်သည် မွန်ဘုရင်ကောင်းတစ်ယောက်ဖြစ်ခဲ့သည်။

## ကြင်ဖက်သက်လျာရွေးရန် အရည်အချင်းများ

ယခု ခေတ်သစ်ယောကျ်ားနှင့် မိန်းမများကမူ မိမိ၏ကြင်ဖက် အတွက် အောက်ပါအရည်အချင်းများ ရှိမရှိ ကြည့်၍ ရွေးကြသည်။

(၁) ကျန်းမာရေးပြည့်ဝမဝ
(၂) သန့်ရှင်းစွာ အဆင့်အတန်းမြင့်စွာ နေတတ် မနေတတ်
(၃) မိသားစုအတွင်း ဆက်ဆံမှု ပြေမပြေ
(၄) မိမိတာဝန်ကို သိမသိ၊ အောင်မြင်စွာ လုပ်မလုပ်
(၅) ကလေးများကို ချစ်တတ်မတတ်
(၆) ငွေရေးကြေးရေး ပြည့်စုံ မပြည့်စုံ၊ သုံးတတ် မသုံးတတ်
(၇) ဘာသာရေးနှင့် လောကအမြင် ရှိမရှိ
(၈) နိုင်ငံရေးနှင့် လူမှုရေးတွင် မည်သို့ပါဝင်မဝင်
(၉) ကိုယ်ကျင့်တရား ကောင်းမကောင်း

## စုံစမ်းနည်း

ဤသည်တို့ကို သိရန်အတွက် သူတို့သည် ယင်းပုဂ္ဂိုလ်၏ ဆွေမျိုးမိတ်ဆွေများထံမှလည်းကောင်း၊ သူ၏ အလုပ်အကိုင်နှင့် ကျောင်း တက္ကသိုလ်များမှလည်းကောင်း၊ သူ့ကို အနီးကပ်ကြည့် လေ့လာခြင်းဖြင့်လည်းကောင်း စုံစမ်းကြသည်။ ကျေနပ်မှု၊ ကျေနပ်ဖွယ် အမှတ်ရမှသာ သူ့ကို မိမိ၏ ဘဝကြင်ဖော်အတွက် သို့မဟုတ် မိမိသား

သမီးနှင့် ပေးစားရန် သဘောတူကြသည်။ အရည်အချင်းမပြည့်မီသော သူများကို မပေးစားချင်ကြပေ။

ဤသို့ စုံစမ်းစစ်ဆေး၍ ယူကြ၊ ပေးစားကြသည့်တိုင် အနောက်နိုင်ငံများ၌ အိမ်ထောင်တစ်ခု၏ သက်တမ်းမှာ ပျမ်းမျှ (၁၂)နှစ်သာရှိသည်။ အိန္ဒိယနိုင်ငံလို၊ မြန်မာလို နိုင်ငံများ၌မူ အမေ ပေးစားသည်မှ သေသည်အထိ အတူနေသူများက ပိုများပါသည်။ သို့သော် "ခေတ်မီသောသူတိုင်း ပင်လယ်ငါးကိုစားသည်" အတိုင်း မြို့ကြီးများနေ လူငယ်လူရွယ်တို့ကြား၌ကား ခေတ်မီအိမ်ထောင်ရေး၊ ခေတ်မီအိမ်ထောင်မှု၏ အရိပ်သည် ထင်ဟပ်လျက်ရှိသည်သာ။

ရှေးကလို အဖေအမေပေးစားသူများကို လူတိုင်း မယူကြတော့ပါ။ ယောကျ်ားလေး၏ ပညာဂုဏ်၊ ရာထူးကိုကြည့်၍ မိန်းမတွေက ဘဝကို ပုံမအပ်ကြတော့ပါ။ မိန်းမ၏ ရုပ်အလှ၊ သူ့မအမွေကို ကြည့်၍လည်း ယောကျ်ားတွေက မယူကြတော့ပါ။ လူကိုသာ အဓိက ထား၍ ယူကြ၊ အိမ်ထောင်ပြုနေကြပါသည်။

## စွဲမက်စရာကောင်းသောမိန်းမ

ယောကျ်ားတွေကြိုက်သော မိန်းမ၏ အရည်အချင်း သို့မဟုတ် ဆွဲဆောင်မှု၊ စွဲမက်စရာများမှာ အိမ်ထောင်ရှင်ကောင်းဖြစ်ရန်အတွက် အောက်ပါအချက်များဖြစ်သည်။

(၁) ရုပ်ရည်ရူပကာယ တင့်တယ်မှု
(၂) ကျန်းမာရေးနှင့် ပြည့်စုံမှု
(၃) အိမ်ထောင်ထိန်းသိမ်းနိုင်မှု
(၄) ကလေးမွေးနိုင်မှု
(၅) ယောကျ်ားအတွက် အဖော်ကောင်းဖြစ်မှု

## ချစ်ခင်အားကိုးဖွယ်ယောကျ်ား

မိန်းမတွေလက်ခံသော ယောကျ်ားများ၏ အိမ်ထောင်ရှင် ကောင်းဖြစ်ရန် လက္ခဏာများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျန်းမာသန်စွမ်းမှု
(၂) မိမိကို ချစ်မြတ်နိုးမှု
(၃) အိမ်ထောင်ကို သေတပန် သက်တစ်ဆုံး ပေါင်းမှု
(၄) သားမယားကို တစ်သက်တာ ရှာကျွေးနိုင်မှု
(၅) အိမ်ထောင်ကို ရှေ့က မားမားမတ်မတ် ခေါင်းဆောင်မှု

ကျန်အချက်အလက်များမှာ လူတိုင်းက စဉ်းစားကြသော်လည်း အသေးအဖွဲသာဖြစ်သည်။ ရာသက်ပန် အိမ်ထောင်အတွက် အထက်ပါ အချက် (၅)ခုစီသာ အရေးကြီးပေသည်။ ထိုသို့ရအောင် မည်သို့ရှာမလဲ။

## ရယူနိုင်သောကြင်ဖော်အမျိုးမျိုး

မိမိနှင့်အတူ တစ်သက်တာအတူနေရမည့် ဘဝကြင်ဖော်အား "ဖူးစာကံပဲ" ဆိုကာ ဖူးစာကို ကံကိုယုံ၍ ပစ်ထား၍မရပါ။ "ဥစ္စာရင်လို ဥစ္စာရင်ခဲ" ဆိုသည့်စကားအတိုင်း မိမိရယူလိုသော ကြင်ဖော်လောင်း ရှိသည့်နေရာ ပတ်ဝန်းကျင်မှာ သွားရှာမှ ဖြစ်ပါမည်။ သို့ဖြစ်၍ ပထမ မိမိဘယ်လိုကြင်ဖော်မျိုးကို ရလိုကြောင်း ဆုံးဖြတ်ပါ။

### (၁) ရုပ်ချောသူကို လိုချင်လျှင် ရုပ်ချောသူများ ရှိရာ အရပ်မှာ နေပါ

အလုပ်လုပ်ပါ။ ရှေးက "အပျိုချောပေါသည့် လှိုင်ဘောလယ်" ဟု ပြောကြပါသည်။ ယခုခေတ်တွင် အလှမယ်၊ ကျန်းမာမယ် စသော မယ်များကို လိုချင်လျှင် မယ်များရှိသော ရန်ကုန်၊ မန္တလေး၊ တက္ကသိုလ် ကောလိပ်များမှာ နေပါ၊ ရှာပါ။ စာရေးသူတို့ တက္ကသိုလ်တက်စဉ်က ၁၉၅၅-၅၆ ခုတွင် မယ်များ ရန်ကုန်တက္ကသိုလ်မှာ ပေါခဲ့သည်။ မယ်ဇမာ မစိန်အေး၊ ပြည်ထောင်စုမယ် နုနုရီ၊ မယ်ဇမာ မင်နီပု စသည်တို့ ရှိခဲ့ပါသည်။ စာရေးသူ မှတ်မိနေသည်မှာ မုံရွာမြို့၌ သလ္လာမယ်များ တစ်နှစ်တစ်ခါရွေးရာတွင် မြို့ရှိ စစ်ဗိုလ်များနှင့် ထိုမယ်များ အသီးသီး စွံသွားကြခြင်းပင်ဖြစ်သည်။ ၁၉၆၆ ခုနှစ်က

အင်္ဂလန်သို့ စာရေးသူ ရောက်သွားရာ ထိုနှစ် မယ်ကမ္ဘာ အိန္ဒိယသူသည် ဆေးကျောင်းလာတက်ရင်း ကျောင်းနေဖက် ဆရာဝန်နှင့် ရသွားခြင်းပင်။

## (၂) ပညာတတ် အလုပ်နှင့်နေသူကို ရချင်သလား

ပညာတတ်သူ အလုပ်လုပ်နေသူများရာအရပ်၌ နေပါ။ စာရေးသူမှာ ငယ်ငယ်က စာအမြဲကြိုးစားနေသဖြင့် ဖခင်က "မင်း ဒီလိုသာနေရင် အမေပေးစားတာနဲ့ပင် ရမည်။ ပညာမတတ်တဲ့ မိန်းမနှင့် ရနေမယ်" ဟု စပါသည်။ "အဲဒါတော့ မဖြစ်ဘူးဗျာ" ဟု ဆိုကာ တက္ကသိုလ်မှာ၊ သိပ္ပံကောလိပ်မှာ မိန်းမမိတ်ဆွေတွေ ထားခဲ့ရ ကြင်ဖက်ရှာခဲ့ရပါသည်။ သို့ဖြင့် စာရေးသူ ပညာမဲ့ သူဌေးသမီးများနှင့် လွဲခဲ့ပါ၏။

## (၃) စွာသော၊ ထက်သောသူကို ယူမလား

အချို့သောမိန်းမများက မိမိထက်သာသော ပညာတတ်၊ လူထဲဝင်ဆန့်၊ စွာသော ယောကျ်ားကို ယူချင်ကြသည်။ ထိုအခါ အိမ်ထောင်ပြုပြီးက သူ့အလိုကိုလိုက်ရ၍ မိမိမှာ ဖတ်ဖတ်မော တော့သည်။ ယောကျ်ားဖြစ်သူက မိမိထက်စွာသော သို့မဟုတ် တော်သော မိန်းမကို မယားအဖြစ် လိုချင်လျှင် မိမိမှာ သူမကို အမြဲ ဦးစားပေးရ၍ ငြိမ်ငြိမ်သွားတော့သည်။ မိမိ၏ပတ်ဝန်းကျင်က မိမိကို အထင်သေးသွားတော့သည်။ "မယက" ဟူသော "မယားကြောက်" အဖြစ် အလိုလို သမုတ်ခံရတော့သည်။ ရေရှည်တွင် မိမိ၏ ကိုယ်ရည် ကိုယ်သွေး ညှိုးလာ၍ ပန်းသေခြင်းပင် ခံစားကြရသည်။ စာရေးသူ ဆေးလောက၌ ထိုသို့သော ဆရာဝန်များကို တွေ့ဖူးပါသည်။ မိန်းမ ပါမောက္ခများ၊ ဌာနမှူးများ၊ ဒါရိုက်တာများနှင့် ဆေးရုံအုပ်ကြီးများ၏ ခင်ပွန်းများမှာ တစ်နည်းမဟုတ်တစ်နည်း ထိုသို့ ခံစားကြရရှာပါသည်။

တစ်ခါက စာရေးသူ၏တပည့် ဆရာဝန်လင်မယား နှစ်ဦးမှာ ဘွဲ့နှင်းသဘင်တစ်ခု၌ ထမင်းအတူစား၍ ထမင်းဝိုင်း၌ သူငယ်ချင်း

တွေက ယောက်ျားကို ဘီယာအတင်းတိုက်သည်။ မိန်းမဆရာဝန်က "မောင်နော် သောက်ရဲ သောက်ကြည့်၊ အိမ်မှာ အိပ်ခွင့်မပေးဘူး"ဟု ခြိမ်းခြောက်သဖြင့် ယောက်ျားဖြစ်သူက "သူငယ်ချင်းတို့က ချစ်လို့ ငါ့ကို ကျွေးတာ၊ အရက်တိုက်တာ ငါသိပါတယ်။ မင်းတို့ သူငယ်ချင်း ငါ့မိန်းမက ပြောတဲ့အတိုင်း လုပ်တတ်တယ်။ ဒီတော့ ငါမသောက် ပါရစေနဲ့" ဟု တောင်းပန်ရှာပါသည်။ စာရေးသူလည်း သူတို့ဝိုင်းမှာ ရှိနေရာ စာရေးသူမှာ ဘာမှမပြောဘဲ ပြုံးနေရပါသည်။ စာရေးသူ၏ ရှေ့၌မူ ဝီစကီ ဖန်ခွက်က အပြည့်။

## (၄) ဥစ္စာပစ္စည်းချမ်းသာသူကို ယူမည်လား

မဝေးသေးသော ရှေးမြန်မာနိုင်ငံ၌ ချမ်းသာသူက သူ့သား သမီးတစ်ဦးဦးကို ပညာရှိ သို့မဟုတ် ရာထူးရှိသောသူနှင့် ပေးစားသည်။ အိုင်စီအက်စ်တစ်ယောက် ငွေတစ်သိန်း၊ ဆရာဝန်တစ်ယောက် ခုနစ်သောင်း၊ အင်ဂျင်နီယာ ငါးသောင်း စသဖြင့် ဈေးဖြတ်ဝယ် ပေးစားခဲ့ကြသည်။ ၁၉၈၀ ကျော် တစ်ဝိုက်ထိ ရခိုင်ပြည်နယ်၌ ထိုသို့ပင် တင်တောင်းခဲ့ကြသည်။ မန္တလေး၌ဆိုပါလျှင် အစိုးရအရာရှိတစ်ဦးအား ဘာသာဝင် မိန်းမတစ်ယောက် ရယူနိုင်လျှင် ကျပ်ငွေ နှစ်သောင်းမှ ငါးသောင်းထိ အဖွဲ့တစ်ခုကပေးကြောင်း ကြားခဲ့ရသည်။

### သခ်ိန်းစာယူရန် ဇာတ်လမ်းများ

စာရေးသူ၏မိတ်ဆွေ ဆရာဝန်လောင်းတစ်ဦးမှာ ဆရာဝန် ဖြစ်ခါနီး၌ အကုန်အကျများ၍ ရွှေကုန်သည်တစ်ဦး၏ သမီးနှင့် ယူခဲ့သည်။ ယောက္ခမများက ထောက်ပံ့သောငွေနှင့် ကျောင်းတက်ခဲ့၊ နိုင်ငံခြားသွားခဲ့၏။ ဟော . . . သူ၏ သားသမီးများကျတော့လည်း ပညာထူးချွန်၊ စီးပွားရေးလုပ်နေ၍ အရမ်းချမ်းသာကြသည်။ သူ့လို ဆရာဝန်မျိုး ရှာပေးစားရန် ကြိုးစားနေကြသည်။ သူ၏အစ်ကိုက စာရေးသူအား လူလွတ်ဆရာဝန်များ ရှာပေးရန် ပြောသဖြင့် ပြန်ပြော ရခြင်းဖြစ်သည်။

စာရေးသူ၏မိတ်ဆွေ ဆရာဝန်တစ်ဦးမှာ ချမ်းသာလှ၏။ ဆရာဝန်ဖြစ်တော့ သူ့မိဘက ချမ်းသာသော မိတ်ဆွေတစ်ဦး၏ ဘွဲ့ရ ပညာတတ် မိန်းကလေးတစ်ဦးနှင့်ပေးစားသည်။ ဆရာဝန်က ဆေးကု၍ အချိန်မှန် ငွေရှာသည်။ မိန်းမက ဆေးခန်းမှာထိုင်ပြီး ပိုက်ဆံသိမ်းသည်။ သူငယ်ချင်း မိတ်ဆွေများလာလျှင် ထိုင်စကားမပြောနိုင်။ မရှိဆင်းရဲသားများကို ဆေးကုခမယူရန် သူက ပြောသော်လည်း မရ။ မိန်းမကမူ ပုံမှန်ယူတော့သည်။ သူသည် ဆရာဝန်ဖြစ်သည်။ နိုင်ငံခြားသွား ဘွဲ့ယူခဲ့သည်။ ဝင်ငွေကောင်းသည်။ သို့သော် သူငယ်ချင်းတွေကြားမှာ နာမည်မကောင်းပါ။ သူ မပျော်ပါ။ သူသည် ငွေရှာသောစက် ဖြစ်နေပါတော့သည်။

## (၅) ရာထူးဂုဏ်မက်၍ အိမ်ထောင်ပြုခြင်း

ခေတ်အလိုက် ဝန်ကြီး၊ ဝန်ကလေး၊ စစ်ဗိုလ်ချုပ်၊ ညွှန်ကြားရေးမှူးချုပ် စသော ရာထူး အရှိန်အဝါကိုမက်၍ ထိုသူတို့၏ သားသမီးများကို မချစ်ဘဲ အကြောင်းအမျိုးမျိုးကြောင့် အိမ်ထောင်ပြုရလျှင် ပျော်ရွှင်ဖွယ်အတိ မဟုတ်ကြောင်း သိရပါသည်။ စာရေးသူ၏တပည့်များ ထိုသူများ၏ သားသမီးနှင့်ရ၍ "ထင်သာထင် မဝင်ဘူး ကျောင်းဒကာရေ" ဆိုသလို ဖြစ်ကြကြောင်း တွေ့ရပါသည်။ ယောက္ခမ အရာရှိကြီးများက သမက်ကို သူ့လက်အောက်ငယ်သားလို ဆက်ဆံပြီး၊ သူ့ချွေးမဖြစ်ပါမူ အိမ်အစေခံလို သဘောထားကြ၏။ သူတို့၏ စရိုက်သည် ရာထူးရှိရှိ မရှိရှိ မပြောင်းလဲပါ။

## (၆) လူစွမ်းကောင်းလုပ်၍ အိမ်ထောင်ပြုခြင်း

အချို့သော ယောကျ်ား မိန်းမများသည် သနားစိတ်၊ စာနာစိတ်ပို၍ ဆင်းရဲချို့တဲ့သော သို့မဟုတ် အများက ပစ်ပယ်ထားသောသူများကို အိမ်ထောင်ပြုတတ်ကြသည်။ စာရေးသူတို့ငယ်ငယ်က မုံရွာမြို့၌ သူဌေးကြီးတစ်ဦးရှိရာ သုဘရာဇာမျိုးဖြစ်၍ မည်သူမျှ မပေါင်းဖက်ကြ။ သူ့သမီးလေး အရွယ်ရောက်လာသောအခါ ပိုးမည့်သူ မရှိ။ အိမ်ထောင်

ပြုမည့်သူ မရှိ။ ဤတွင် သူက သူ့သမီးယူက တိုက်၊ ကား၊ ငွေတစ်သိန်း ပေးမည်ဆိုကာ ကြော်ငြာခဲ့သည်။ လူပျိုတစ်ဦးက လူစွမ်းကောင်းလုပ် ယူရာ သူပါ ပတ်ဝန်းကျင်၏ ကြည်ခြင်းခံရသည်။

ထို့အတူပင် စာရေးသူ၏သူငယ်ချင်း ဆရာဝန်တစ်ဦးသည် ရည်းစားများက သူများကပစ်ထားသော မိန်းကလေးတစ်ဦးအား မိဘ ဆန္ဒကို ဆန့်ကျင်ကာ ယူခဲ့သည်။ ပညာမတတ်သောသူဖြစ်၍ ရန်ကုန်၊ မန္တလေးမှာ ဝင်ဆန့်မရကာ ကွဲသွားကြရသည်။

သို့ဖြစ်၍ လူစွမ်းကောင်းလုပ်ပြီး အိမ်ထောင်မပြုရန် အရေး ကြီးသည်။ အိမ်ထောင်မှုသည် လူတစ်ယောက်၏စိတ်ဓာတ် မြင့်မြတ်၊ မမြင့်မြတ်နှင့် မဆိုင်ပါ။ စိတ်ကောင်း မကောင်းနှင့် မဆိုင်ပါ။

## (၇) လက်စားချေလို၍၊ မာန်မာနချိုးလို၍ အိမ်ထောင်ပြုခြင်း

မိမိတို့၏ မိဘမျိုးရိုးအား နှိမ်ချ၊ နှိပ်စက်ခဲ့၍ဖြစ်စေ၊ မိမိ ငယ်စဉ်၊ ဆင်းရဲစဉ် သူ့ဘက်က နှိမ်ခဲ့၊ နှိပ်စက်ခဲ့၍ဖြစ်စေ လက်စား ချေလို၍ဆိုကာ သူ့ကို မယူပါနှင့်။ အိမ်ထောင်ပြုလိုက်လျှင် သူနှင့်သာ ဆက်ဆံရသည်မဟုတ်။ သူ့ပတ်ဝန်းကျင်၊ ကိုယ့်ပတ်ဝန်းကျင်၊ သူ့ဆွေမျိုး၊ ကိုယ့်ဆွေမျိုး၊ မွေးလာသောကလေးများ၊ လူမှုရေးကိစ္စများ အကုန်ပါ လာရာ လက်စားချေရန်အတွက်တော့ လက်မထပ်သင့်ပါ။ မာန်မာန ချိုးရန်အတွက်လည်း အိမ်ထောင်မပြုပါနှင့်။ သူက ဦးမကျိုးဘဲ ပိုလို့ပင် ဆိုးလာနိုင်ပါသည်။

စစ်ကိုင်း ဦးဘိုးသင်း၏ ခေတ်ပြင် ဝတ္ထုများစွာ၌ ထိုသို့ အိမ်ထောင်ပြုခြင်းမှာ လွဲမှားကြောင်း၊ အိမ်ထောင်ပြုလိုက်သောအခါ သံယောဇဉ်နှင့် ကြင်နာမှု၊ တာဝန်ဝတ္တရားများ အသစ်ဝင်လာ၍ အိမ်ထောင်သည်ဘဝမှာ ရှုန်းမကုန်ကြောင်း ဖတ်ရပါသည်။ အမှန်ပင် ဖြစ်ပါသည်။

## ဖူးစာရှင်စစ်စစ်တွေ့ရန် နည်းလမ်း

သို့ဖြစ်၍ မိမိအတွက် အကောင်းဆုံး (ဝါ) အသင့်တော်ဆုံး ဖူးစာရှင်၊ အိမ်ထောင်ရှင်ရရန် မည်သို့ ပြုလုပ်ရမည်လဲ။ လွယ်ပါသည်။ အချိန်ယူ၍ အောက်ပါအတိုင်း ဆောင်ရွက်ပါ။

(၁) မိမိကိုယ်ကို ကျန်းမာအောင် ပြုစုပျိုးထောင်ပါ။

(၂) မိမိမှာ ပညာရည် အသက်မွေးဝမ်းကျောင်းအတတ် ရအောင် ကြိုးစားသင်ယူပါ။

(၃) တက်လမ်းကျမ်းများကို ဖတ်ပါ၊ လေ့လာပါ။

(၄) "ဗလငါးတန်" နှင့် ပြည့်အောင်နေ၊ ကြိုးစားပါ။

(၅) အချစ်စစ် အချစ်မှန်၊ ကာမဆက်ဆံမှုနှင့် လိင်ပညာ အပါအဝင် လူမှုရေးဗဟုသုတများ ဆည်းပူးပါ။

(၆) ဆန့်ကျင်ဘက်လိင်အကြောင်း လေ့လာပါ။

(၇) နှစ်လိုဖွယ်ရှိသော ဆန့်ကျင်ဘက်လိင်များနှင့် ဆက်ဆံပါ။ မိတ်ဆွေဖြစ်အောင် ကြိုးစားပါ။

(၈) ထိုအထဲမှ မိမိအနှစ်သက်ဆုံးသူနှင့် ခင်မင်ရင်းနှီးအောင် ပြုပါ။

(၉) ယင်း၏ အကြောင်းကို သိနိုင်သမျှ သိအောင် ကြိုးစားပါ။

(၁၀) မိမိ၏ အိမ်ထောင်ဘက်အဖြစ် ရည်မှန်းပြီးပါက မရရအောင် ကြိုးစားပိုးပန်းပါ။

(၁၁) ရှေးက "သုံးနှစ်သုံးမိုး" ပိုးပြီးမှ လက်ထပ်ရသည်။ ယခုခေတ်၌ သုံးနှစ်ထက် ပိုချင်ပိုမည်။ စောချင် စောမည်။ အချိန်ကောင်းကိုစောင့်။ စိတ်ရှည်ပါ။

(၁၂) အခွင့်ရပါက အိမ်ထောင်ပြုပါ။ ဘာပြည့်စုံမှ၊ ညာထပ်ရမှ ယူမည်ဟု မပြောပါနှင့်။ လူ့ဘဝ၌ အခွင့်အရေးဟူသည် တစ်ခါသာ ပေါ်တတ်ပါသည်။

(၁၃) သူ့ကို မရဘဲ ဆုံးရှုံးသွားပါက စိတ်မညစ်ပါနှင့်။ စိတ်ပြေအောင် ဖြေပါ။

(၁၄) စိတ်ပြေလျှင် နောက်အသစ်တစ်ယောက် ရှာပါ။ "ရည်းစား တစ်ထောင် လင်ကောင်တစ်ယောက်"၊ "ယောကျ်ားကောင်း မောင်းမတစ်ထောင်" အပျိုလူပျိုတိုင်း ရည်းစားထားနိုင်သည်။ ရွေးနိုင်ပါသည်။

(၁၅) မိမိအလိုချင်ဆုံးကို ရလျှင် လက်ထပ်ပါ။ တာရှည်ခံမည့် အိမ်ထောင် တည်ထောင်ပါ။

## အခန်း (၁၀)

# မိန်းမတို့နားမလည်သော ယောက်ျားတို့ အကြောင်း

### ယောက်ျားမိန်းမ သဘာဝအမျိုးမျိုး

အိမ်ထောင်မှု၌ မိန်းမနှင့် ယောက်ျား တစ်ယောက်အကြောင်းကို တစ်ယောက်ကသိရန်၊ နားလည်ရန်လိုသည်။ သို့မှသာ အပေးအယူ ဖြောင့်မည်။ စိတ်ချမ်းသာမည်။ အိမ်ထောင်ရေး အဆင်ပြေမည်။ "ယောက်ျားဟူသည် သည်လိုပါလား" ဟူ၍ "ဆင်ဆိုသည်မှာ ဤသို့" ဟု မျက်မမြင်ပုဏ္ဏားခြောက်ယောက်က ပြောသလို ပြောနေရပါက မဟုတ်တော့ပေ။ ဤသည်ကို မဖြစ်နိုင်ဟု မထင်ပါနှင့်။ အချို့မိန်းမ များသည် အရွယ်ရောက်သည်နှင့် ယောက်ျားနှင့် မတွေ့ဖူး၊ မိဘက ပေးစားတော့မှ လင်ကို နဖူးတွေ့ ဒူးတွေ့ တွေ့ရသည်။ ထိုအခါ သံသယ အမျိုးမျိုးဝင်၍ ကြောက်ပင် ကြောက်လန့်သွားနိုင်သည်။ စာရေးသူ၏ မိတ်ဆွေ အိန္ဒိယဆရာဝန်ကြီးတစ်ယောက်က အင်္ဂလန်၌တွေ့စဉ် ပြောပြသည်မှာ သူသည် သူ၏ဇနီးကို မင်္ဂလာဆောင်သည့်နေ့မှ တွေ့ဖူးသည်။ ညကျမှ တင်ဦးကိုတစ်ဦး အသေးစိတ်မြင်ရသည်ဟူ၏။ သူ့ဇနီးမှာ ယောက်ျားကို အနီးကပ်မတွေ့ခဲ့ဖူး၍ လန့်နေခဲ့သည်ဟု ကြားရပါသည်။

ရှမဝမဂ္ဂဇင်း၌ အမျိုးသမီးကလောင်ရှင်တစ်ဦးက သူမ၏ ကိုယ်တွေ့ကို ရေးပြရာ၌ မိဘများက ပေးစား၍ သူမ အိမ်ထောင်ပြုရရာ မင်္ဂလာဆောင်သည့်နေ့ကျမှ သူ့ယောကျ်ားနှင့် မျက်နှာချင်းဆိုင် စကားပြောရသည်။ မင်္ဂလာရေစင် သွန်းလောင်းချိန်တွင်သာ လက်ချင်း ထိရသည်။ ရှေးယခင်က ဘယ်ယောကျ်ားလေးမှ မထိဖူးခဲ့။ ညအတူ အိပ်တော့ ရှက်နေ၍ မီးမှိတ်အိပ်ရသည်။ လက်ထပ်ပြီး တစ်လကြာမှ ညမှာ မီးဖွင့် အတူအိပ်ရဲသည်ဟု ရေးထားပါသည်။ သူမသည် ခေတ်ပညာတတ် ဘီအီးဒီဘွဲ့ရ ဆရာမတစ်ဦးဖြစ်၍ သူမယောကျ်ားမှာ ဆရာဝန်တစ်ဦးဖြစ်ပါသည်။ ရန်ကုန်မြို့နေ ပညာတတ်မိန်းကလေး များပင် ယောကျ်ားတို့နှင့် မနီးစပ်၊ အနီးကပ် မတွေ့ဖူး၊ အမြင်ဖူးဘူး ဆိုပါက ပညာမတတ်သော၊ တောတွင် နယ်တွင်နေသော ဗမာ မိန်းကလေးများ မည်သို့ရှိမည်ဆိုသည်ကို တွေးကြည့်နိုင်ပါသည်။

မိန်းမများ အံ့ဩကြသည်မှာ ယောကျ်ားတို့၏ ခန္ဓာကိုယ်နှင့် လိင်စိတ် (ဝါ) ကာမဆက်ဆံလိုစိတ်ပင်ဖြစ်သည်။ မိန်းမများသည် ယောကျ်ားတို့၏ လိင်အင်္ဂါများကို အသေးစိတ် မသိကြပေ။ ယေဘုယျ သူတို့သိသည်မှာ ယောကျ်ား၌ ကာမဆက်ဆံမှုပြုနိုင်သောအင်္ဂါရှိသည်။ ထိုအင်္ဂါမှာ တုတ်တံကဲ့သို့ သဘောရှိသည်ဆိုသည်ထက် ပို၍မသိကြပေ။

## ဆေးပညာပေးစာအုပ်လက်ဆောင်ပေး

စာရေးသူ၏မိတ်ဆွေ သူငယ်ချင်းများ၏ သားသမီးများ မင်္ဂလာဆောင်မည်ဆိုလျှင် စာရေးသူ၏ စာအုပ်များဖြစ်သော သိပ္ပံနည်းကျ အိမ်ထောင်သည်ဘဝနှင့် ယောကျ်ား မိန်းမစာအုပ်များ လက်ဆောင်လာတောင်းတတ်ကြသည်။ ယင်းတို့အကြောင်းကို အမှန် (ဝါ) သိပ္ပံနည်းကျ မသိရသဖြင့် လေ့လာရန် လာအကူအညီတောင်း ကြခြင်းဖြစ်သည်။ အချို့သော စုံတွဲများမှာမူ လက်ထပ်ပြီးသည့်တိုင် လင်မယားအရာမြောက်အောင် မဆောင်ရွက်နိုင်၍ လာအကူအညီ တောင်းကြသည်။ ဤတွင် ယောကျ်ားလိင်အင်္ဂါများ၊ မိန်းမ၏ လိင်အင်္ဂါများနှင့် ဖိုမသဘာဝ ကာမဆက်ဆံမှုတို့ကို ရှင်းပြရသည်။

ခန္ဓာဗေဒ ရုပ်ပြအဘိဓာန် (Atlas Of Anatomy) ကို အသုံးပြု ရှင်းပြရပါသည်။

## တကယ့်ကျန်းမာရေးပြဿနာများ

တစ်ခါက နယ်ရှိ လက်ထပ်ပြီးစ လင်မယားနှစ်ယောက်သည် လက်ထပ်ပြီးသည်မှာ တစ်လနှစ်လရှိလာသော်လည်း လင်မယားလို နေထိုင်ခြင်း မပြုနိုင်သေး၍ ကူညီပါရန် အကူအညီတောင်းလာသည်။ ဆွေးနွေးရန် လာပါဟုပြောကာ ဆွေးနွေးစစ်ဆေးကြည့်ရာ မိန်းကလေးမှာ ယောနိအင်္ဂါပေါက် မပါသည်ကို တွေ့ရသည်။ သို့ဖြင့် သားဖွားနှင့် မီးယပ်ပါမောက္ခ ဆရာဝန်ကြီး ဦးရွှေတင်အား ပြသပေးရ၏။ ဆရာဝန်ကြီးက စစ်ဆေးစုံစမ်းပြီး ခွဲစိတ်ပေးမှ သူမမှာ မိန်းမပီသ သွားသည်။ သူမ၏ခင်ပွန်းနှင့် လင်မယားအရာမြောက်သွားလေသည်။

အချို့သော ယောကျ်ားများမှာ မွေးကတည်းက ယောကျ်ား လိင်တံ (Penis) မှာ ပုံမမှန်ဖြစ်နေတတ်သည်။ ကွေးကောက်ခြင်း၊ ထိပ်ဖူးဖုံး အရေပြားရှည်ဖုံးခြင်း၊ လိင်တံအောက်မှာ အပေါက်များ ပါခြင်းတို့ တွေ့ရသည်။ ထိုချွတ်ယွင်းချက်များကို ခွဲစိတ်ပြုပြင်ပေးမှသာ ကာမဆက်ဆံမှု အောင်မြင်ကြသည်။ ဤအထဲက လိင်ဆက်ဆံမှုကို မည်သို့ပြုလုပ်ရမည်မှန်းမသိသော သတို့သားများရှိသည်။ သူတို့ကိုလည်း နည်းပြပေးရပါသည်။ အနောက်နိုင်ငံများမှ ယောကျ်ားလေးတွေနှင့်မူ ကွာပါသည်။ သူတို့သည် လူပျိုပေါက်ကတည်းက ဤကိစ္စများကို ကြားသိနေကြ၊ တွေ့မြင်နေကြဖြစ်သည်။ လက်ထပ်ချိန်၌ အတွေ့ အကြုံလည်း ရှိကြဖူးပြီ။

## ယောကျ်ားဟူသည် နွားသိုးကြိုးပြတ်

ယောကျ်ားတို့သဘာဝကို နားမလည်ရာ၌ ပညာတတ်တတ် မတတ်တတ် အတူတူပင်ဖြစ်သည်။ စာရေးသူ ရှမ်းပြည်အရှေ့ပိုင်း မိုင်းတုံတပ်မတော်ဆေးရုံ၌ အမှုထမ်းစဉ်က စာရေးသူ၏တပ်မှ ရဲဘော် တစ်ဦးသည် လားဟူအမျိုးသမီးတစ်ဦးကို လက်ထပ်ရာ လက်ထပ်ပြီး

(၇)ရက်အကြာမှာ မိဘထံ ထွက်ပြေးသွား၍ လိုက်ခေါ်ရသည်။ အဘယ်ကြောင့် ထွက်ပြေးသွားရသနည်းဟု မေးမြန်းကြည့်ရာ တစ်ချိန်လုံး သူမယောက်ျားက သူမနှင့် လိင်ဆက်ဆံနေ၍ဖြစ်သည်ဟု ပြောပါသည်။ ဆေးကျောင်းသူတစ်ဦးကလည်း ဒုတိယ အမ်ဘီဘီအက်စ် အတန်း၌ အတန်းဖော်တစ်ဦးနှင့် ခိုးပြေးရာ မင်္ဂလာဦးညမှစကာ တစ်လတိုင်တိုင် ထိုသို့ပင် သံဝါသပြုနေ၍ စာများမဖတ်နိုင်ကြောင်း ပြောရှာပါသည်။ ယောကျ်ားတို့၏ ကာမဆန္ဒစိတ်သည် အမြဲရှိနေ၊ တိုးပွားနေ၍ ရိုးရိုးအချိန်၌ ထိန်းထား၊ ချုပ်တီးထားရစဉ် မင်္ဂလာဆောင်လိုက်သောအခါ ရေကာတာမှ ရေတံခါးကို ဖွင့်ချလိုက်သကဲ့သို့ အဆီးအတားမရှိ ဒလဟောစီးဆင်းသွားသလို ဖြစ်ပါသည်။

## အမေရိကန်တရင်းဇယား

အမေရိကန်ပြည်ထောင်စု အင်ဒီယားနားတက္ကသိုလ် ကင်းဆေး ဌာနမှ ပြောသည်မှာ ယောကျ်ားတစ်ရာတွင် (၄၃)ယောက်သည် လိင်ဆက်ဆံမှုအကြောင်း နေ့စဉ်တွေးနေ၍၊ အခြား (၄၃)ယောက်သည် တစ်ပတ်မှာ ရက်ခြား သို့မဟုတ် အကြိမ်အနည်းငယ် တွေးတောပြီး (၄)ရာခိုင်နှုန်းသည် တစ်လမှာ တစ်ခါ ကာမဆက်ဆံမှုအကြောင်းကို စဉ်းစားနေပါသည်တဲ့။ မိန်းမတို့မှာမူ ထိုသို့ စဉ်းစားခြင်းမရှိ၊ လုံးဝ အားနေသူမှသာ ထိုသို့ စဉ်းစားပါသည်တဲ့။

## ယောကျ်ားကာမဆန္ဒ ထန်းနို့ပမာ

ကာမဆက်ဆံမှုနှင့်ပတ်သက်၍လည်း ယောကျ်ားသည် အမြဲတမ်း လိုချင်သည်။ ဆက်ဆံပြီးလျှင် ဆက်ဆံချင် "သောက်လေ သောက်လေ ငတ်မပြေ" ဟု ဆိုပါသည်။ ဤကိစ္စနှင့်ပတ်သက်၍ မင်းတုန်းဘုရင်ကြီးက သင်္ဃရာဇာဆရာတော်အား ဆွမ်းကျွေးရင်း "အရှင်ဘုရားတို့ တပည့်တော်တို့လို ကာမစိတ် ကာမဆက်ဆံလိုမှု ရှိပါသလား ဘုရား" ဟု လျှောက်ထား မေးမြန်းရာ သင်္ဃရာဇာဆရာတော်က "ဒကာကြီး ဘုန်းကြီးတွေမှာလဲ ဒီစိတ်ရှိတာပဲ။ ဒါပေမဲ့ ထန်းပင်ပေါ်က ထန်းနို့ဟာ

ရှင်သန်နေတော့ ထန်းရေထွက်တယ်။ ထန်းပင်အောက်က ထန်းနို့ခြောက်ကတော့ ထန်းရည်မထွက်တော့ဘူး။ ဒကာကြီးတို့က ထန်းနို့အစိုနှင့်တူတယ်။ ဘုန်းကြီးတို့ကတော့ ထန်းနို့ခြောက်နှင့်တူတယ်။ ဒီတော့ ကာမဆက်ဆံလိုစိတ် မရှိတော့ဘူး" ဟု ဖြေကြားခဲ့ဖူးပါသည်။ ဗုဒ္ဓဘာသာ သံဃာတော်များနှင့် ခရစ်ယာန် ကက်သလစ်ဘုန်းကြီးများမှာ အိမ်ထောင်ပြုခွင့်မရှိပါ။

## ယောက်ျားတို့အကြောင်း

ယခု မိန်းမတို့ မသိကြသော၊ သိသင့်သော ယောက်ျားတို့၏အကြောင်း။ သဘာဝကို အောက်တွင် ရေးသားဖော်ပြလိုက်ပါသည်။

(၁) **နံနက်အိပ်ရာထတွင် လိင်တံတောင့်တင်းခြင်း။** ညတွင် မိန်းမနှင့် စိတ်တိုင်းကျအိပ်ထားပါလျက် နံနက်လင်းတော့ ယောက်ျား၏လိင်တံမှာ တောင့်တင်းလျက်ရှိသည်။ အဘယ်ကြောင့်နည်း။ ရောဂါကြောင့် မဟုတ်ပါ။ ဆိုသည်မှာ ယောက်ျားတို့၏ သဘာဝပါ။ ဆီးအိမ်တင်းနေသဖြင့် ဆီးအိမ်က ဆီးကျိတ် (ဆီးအိမ်အောက်အကျိတ် Prostate Gland) ကို ဖိထား၍ဖြစ်သည်။ ဆီးသွားလိုက်လျှင် လိင်တံပျော့သွားမည်။ တစ်ခါတစ်ရံ ဆီးသွားလျက် ပျော့မသွား။ လိင်ဆန္ဒကြောင့် ဖြစ်သည်။ ခါးမချပ်ရိုးဆက်မှ ထွက်လာသော တင်ဆုံကွင်းပိုင်း အာရုံကြောများ (Saral Nerves) များသည် မစင်အိမ်နှင့် ဆီးအိမ်ဘေးမှ ဖြတ်လာရာ ယင်းအင်္ဂါနှစ်ခုအနက် တစ်ခုခုဖြစ်စေ၊ နှစ်ခုလုံးဖြစ်စေ တင်းနေသောကြောင့် ဖြစ်သည်။ အရွယ်ရောက်ပြီး ယောက်ျားများ၌ နံနက်အိပ်ရာထတိုင်း တက်စတိုစတီရုန်းဓာတ်ပိုများနေ၍လည်း ဖြစ်ပါသည်။

(၂) **ယောက်ျားများသည် ကာမဆက်ဆံမှုကို အမြဲပြုလုပ်ချင်သည်၊** ဆက်ဆံပြီးလည်း ရိုးမသွား။ မြန်မာစကား၌ "အရှူး အမဲသား

ကျွဲးမိသလို နွားမြင်တိုင်း လက်ညှိုးထိုးနေတော့သည်" ဟူ၍ ရှိရာ လိင်ဆက်ဆံဖူးသော ယောကျာ်းသည် ဤအရသာကို သိ၍ အမြဲသာ ကာမဆက်ဆံနေချင်တော့သည်။ ဤသို့ ပြုနိုင်ခြင်းမှာ ယောကျာ်းသည် မိန်းမထက် ပို၍ ကာမဆန္ဒ များနေခြင်းကြောင့်ဖြစ်သည်။ ဦးနှောက်နှစ်ခြမ်းကို ဆက်သော ရှေ့ဆက် (Anterior Commissure) သည် ယောကျာ်းမှာ မိန်းမထက် (၁၂)ရာခိုင်နှုန်း ပိုနေသောကြောင့် ဖြစ်သည်ဟု ပြောကြပါသည်။ ဆိုလိုသည်မှာ ယောကျာ်းသည် အလုပ် တစ်ခုခုကို ပိုလုပ်နိုင်သည်ဟူလို။

(၃) **ယောကျာ်း၏ ဦးနှောက်၌ မိန်းမဦးနှောက်တွင် မရှိသော "နတ္ထိနေရာ" (Nothing Room) ရှိသည်။** သို့ဖြင့် ယောကျာ်းသည် မကြာခဏ "တွေ" နေတတ်သည်။ ဘာမျှ မလုပ်နိုင်၊ မခံစားနိုင်။ မိန်းမမှာမူ ထိုသို့ လုံးဝနားနေချိန်မရှိ။ သို့ဖြစ်၍ ယောကျာ်းများ "တွေ" နေလျှင်၊ "ငေး" နေလျှင် သဘာဝဟု သိပါ။

(၄) **ယောကျာ်းသည် မိန်းမ၏ ရင်သားကို နှစ်သက်သည်။ စွဲမက်သည်။** ဤသည်မှာ မွေးစ နို့စို့ကလေးမှသည် အိမ်ထောင်ကျ အသက်ကြီး၍ အိုနာသေသည့်တိုင်ဖြစ်သည်။ ထို့ကြောင့် မိန်းမရင်သားကို တပ်မက်စွာကြည့်လျှင် ယောကျာ်း၏ သဘာဝဟု သိပါ။ ရင်သားတစ်စုံနှင့်တူသော တင်သားကိုလည်း ယောကျာ်းများက လိင်စိတ်ထကြွစေရန် လှုံ့ဆော်ကစားချင်ကြပါသည်။ ပဉ္စသိခ်နတ်သားသည် ဗေလုဝနတ်စောင်းဖြင့် မိန်းမရင်သားအလှကို ချီးကျူး ဖူးသည်။ ဒေဝဓ္ဘရာနတ်သမီးသည် ထိုအတွက် အလွန်ပင် ကျေနပ် ဂုဏ်ယူသွားသည်။ မယ်ကမ္ဘာ၊ မယ်စကြဝဠာရွေးပွဲ များ၌ ရင်၊ တင်၊ ခါး အချိုးအစားကို အဓိကထား ရွေးချယ်သည်။ ယင်းအမျိုးအစား လှပ ကျန်းမာသော ဗီးနတ်ရုပ်တု (Venus) ကို စံထား၍ ရွေးချယ်ခြင်း ဖြစ်သည်။

မြန်မာစာပေ၌ မုဒုလက္ခဏာဟု့သည် ရင်သားအလှကို ဖွဲ့ဆို သောကျမ်းဖြစ်သည်။

(၅) **ကာမဆန္ဒ၊ ကာမဆက်ဆံမှု၊ မိန်းမများနှင့် ပေါင်းသင်းခြင်းနှင့် ပတ်သက်၍ ယောကျ်ားများသည် အမှန်မပြောပြတတ်ပါ။** မိမိ၏ရည်းစား၊ ချစ်သူ သို့မဟုတ် မိန်းမ (မယား)မှလွဲ၍ အခြားသူများကို မချစ်ခင်၊ မနှစ်သက်၊ မလိုချင်ဟု ပြောလျှင် မယုံပါနှင့်။ ယောကျ်ားသဘာဝ မိန်းမကျေနပ်အောင် လိမ်ပြောခြင်းပါ။ မှောင်မိုက်ထဲမှာ အတွေ့ကောင်း၊ အမြူ ကောင်းသော ပုံစံလှသည့် (ဖောင့်တောင့်သည့်) မိန်းမ တစ်ယောက်နှင့် ယောကျ်ားကို လွှတ်ပေးပါ။ သူက ကျေနပ်စွာ ဆက်ဆံပါလိမ့်မည်။ နောက်မှ မိန်းမ (မယား) မှတ်လို့ဟု ပြောပါလိမ့်မည်။ မယုံပါနှင့်။ ယောကျ်ားသဘာဝ မိန်းမကို လိမ်နေကြပါ။

(၆) **ယောကျ်ားတိုင်း အလှမက်ကြသည်။** မလှသောမိန်းမကို ယူလိုက်ရသည့်တိုင် အလှပြင်စေချင်သည်။ လောက၌ မလှသော မိန်းမဟူ၍ မရှိ၊ အလှပြင်ရန် ပျင်းသော မိန်းမသာ ရှိသည်ဟု ပြောကြသည်။ ကမ္ဘာ့သမိုင်း၌ လှပသောမိန်းမ များကို ယောကျ်ားတွေ ဝိုင်းဝိုင်းလည်နေပါသည်။ ရောမ ခေတ်က ကလီရိုပတ်တရား (Cleopatra)၊ မြန်မာ့သမိုင်းမှ မင်းဆက်ငါးသွယ် ရှင်ဘို့မယ်၊ ယခုခေတ် အိန္ဒိယရုပ်ရှင် မင်းသမီး အက်ရှာဝရီယာရိုင်း (Aishwarya Rai)။ ရုပ်ရှင် အကယ်ဒမီ အော်စကာဆုရ ဂျူလီယာ ရောဘတ်(စ်) (Julia Robberts) က အက်ရှာဝရီယာရိုင်သည် ကမ္ဘာ့အလှဆုံး မိန်းမဟု ထုတ်ဖော်ချီးကျူးဖူးသည်။ ဘာလှတာလဲ။ ရုပ်ရည်၊ ခန္ဓာကိုယ်၊ အသိပညာဗဟုသုတ။

သူမသည် မယ်ကမ္ဘာအရွေးခံရသဖြင့် အရပ် ရှည်သည်။ ဆံပင်ကောင်းသည်။ အရေပြားလှသည်။ တင်၊ ရင်၊ ခါး အချိုးကျသည်။ သွားလှသည်။ ဗဟုသုတ

ကြွယ်ဝသည်။ အပေါင်းအသင်းကောင်းသည်။ အများအကျိုး အတွက် လုပ်သည်။ လှူသည်။ သည်လိုမိန်းကလေးမျိုးကို မည်သည့်ယောကျ်ားက မကြိုက်ဘဲနေမည်နည်း။

(၇) **ကာမဆက်ဆံရာ၌ မိမိ၏မယားများကိုလည်း ကျေနပ်မှု ရစေချင်သည်။** အသေကြီးလို၊ သစ်တုံးကြီးလို မိမိနှင့် မဆက်ဆံစေချင်။ သို့ဖြစ်၍ ယောကျ်ားများသည် မိန်းမ (မယား)နှင့် ဆက်ဆံရာ၌ မိန်းမစိတ်ပါလာအောင်၊ ကာမဆန္ဒ ကြွလာအောင် မြှုပါလိမ့်မည်။ စပါလိမ့်မည်။ **မိန်းမ၏** ယောနိအင်္ဂါ၌ အချက်အချာနေရာ ဂျီ-နေရာ (G-Spot) ရှိသည်ကို သူကြားဖူးပါသည်။ ယောနိအင်္ဂါ၏ ရှေ့နံရံ အပေါ် သုံးပုံတစ်ပုံနှင့် အောက် သုံးပုံနှစ်ပုံဆက်ရာမှာ။ ထိုနေရာကို သူ မြှုပါလိမ့်မည်။ မရှက်ပါနှင့်။ သဘာဝဟု မှတ်ယူပါ။ ထိုနေရာသည် မိန်းမ၏လိင်စေ့ (Clitiris) အောက်တစ်လက်မ အကွာလောက်တွင် ရှိပါသည်။ သမီးရည်းစားဘဝမှာ အချစ်ကုန်၊ လင်မယားဘဝမှာ အရှက်ကုန်။ ရှက်စရာမရှိပါ။ ထိုသို့ နှူးသော၊ လှုံ့ဆော်သော ယောကျ်ားကို နားလည်ပါ။

(၈) **မိန်းမနှင့်တွေ့လျှင် ယောကျ်ားများသည် အလိုလိုသာယာ လာသည်။** ထိုမိန်းမနှင့် ရင်းနှီးချင်လာသည်။ သို့ဖြစ်၍ ပေါင်းသင်း ဆက်ဆံရေး၌ ယောကျ်ားနှင့် မိန်းမသည် ယောကျ်ားချင်းထက် ပို၍ အဆင်ပြေသည်။ လုပ်ငန်းခွင်၌ မိမိယောကျ်ားသည် အခြားလုပ်ဖော်ကိုင်ဖက် မိန်းမများ၊ စက္ကရီတေရီ လက်ထောက်မကလေးများနှင့် “ကြည်” နေလျှင် မနာလို မဖြစ်ပါနှင့်။ သဘာဝဟုသိပါ။ အခါအခွင့်ရလျှင် တစ်ဦးဦးနှင့် ကာမဆက်ဆံမှု ပြုချင်သည်မှာလည်း သဘာဝဟု သိပါ။ ထို့ကြောင့် အနောက်တိုင်း အလုပ်ခွင်များ၊ ရုံးများ၌ အရာရှိကြီးများနှင့် ယင်းတို့၏ အတွင်းရေးမှူးမများ အချစ်ဇာတ်လမ်းများ ရှိနေခြင်းပင်။ ဤ၌ သံယာများကို ဂေါတမမြတ်စွာဘုရားက နှစ်ယောက်ချင်း မာတုဂါမနှင့်

လေးတောင်ပတ်လည်အတွင်း မတွေ့ရဟု တားမြစ်သည်မှာ မှန်ပေသည်။ ဖြစ်လာနိုင်သည့် ဖောက်ပြားမှုကို ကြိုတင်ကာကွယ်ခြင်းဖြစ်ပေ၏။

(၉) **အရွှေအမူး အချစ်ဆုံးအချိန်၌ ယောကျ်ားသည် သူချစ်သော မိန်းမနှင့် တရားဝင် အိမ်ထောင်ပြုလိုသည်။** ထိုအချိန်ကျော်သွားလျှင် သွေးအေးသွား၏။ သူနေတတ်သွားပြီး မိန်းမကို သိပ်မတပ်မက်တော့။ သို့ဖြစ်၍ ထိုအရွှေအမူးဆုံးအချိန်၌ မိန်းမများ လက်ထပ်ပါ။ မြန်မာနိုင်ငံ၌ ဘွဲ့ရပြီးစဖြစ်စေ၊ အလုပ်ရစ ရည်းစားဘဝ၌ဖြစ်စေ လက်ထပ်သင့်၏။ ရည်းစားသက် (၃-၄-၅)နှစ်ကျော်လျှင် စိုးရိမ်စရာဟု သိပါ။

(၁၀) **ယောကျ်ားသည် မိန်းမ၏အလှ၊ မိန်းမ၏ခန္ဓာကိုယ်ကို တပ်မက်သည်မှန်သော်လည်း သူအတပ်မက်ဆုံးမှာ မိန်းမနှင့် ကာမဆက်ဆံမှုဖြစ်၏။** ကာမစပ်ယှက်မှုအရသာလောက်ကောင်းသောအရာသည် ယောကျ်ားအတွက် မရှိ။ သို့ဖြစ်၍ ထိုသို့စပ်ယှက်ခွင့်ပေးသော မိန်းမကို သူသည် မရအရ ရယူပေလိမ့်မည်။ မိမိနှင့် စပ်ယှက်ဖူးသောမိန်းမကို အခြားသူ တစ်ဦးက ကျူးလွန်မှာကိုလည်း လုံးဝမလိုလား။ သူသေ ကိုယ်သေ သတ်မည်ဖြစ်၏။ သို့ဖြစ်၍ မိန်းမအတွက် လူသတ်မှုဖြစ်ပွားမှုမှာ များလှစွာ၏။ "အချစ်အတွက် အသက်ပင်သေသေ" ဆိုသည်မှာ မှန်ပါသည်။

(၁၁) **ယောကျ်ားများသည် မိန်းမတို့၏ မပေါ်တပေါ်ဖော်လာခြင်း၊ မြူဆွယ်ခြင်း၊ လိင်ဆက်ဆံခြင်းပုံများကို သဘောကျသည်။** သို့ကြောင့်ပင်လျှင် အနောက်တိုင်း မြို့ကြီးများ၌ ချွတ်ပွဲ (Strip Tease Dance) များ ရှိနေခြင်း၊ အပြာရုပ်ရှင်ကားများ (Blue Picture) ပြနေရခြင်းဖြစ်သည်။ ယင်းတို့အကြောင်း ရေးသည့် စာအုပ်များလည်း ရောင်းကောင်းနေရခြင်း ဖြစ်သည်။ မိန်းမအများစုကမူ ထိုဘက်တွင် စိတ်မပါ။ အများက ရှက်ကြသည်။ အချို့က ရွံရှာကြသည်။

(၁၂) ယောက်ျားများသည် မိန်းမတွေလို မလှမှာမပူပန်သော်လည်း လိင်နှင့်ပတ်သက်၍ လူစဉ်မမီမှာ၊ ပန်းသေမှာကိုမူ ကြောက်ကြသည်။ ယောက်ျားများသည် အောက်ပါကိစ္စများ၌ စိုးရိမ်မှုရှိကြသည်။

(က) မိမိမှာ လိင်ဘက်တွင် ပုံမှန်ဟုတ်ရဲ့လား
(ခ) မိမိမှာ လိင်ဆက်ဆံနိုင်စွမ်း အပြည့်ရှိရဲ့လား
(ဂ) မိမိ၏လိင်တံမှာ သိပ်သေးနေသလား
(ဃ) မိန်းမက မိမိကို အထင်သေးမှာလား
(င) မိမိသည် ဖခင်တစ်ဦး ဖြစ်နိုင်ရဲ့လား စသည်။

(၁၃) ယောက်ျားများသည် မိန်းမ (မယား)က သူတို့ကို မေးလျှင် အမှန်မပြောချင်သော သို့မဟုတ် လိုးလွှဲဖြေတတ်သော အကြောင်းများရှိသည်။ ယင်းတို့မှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ရှင် ကျွန်မကို တကယ်ချစ်ရဲ့လား
(ခ) ရှင် ဟိုကောင်မလေးကို ငန်းနေတယ်မဟုတ်လား
(ဂ) ရှင့်ကောင်မက ကျွန်မထက် ချောလို့လား
(ဃ) ကျွန်မသေသွားလျှင် ရှင် နောက်အိမ်ထောင်ပြုမှာလား
(င) ရှင် အိမ်ပြန်လာတာ နောက်ကျတာ ဘာ့ကြောင့်လဲ
(စ) ရှင် အပြင်မှာ အပျော်လိုက်နေတယ်မဟုတ်လား
(ဆ) လခအပြင် အခြားရတဲ့ဝင်ငွေ ဘယ်ရောက်သွားပြီလဲ
(ဇ) ရှင် ကျွန်မနားမှာ အမြဲတမ်း ဘာ့ကြောင့်မနေတာလဲ
(ဈ) ရှင်နှင့်ကျွန်မ လက်ထပ်တဲ့ရက် ဘာ့ကြောင့် မေ့နေသလဲ
(ည) ရှင်အားရင် ဘာ့ကြောင့် ငေးငေးနေတာလဲ

အချုပ်မှာ ယောက်ျားတို့၌ မိန်းမတို့ မသိသေးသောအကြောင်းများစွာရှိသည်။ ယခု ဖော်ထုတ်လေ့လာထားသမျှကို တင်ပြထားခြင်း

သာဖြစ်သည်။ အရေးကြီးသည့်အချက်များမှာ ဥပမာ - အိမ်ထောင်ရှိ ယောကျ်ားတစ်ယောက်သည် အဘယ်ကြောင့် အခြားယောကျ်ားများနှင့် လိင်ဆက်ဆံမှုပြုရသလဲ။ သာယာမှုရှာရသလဲ။ ယင်းတို့သည် နှစ်ဖက်ချွန်များဖြစ်သည်။ ယခုတိုင် အဖြေကို မသိရသေးပေ။

## ယောကျ်ားသည်ယောကျ်ား၊မိန်းမနှင့် မတူပါ

အဓိကမှာ ယောကျ်ားသည် ယောကျ်ားသာဖြစ်သည်။ သူသည် ကာမစပ်ယှက်မှုကို နှစ်သက်သည်။ လိင်ဆက်ဆံမှုကို အမြဲလိုလားသည်။ ဤအတွက် သူ ဘာမဆို လုပ်မည်။ မည်သည့်မိန်းမနှင့်မဆို လုပ်မည်။ သူ၏ဦးနှောက်မှာ ထိုသို့လုပ်ရန် ခွင့်ပြုသော၊ ညွှန်ကြားသော နေရာများ (Functional Areas) ရှိသည်။ အာရုံကြောများမှတစ်ဆင့်၊ ဟော်မုန်းများမှတစ်ဆင့် အောင်မြင်အောင်ဆောင်ရွက်လိမ့်မည်။ ဟိုင်ပိုသားလမတ်စ်နှင့် ပီကျူတရီအကျိတ် (ဦးနှောက်အောက်အကျိတ်) တို့သည် အရေးကြီးအင်္ဂါများဖြစ်သည်။

ယောကျ်ားသည် လိင်နှင့် အချစ်ကို ခွဲခြားထားနိုင်သည်။ လိင်ဆက်ဆံမှုကတစ်ခု၊ ချစ်ခင်မြတ်နိုးမှုကတစ်ခုဟု သူနားလည်သည်။ သူ့ဦးနှောက်မှာ ထိုသို့ အကန့်ခွဲနိုင်သော အစွမ်းရှိသည်။

ယောကျ်ားသည် သူချစ်သောမိန်းမကို ပျော်စေချင်သည်။ ရည်းစားဘဝ၌ ချစ်စကားဖြင့် ခွန်းကျူမည်။ လင်မယားဘဝ၌ လိင်ဆက်ဆံမှုဖြင့် နှစ်သိမ့်မည်။ ဤသို့ ပြုလုပ်ပေးခြင်းဖြင့် သူ့မှာ သာယာမှု၊ ကျေနပ်မှု ရပါသည်။ ယောကျ်ားပျော်စေလျှင် သူ့ယုယမှုကို လက်ခံပါ။ သူ့ကို ပြန်ချစ်ပါ။ သူ၏ လိင်ဆက်ဆံမှုကို လိုလားစွာ ခံယူပါ။ မိမိကစ ပြုလုပ်လျှင် သူ့တစ်သက်မက ဆယ်သက်မျှ စွဲသွားပါလိမ့်မည်။

မိန်းမတွေက မလှမှာပူသည်။ မဝတ်ရ၊ မစားရမှာကို စိုးရိမ်သည်။ ယောကျ်ားတွေကမူ မိန်းမမရမှာပူသည်။ မိန်းမနှင့် လိင်မဆက်ဆံနိုင်မှာကို စိုးရိမ်သည်။ ယောကျ်ားမပီသ ပန်းသေမှာကို

အကြောက်ဆုံးဖြစ်သည်။ ထိုသို့ မဟုတ်ကြောင်း ဇနီးမယားက ပြောကြားပေးပါ။ သက်သေပြပေးပါ။ ထိုအခါ နှစ်ဦးစလုံး ကျေနပ် နှစ်သိမ့် ပျော်ကြရမည်။

## အခန်း (၁၁)

# ယောက်ျားတို့နားမလည်သော မိန်းမတို့ အကြောင်း

### နားလည်မှုမရှိက စစ်ပင်တိုက်ကြ

လူ့အကြောင်းကို လူတိုင်း နားလည်ရန် ခက်ခဲသည်။ လူလူချင်း နားမလည်နိုင်ကြ၍ ငြင်းခုန်နေကြသည်။ ရန်ဖြစ်နေကြသည်။ လူမျိုးအချင်းချင်း၊ နိုင်ငံအချင်းချင်း နားလည်မှုမရှိ၍ စစ်ဖြစ်နေကြသည်။ ယောက်ျားနှင့်မိန်းမ နားလည်မှုမရှိ၍ အိမ်ထောင်များ ပြိုကွဲနေရသည်။ မှန်သည်။ ယောက်ျားများ နားမလည်နိုင်သောအကြောင်းများစွာ မိန်းမများမှာရှိသည်။

"ဣတ္ထိဝင် နဒီဝင်" ဟူ၍ ပြောကြသည်။ မိန်းမတို့သည် မြစ်ကဲ့သို့ ကောက်ကွေ့သည်တဲ့။ အမှန်က မြစ်များလိုပင် မိန်းမတို့၏ စိတ်နေသဘောထားမှာ စီးဆင်းနေသည်။ နားလည်ရခက်သည်ဟူလို။ "မိန်းမမာယာ သဲကိုးဖျာ" ဟုလည်း ဆိုကြသည်။ ဖျာတစ်ချပ်စာမှာ သဲမည်မျှရှိသလဲ။ ရေတွက်၍မရ။ "သဲကိုးဖျာ" ဆိုသည်မှာ ထိုထက်မက အသိရခက်သည်ဟူလို။

### ပုခက်လွှဲသော မိခင်၏လက်

မိန်းမများကို ညံ့သည်ဟု မထင်ကြပါနှင့်။ ကမ္ဘာကြီးကို အုပ်စိုးသောသူများမှာ မိန်းမ (မိခင်) လွှဲသော ပုခက်ထဲမှ လူဖြစ်လာ

ကြပါသည်။ ယောကျ်ားတို့ မအောင်မြင်နိုင်သောအရာ၌ မိန်းမများကို အားကိုးရပါသည်။ အောင်မြင်သော လူတိုင်း၏ နောက်ကွယ်မှာ ထူးချွန်သော မိန်းမတစ်ယောက် ရှိနေသည်ဟုလည်း ပြောကြပါသည်။ ကမ္ဘာကြီးကို ပုခက်လွှဲသောလက်များက အုပ်စိုးနေပါသည်တဲ့။

အိမ်ထောင်များ၌ ယောကျ်ားသာ အရေးပါသည်မဟုတ်။ မိန်းမမှာလည်း တန်းတူအရေးကြီးပါသည်။ အိမ်ထောင်တည်တံ့ကြီးပွား စည်ပင်ရေးအတွက် သူမက လုပ်ဆောင်ရပါသည်။ လင်ယောကျ်ား ရှာ၍ရသည့် ဥစ္စာဝင်ငွေကို "စီးတဲ့ရေ ဆည်တဲ့ကန်သင်း" သူမက စိစစ်သုံး၊ စု၊ တိုးပွားအောင်ပြုမှ မိသားစုမှာ ချောင်လည်၏။ ကလေး တွေမှာ ကြီးထွား၏။ ကျန်းမာပျော်ရွှင်၏။ သူမက ပစ်ထားလျှင် ကလေးတွေမှာ ဒုက္ခဖြစ်ပြီသာမှတ်ပေတော့။ "အမိမဲ့သား ရေနည်းငါး"။

ဂျပန်ခေတ်က စာရေးသူတို့မိသားစုမှာ မိခင်၏အုပ်စီးမှု အောက်မှာ နေထိုင်ရှုန်းကန် စားသောက်ခဲ့ရသည်။ ဖခင်သည် သူ့အလုပ်နှင့်သူ ဂျပန်တော်လှန်ရေးလုပ်၊ မုံရွာ၊ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို အနှံ့ ခရီးဆန့်နေရသည်။ မိခင်သာ မစွမ်းက စာရေးသူတို့မှာ ဝမ်းမဝ ခါးမလှဘဲ ဘဝဆုံးဆုံးမြုပ်သွားရမည်သာ။

ဤသို့ အိမ်ထောင်မှု၌ ယောကျ်ားနှင့်တန်းတူ အရေးပါသော မိန်းမများကို အမျိုးမျိုး ပြောကြသည်။ လိုတာလည်းပါ၊ မလိုတမာလည်း ပါ။ ဤသည်မှာ အမှန်တကယ်မသိ၍ ပြောကြခြင်းဖြစ်သည်။ ယခု သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်များကို ယောကျ်ားတိုင်း မသိသေးသည့်အတွက် ဖော်ပြလိုက်ပါသည်။

## ယောကျ်ားတို့မသိသေးသောမိန်းမတို့ အကြောင်း

(၁) **မိန်းမများနှင့် လိင်ဆက်ဆံမှု။** မိန်းမများသည် ကာမဆက်ဆံမှုကို အိမ်ထောင်မှုတာဝန်တစ်ခုအဖြစ် ယူဆ၍ လင့်အလိုကို လိုက်ခြင်းအဖြစ် ယူဆသည်။ ယောကျ်ား (လင်)

လိုအပ်တိုင်း ပေးသည်သာဖြစ်သည်။ သို့သော် သူမတို့ ကိုယ်တိုင် လိုချင်လှ၍ဟု ပေးခြင်းမဟုတ်ပါ။

မိန်းမတွေက လိင်ဆက်ဆံမှုပြုရန် သဘောတူတိုင်း သူတို့၏ လိုအပ်ချက်တစ်ခုခုကို ရချင်၍သာဖြစ်သည်။ သူမတို့ လိုအပ်သည်မှာ -

(က) လင်ယောကျ်ား၏ စွဲမက်မှု
(ခ) လင်ယောကျ်ားထံမှ အကာအကွယ် ဘဝအာမခံချက်
(ဂ) အလိုက်လိုက်မှု
(ဃ) နမ်းရှုပ်၊ ပွတ်သပ်၊ ပွေ့ဖက်မှု
(င) သူမ ရင်ဖွင့်ပြောပြသည်ကို နားထောင်မှု

(၂) **မိန်းမကစ၍ ပိုးပန်းခြင်း၊ လိင်ဆက်ဆံခြင်း မပြု။** အိမ်ထောင်ရေးတွင် ရှေးအစဉ်အလာကြီးမားသော နိုင်ငံနှင့် ပတ်ဝန်းကျင်၌ မိန်းမကစ၍ ပိုးပန်းခြင်း၊ အိမ်ထောင်ကျလျှင် သူမကစ လိင်ဆက်ဆံရန်ပြုခြင်း မလုပ်ပါ။ မိဘကပေးစားမှ ယူ၏။ လင်ကစမှ လိင်ဆက်ဆံ၏။ သူမသည် လင်ပြုသမျှ နေသူသာ ဖြစ်ပါသည်။ အနောက်နိုင်ငံများ၌သာ ယောကျ်ားများနှင့် ရင်ပေါင်တန်း၍ ယောကျ်ားတွေနှင့် သွားလာကြသည်။ သူတို့ကြိုက်သော ယောကျ်ားကို နည်းအမျိုးမျိုးဖြင့် ပိုးကြ ယူကြသည်။ "လိင်နှင့် မြို့တော် (Sex and The City)" ဟူသော ရုပ်ရှင်၌ နယူးယောက်မြို့တော်ရှိ ပညာတတ် မိန်းမများသည် ယောကျ်ားများလိုပင် ဝင်ငွေကောင်းသော အလုပ်များ လုပ်ကြသည်။ ဝါသနာတူ မိန်းမသူငယ်ချင်းတွေနှင့် စားကြသောက်ကြသည်။ မိမိကြိုက်သော ယောကျ်ားများကို အိမ်ထောင်ရှိရှိ မရှိရှိ တွဲကြသည်။ တချို့ အတူအိပ်သည်။ နောက် လက်ထပ်ကြသည်။ ကွဲကြသည်။ မိန်းမများသည် အိမ်ထောင်ရေး၌ ယောကျ်ားတွေလိုပင် နေနေကြ၊ လုပ်နေကြကြောင်း ပြပါသည်။ ဤသည်ကား အဆုံးစွန် မိန်းမတွေ၏ အိမ်ထောင်ရေးနှင့်ပတ်သက်၍ ပြုမူမှုဖြစ်သည်။

မြန်မာလူ့ဘောင်၌မူ မိန်းမသည် "သားကိုသခင် လင်ကိုဘုရား" အဖြစ် ယူဆပြုမူနေထိုင်ကြတုန်းဖြစ်သည်။ ပတ်ဝန်းကျင်နှင့် လင်ကလည်း ထိုသို့ ပြုမူမှ ကြိုက်သည်။ ညအိပ်ရာဝင်တွင် လင်က စမှသာ လင်၏အလိုကို လိုက်မည်။ သူမကစ၍ လင်သားကို လိင်ဆက်ဆံမှုပြုရန် မလှုံ့ဆော်။ ငယ်ရွယ်သော၊ ပညာတတ်သော၊ လက်ထပ်ပြီးစအချိန်၌သာ မယားဖြစ်သူက အိပ်ရာက မထရန် ယောကျ်ားကို ဆွဲထား ပေလိမ့်မည်။

လိင်ဆက်ဆံမှုသည် ယောကျ်ားအတွက် တဒင်္ဂ အရသာ။ မိန်းမအတွက် ဘဝတစ်သက်တာ အချက်အချာ ဖြစ်သည်။ ဘူမက စမည်မဟုတ်ပါ။ အလကားပေးမည် မဟုတ်ပါ။

(၃) **မိန်းမများလည်း လိင်ဆက်ဆံမှု၌ သာယာမှုရှိကြပါ၏။** မှန်သည်။ ယောကျ်ားပြုသမျှ နေရသောမိန်းမများသည် သက်ရှိတွေမဟုတ်ဘဲ သစ်တုံးကြီးများလို အဆက်ဆံခံနေမည် မဟုတ်ပါ။ သူတို့လည်း လိင်ဆက်ဆံမှုမှာ သာယာကြပါသည်။ လင်သား၏ အနမ်းအရှုပ်၊ အစုပ်အသပ်မှာ ပျော်ကြပါသည်။ လိင်ဆက်ဆံမှု သဘာဝဖြစ်စဉ်၌ အဆင့် (၄)ဆင့်လုံးမှာ ပါဝင်ကြပါသည်။ ကာမဆန္ဒ ကျေနပ်မှု အထွတ်အထိပ် (Orgasm) လည်း ရကြပါသည်။

လိင်ဆက်ဆံရာတွင် မိန်းမများကို "အသေ" ဟု သတ်မှတ်မထားပါနှင့်။ သူမမှာလည်း သွေးနှင့်ကိုယ်၊ သားနှင့် ကိုယ်။ သာယာမှုကို ခံစားနိုင်သော အာရုံကြောများရှိသည်။ ဦးနှောက်နေရာများရှိသည်။ ယောကျ်ားတွေနှင့် မတူခြင်းသာ ရှိသည်ဟူလို။ ဦးပုည၏ ဝိဇယပြဇာတ်မှ မယ်ကုဝဏ် ပြောသလိုပင် "...အရသာ ခါးတကျော၊ ဩဇာသီးနှင့် လဲရိုးလား" ပေါ့။

စာရေးသူ၏ မိတ်ဆွေတစ်ယောက်မှာ လက်ထပ်ပြီးစ အိပ်ရာမှ မထနိုင်။ မိန်းမကိုယ်တိုင်က ချစ်ဗျူဟာ အမြဲစခင်းနေသောကြောင့် ဖြစ်သည်ဟု ပြောပြပါသည်။ တက္ကသိုလ်၊ ကောလိပ်ကျောင်းများ၌ သမီးရည်းစားဖြစ်ကြရာတွင် အချို့အတွဲများမှာ မိန်းကလေးက ဦးဆောင်သည်ကို တွေ့ရ၏။ သို့ဖြင့် စောစောအိမ်ထောင်ပြုဖြစ်ကြပါသည်။ ဤဘက်၌ မိန်းမကစလာလျှင် မရိုးတော့ဟု သိရပါသည်။ သူမ တစ်ခုခုလိုချင်ပြီ။

(၄) **ပညာတတ် မိန်းမများသည် အိပ်ရာပေါ်မှာ ညံ့ကြသည်။**
တက္ကသိုလ်၊ ကောလိပ်ကျောင်းများ၌ မြင်တွေ့နေကျဖြစ်၊ နီးစပ်ရာမှ ယောကျ်ားများမှာ ကျောင်းနေဘက် မိန်းမ၊ လုပ်ဖော်ကိုင်ဖက် မိန်းမများနှင့် ညားကြ၏။ ယင်းမိန်းမများသည် ပညာရေး၌ တော်ကြ၊ အလုပ်မှာ တော်ကြသော်လည်း လင်နှင့်အတူ အိပ်ရာမှာမူ ညံ့ကြသည်။ သူတို့သည် ဤမှာဘက်၌ လေ့လာမှုနည်းပါး၊ အတွေ့အကြုံမရှိ။ သတိလဲမပြု၊ လေ့လည်း မလေ့လာ၍ ယောကျ်ားအကြိုက် မလိုက်နိုင်ကြပါ။ "လေ့ကြီးထိုး ရိုးရိုး" သာ များကြပါ၏။

သို့ဖြစ်၍ ပါမောက္ခ မိန်းမ၏ ယောကျ်ား၊ တရားသူကြီးအမျိုးသမီး၏လင်၊ ဆရာဝန်, အင်ဂျင်နီယာမ၏ ခင်ပွန်းများမှာ လိင်ဆက်ဆံမှု၌ စိတ်တိုင်းကျ ဖြစ်ချင်မှ ဖြစ်ကြမည်။ တစ်ပတ်မှာ တစ်ခါနှစ်ခါ၊ တစ်လမှာ တစ်ခါနှစ်ခါနှင့်ပင် ပြီးကြရသည်။ ယောကျ်ားဖြစ်သူမှာ ကျေနပ်မှုမရှိက အပြင်မှာရှာ။ အခြားမိန်းမများနှင့် ဆက်ဆံ။ သို့ဖြင့် အိမ်ထောင်များ ပြိုကွဲတတ်ပါသည်။

လူမှုရေး သိပ္ပံပညာရှင်တို့၏ အလိုအရ ပညာကြီးသူ၊ ရာထူးကြီးသူ မိန်းမများနှင့် လင်မယားပြိုကွဲမှုမှာ ပညာမတတ်သူ၊ ဆင်းရဲသူနှင့် တောင်သူမိန်းမများနှင့် ပြတ်စဲသည်ထက် ပိုများသည်။ သို့ဖြစ်၍ "ကျွန်ကုလား မယား

တော်သူ" ဟု ထူးချွန်သောအလုပ်သမားနှင့် အိမ်ထောင်ဘက် မိန်းမကို ပြောဆိုကြသည်။ ပညာတတ်တော့၊ ရာထူးကြီးတော့ မိန်းမကလည်း သူ့မာန်နှင့်သူ လိုင်ဆက်ဆံမှုတွင် မာနမထား သင့်ကြပါ။

(၅) **မိန်းမများသည် မိမိထက် အသက်ကြီးသော ယောကျ်ား များကို ပိုယူချင်ကြသည်။** "ကြီးလျှင်မီ ငယ်လျှင်ချီ" ဟူ၍ မြန်မာစကားရှိရာ အိမ်ထောင်မှု၌ မိန်းမအများစုသည် မိမိထက် အသက်ပိုကြီးသူမျိုးကို ပိုလိုချင်ကြသည်။ အိမ်ထောင်ရှင် လင်အဖြစ်သာမက "ဝရဝုတ္တိ ဂုဏဝုတ္တိ" ဟူသော မိမိထက် အသက်ကြီးသူ၊ ဂုဏ်ကြီးသူကို ရိုသေ လေးမြတ်ပြုရန်အတွက်လည်း ဖြစ်သည်။

တည်တံ့သော၊ ပျော်ရွှင်သောအိမ်ထောင်အများစု၌ လေ့လာရာ၌ (၇၀)ရာခိုင်နှုန်းကျော်မှာ ယောကျ်ားက မိန်းမထက် အနည်းဆုံး အသက် (၃)နှစ်အထက်ကြီးကြသည်။ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီးကြီး **ဆိုဖီယာကာလာရင်က** သူမ အိမ်ထောင် တည်မြဲနေသည်မှာ သူမ၏ခင်ပွန်း **ကာလို ပွန်တီက** သူမထက် (၁၀)နှစ်ကျော် အသက်ကြီးသောကြောင့် အစစ အလိုလိုက်၍ ဖြစ်ရပါသည်တဲ့။ ကွယ်လွန်သူ အမေရိကန်သမ္မတ ကနေဒီကတော် ဂျက်ကီသည် သူမထက် အသက် (၂၀)ကျော်ကြီးသော သူဌေးကြီး **အိုနာစစ်ကို** လက်ခံယူခဲ့ခြင်းကို ကြည့်ပါ။

အိန္ဒိယနိုင်ငံ၌ မဟာရာဇာနှင့် သူဌေးကြီးများသည် မိမိတို့၏ သားသမီးများကို ပေးစားရာ၌ သတို့သားကို သတို့ သမီးထက် အသက်ကြီးစေပါသည်။ မြန်မာနိုင်ငံမှာလည်း ဤအစဉ်အလာရှိပါသည်။

ဤသို့ဆိုသဖြင့် အသက်ငယ်သော ယောကျ်ားကို လက်မထပ်ရဟု မဆိုလိုပါ။ လင်က မယားထက် အသက် ငယ်သော စုံတွဲ မရှိရဟု မဆိုလိုပါ။ ယင်းတို့မှာ လူနည်းစုဟု

ဆိုလိုခြင်းဖြစ်သည်။ မိန်းမအများစုက မိတို့၏အသက်ထက် ပိုကြီးသူကိုသာ လက်ထပ်လိုကြသည်ဟုပြောခြင်းဖြစ်ပါသည်။ စာရေးသူ၏ သမီးများက သူတို့ခင်ပွန်းများကို သူတို့ထက် အသက်ကြီးသူသာ ဖြစ်စေချင်သည်ဟု ပြောဖူးပါသည်။ အကြောင်းမှာ သူတို့အမေသည် သူတို့အဖေနှင့်ရ၍ ပျော်ရသည်။ ဂုဏ်တင်ရသည်။ အဖေက အမေထက် အသက်ကြီး၍ အိမ်ထောင်ကို ဦးဆောင်နိုင်သည်။ အလိုလိုက် နိုင်သည်မို့တဲ့။

(၆) **အိမ်ထောင်မှုတွင် ဦးဆောင်နိုင်သော ယောကျ်ားကို မိန်းမတွေက ပိုသဘောကျသည်။** အိမ်ထောင်တစ်ခု တည်ထောင်ရာ၌ မိဘက ပေးစား၍ဖြစ်စေ၊ မိမိတို့ချင်း ကြိုက်လို့ယူကြသည်ဖြစ်စေ မိန်းမများသည် မိမိလင်များကို ဦးဆောင်စေချင်ကြသည်။ “မခုတ်တတ်သည့်ကြောင်လို” အေးသော ယောကျ်ားကို မိန်းမများက မကြိုက်ကြပေ။

စာရေးသူ၏သူငယ်ချင်းမတစ်ဦးမှာ ကျောင်းတုန်း ကတည်းက သွက်လက်ထက်မြက် ရုပ်ချောသူဖြစ်ရာ သူမကို ပိုးပန်းသူ အများကြီးရှိခဲ့သည်။ ဤအထဲက သူမသည် စာအတော်ဆုံး၊ ရုပ်အဖြောင့်ဆုံး သူ့ကို ရည်းစားအဖြစ် လက်ခံ ခဲ့သည်။ သို့သော် ဆယ်တန်းတက်သည့်အခါ ထိုယောကျ်ား ကလေးမှာ သူမထင်သလို တက်ကြွလှုပ်ရှားမှု မရှိ။ ဦးဆောင် နိုင်စွမ်းမရှိ။ သူမကိုတော့ ချစ်လျက်၊ သူမခိုင်းသမျှ လုပ်ကိုင်လျက်။ နောက်ဆုံး တက္ကသိုလ်ရောက်ကြတော့ သူမသည် သူ့ကို အရာရာမှာ အကြံပေးနေရသည်။ လက်တွဲကား မဖြုတ်ကြ။ ဘွဲ့ရပြီး အိမ်ထောင်ကျသည့်တိုင်။ အိမ်ထောင်ကျပြီး ကလေးတစ်ယောက် ရသည့်တိုင်။ ထိုယောကျ်ားသည် သူ့အိမ်ထောင်ကို တောက်ပြောင်အောင် မစွမ်းဆောင်နိုင်တော့မှ သူမ ခွာချတော့သည်။ နှစ်ယောက်သား ကွာလိုက်ကြသည်။ သူ ဘယ်သူနှင့် ပြန်နေပါသလဲ။ သူ့မိဘ

များနှင့် ပြန်နေပါသည်။ အမေ၏ ဇုပ်ထိန်းမှုအောက်မှာပင်။ ယခု အသက် (၄၀)ကျော်ပြီ။

(၇) **အစွမ်းကုန်ချစ်သော၊ ဆက်ဆံသောယောကျ်ားကို မိန်းမများက ပိုနှစ်သက်သည်။** မိန်းမများသည် လင်သားက အိမ်ထောင်၌ ဦးဆောင်စေလိုသည်သာမက အိပ်ရာထဲမှာလဲ ဦးဆောင်စေချင်သည်။ အဟန့်အတားမရှိ မိမိအား အစွမ်းကုန်ချစ်သူ၊ ကိုင်တွယ်သူကို ပိုလိုလားသည်။ သို့ဖြစ်၍ လူအေးလေးကြီးထိုးသမား လင်သားများအား ပစ်၍ ဟောဟောဒိုင်းဒိုင်း ကြမ်းကြမ်းရမ်းရမ်း ယောကျ်ားများနောက် အချို့မိန်းမများ လိုက်ပြေးကြခြင်းဖြစ်သည်။

အထက်မြန်မာနိုင်ငံ မြို့ကြီးတစ်မြို့၌ အောင်မြင်သော ဆရာဝန်ကြီးတစ်ဦးရှိသည်။ သူသည် ဆေးကုတော်သည်။ ခွဲစိတ်မှု ကျွမ်းကျင်သည်။ စာရေးသည့် အနုပညာဝါသနာပါသည်။ မိဘက ပေးစား၍ သူ့ထက် (၁၀)နှစ်ငယ်သော မိန်းကလေးကို ယူထားရသည်။ မိန်းမက ခေတ်ဆန်သည်။ လူတွေနှင့် ပေါင်းချင်သည်။ အကဝါသနာပါသည်။ မြို့အတွက် ရန်ပုံငွေရှာတော့ အရာရှိ လူငယ်တစ်ယောက်နှင့် တွဲမိသည်။ ဝါသနာတူကြသည်။ ကကြသည်။ အတူအိပ်ကြသည်။ ထိုဆရာဝန်ကြီးကိုပစ်ပြီး ထိုမိန်းကလေးသည် အရာရှိလူငယ်နောက် ပါသွားပါသည်။ သူမ၏ ဝန်ခံချက်ကတော့ သူမကို ကြမ်းကြမ်းရမ်းရမ်းချစ်သူကို သူမ ပိုသဘောကျပါသည်တဲ့။

အလားတူပင် စာရေးသူ၏မိတ်ဆွေ စာရေးဆရာ၊ ကျောင်းဆရာတစ်ယောက်မှာ ခေတ်မီလှပ သွက်လက်သော ပညာတတ်သူ တပည့်မလေးနှင့် အိမ်ထောင်ကျသည်။ သူက တက္ကသိုလ်မှာ အလုပ်လုပ်၊ စာတွေရေး၊ သူ့မိန်းမက ကုန်သွယ်ရေးကော်ပိုရေးရှင်းတစ်ခုမှာ အလုပ်လုပ်သည်။ အိမ်ထောင်သက် (၁၀)နှစ်ကြာ၍ ကလေးပင် ရပြီ။ သားမှာ (၇)နှစ် (၈)နှစ်ရှိပြီး ထိုအခါကျမှ သူ့ဇနီးသည်

ကုန်သွယ်ရေးတွင် အလုပ်အတူလုပ်သော အားကစားသမား တစ်ယောက်နှင့် ထွက်ပြေးလေသည်။ ထိုယောကျ်ားမှာကား ကာယဗလအားကြီး၊ အရပ်ရှည်ရှည်၊ နှုတ်ခမ်းမွေးကားကား၊ ကျားကျားလျားလျား၊ မိန်းမမိတ်ဆွေလည်းများ၊ မိန်းမလည်း လိုက်စားပါသတဲ့။

အနောက်နိုင်ငံက ဥပမာများကို ထုတ်ပြရလျှင် ရုရှားပြည်မှ ကသရင်းဘုရင်မသည် ရုပ်ချော၊ အရပ်ရှည်၊ လှုပ်ရှားတက်ကြွသော ရုရှားတပ်မတော်မှ စစ်ဗိုလ် တစ်ယောက်ပြီးတစ်ယောက်နှင့် အတူတွဲ၊ အတူအိပ်၊ သူမ ငြီးငွေ့လာလျှင် စွန့်ပစ်လေ့ရှိပါသည်။ ကမ္ဘာကြီး ရုပ်ရှင် မင်းသမီးကြီး အဲလီဇဘက်တေလာသည် လင် (၆)ယောက် ယူခဲ့ရာ၌ သူမနှင့် အဆင့်အတန်းကွာ၊ ပညာမတတ်၊ ရုပ်မချောသော လက်သမားကြီးအား လက်ထပ်ယူခဲ့ရာ သူမ၏ ကာမဆန္ဒ ပြေပျောက်မှုအတွက်ပါဟု ထုတ်ပြော ခဲ့သည်။ (၃-၄)နှစ် ပေါင်းပြီးနောက် လျော်ကြေး ဒေါ်လာ ငါးသန်းပေးကာ ကွာပစ်ခဲ့သည်။ သူမအချစ်ဆုံးကတော့ ကွယ်လွန်သူ မင်းသား ရစ်ချတ်ဘာတန်ပါတဲ့။

(၈) **မိန်းမတွေလည်း အချစ်စိတ်ကူးယဉ်ကြသည်။** အရှေ့တိုင်း၌ မိန်းမအများစုသည် လူကြီးမိဘ ပေးစားသူများကို ယူ၍ လည်းကောင်း၊ အနောက်တိုင်း၌ နှစ်ဦးသဘောတူချစ်၍ ယူကြသဖြင့်လည်းကောင်း မိန်းမများမှာ အိမ်ထောင်မှု၌ စိတ်ကူးယဉ်မှု မရှိဟု မထင်ကြပါနှင့်။ မိန်းမတိုင်းပင် စိတ်ကူး ထဲမှာ ပေါင်းဖက်လိုသော ယောကျ်ားများရှိသည်။ အင်္ဂလိပ်လို စွဲမက်စရာ မင်းသားချော (Prince Charming) များရှိသည်။ ထိုစိတ်ကူးယဉ်မင်းသားသည် သူမ၏လင် ဟုတ်ချင်မှ ဟုတ်ပေမည်။

သို့ကြောင့်ပင်လျှင် အနောက်နိုင်ငံ၌ ရုပ်ရှင် မင်းသား တေးသီချင်းဆိုသူ၊ တီးသူ၊ အကတော်သူ၊ အားကစား

တော်သူများမှာ မိန်းမများ ဝိုင်းဝိုင်းလည်နေရခြင်းဖြစ်ပါသည်။ သူတို့နှင့် အိပ်နိုင်ရန်လည်း အချို့မိန်းမများသည် မရအရ ကြိုးစားကြသည်။

တစ်ခါက ရုပ်ရှင်တစ်ခုတွင် သံစုံတီးဝိုင်းဆရာတစ်ယောက်ကို လင်ရှိမယား အချောအလှတစ်ဦးက စွဲနေသည်။ သူမသည် ထိုသူနှင့် အတူအိပ်ရန် ကြိုးစားသည်။ တစ်ညတွင် ထိုတီးဝိုင်းဆရာက တီးဝိုင်းကို ညွှန်ကြားရင်း သူ့ကို လာတွေ့ရန် ဟိုတယ်အခန်းနံပါတ်ပေးသည်။ ပွဲကြည့်ပရိသတ်က မသိ။ သူမသာ သိသည်။ ပွဲပြီး၍ သူများ အိမ်ပြန်ကြသောအခါ သူမသည် သူမ၏ခင်ပွန်းထံမှ အကြောင်းရှာပြေးထွက်ကာ ထိုတီးဝိုင်းဆရာနှင့် ပြေးအိပ်လေသည်။ သို့ဖြင့် သူမမှာ ကိုယ်ဝန်ရပြီး ထိုသူနှင့် ကလေးရခဲ့၏။ လင်သားမသိသဖြင့် အိမ်ထောင်မှာ မပြိုကွဲခဲ့ပေ။

မြန်မာနိုင်ငံမှ နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် အမှုထမ်းနေသော သံအရာရှိတစ်ဦး၏ ဇနီးမှာ ထိုသို့ပင် သံစုံတီးဝိုင်းဆရာနှင့် ဖောက်ပြား၍ ဟိုလေးတကျော် ဖြစ်ခဲ့ဖူးသည်။ နောက်ဆုံး လူသိရှင်ကြား အမှုဖြစ်၍ လင်မယား သေကွဲကွဲခဲ့ဖူးသည်။

အိမ်ထောင်တစ်ခု၌ မွေးလာသောကလေးများ ဖအေနှင့်တူရန် အရေးကြီးသည်။ အနောက်နိုင်ငံ၌ (၁၀) ရာခိုင်နှုန်းသော ကလေးများမှာ သူတို့၏ တရားဝင်ဖအေနှင့် ရသော ကလေးများ မဟုတ်ပေ။ ဤသည်ကို ကလေးနှင့် မိဘများ၏ ဗီဇမျိုးစေ့ (DNA) ကို လေ့လာခြင်းဖြင့် ပြောနိုင်ကြသည်။

တစ်ခါက အမေရိကန်ပြည်ထောင်စု၌ လူဖြူ အမေရိကန်မိန်းမသည် အမြွှာယောက်ျားကလေးနှစ်ယောက် ဖွားမြင်သည်။ တစ်ယောက်က အဖြူ၊ တစ်ယောက်က အမည်း။ သူမ၏လင်မှာ အဖြူ။ သူမက အိမ်ထောင်အပြင်

ဘက်မှာ လူမည်းတစ်ဦးနှင့် အတူ ဖောက်ပြားမိပါသည်ဟု ဝန်ခံသည်။ လင်ဖြစ်သူ လူဖြူ အမေရိကန်က ခွင့်လွှတ်သည်။ သားနှစ်ယောက်စလုံးဟာ သူ့သားပါပဲတဲ့။ ဤသို့ ကလေးနှစ်ယောက် တစ်ပြိုင်တည်း ဖွားမြင်ခြင်းကို "သန္ဓေသားထပ်ခြင်း" (Superfecundation) ဟု ခေါ်သည်။ မိန်းမ၏ မမျိုးဉတစ်ခုစီနှင့် ယောက်ျား၏ သုက်ကောင်တစ်ခုစီ စပ်၍ သန္ဓေရခြင်းဖြစ်သည်။ သုက်ကောင်သည် လင့်ထံမှလည်းကောင်း၊ အခြားသူထံမှလည်းကောင်း ရနိုင်ပါသည်။

(၉) သူ့အတွေးနှင့်သူ။ မိန်းမဖြစ်သူသည် ယောက်ျားနှင့် အတူ အိပ်နေသော်လည်း စိတ်က ရောက်ချင်ရာ ရောက်နေတတ်သည်။ သူမသည် ကာမဆက်ဆံစဉ်၌ ကာမဘက်ချည်း စိတ်က ရောက်နေသည် မဟုတ်ပေ။ မိမိ၏ အလုပ်အကိုင်၊ ဝင်ငွေ၊ ရှေ့ရေးနှင့် သားသမီးများ၏ ပညာရေးကိုပါ စဉ်းစားနေတတ်သည်။ ဤသည်မှာ မိန်းမ၏ ဦးနှောက်က လိင်ကိစ္စတစ်ခုတည်းကို မစဉ်းစားနိုင်၍ဖြစ်သည်။ ထို့ကြောင့် လိင်ဆက်ဆံပြီး ယောက်ျားမှာ မော၍ ခြေပစ်လက်ပစ် အိပ်နေစဉ် မိန်းမဖြစ်သူသည် အိပ်ရာမှထကာ တယ်လီဖုန်းဆက်နိုင်သည်။ စာရေးနိုင်သည်။ သူများအခန်းကိုသွားနိုင်သည်။ ကလေးတွေ အိပ်မအိပ်၊ စာကြည့်နေ မနေ ကြည့်ရှုနိုင်ပေသည်။

အင်္ဂလိပ်စာရေးဆရာ ရစ်ချတ်ဂေါ်ဒွင် (Richard Gordon) က ရေးသားသည်မှာ တစ်ခါက ဆရာဝန်လူပျိုတစ်ဦးသည် သူနာပြုမတစ်ဦးနှင့် ချိန်း၍ ချစ်ပွဲဝင်နေရာ လိင်ဆက်ဆံမှုပြီးသည်နှင့် သူနာပြုမသည် အရေးပေါ်ဌာနသို့ ပြေးသွားသည်။ အကြောင်းမှာ လိင်ဆက်ဆံစဉ် သတင်းစာကို ကောက်ကြည့်မိရာမှ ထိုနေ့ညနေတွင် လန်ဒန်၌ ကားတိုက်မှုဖြစ်၍ လူအသေအပျောက်ရှိ ထိခိုက်ဒဏ်ရာရသူများသည်ဟု သိသောကြောင့်ပင်။ သူမသည် သူမ၏အလုပ်နှင့် တာဝန်ကို လိင်ဆက်ဆံစဉ်တွင် မမေ့ပေ။

(၁၀) **လိင်ဆက်ဆံမှုနှင့် စားဝတ်နေရေး။** အိမ်ထောင်ရှင် အမျိုးသမီးများသည် ကာမဆက်ဆံမှုကို ယောကျ်ားတို့ အလိုကျ ပြုလုပ်ရသော်လည်း အမြဲတမ်း စိတ်ပါသည်ကား မဟုတ်ပေ။ သူမတို့စိတ်ထဲမှာ လိင်ကိစ္စထက် အရေးကြီးသော အခြား အရာများ ရှိနေသည်။ ထိုအကြောင်းအရာများအနက် စားဝတ်နေရေးသည် အရေးအကြီးဆုံးပင်ဖြစ်သည်။ သို့ဖြစ်၍ မိန်းမ၏ စားဝတ်နေရေးကို ဖြေရှင်းပေးနိုင်သူသည် ယင်းမိန်းမ၏ အချစ်နှင့် ကာမကို ပိုရမည်မှာ အမှန်ပင် ဖြစ်သည်။

တစ်ခါက အမေရိကန် ကားသူဌေးကြီး ဟင်နရီဖို့ဒ် **(Henry Ford)** သည် သူ၏အိမ်၌ သန့်ရှင်းရေးပြုလုပ်နေသော ခပ်တောင့်တောင့် မိန်းမတစ်ယောက်က ကုန်း၍ ကြမ်းတိုက်နေသည်ကို တွေ့ရသည်။ ထိုမိန်းမ၏ တင်သားလှုပ်ပုံကိုကြည့်ပြီး သူ၏ ကာမဆန္ဒမှာ ကြွလာသည်။ ထိုမိန်းမနှင့် ချက်ချင်း ဆက်ဆံမှုပြုချင်လာသည်။ ထိုအခါ သူသည် ထိုမိန်းမအား "မင်း ဘာလိုသလဲ၊ ငါပေးမည်။ ငါနှင့် ယခု အတူအိပ်ပါ" ဟု ပြောလိုက်သည်။ ထိုမိန်းမက "သူဌေးကြီး လိုတာ ယခုပြုလုပ်ပါ။ ကျွန်မ သဘောတူပါတယ်။ ကျွန်မကို အိမ်တစ်လုံး၊ ကားတစ်စီးနှင့် သင့်တင့်သော ဝင်ငွေသာ မှန်မှန်ပေးပါ" ဟု ပြန်ပြောသည်။ သို့ဖြင့် သူဌေးကြီး ဟင်နရီဖို့ဒ်သည် ထိုမိန်းမအား လူမသိ သူမသိ လျှို့ဝှက်ယူ၍ ထားရာ သူသေမှသာ သိကြရသည်။ သူမသည် တစ်ချိန်လုံး ဣန္ဒြေမပျက် သန့်ရှင်းရေးလုပ်ရင်း သူဌေးကြီးကို ဖျော်ဖြေသွားခဲ့သည်။

မြန်မာရှင်ဘုရင်များ မောင်းမမိဿံများကြ၊ မိဖုရားများကြပါလျက် မိန်းမတိုင်းက ယူကြသည်မှာ ကြောက်၍ထက် စည်းစိမ်ဥစ္စာရသောကြောင့် ဖြစ်သည်။ ရှင်ဘုရင်နှင့် မင်းသားအစစ်များကို မပြောပါနှင့်။ ဒုတိယကမ္ဘာစစ်

မဖြစ်မီက မြင်းမူတွင် ပေါ်ခဲ့သော မင်းလောင်း မောင်သန့်ကို မိဖုရားဆက်သသူအများ၊ မိဖုရားဖြစ်လိုသူ မိန်းမ အပုံရှိခဲ့သည်ဟု စာရေးသူ ဖတ်ဖူးပါသည်။

ရန်ကုန်မြို့မှ ကွယ်လွန်သူ ကန်ထရိုက် သူဌေးကြီးတစ်ဦးမှာ ပိုက်ဆံများပုံပေးနိုင်၍ မိန်းမ အချောအလှလေးဦးကို တရားဝင်ယူနိုင်ခဲ့သည်။ မယ်ဗမာတစ်ဦးပင်လျှင် သူ၏မယားဖြစ်ခဲ့သည်။ ထို့အတူ စာရေးသူတို့ မုံရွာခရိုင်၌ လယ်မြေပိုင်ရှင် သူဌေးကြီးတစ်ဦးသည် သူပိုင်လယ်များရှိသည့်ရွာမှ တစ်ရွာတစ်ယောက် မိန်းမတွေ ရွေးကောက်ယူခဲ့ဖူးပါသည်။ ယင်းမိန်းမတွေက ကြည်ဖြူကြသည်သာ။

မီရှိုဂန်ပြည်နယ်၌ စာရေးသူ ပညာသင်ကြားစဉ်ချမ်းသာသော ပလတ်စတစ်ခွဲစိတ်ကုဆရာဝန်တစ်ဦးသည် တရားဝင် မိန်းမတစ်ယောက်သာရှိသော်လည်း၊ အတူအိပ်နေသော လင်မယားမကျ၊ ရည်းစားမက မိန်းမတွေမှာ (၄-၅-၆)ယောက်ရှိသည်။ သူတို့နှင့်ရသော ကလေးများကတစ်ဒါဇင်ကျော်ရှိသည်ဟု ဂျာနယ်တစ်ခုတွင် ဖတ်ရပါသည်။ သူ့မှာ ပိုင်ဆိုင်သော အိမ်တွေ၊ ကားတွေကလည်း အပုံ။ ဂျက်လေယာဉ်ပျံတစ်စင်းပင် ပိုင်ပါသတဲ့။

ဆိုလိုသည်မှာ မိန်းမတို့သည် ယောကျ်ားလိုသည့် ကာမဆက်ဆံမှုကို လိုသလိုပေးမည်။ ပစ္စည်းဥစ္စာ ပိုပေးနိုင်သော၊ ဘဝလုံခြုံမှုကို အာမခံသောသူကို ပိုပေးသည်ဟူလို။ အပြစ်တင်စရာ မရှိပါ။ "ချစ်တာသာ ပဓာန" ဟု ဆိုကြသော အချစ်ရူးကလေးများအတွက်သာ အပြစ်ပြောစရာဖြစ်ပါသည်။

(၁၁) **မိန်းမနှင့်အစားအသောက်**။ မိန်းမများသည် အဝတ်ကောင်းကို ကြိုက်သလို၊ အစားအသောက်ကောင်းကိုလည်း ကြိုက်သည်။ မိန်းမ၏ချစ်ခင်မှု၊ ကြည်ဖြူမှုကိုလိုလျှင် သူမအား မကြာခဏ သူမကြိုက်သောအစာ ဝယ်ကျွေးပါ။ ဆိုင်ခေါ်သွားပါ။ စာရေးသူ မိတ်ဆွေတစ်ယောက်မှာ သူ့မှာ အိမ်ထောင်ရှိလျက်

အစားကောင်းကြိုက်သော အပြင်က မိန်းမတစ်ယောက်ကို အစားကောင်း ဝယ်ကျွေးရင်း ရင်းနှီးမှုယူ ကာမဆက်ဆံဖူးခဲ့သည်။ သို့ဖြစ်၍ သူ့အား သူငယ်ချင်းတွေက "ခရု" "ဗွန်း" ဟုခေါ်ကြသည်။ ခရုခေါက်ဆွဲကျွေး၊ ဗွန်းဖြင့် ခွံ့ကျွေးတတ်သောကြောင့်ဖြစ်သည်။

အနောက်နိုင်ငံများ၌ဆိုလျှင် မိမိကြိုက်သော မိန်းကလေးအား တွဲလိုလျှင် ညစာ ထမင်းကောင်းကောင်း ကျွေးရသည်။ ဆိုင်ကြီးကနားကြီးမှာ ကျွေးရ၏။ အိမ်မှာ ချက်ကျွေးက "ကိုကပ်စီး" ဟုခေါ်ကာ ပစ်ပြေးတတ်ကြသည်။ အင်္ဂလန်နိုင်ငံ၌ဆိုပါက ဆင်းရဲသော အိုင်းရစ်မ၊ စပိန်သူကလေးများသာ ဖြစ်သလို ခေါ်ကျွေး၊ ထုတ်၍ရသည်။ အင်္ဂလိပ်မများကို ထိုသို့ ထုတ်၍မရပေ။ ဤအကြောင်းကို စာရေးဆရာ တင့်တယ်က မကြာခဏ ရေးသားဖွဲ့နွဲ့ တင်ပြဖူးသည်။ "မီဂျူ" သို့မဟုတ် "ဂျူးနီ" ဟူသော သူ၏ ဇာတ်ကောင်မလေးမှာ အိုင်းရစ်မလေးဖြစ်ပါသည်။

ယခု အမေရိကန်ပြည်ထောင်စုနှင့် အနောက်နိုင်ငံများ၌ လူကြိုက်များနေသော ယောကျ်ားနှစ်ယောက်ခွဲ (Two and Half Men) ဇာတ်လမ်းတွဲ၌ သူဌေး၊ အဆိုကျော်၊ လူပျိုကြီး ချာလီမှာ မိန်းကလေးတွေကို သောက်သောက်လဲ အကုန်ခံ၍ ကျွေးရ မွေးရသည်။ သို့မှသာ သူနှင့် လိုက်အိပ်ကြသည်။ အနောက်တိုင်း၏သရုပ်ကို အမှန်ဖော်ပြ ရိုက်ကူးထားခြင်း ဖြစ်သည်။

(၁၂) ချောကလက်နှင့် လိင်ဆက်ဆံမှု။ စာရေးသူငယ်ငယ်က ဗန်းမော်တင်အောင်၏ "ချောကလက်ဗိုလ်ကြီး" ဟူသော ဝတ္ထုတစ်ပုဒ် ဖတ်ဖူးသည်။ နိုင်ငံ့ခေါင်းဆောင်ကြီးတစ်ယောက်က အကျဉ်းကျ သူ့လက်ထောက် တော်လှန်ရေးအရာရှိကြီး တစ်ဦးအား ချောကလက်ပြား (၂)ပြား ပေးကြောင်းလည်း ကြားရဖူးသည်။ ချောကလက်သည် အချစ်မေတ္တာ၏

သင်္ကေတ၊ ချောကလက်ပေးခြင်းသည် မေတ္တာရှိကြောင်း ပြနေခြင်းဖြစ်သည်။

မိန်းမများသည် ချောကကလက်ကို ကြိုက်ကြသည်။ အရသာရှိသောကြောင့်သာမက ချောကလက်မှာ ဓာတ်တစ်မျိုး ပါဝင်၍ ယင်းဓာတ် (Phenyl Ethylamine, PFA) က ဦးနှောက်အတွင်းတွင် ဆီရိုတိုနင် (Serotonin) တိုးမြင့်အောင် ပြုလုပ်ပေး၍ဖြစ်သည်။ ဤဆီရိုတိုနင်ဓာတ်သည် လူအား နေကောင်း၊ ပျော်ရွှင်အောင်၊ တက်ကြွအောင် ပြုလုပ်ပေးသည်။ အမ်ဖီတမင်း (Amphetamine) ဆေးပြားသည် ဤသို့ ပြုလုပ်ပေးသဖြင့် လူများ စွဲခြင်းဖြစ်သည်။

ချောကလက်သည် အောက်ပါအကျိုးများ ဖြစ်ပေါ်စေသည်။

(က) လူကို ပျော့နေရာမှ မာစေသည်။
(ခ) စိတ်ဓာတ်ကျနေရာမှ တက်စေသည်။
(ဂ) ချောကလက်စားရက ပျော်သည်။
(ဃ) ချောကလက်စားထားက မအိပ်ဘဲ ဆက်လုပ်နိုင်သည်။
(င) ချောကလက်သည် မိန်းမ၏ ခံစားမှုကို မြင့်တက်စေသည်။

ချောကလက်စား၍ တစ်ရှာလုံး အိမ်ထောင်ရေး အရသာ ရကြပုံ၊ ခံစားရပုံ ရုပ်ရှင်အကြောင်းကို ရှေ့ပိုင်းတွင် ရေးသား ဖော်ပြခဲ့ပြီးပြီ။

(၁၃) သူလဲလေ လောကီသား။ "သူလဲလေ လောကီသားပေမို့ ကြွားချင်ကြွပေလိမ့်မည်" ဟူသော ဆရာဇော်ဂျီ၏ ပန်းပီတောက် ကဗျာကို အမှတ်ရသည်။ လူတိုင်းလူတိုင်းပင် လောကီသားများဖြစ်၍ လှသောမိန်းမ ကြွားချင်သည်။ စားချင်သည်။ ကာမဂုဏ် ခံစားချင်သည်။ ကောင်းကောင်းနေချင်၊ ဖော်ချင်သည်။ ဒါ သဘာဝပေါ့ပဲ။

လိင်မှုကိစ္စ၌လည်း ထို့အတူပင်ဖြစ်သည်။ လူတိုင်း လိင်ဆက်ဆံမှု ပြုချင်သည်။ လိင်ဆက်ဆံမှုမှ ရသော ပျော်ရွှင်မှု၊ ကျေနပ်မှုကို လိုချင်သည်။ ယင်း၏ အကျိုးခံစားမှု အိမ်ထောင်ချမ်းသာကို လိုချင်သည်။

ဤသည်မှာ ယောက်ျား မိန်းမမရွေး အိမ်ထောင်ရှင်တိုင်း၏ ခံယူချက်ပါပဲ။ မိန်းမသည်လည်းလူ၊ သူသည်လည်း လောကီသား။ မိန်းမကို လူလိုဆက်ဆံပါ။ သဘောထားပါ။ ပျော်ပါ၊ မော်ပါစေ။

အခန်း (၁၂)

# လင်နှင့်မယားအချစ်ပွားကာ တစ်သက်တာခိုင်မြဲရေး

## အိမ်ထောင်ပြုခြင်း၏ဦးတည်ချက်

ယောက်ျားနှင့် မိန်းမတို့ အိမ်ထောင်ပြုကြလျှင် တစ်သက်တာ အတူနေထိုင်ကြမည်။ "သံသာလေကမ်းတိုင် တူပြိုင်ပြိုင်ကူးမည် ဆုထူးငယ် ပန်ရွယ်သွန်း" ဟူ၍ သဘောထားသင့်ကြသည်။ အရွယ်ကောင်းတုန်း၊ လှတုန်းပတုန်း ပေါင်းပြီး သက်ကြီးရွယ်အိုဘဝ၌ ကွာရှင်းကြလျှင်လည်းကောင်း၊ ယောက်ျား မိန်းမ တစ်ဦးဦးမှာ အိုနာကျိုးကန်းသွားလျှင်လည်းကောင်း၊ တစ်ဦးဦး အထူးသဖြင့် ယောက်ျားဖြစ်သူမှာ အကြောင်းတစ်ခုခုကြောင့် ထောင်ကျ၊ တစ်ကျွန်းကျ၊ ပျောက်ကွယ်နေလျှင်လည်းကောင်း အိမ်ထောင်ကို ကွာရှင်းလိုက်ပါက၊ နောက်အိမ်ထောင် ထူလိုက်ပါက မကောင်းပေ။

သို့ဖြစ်၍ ခရစ်ယာန်ထုံးစံအရ လက်ထပ်ရလျှင် "သေသော်မှတည့် ကွဲကွာအံ့ (Till Death Do Us Apart)" ဟု သစ္စာဆိုကြရသည်။ ဟိန္ဒူဘာသာဝင်တို့ကလည်း "ဤဘဝတွင်သာမက ဖြဟ္မာမင်းကြီးက ဆုံးဖြတ်သည့်တိုင် တူနှစ်ကိုယ် ပေါင်းကြပါမည်" ဟု သစ္စာဆိုကြသည်။

ဗုဒ္ဓဘာသာဝင်တို့ကလည်း "သံသာလေးကမ်းတိုင် တူပြိုင်ပြိုင်ကူးရန်" ကတိပြုကြလေသည်။

သို့ရာတွင် လက်ထပ်ပြီး အတူနေပြီး ကြာလာသော် လူတို့မှာ အပြောင်းအလဲဖြစ်လာသည်။ အိမ်ထောင်ရှင်ဘဝသည် အပျို လူပျိုလို၊ သမီးရည်းစားတုန်းကလို မဟုတ်ပေ။ ချစ်တာတစ်ခုတည်းနှင့် အတူနေ၍ မရ။ သားကျွေးမှု၊ မယားကျွေးမှုရှိသည်။ လင်ကို ထာဝစဉ် ပြုစုယုယဖို့ တာဝန်ရှိသည်။ သားသမီးတွေကို ကျွေးမွေးဖို့လိုသည်။ နှစ်ဖက်မိဘဆွေမျိုးတွေနှင့် တည့်အောင်နေပြီး အကူအညီလိုက ပေးရန် တာဝန်ရှိသည်။ မြန်မာတို့၌ မင်္ဂလာတရား(၃၈)ပါးသည် အိမ်ထောင်ကို မင်္ဂလာပြည့်အောင် ပြုလုပ်ပေးသော လမ်းညွှန်ချက်ဖြစ်လေသည်။ စာရေးသူ၏သမီးငယ် အိစပယ်ညို မင်္ဂလာဆွမ်းကျွေး၌ ဆရာတော် တိပိဋက ယောဆရာတော်သည် ကောင်းချီးမင်္ဂလာနှင့် ပြည့်စုံသော အိမ်ထောင်ဖြစ်ရာ မြတ်စွာဘုရား ဟောကြားသည့် မင်္ဂလာတရားကို လိုက်နာကျင့်သုံးပါဟု ဟောပြောခဲ့သည်။ သိပ္ပံပညာရှင်တို့ကမူ အောက်ပါအတိုင်း ပြောကြပါသည်။

## တစ်သက်တာ အတူပေါင်းသင်းရေး

(၁) **ရပ်တည်ချက် ရှင်းပါစေ။** ဤအိမ်ထောင်သည် မကွဲရ တစ်သက်တာ တည်တံ့ရမည်ဟု စိတ်ပိုင်းဖြတ် ဆောင်ရွက်ပါ။ ဘယ်သူဖျက်ဖျက် မပျက်စေရ။ မည်သို့ပင် ဘဝမုန်တိုင်း ထန်ထန် ငါတို့အိမ်ထောင်ကို တည်မြဲအောင် ဆောင်ရွက်မည်ဟု စိတ်ခုန်းခုန်းချထားပါ။

ဤသို့ဖြစ်ရန်အတွက် အောက်ပါအတိုင်း စိတ်သဘောထားပါ။

(က) တစ်ဦးနှင့်တစ်ဦး နားလည်မှုရှိအောင် ဆောင်ရွက်ပါ။ အလုပ်လုပ် ဖိုင်မင်ပြီးလုပ်ပါ။ နှုတ်မှုသာမက လက်ကပါ၊ ကိုယ်ကာမှုအရာအပါ နားလည်မှုကြောင်း မြဲပါ။

(ခ) တစ်ဦးမှားလျှင်၊ အပြစ်ရှိလျှင် တစ်ဦးက အပြစ်မယူပါနှင့်။ ခွင့်လွှတ်ပါ။ အမှားကို ရှင်းပြပါ။ အမှန်ကို ပြောပြပါ။ မှားသူက ပြင်ပါ။

(ဂ) ဝမ်းနည်းဝမ်းသာ မိမိတို့အိမ်ထောင်အတွက် ဖြစ်သမျှကို နှစ်ဦးလုံး မျှဝေခံစားပါ။ ပျော်စရာ အောင်မြင်မှုကိုသာ မျှဝေခံစား၍ ဆုံးရှုံးမှု၊ ဝမ်းနည်းစရာကို ဖုံးထားခြင်း မပြုပါနှင့်။

(ဃ) တစ်ဦးမှာရှိသည့် ကောင်းတာမှန်သမျှ ကျန်တစ်ဦးကို အညီအမျှ ခွဲဝေပေးပါ။ ကျန်တစ်ဦးကလည်း ထိုသို့ရသည်ကို လိုလားစွာ လက်ခံ၍ ဂုဏ်ယူပါ။

(င) တစ်ဦးက တစ်ဦးကို လေးစားပါ။ ဘာမဆို ကောင်းတာမှန်သမျှ ငါလုပ်၍၊ ဆိုးတာမှန်သမျှ သူလုပ်တာဟု သဘောမထားပါနှင့်။

(၂) ချစ်ကြောင်း၊ ခင်ကြောင်း အမြဲပြောဆိုပြသပါ။ "ချစ်လို့ပဲ ယူထားတာပဲ၊ ဘာပြောဖို့လိုသေးလဲ" ဟူ၍ သဘောမထား၊ မပြုမူပါနှင့်။ ချစ်ကြောင်းကို အမြဲတမ်း အောက်ပါအတိုင်း ပြသနိုင်ပါသည်။

(က) နေ့စဉ် "ခင့်ကို သိပ်ချစ်တာပဲ" "လောကမှာ မင်းကို အချစ်ဆုံး" ဟု အမြဲပြောပါ။ မိမိကို ချစ်ကြောင်း ပြောသည်ကို လူတိုင်း ကြားချင်ပါသည်။ မိန်းမတိုင်း ဤစကားကြားလျှင် သာယာပါသည်။

(ခ) ကိုယ်အမူအရာဖြင့်လည်း မိန်းမကို ချစ်ကြောင်း ပြပါ။ အလုပ်သွားအလုပ်ပြန် နှုတ်ဆက်ပါ။ နမ်းပါ။ (လူရှေ့မှာ နဖူးကို နမ်းနိုင်ပါသည်) ခါးဖက်ပါ။ ပခုံးကိုင်ပါ။ လူရှေ့မှာ လက်တွဲ၍ လျှောက်ပါ။

(ဂ) မိမိဇနီးမယား၏ မွေးနေ့၊ တွေ့ရသောနေ့နှင့် မင်္ဂလာဆောင်သောနေ့ကို မမေ့ပါနှင့်။ နှုတ်က ချီးကျူးပါ။

လက်ဆောင် ဝယ်ပေးပါ။ ထမင်းစား ခေါ်ပါ။ ရေဒီယိုမှာ သီချင်းတောင်းပေးပါ။

(ဃ) မိမိ၏မိတ်ဆွေများရှေ့တွင် ဇနီးကို ဦးစားပေးပါ။ သူမ မည်မျှတော်ကြောင်း ချီးကျူးပေးပါ။ ယောကျာ်းကို ဆိုက အိမ်ထောင်၏ အောင်မြင်မှုသည် သူ့ကြောင့် ဟုပြောပါ။

(င) အားလပ်ရက် သို့မဟုတ် လက်ထပ်ရက်မြတ် နှစ်ပတ်လည်အခါတွင် အပျော်ခရီး မှတ်မှတ်ရရ ထွက်ပါ။ တတ်နိုင်လျှင် မိတ်ဆွေများကို ဖိတ်၍ ကျွေးမွေးပါ။

(၃) **တစ်ဦးကိုတစ်ဦး အလေးထား၍ ကြင်နာစွာ ဆက်ဆံပါ။** ကြင်နာမှုကို အောက်ပါအတိုင်း ပြနိုင်ပါသည်။

(က) စကားပြောလျှင် လေးလေးစားစား အပြည့်ပြောပါ။

(ခ) နူးနူးညံ့ညံ့ပြောပါ။ မအော်ငေါက်ပါနှင့်။

(ဂ) တစ်ဖက်က ပြန်ပြောလျှင် အဆုံးထိ နားထောင်ပါ။

(ဃ) တစ်ဖက်က ပြောသည့်အချက်ကို ဆွေးနွေး၍ နှစ်ဦး လက်ခံပါက ဆောင်ရွက်ပေးပါ။

(င) ကြင်ဖက်သက်လျာလိုသော အကူအညီကို အမြဲ ပေးပါ။ သမီးရည်းစားတုန်းကလို ပျာပျာသလဲ လိုလို လားလား ဆက်ဆံ ပြုလုပ်ပေးပါ။

(၄) **တစ်ဖက်သားကို အားကိုးနိုင်သော မည်သည့်စွမ်းရည်၊ သတ္တိ ပညာရှိသည်ဆိုသည်ကို ပြောပြအသိပေးပါ။** ဝှက်မထား ပါနှင့်။ လိုအပ်မှ ထုတ်မပြပါနှင့်။ ကြိုပြောထား၊ အသိပေး ထားပါ။ ဤသို့ ယုံကြည်မှုရရန် အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပါသည်။

(က) မိမိ၏ မျိုးရိုးဇာတိကို အမှန်ပြောပြပါ။

(ခ) မိမိမှာ ဘာအရည်အချင်း၊ ဘာပညာများရှိသည် ဆိုသည်ကို သက်သေခံများနှင့် ပြောထား၊ ပြထားပါ။

( ဂ ) မိမိ မည်သူဆိုသည်ကို ဝှက်မထားပါနှင့်။ ပုဂံခေတ်က ကျန်စစ်သားသည် မင်းပြစ်ဒဏ်သင့်၍ ထွက်ပြေးနေရာ မထီးတူမ သမ္ဘူလရှိရာအရပ်သို့ ရောက်သည်။ မထီးကို မိမိ မည်သူဖြစ်ကြောင်း ပြောမပြ။ သမ္ဘူလကိုမူ ကိုယ်ဝန်ရင့်မာလာသောအခါ ပုဂံက ပြန်ခေါ်၍ ခွဲရတော့မည့်အခါ မိမိမှာ ကျန်စစ်သားဖြစ်ကြောင်း၊ သားမွေးက ဤလက်စွပ်ယူ၍ လိုက်ခဲ့၊ သမီးမွေးက လက်စွပ်ကိုရောင်း၍ နေကြတော့ဟု ပြောခဲ့သည်။ သားမွေး၍ (၇)နှစ်ကြာမှ သမ္ဘူလသည် ကျန်စစ်သား မင်းဖြစ်သောအခါ လိုက်သွား၏။ သမ္ဘူလကို "ဦးဆော ်ပန်း" အဖြစ် မိဖုရားမြှောက်၏။ သားတော်ကို ထီးနန်းပေးသင့်လျက် မြေးတော်ကို ပေးပြီးဖြစ်၍ ရခိုင်ပြည်နယ်နှင့် တောင်စဉ်ခုနစ်ခရိုင်ကို ပေး၏။ ဇေယျခေတ္တရာဘွဲ့ပေး၏။ မြစေတီကျောက်စာသည် ထိုအကြောင်းကို ရေးသား ဖော်ပြထားသော ကျောက်စာဖြစ်လေသည်။ ခေတ်သစ်စာရေးဆရာ၊ သတင်းစာဆရာကြီးတစ်ဦးကမူ ရန်ကုန်အနားက ရွာတစ်ရွာမှာ တောသူတစ်ဦးကို မိမိမှာ ရုံးကစာရေးဖြစ်သည်ဟုဆိုကာ လက်ထပ်၏။ စာရေးလစာ အမြဲပေး၏။ သူသေသောအခါမှ သူမှာ စာရေးမဟုတ်၊ သတင်းစာဆရာကြီးဖြစ်သည်ကို သိကာ ပြဲသသနာတက်လေတော့သည်။

( ဃ ) မိမိ၏ကျောင်းနေဖက်၊ လုပ်ဖော်ကိုင်ဖက်များနှင့် မိတ်ဆက်ပေးပါ။

( င ) မိမိ၏ အလုပ်နှင့်သို့ ကြင်ဖက်သက်လျှာကို ခေါ်သွားပြအားပေါ။ ဖအာစန်ရှိသူများနှင့် မိတ်ဆက်ပေး

ထားပါ။ အရေးရှိက မည်သို့ဆက်သွယ်ရမည်ကို ပြောပြထားပါ။

(၄) **တစ်ဦးက တစ်ဦးကြိုက်တတ်သော ဝါသနာ၊ အစားအသောက်၊ အဝတ်အစားတို့ကို စုံစမ်း၍ သူဝမ်းသာအောင် ပြုလုပ်ပေးပါ။** ထိုသို့ ပြုလုပ်ရန် အောက်ပါအတိုင်း ဆောင်ရွက်ပါ။

(က) အပျို လူပျိုဘဝက နေထိုင်ခဲ့သော သူ၏စရိုက်နှင့် အကြိုက်ကို သူ၏မိဘ၊ အခန်းဖော်၊ လုပ်ဖော်ကိုင်ဖက်များထံမှ စုံစမ်းပါ။

(ခ) သူ ဘာကြိုက်သည်၊ မကြိုက်သည်ဆိုသည်ကို ဖြောင်လည်းမေးပါ။

(ဂ) သူ မမျှော်လင့်သောအချိန်တွင် ထိုပစ္စည်းကို အမှတ်တရရှာ လက်ဆောင်ပေးပါ။ ယောကျ်ားအတွက် စာအုပ်တစ်အုပ်၊ မိန်းမအတွက် ပါတိတ်လုံချည်တစ်ထည် သို့မဟုတ် ယောကျ်ားအတွက် ဂေါ့ဖ်ဆက် (Golf Set) တစ်စုံနှင့် မိန်းမအတွက် စိန်လက်စွပ်တစ်ကွင်း ဖြစ်နိုင်ပါသည်။

(ဃ) သူကြိုက်သောအရာကို သူများကို မပေးပါနှင့်။ ယောကျ်ားဖြစ်သူက မိန်းမကြိုက်သောပစ္စည်းကို ခယ်မတွေ၊ ညီမတွေ၊ သူငယ်ချင်းတွေ လျှောက်ပေးနေလျှင် မိန်းမမှာ ဂုဏ်ယူစရာ မရှိတော့ပါ။

(င) မိန်းမကြိုက်သောအရာသည် မည်မျှလှကြောင်း၊ ကောင်းကြောင်း လူရှေ့မှာ ပြောပြပါ။ ယောကျ်ားအတွက်ဖြစ်ပါက ထိုပစ္စည်း မည်မျှရှားကြောင်း ပြောပါလေ။

(၅) **အိမ်ထောင်မှု၏ အခြေခံကို ဘယ်တော့မှ မမေ့ပါနှင့်။** ယင်းအခြေခံမှာ လင်နှင့်မယား အချစ်ပွား၊ ကျေနပ်ဖွယ်ရာ ကာမဆက်ဆံမှုဖြစ်သည်။ ဤသို့ဖြစ်ရန် နှစ်ဦးလုံး . . .

(က) ကျန်းမာအောင် ဂရုစိုက်ပါ။
(ခ) ခန္ဓာကိုယ် လှပသန့်စွမ်းအောင် စားသောက်လေ့ကျင့်ပါ။
(ဂ) အိမ်ထောင်မှုရေးရာကိစ္စများကို ဝင်ဆန့်အောင် လေ့လာပါ။
(ဃ) လင်မယားဘဝမှာ အချစ်ကုန်ပါစေ၊ အရှက်ကုန်ပါစေ။ လင်ချစ် မယားချစ်ဖြစ်ရန် ဦးတည်ဆက်ဆံပါ။
(င) မိမိ၏မယား/ခင်ပွန်းကလွဲ၍ အားလုံးသည် ဖွဲ့နှင့်ဆန်ကွဲဟု မှတ်ယူနေထိုင်ပါ။

(၆) **လင်က မိန်းမကို ချစ်စေသောအကြောင်းမှာ အိမ်ထောင်မှု၌လိုသည့်အခါ အမြဲလိုင်ဆက်ဆံနိုင်ခြင်းဖြစ်၏။** မိန်းမက လင်ကို အိမ်ထောင်မှု၌ အမြဲချစ်စေသည်မှာ မိမိအား ကူ၍ အိမ်ထောင်ထိန်းသိမ်းပေးခြင်းဖြစ်၏။ တစ်ခါတစ်ရံ မီးဖိုချောင် ဝင်ချက်ပေးလျှင် ပိုကြိုက်ကြပါသည်။ ဤသို့ဖြစ်ရန် အောက်ပါအတိုင်း ဆောင်ရွက်ပါ။

(က) လင်က မိန်းမ၏ အိမ်ထောင်ထိန်းသိမ်းမှုကောင်းအောင် ပညာပေးပါ။ ကူညီပါ။ ချီးကျူးပါ။
(ခ) မိန်းမက လင် ထမင်းဟင်းချက်တတ်အောင် ဈေးခေါ်ပါ။ မချက်ပြုမီ ဟင်းစီမံသည်ကို ပြပါ။ ချက်နည်းပြုတ်နည်း သင်ပြပါ။
(ဂ) လင်က လက်တွေ့ ချက်စေချင်လျှင် ခွင့်ပြုပါ။
(ဃ) တစ်နပ်တလေ လင်ကို သူ့သဘောကျ ချက်ခိုင်းပါ။ စုစားပါ။ ချီးကျူးပါ။
(င) မိမိ၏ ပရိဘောဂ၊ အခန်းဆီး၊ ဆိုဖာ၊ မွေးရာကုတင်တို့ကို မိန်းမစိတ်တိုင်းကျ ဝယ်ပါစေ။

(၇) **တစ်ဦးနှင့်တစ်ဦး မပြိုင်ပါနှင့်။** ယောကျ်ားနှင့် မိန်းမ အိမ်ထောင်ပြုကြလျှင် ထိုအိမ်ထောင်၏ ပုဂ္ဂိုလ်များဖြစ်လာ၏။

ပြိုင်ဘက်များ မဟုတ်ကြတော့။ သို့ဖြစ်၍ ပြိုင်လိုစိတ်ကို ဖျောက်ပစ်ပါ။ မန္တလေးဆေးတက္ကသိုလ်မှ လင်မယား နှစ်ယောက်သည် အတန်းတူဖြစ်ရာ ဒုတိယအမ်ဘီဘီအက်စ် အတန်းမှ ယခု ကလေးငါးယောက်ရသည့်တိုင် ပြိုင်ကြတုန်း။ သူတို့နှစ်ယောက်သည် တတိယနှစ် အမ်ဘီဘီအက်စ် အတန်း၌ အစမ်းစာမေးပွဲဖြေရာ ယောက်ျားက တစ်မှတ်ခွဲ ပိုရသဖြင့် မိန်းမက မကျေမနပ်ဖြစ်ကာ ရန်ဖြစ်ပါသတဲ့။ ဤသည်ကို သူငယ်ချင်းတွေက နှစ်ပေါင်း (၂၅)နှစ် ကြာသည့်တိုင် ပြော၍မဆုံး။ ဤသို့ မဖြစ်ကြပါနှင့်။ ဆေးတက္ကသိုလ် (၁) ရန်ကုန်မှ အတန်းတိုင်း ဂုဏ်ထူး ထွက်သော ဆရာဝန်လင်မယားသည် အပြိုင်လွန်၍ ဆရာဝန် ကြီးများဖြစ်မှ ကွဲသွားကြပါသည်။ သံဝေဂယူကြပါကုန်။

(ဂ) **မယားဖြစ်သူက လင့်ထံမှ ရယူလိုသောအရာ (၁၀)ခု။**

(က) "ခင့်ကို သိပ်ချစ်တာပဲ" ဟူသောစကား နေ့စဉ် ကြားလို

(ခ) မိန်းမလုပ်သမျှကို နားလည်ခွင့်လွှတ်

(ဂ) မိန်းမနှင့် အမြဲစကားပြောကြား

(ဃ) မိန်းမနှင့် ကလေးများအတွက် အချိန်အမြဲပေး

(င) အိမ်မှာ "ဟုတ်တယ်" ဟု သဘောတူ ပြောဆိုချက် ကများ၊ "မဟုတ်ဘူး" ဆိုသော စကားကနည်း

(စ) မိန်းမပြောသည်ကို အချိန်ယူ နားထောင်

(ဆ) မိန်းမကို အမြဲတမ်း ညီမလေးလို ကြင်နာစွာဆက်ဆံ

(ဇ) အိမ်အလုပ်ကူလုပ်၊ ကလေးကူထိန်း

(ဈ) အလုပ်မှ ခွင့်မကြာခဏယူ အိမ်မှာ အတူနေ သို့မဟုတ် ခရီးထွက်

(ည) မိမိ၏ ကျန်းမာရေးနှင့် ကြီးမွားပြိုးဆက်ရေးကို မိမိ (လင်) ကိုယ်တိုင် အမြဲဂရုပြုဆောင်ရွက်

(၉) လင်ဖြစ်သူ ယောကျ်ားက မိန်းမ (မယား)ဖြစ်သူထံမှ လိုချင်သောအရာ (၁၀)ခု။

- (က) လင်ယောကျ်ားကို ယုံကြည်ကိုးစားခြင်း
- (ခ) လင်ယောကျ်ားကို နားလည်သဘောပေါက်ခြင်း
- (ဂ) သူ၏ အောင်မြင်မှုများကို အမြဲအသိအမှတ်ပြုခြင်း
- (ဃ) လင်သားကို မိမိချစ်သူ၊ အိမ်ထောင်ဘက်၊ အိမ်ထောင်ဦးစီးဟု အမြဲခံယူခြင်း
- (င) မြည်တွန်တောက်တီးမှုနည်းခြင်း
- (စ) လင်သားကို အမြဲချစ်မြတ်နိုးမှုပြခြင်း
- (ဆ) လင်ယောကျ်ားကို အမြဲရိုသေသမှုပြုခြင်း
- (ဇ) ယောကျ်ားဘာသာ ငေးမောနေထိုင်ရန် အချိန်ပေးခြင်း
- (ဈ) ယောကျ်ားအပေါ်မှာ လုံးဝယုံကြည်ခြင်း
- (ည) ယောကျ်ား၏ ပြိုင်ဘက်မဟုတ်ဘဲ ကြင်ဖော်အဖြစ် အမြဲနေထိုင် ဆက်ဆံ ပြောဆိုပြုမူခြင်း

## စာရေးသူ၏စေတနာ

ဤစာအုပ်ကို ဖတ်ရှုသော သိပ္ပံနည်းကျ မောင်နှင့်မယ်တို့ ပျော်ရွှင်သောအိမ်ထောင်ကို သက်ဆုံးတိုင် ထူထောင်နိုင်ကြပါစေ သတည်း။

❀ ❀ ❀

**ဂုဏ်ထူးအာဇာ**

နောက်ဆက်တွဲ

# မြန်မာအင်္ဂလိပ် ဝေါဟာရများ

## စာရေးသူ၏အမှာစာ

| | |
|---|---|
| သိပ္ပံနည်းကျ | - Scientific |
| အိမ်ထောင်သည်ဘဝ | - Married Life |
| အပြာစာပေ | - Pornography |
| လိင်ပညာပေး | - Sex Education |
| ခန္ဓာဗေဒ | - Anatomy |
| ဇီဝကမ္မဗေဒ | - Physiology |
| လူမှုရေးသိပ္ပံ | - Social Science |
| ဘီစီအက်စ် | - B.C.S (Burma Civil Service) |
| ပါရဂူဘွဲ့ | - Ph.D. (PH.D.) |
| အင်တာနက် | - Internet |

## အခန်း(၁)

| | |
|---|---|
| ဂျော့ဘွတ်ရှ် | - George Bush |
| အယ်လ်ဂိုး | - Al Gore |
| အိမ်ထောင်ကွဲမှု<br>အိမ်ထောင်ပြိုကွဲခြင်း | - Divorce |
| လိင်ဆက်ဆံမှု<br>ကာမဆက်ဆံမှု<br>သံဝါသပြုမှု | - Sexual Intercourse |
| ကာမစပ်ယှက်မှု | |
| တင်တောင်းကြေး | - Dowry |

| | | |
|---|---|---|
| မျိုးရိုးလိုက်ရောဂါ | ■ | Hereditary Disease (OR) Genetic Disease |
| နှလုံး | ■ | Heart |
| အသည်း | ■ | Liver |
| နှလုံးအစားထိုးကု | ■ | Heart Transplant |
| ဟော်မုန်း/ဟိုမုန်း | ■ | Hormone |
| ဓာတုပစ္စည်း | ■ | Chemical |

## အခန်း(၂)

| | | |
|---|---|---|
| ဦးနှောက် | ■ | Brain |
| ဖိုမအချက်ပြ | ■ | Sexual |
| နေရာ | ■ | Functional Area |
| လိင်အင်္ဂါ | ■ | Sexual Organ |
| လိင်တံ | ■ | Penis |
| ယောနိ | ■ | Vagina |
| အာရုံကြော | ■ | Nerve |
| လေသင်တုန်းဖြတ် | ■ | Stroke |
| ချဉ်ဆီဦးနှောက် | ■ | Medulla Oblongata |
| စိတ်ကူးယဉ်အချစ် | ■ | Romantic Love |
| မြင်မြင်ချင်းအချစ် | ■ | Love At First Sight |
| ဒိုပါမင်း | ■ | Dopamine |
| နော်အပီနဖင်း | ■ | Norepinephine |
| နော်အက်ဒ်ီနာလင် | ■ | Noradrenalin |
| အခြေခံနယူကလိယျ | ■ | Basal Ganglia/Nuclei |
| အောက်စီတိုဆင် | ■ | Oxytocin |
| သားအိမ်ရှုံ့ခြင်း | ■ | Uterine Contraction |
| တက်စတိုစတီရုန်း | ■ | Testosterone |
| အီစထရိုဂျင် | ■ | Oestrogen |

ဟိုင်ပိုသားလမတ်စ် - Hypothalamus
လိင်တူ - Homosexual
ကျေနပ်မှုအထွတ်အထိပ် - Orgasm
အင်ဒိုဖင် - Endophin
အပီနဖင်း - Epinephine
မာစတာစ် - William Masters
ဂျွန်ဆင် - Virginia Johnson
အဏုမြူသံလိုက်ဓာတ်မှန် - MRI (Magnetic Resonance Imaging)
လိင်စွမ်းအင် - Sexual Power
ကျောက်ကပ်အထက်အင်္ဂါ - Adrenal/Suprarenal Gland
ဥကြွေခြင်း - Ovulation
ပရော်ဂျက်စတီရွန်း - Progesterone
သားအိမ်မြှေး - Endometrium
အင်ဆူလာ - Insula
အမိဒလွိုက် - Amygdaloid Nucleus
နောက်စေ့ပိုင်း - Occipital
နောက်စေ့ပိုင်းဦးနှောက် - Occipital Lobe
နားထင်ပိုင်းဦးနှောက် - Temporal Lobe
လိင်ကြွချိန် - Oestrus/Heat
ဖီရော်မုန်း - Pheromone
မျိုးဆက်ပြန့်အင်္ဂါ - Gonad/Reproductive Organ

## အခန်း(၃)

ကာမဆန္ဒ - Libido
မျိုးရိုး/မျိုးစိတ် - Species
မိမိမျိုးရိုး ဆက်လက်ရှင်သန်ရေး - Survival Of The Species
ချားလ်စ်ဒါဝင် - Charles Darwin

မျိုးရိုးဗီဇ/ဗီဇမျိုးစေ့ - Gene
တရွေ့ရွေ့ဖြစ်ပေါ်မှုသီဝရီ - Evolutionary Theory
သဘာဝက ရွေးချယ်မှု - Natural Selection
ဗီဇမျိုးစေ့ အပြင်းအထန်ပြောင်းလဲခြင်း - Mutation
ဒီအင်အေ - DNA
စိတ်ကူးယဉ် ဖိုမသဘာဝအချစ် - Romantic Love
စွဲလမ်းမှုအချစ် - Obsessive Love
လူသားဝါဒ - Humanism
မူးယစ်ဆေးစွဲခြင်း - Drug Addiction
ကိုယ်ခံစွမ်းအားလျော့ရောဂါ - AIDS
ဟဲရိုးယင်း - Heroin
ရာသီလာခြင်း - Menstruation
ရာသီစဆင်းခြင်း - Menarche
ဆန်ဂမန်ဖရွိုက် - Sigmund Freud
ကားလ်ဂျွန် - Carl Jung
မူလဆန္ဒ/အာရုံ - Instinct
လူ့သဘာဝထိန်းဦးနှောက် - Limbic Cortex
လိင်အေးစက်စက်မိန်းမ - Frigid Woman
လိင်စိတ်လွန်ကဲရောဂါ - Satyriasis
ကင်းဆေးအစီရင်ခံစာ - Kinsey's Report
ကင်းဆေး - Alfred Kinsey
လိင်ဆက်ဆံမှုအဆင့် - Phase Of Sexual Intercourses
လိင်စိတ်အဆင့် - Libido Phase
လိင်စိတ်ကြွအဆင့် - Excitement Phase
လိင်ဆက်ဆံကောင်းချိန်အဆင့် - Plateau Phase
ကျေနပ်မှုအထွတ်အထိပ်အဆင့် - Orgasmic Phase
လိင်စိတ်ပြေလျော့ချိန်အဆင့် - Resolution Phase
သဘာဝ - Nature

ဂုဏ်ထူးဓာဓမ

| | |
|---|---|
| ပတ်ဝန်းကျင် | ▪ Nurture |
| ဝိတိုရိယခေတ် | ▪ Victorian Age |
| လိင်မှုတော်လှန်ရေး | ▪ Sexual Revolution |
| အိတ်ချ်အိုင်ဗွီ | ▪ H.I.V |
| အိတ်ဒ်စ်ရောဂါ | ▪ AIDS |

## အခန်း(၄)

| | |
|---|---|
| အခြေခံအုပ်စု | ▪ Unit |
| အိမ်ထောင်/မိသားစု | ▪ Family |
| သိင်္ဂါလောဝါဒသုတ် | ▪ Sigalovada Sutta |

## အခန်း(၅)

| | |
|---|---|
| အူကျနာ | ▪ Hernia |
| အိုင်စီအက်စ် | ▪ I.C.S (Indian Civil Service) |
| ဘဝလုံခြုံမှု | ▪ Life Security |
| ဗလိုင်တိုင်းနေ့/ချစ်သူများနေ့ | ▪ Valentine's Day |
| ဘီလ်ကလင်တန် | ▪ Bill Clinton |
| ဟီလာရီကလင်တန် | ▪ Hillary Clinton |
| ရီးဒါးစ်ဒိုင်ဂျက်စ် | ▪ Reader's Digest |
| မော်နီကာ လူဝင်စကီး | ▪ Monica Lewinsky |

## အခန်း(၆)

| | |
|---|---|
| ကာမဆက်ဆံမှုလိုင်စင် | ▪ Sexual License |
| ဆာဝေါ်လတာရလေး | ▪ Sir Walter Raleigh |
| မာတာဟာရီ | ▪ Matahari |
| ဆိုဗီယက်ယူနီယံ | ▪ Soviet Union |
| ဉာဏ်ရည်ထိုင်းကလေးများ/ ဒေါင်းလက္ခဏာစု | ▪ Down's Syndrome |

| | |
|---|---|
| မြုံသော | - Infertile/Sterile |
| သားအိမ်ခေါင်းကင်ဆာ/ သားအိမ်လည်တံကင်ဆာ | - Cervical Cancer |
| ရီဘက်ကာ | - Rebecca |
| ဒက်ဖနီဒူမောရီယာ | - Daphne Du Maurier |
| ဆာဝင်စတန်ချာချီ | - Sir Winston Churchill |
| အဲလီဇဘက်ဘုရင်မကြီး | - Queen Elizabeth II |
| ဖိုးလစ်မင်းသား | - Prince Phillips |
| ဘူးနွယ်စပရင် | - Spring |
| ကယ်လ်စီယံ | - Calcium |
| အသားဓာတ် | - Protein |
| အကြီးဆုံးအင်္ဂါ | - Biggest Human Organ |

## အခန်း(၇)

| | |
|---|---|
| ခရီးသွားဟန်လွှဲ | - Casual |
| မကောင်းသောမိန်းမ/ လိင်လုပ်သား/လိင်အလုပ်သမား | - Prostitute/Sex Worker |
| ဂနိုကျခြင်း | - Gonorrhoea |
| ဆီးပူညောင်းကျရောဂါ | - Reiter's Disease |
| ဆစ်ဖလစ်ရောဂါ | - Syphilis |
| ရေယုန် | - Herpes |
| ချီကာဂို | - Chicago |
| ဒေါက်တာဒေးဗစ်ရှမစ် | - Dr. David Schmitt |
| ဂျော့ဘားနတ်ရှော့ | - George Bernard Shaw |
| အိုင်ဆာဒိုရားဒန်ကင် | - Isadora Duncan |
| တန်ထရစ် | - Tantric |
| ပန်းဦးလွှတ် | - Deflorayion |
| ရပ်စ်ပြူတင် | - Rasputin |

သန္တေတား - Birth Control
ပန်းသေခြင်း - Impotence
ပုံမှန် လိင်ဆက်ဆံမှု - Kinky Sex
စည်းလွတ်ဝါးလွတ်လိင်ပွဲသဘင် - Sexual Orgies
လိင်တူဆက်ဆံမှု - Homosexuality

## အခန်း(၈)

အိမ်ထောင်ပြင်ပ - Extramarital
လက်လီ လိင်ဆက်ဆံမှု - Retail Sex
မိမိဘာသာ ဖြေဖျောက်မှု - Masturbation
တစ်ညတာ ဆက်ဆံမှု - One-Night Stand
တောင်အာဖရိကသမ္မတ ဇူးမား - South Africa President Mr Zuma
ဗိုင်ရာဂရာ - Viagra
ချောကလက် - Chocolate
ကိုကိုး - Cocoa
ဟရူဂရန့် - Hugh Grant
အဲလီဇဘက်ဟာလေး - Elizabeth Hurley
ကလီရိုပတ္တရား - Cleopatra
အလီဇဘက်တေလာ - Elizabeth Taylor
ရစ်ချတ်ဘာတန် - Richard Burton
ဆာကိုးဇီး - Sarkozy
ဖရန်ကလင်ရိုစဘဲ့ - Franklin Roosevelt
အိုင်ဆင်ဟောင်ဝါ - Eisenhower
စတီဗင်ဟော့ကင်းစ် - Stephen Hawkins
နာတာရှည်ရောဂါ - Chronic Disease
မွေးလမ်းကြောင်း - Cervix And Vagina
ရာသီသွေးလွန်ရောဂါ - Endometriosis

## အခန်း(၉)

မတ်က်တွိန်း - Mark Twain

## အခန်း(၁၀)

ဘီအီးဒီဘွဲ့ - B.Ed (Bachelor Of Education)
ရုပ်ပြအဘိဓာန် - Atlas
ယောနိအင်္ဂါ အပေါက်မပါ - Agenesis Of Vagina
သားဖွားနှင့်မီးယပ်ရောဂါ - Obstetrics And Gynaecology
ထိပ်ဖူးဖုံး အရေပြားရှည်ဖုံးခြင်း - Phimosis
လိင်တံအောက် အပေါက်များပါခြင်း - Hypospadias
ဆီးကျိတ်/ဆီးအိမ်အောက်အကျိတ် - Prostate Gland
ဆီးအိမ်/ဆီးအိတ် - Urinary Gladder
မစင်အိတ် - Rectum
တင်ဆုံကွင်း - Pelvic Cavity
တင်ဆုံကွင်းပိုင်းအာရုံကြောများ - Saeral Nerves/Pelvic Nerves
ဦးနှောက်နှစ်ခြမ်းရှေ့ဆက် - Anterior Commissure
နတ္ထိနေရာ (ဦးနှောက်တွင်း) - Nothing Room
ရင်သား - Breast
ဗီးနပ်စ် - Venus
အက်ရှဝါရီရိုင်း - Ashawarya Rai
ဂျူလီယာရောဘတ်စ် - Julia Roberts
အကယ်ဒမီ အော်စကာ - Academy Oscar
ဂျီ-နေရာ - G-spot (Sensitive spot)
မိန်းမလိင်စေ့ - Clitoris
ချွတ်ပွဲ - Strip-Tease Dance
ပီကျူတရီအကျိတ်/
ဦးနှောက်အောက်အကျိတ် - Pituitary Gland
ဦးနှောက်မှညွှန်ကြားသောနေရာ - Functional Area

## အခန်း(၁၁)

| | | |
|---|---|---|
| ကျေနပ်မှုအထွတ်အထိပ် | - | Orgasm |
| ဆိုဖီယာလောရင့် | - | Sophia Lorent |
| ကာလိုပွန်တီ | - | Carlos Ponti |
| ဂျက်ကီကနေဒီ | - | Jackie Kennedy |
| အိုနာစစ် | - | Onasis |
| ကက်သရင်းဘုရင်မ | - | Empress Catharine |
| စွဲမက်စရာ မင်းသားချော | - | Prince Charming |
| သံစုံတီးဝိုင်း | - | Orchestra |
| သံစုံတီးဝိုင်းဆရာ/ညွှန်ကြားသူ | - | Conductor |
| သန္ဓေသားထပ်ခြင်း | - | Superfecundation |
| သန္ဓေသားထပ်ခြင်း/ပိုခြင်း | - | Superfoetation |
| ရစ်ချတ်ဂေါ်ဒွင် | - | Richard Godwin |
| ဟင်နရီဖို့ဒ် | - | Henry Ford |
| မိရှိုဂန်ပြည်နယ် | - | မိရှိုဂန်ပြည်နယ် |
| ပလတ်စတစ်ခွဲစိတ်ကုဆရာဝန် | - | Plastic Surgeon |
| ဖီနိုင်းလ်အီသိုင်းလ်အေမင်း | - | Phenylethylamine |
| ဆီရိုတိုနင် | - | Serotonin |
| အမ်ဖီတမင်း | - | Amphitamine |
| စိတ်ဓာတ်ကျ/စိတ်ကျရောဂါ | - | Depression |

## အခန်း(၁၂)

| | | |
|---|---|---|
| ရပ်တည်ချက် | - | Attitude |
| လက်တွေ့လုပ်ဆောင်ချက် | - | Action |
| ဂေါ့ဖ်ဆက် | - | Golf Set |
| ဂေါက်သီးရိုက်ကစားခြင်း | - | Golf (Game) |

## ဇယား (၁)

## ကာမဆက်ဆံမှုကို အနှောင့်အယှက်ပြု ဆေးများ

| အမှတ်စဉ် | ဆေးအမည် | အသုံးပြုသည့်ရောဂါ |
|---|---|---|
| ၁ | Banthine | အစာအိမ်အနာ၊ ဗိုက်နာ |
| အုပ်စု | Probanthine | ရောဂါ၊ အတွင်းတိမ် |
| ပါရာဆင်မက်သတစ် | Atropine | မျက်စိရောဂါ |
| ဆန့်ကျင်ဆေးများ | Antichol | |
| ၂ | Phentolamine | သွေးတိုးရောဂါအမျိုးမျိုး |
| အုပ်စု | Ergot Alkaloids | |
| အက်ဒီနာဂျစ်ဆန့်ကျင် | Guanethidine | |
| သွေးတိုးကျဆေးများ | (Ismelin) | |
| | Methyldopa | |
| | (Aldomet) | |
| | Reserpine | |
| ၃ | Disulfiram | အရက်ဖြတ်ဆေး |
| | (Antabuse) | |
| ၄ | Burmeton | နှာစေး၊ ချောင်းဆိုး၊ |
| ဟစ်စတာမင်း | Piriton | ခေတ်မတည်ရောဂါ |
| ဆန့်ကျင်ဆေးများ | Antistine | |
| | Largactil | |
| ၅ | Chlorphentermine | ကိုယ်အလေးချိန်လျှော့ဆေး |
| | (Presate) | (အဝလွန်ရောဂါတွင်သုံးသည်) |
| ၆ | Buromazine, | စိတ်ကြွရောဂါ၊ ဝက်ရူးပြန်နှင့် |
| ဦးနှောက်နှင့် | Phenatoin, | စိတ်ရောဂါအမျိုးမျိုးတွင် |
| စိတ်ရောဂါဆေးများ | Prozac, | အသုံးပြုသော ဆေးများ |
| | Sinequan, | |
| | Barbiturates | |
| | Tranquilizers | |

ဇယား (၂)

## ဆေးကြောင့်ဖြစ်သော လိင်ရောဂါအမျိုးမျိုး

| အမှတ်စဉ် | လိင်ရောဂါအမည် | ဖြစ်စေသောဆေးများ |
|---|---|---|
| ၁ | ပန်းသေရောဂါ (Impotence) | ၁။ ဘီတာပိတ်ဆေးများ ဥပမာ - Lopressor, Artenolol<br>၂။ သွေးတိုးကျဆေးအမျိုးမျိုး ဥပမာ - Clonidine, Methyldopa<br>၃။ ကိုလက်စထရောကျဆေးများ ဥပမာ - Clofbrate, Gemfibrozil<br>၄။ ဆီးရွှင်ဆေးများ ဥပမာ - Hydrochlorothiazide<br>၅။ ဦးနှောက်နှင့် စိတ်ကုဆေးများ ဥပမာ - Prazosin<br>၆။ အခြားဆေးများ |
| ၂ | ကာမဆန္ဒလျော့ပါးခြင်း (Diminished Libido) | Clonidine, Methyldopa<br>Reserpine, Propanolol<br>Clofibrate, Gemfibrozil |
| ၃ | သုက်လွှတ်ခက်ခဲခြင်း (Ejaculatory Dysfunction) | Methyldopa, Clonidine,<br>Spironolactone, Reserpine<br>Phentolamine, Labetalol |
| ၄ | လိင်တံ အမြဲတောင့်ခြင်း (Priapism) | Prazosin, Labetalol, Hydralazine |
| ၅ | နို့စူရောဂါ (Gynaecomastia) | Spironolactone Digoxine<br>Methyldopa, Clonidine |

ဇယား (၃)

## ဆေးကြောင့်ဖြစ်သော မိန်းမလိင်ရောဂါများ

| အမှတ်စဉ် | ရောဂါအမည် | ဆေးအမည် |
|---|---|---|
| ၁ | အမွေးအမင်ထူရောဂါ (Hirsutism) | Spironolactone |
| ၂ | ရာသီမမှန်ခြင်း (Menstrual Irrfgularities) | Spironolactone |
| ၃ | ကျေနပ်မှုမရခြင်း (Anorgasmia) | Clonidine |
| ၄ | နို့ထွက်ခြင်း (Lactorrea) | Methyldopa |
| ၅ | မွေးလမ်းကြောင်းခြောက်ခြင်း (Hypolubricacia Vaginalis) | Hydrochlorothiazide |
| ၆ | လိင်ဘက်တွင် စိတ်မပါခြင်း (Diminished Libido) | အထက်ပါဆေးအားလုံးနှင့် Resepine, Propanolol Guanithedine, Statin အဆိုကိုလက်စထရောကျ ဆေးများ |

ဇယား (၄)

# ပီရော်မှုန်း၏ အစွမ်းသတ္တိများ

| အမှတ်စဉ် | အပြုအမူ | ယောကျ်ား | ရာသီလာဆဲ မိန်းမ | သွေးဆုံးပြီး မိန်းမ |
|---|---|---|---|---|
| ၁ | အပေါ်ယံ ပွတ်သပ် နမ်းရှုပ်ခြင်း | ၄၁ % | ၅၈ % | ၄၁ % |
| ၂ | ချစ်ကြိုက်သော သူနှင့် အတူ လဲလျောင်းခြင်း | ၃၆ % | ၅၈ % | ၁၈ % |
| ၃ | ကာမဆက်ဆံမှု ပြုခြင်း | ၄၃ % | ၄၃ % | ၃၂ % |
| ၄ | တရားဝင် ချိန်းတွေ့ခြင်း (Dating) | ၄၁ % | ၅၃ % | ၃၂ % |
| ၅ | ခရီးသွားဟန်လွဲ တွေ့ခြင်း (Informal Dates) | ၃၅ % | ၄၃ % | ၃၂ % |